Golden Lion
Golden Lion Wire Co.,Ltd

The VOICE Daily

AIR KBZ

Vol. 4 / No. 279 | Established in 2004 | ၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း(၅) ရက်၊ (တောင်သူလယ်သမားနေ့)၊ (Thursday, March 2, 2017)

# လိပ်ကျွန်းအမှု မြန်မာနှစ်ဦး၏ ရှေ့နေကို အသိမပေးဘဲ အယူခံတရားရုံးက သေဒဏ်ချ

**ရန်ကုန်၊ မတ် ၁**

ထိုင်းနိုင်ငံ လိပ်ကျွန်းလူသတ်မှုတွင် သေဒဏ်ချမှတ်ခံထားရသည့် မြန်မာနိုင်ငံသားနှစ်ဦးကို အယူခံတရားရုံးကလည်း ရှေ့နေကို အသိမပေးဘဲ သေဒဏ်ဟု မတ်လ ၁ ရက်နေ့တွင် ထပ်မံစီရင်ချက်ချလိုက်ကြောင်း အဆိုပါအမှုတွင် မြန်မာနှစ်ဦးအတွက် လိုက်ပါဆောင်ရွက်ပေးနေသည့် ဦးစိန်ဌေးက ပြောကြားသည်။

အဆိုပါ လူသတ်မှုနှင့် ပတ်သက်၍ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်နေ့က ကော့စမွေခရိုင်ရှိ အောက်ခြေအဆင့် တရားရုံးက ကိုဝင်းဇော်ထွန်းနှင့် ကိုဇော်လင်းတို့ကို သေဒဏ်ချမှတ်မှုကို အယူခံတရားရုံးကလည်း ထပ်မံအတည်ပြု ချမှတ်ခဲ့ခြင်းဖြစ်သည်။

သို့သော်ယင်းအမှုအတွက် **စာ 27**




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် UNFC ၏ နိုင်ငံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ (DPN)တို့ ယနေ့ညနေ ၃နာရီခွဲက နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနရှိ အစည်းအဝေးခန်းမ၌ တွေ့ဆုံစဉ်

## ဘင်္ဂလားဒေ့ရှ်ရှိ ဒုက္ခသည်စခန်းသို့ မြန်မာစုံစမ်းစစ်ဆေးရေး ကော်မရှင် သွားရန် နှစ်နိုင်ငံညှိနှိုင်း

**ရန်ကုန်၊ မတ် ၁**

ရခိုင်ပြည်နယ်မြောက်ပိုင်း ပဋိပက္ခကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးရောက်ရှိသွားသူတို့၏ ဒုက္ခသည်စခန်းသို့ ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေး ကော်မရှင်အဖွဲ့က သွားရောက်ခွင့်ရရန် နှစ်နိုင်ငံအစိုးရ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ဦးဇော်ဌေးကပြောကြားသည်။

**စာ 4**

## မြန်မာ - တရုတ် ကုန်သွယ်ရေး ဖိုင်းလားလမ်းပြန်ဖွင့်ရန် တပ်မတော်နှင့် ညှိနှိုင်းမည်

စာ 4

## လက်ပံတောင်းတောင်ကိစ္စ တိုင်းအစိုးရအဖွဲ့ မဖြေရှင်းနိုင်၍ ပြည်ထောင်စုအစိုးရထံ တင်ပြ

စာ 2

## ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုမည့် ဒေသများ သတ်မှတ်

စာ 9

## နာမည်ကြီး အနုပညာရှင် အများစု အခွန်မဆောင်သေးဟု ပြည်တွင်းအခွန်ဆို

**ရန်ကုန်၊ မတ် ၁**

နိုင်ငံပိုင် သတင်းစာများမှတစ်ဆင့် ကြေညာထားသည့် ယခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ အနုပညာရှင်များမှ အခွန်ပေးဆောင်မှုသည် အနုပညာ ရှင် ၁၉ ဦးစာရင်းအပြင် အခြားမည်သူမျှ ပေးဆောင်ထားခြင်း မရှိကြောင်း ပြည်တွင်းအခွန်များဦးစီးဌာန အကြီးတန်းအရာရှိတစ်ဦးက ပြောကြားသည်။

ယခုဘဏ္ဍာနှစ်အတွက် အနုပညာရှင်များမှ အခွန်ပေးဆောင်သည့် စာရင်းမှာ ယင်းအနုပညာရှင် ၁၉ ဦးသာရှိသေးသည့်အတွက် ထပ်မံပေးဆောင်

**စာ 4**

## ပုဂ္ဂလိကဘဏ်များ၏ ဈေးအတိုင်း ဗဟိုဘဏ်က ဒေါ်လာလဲနှုန်းသတ်မှတ်မည်

**ရန်ကုန်၊ မတ် ၁**

အမေရိကန်ဒေါ်လာ လဲလှယ်နှုန်းကို ပုဂ္ဂလိကဘဏ်များက နေ့စဉ်သတ်မှတ်သည့်ဈေးနှုန်းများအတိုင်း ဗဟိုဘဏ်က သတ်မှတ်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံတော် ဗဟိုဘဏ်ထံမှ သိရသည်။

ယင်းသို့ ဘဏ်များအချင်းချင်း ရောင်းဝယ်သည့်ဈေးနှုန်း (Interbank Market Rate) ဖော်ဆောင်နိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့(IMF) ထံမှ နည်းပညာ

**စာ 2**



The VOICE Daily
Thursday, March 2, 2017

# NEWS

# လက်ပံတောင်းတောင်ကိစ္စ တိုင်းအစိုးရအဖွဲ့ မဖြေရှင်းနိုင်၍ ပြည်ထောင်စုအစိုးရထံ တင်ပြ

**ရန်ကုန်၊ မတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့ရှိ လက်ပံတောင်းတောင်အရေး ဖြေရှင်းရန် တိုင်းအစိုးရအဖွဲ့က ပြည်ထောင်စုအစိုးရအဖွဲ့ထံ စာရေးသားပေးပို့၍ တင်ပြထားကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီး ဦးမြင့်ကြည်(စည်ပင်သာယာရေး ဝန်ကြီးဌာန) က ပြောသည်။

လက်ပံတောင်းတောင်ဒေသရှိ မြေယာလျော်ကြေးရရှိခြင်း မရှိသော တောင်သူများသည် ဝမ်ပေါင်ကုမ္ပဏီထံမှ လျော်ကြေးတောင်းဆိုသော ကိစ္စရပ်များနှင့် ဝမ်ပေါင်ကုမ္ပဏီတို့၏ သဘောထားများနှင့် ပတ်သက်၍ တိုင်းဒေသကြီး အစိုးရအနေနှင့် ဖြေရှင်းဆောင်ရွက်နိုင်ခြင်း မရှိသောကြောင့် ပြည်ထောင်စုအစိုးရက ဖြေရှင်းပေးရန် မတ်လ ၁ ရက်နေ့တွင် စာရေးသားပေးပို့ခဲ့ခြင်းဖြစ်သည်။

"မြေယာလျော်ကြေး မထုတ်ရသေးတဲ့ပုဂ္ဂိုလ်တွေ သီးနှံလျော်ကြေးဆိုပြီး တောင်းတယ်။ အဲဒီကိစ္စကို ညှိနှိုင်းပေးတာပေါ့။ မှန်ဘောင်နဲ့ညီဖို့ အဲဒါလေးတွေ ကုမ္ပဏီကို တောင်းသူတွေက တောင်းဆိုနေတယ်။ အဲဒီတော့ တိုင်းဒေသကြီးက ဆုံးဖြတ်ချက်ပေးလို့မရဘူး အဲ့ဒီကိစ္စကို ပြည်ထောင်စုကို ဒီနေ့ပဲ စာတင်လိုက်ပါတယ်" ဟု စည်ပင်သာယာဝန်ကြီး ဦးမြင့်ကြည်က ပြောသည်။

ယင်းစီမံကိန်းသည် နိုင်ငံတော်စီမံကိန်းတစ်ခု ဖြစ်ခြင်းကြောင့် တည်ဆဲဥပဒေအရ ပြည်ထောင်စုအစိုးရသာလျှင် ဆုံးဖြတ်နိုင်ပြီး တိုင်းအစိုးရအဖွဲ့မှ ဆုံးဖြတ်၍ မရနိုင်ကြောင်း ဆားလင်းကြီးမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသိန်းနိုင်ကဆိုသည်။

လက်ပံတောင်းတောင် ဒေသခံများသည် ဖေဖော်ဝါရီ ၂၁ရက်၌ ကုမ္ပဏီမှ ကြေးနီတင်ကားများကို တားဆီးခြင်း၊ သီးနှံလျော်ကြေး ရရှိရန်နှင့် နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်၏ လက်ပံတောင်းတောင် အစီရင်ခံစာအတိုင်း လိုက်နာဆောင်ရွက်ရန် အပါအဝင် အစားထိုးမြေကေ ၁၉၀၀ ကို ပြန်လည်ဖော်ထုတ်ရန် တိုင်းအစိုးရနှင့် ကုမ္ပဏီထံ တောင်းဆိုခဲ့သည်။

"တောင်သူတွေ တောင်းဆိုတဲ့ ကိစ္စရပ်တွေကို NLD အစိုးရက ဆောင်ရွက်ပေးမယ်လို့ ယုံကြည်တယ်" ဟု လက်ပံတောင်းတောင်အရေး ဦးဆောင်ဆရာတော် ဦးဓမ္မသာရက မိန့်တော်မူသည်။

ထိုသို့တောင်းဆိုရာ၌ ပါဝင်ခဲ့သူ ၂၅ ဦးကို ငြိမ်း/စု/စီ ဥပဒေအရ ရဲအုပ်ကျော်မင်းနိုင်က ဆားလင်းကြီးမြို့မ ရဲစခန်း၌ အမှုဖွင့်ထားသည်။ ■J-07



ဓာတ်ပုံ- စတွားနန်

## ဒေါက်တာအေးဇံကို မွန်ပြည်နယ် ဝန်ကြီးချုပ်အဖြစ် ခန့်အပ်

**မော်လမြိုင်၊ မတ် ၁**

နိုင်ငံတော် သမ္မတက မွန်ပြည်နယ် ဝန်ကြီးချုပ်အဖြစ် အမည်စာရင်း တင်သွင်းသော ဒေါက်တာအေးဇံကို မတ်လ ၁ ရက်တွင် ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် အရေးပေါ် အစည်းအဝေးအရ လွှတ်တော်ကိုယ်စားလှယ်များက ကန့်ကွက်ခြင်း မရှိသဖြင့် ဝန်ကြီးချုပ်အဖြစ် အတည်ပြုခန့်အပ်လိုက်သည်။

ဝန်ကြီးချုပ်အသစ် အတည်ပြုခန့်အပ်လိုက်သည့်အတွက် ဒေါက်တာအေးဇံက ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်းကို မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်ပြည်နယ်လွှတ်တော်များရှေ့တွင် သစ္စာဆိုလက်မှတ်ရေးထိုးခဲ့သည်။

"ဒီနေ့ဟာဆိုရင် ပြည်နယ်အစိုးရအဖွဲ့ရဲ့အာဏာကိုပြည်နယ်သူ/သားတွေကို လွှဲပြောင်းပေးတဲ့နေ့ ဖြစ်ပါတယ်၊ ကျွန်တော်တို့ ပါတီရဲ့ပြောင်းလဲချိန်တန်ပြီ ဆိုတဲ့အတိုင်းပဲ တိုင်းရင်းသားအရေးနှင့် ပြည်တွင်း ငြိမ်းချမ်းရေး၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အေးချမ်းလုံခြုံစွာလက်တွဲနေထိုင်ရေး၊ ပြည်သူလူထုအား တရားမျှတစွာ အကာအကွယ်ပေးတဲ့ အုပ်ချုပ်မှုစနစ် တစ်ရပ်ပေါ်ပေါက်လာရေး၊ လွတ်လပ်လုံခြုံစွာ ဖွံ့ဖြိုးတိုးတက်ရေးဆိုတဲ့ ကတိတွေကို လူထုနဲ့ ပေါင်းပြီး ဆောင်ရွက်ဖို့ အချိန်လိုအပ်နေပါပြီ" ဟု မွန်ပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာအေးဇံက မိန့်ခွန်းတွင် ပြောကြားခဲ့သည်။

မွန်ပြည်နယ်ရှိမူးယစ်ဆေးဝါးပြဿနာများ၊ ရာဇဝတ်မှုများ၊ လောင်းကစားမှုများကိုလည်း ဥပဒေနှင့်အညီ ထိရောက်စွာကိုင်တွယ် ဖြေရှင်းသွားမည် ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲသူ၊ ဖြန့်ဝေသူများ ရပ်တန့်သည်အထိ ထိရောက်စွာနှိမ်နင်းမည်ဖြစ်ပြီး အဂတိလိုက်စားမှုများကိုလည်း ပြင်းထန်စွာ ကိုင်တွယ်ဖြေရှင်းသွားမည်ဖြစ်ကြောင်း ၎င်းက ကတိပေးပြောကြားခဲ့သည်။

ဝန်ကြီးချုပ် ဒေါက်တာအေးဇံသည် လွှတ်တော်တွင် ဝန်ကြီးချုပ်အဖြစ် အတည်ပြုခန့်အပ်ပြီးနောက် ညနေ ၃ နာရီတွင် မွန်ပြည်နယ်အစိုးရုံးသို့ သွားရောက်ကာ မွန်ပြည်နယ် အစိုးရအဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ သက်ဆိုင်ရာ ဌာနဆိုင်ရာမှ တာဝန်ရှိသူများနှင့် မွန်ပြည်နယ် ၁၀ မြို့နယ်မှ NLD အဖွဲ့ဝင်များ တွေ့ဆုံခဲ့သည်။

ထိုတွေ့ဆုံပွဲတွင်လည်း ဝန်ကြီးချုပ်သည် သက်ဆိုင်ရာ NLD မြို့နယ်မှ ဒေသခံများ မေးမြန်းသည့် မေးခွန်းများကို ပြန်လည်ဖြေကြားခဲ့သည်။ ■

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ရန်ကုန်တွင် မဲဆွယ်မည်

**ရန်ကုန်၊ မတ် ၁**

ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ လစ်လပ်မဲဆန္ဒနယ်မြေများ၌ NLD ပါတီ အောင်နိုင်ရေးအတွက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ယနေ့ (မတ်လ ၁ရက်) မှစတင်၍ သုံးရက်မဲဆွယ်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး NLD ပါတီဥက္ကဋ္ဌ ဦးမြင့်ဌေးကပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဒဂုံမြို့သစ်(ဆိပ်ကမ်း)၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)၊ လှိုင်သာယာမြို့နယ်၊ လှိုင်မြို့နယ် ၊ ကော့မှူးမြို့နယ်၊ အလုံမြို့နယ်စသည့် မြို့နယ်ခြောက်မြို့နယ်တွင် လစ်လပ်လျက်ရှိသော ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်မြေများ၌ NLD ပါတီအောင်နိုင်ရေးအတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် မတ်လ ၂ရက်မှ ၄ရက်အထိ မဲဆွယ်သွားမည်ဖြစ်သည်။

"ရန်ကုန်တိုင်း ဒေသကြီးအတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် မဲဆွယ်ပေးမှာပါ။ သုံးရက်ဆွယ်ပေးမှာ ဖြစ်တယ်"ဟု ရန်ကုန်တိုင်းဒေသကြီး NLDဥက္ကဋ္ဌ ဦးမြင့်ဌေးက ပြောသည်။

လာမည့် ဧပြီလ ၁ရက်နေ့၌ ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်၏ မဲဆန္ဒနယ်မြေဖြစ်သော ကော့မှူးမြို့နယ်သည် နိုင်ငံလုံးအတိုင်းအတာဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်း အများဆုံး ဝင်ရောက်ယှဉ်ပြိုင်သော နယ်မြေတစ်ခုဖြစ်ပြီး အဆိုပါ မဲဆန္ဒနယ်၌ ကိုယ်စားလှယ်လောင်း ကိုးဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ကြားဖြတ်ရွေးကောက်ပွဲ၌ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် စုစုပေါင်း ၁၉ နေရာ၌ နိုင်ငံရေးပါတီ ၂၄ပါတီမှ ကိုယ်စားလှယ်လောင်း ၈၈ ဦးနှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ၈ ဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံ မှ သိရသည်။ ■

J-07

# ကျပ် ၅၀၀တန် အောင်ဘာလေထီလက်မှတ်များ မူရင်းဈေးအတိုင်း ရောင်းချ

**ရန်ကုန်၊ မတ် ၁**

သတ်မှတ်ဈေးနှုန်းထက် ပိုမိုရောင်းချလျှင် အမည်ပျက်စာရင်းသွင်းကာ ထီစာအုပ်ဝယ်ယူခွင့် ရုပ်သိမ်းမည်ဆိုသောကြောင့် ၂၀၁၇ ခုနှစ် မတ်လ ၁ ရက်တွင် စတင်ရောင်းချနေသည့် ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ်များကို ထီအရောင်းကိုယ်စားလှယ်များက မူရင်းဈေးနှုန်းအတိုင်းသာ ရောင်းချလျက်ရှိကြောင်း အောင်ဘာလေထီလက်မှတ်ထိုးသူများထံမှ စုံစမ်းသိရှိရသည်။

ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲမှ ကျပ် ၅၀၀ တန်ထီလက်မှတ်များကို သတ်မှတ်ဈေးထက်ပို၍ ရောင်းချပါက ထီအရောင်းကိုယ်စားလှယ်များကို အမည်ပျက်စာရင်းသတ်မှတ်ကာ လစဉ်ထီစာအုပ်ဝယ်ယူခွင့် ရုပ်သိမ်းခြင်း၊ ဌာနသို့ ပေးသွင်းထားသည့် အာမခံငွေကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းယူမည်ဖြစ်ကြောင်း အောင်ဘာလေသိန်းဆုဌာနခွဲက ထုတ်ပြန်ကြေညာထားသည်။

"ဒီနေ့ သိမ်ကြီးဈေးက ထီဆိုင်မှာ စောင်ရေ ၃၀ ပါတဲ့ မင်္ဂလာစုံတွဲတစ်အုပ် ထိုးခဲ့တယ်။ ကျပ် ၁၅၀၀၀ ပဲ မူရင်းအတိုင်း ပေးရတယ်။ တစ်စောင်ချင်းထိုးလည်း ကျပ် ၅၀၀ နဲ့ ရောင်းတာတွေ့တယ်။သိမ်ကြီးဈေး၊ ပန်းဆိုးတန်းက ထီအရောင်းဆိုင်တွေလည်း တစ်စောင်ကို ကျပ် ၅၀၀ နဲ့ မူရင်းအတိုင်းရောင်းချနေတာတွေ့ရပါတယ်။ ၅၀၀ တန် ထီထိုးသူတော်တော်များပါတယ်" ဟု လသာမြို့နယ်နေထိုင်သူ ကုမ္ပဏီဝန်ထမ်း ဦးကိုကိုအောင်က ဆိုသည်။

ယခင်က တစ်စောင်လျှင် ကျပ် ၂၀၀ နှုန်းဖြင့် ဖြန့်ချိရောင်းခဲ့သော အောင်ဘာလေထီလက်မှတ်များ၏ အမြင့်ဆုံးဆုငွေမှာ ကျပ်သိန်း၁၅၀၀ ချီးမြှင့်ခဲ့ပြီး ယခု ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ်မှာ မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် ကျပ်သိန်း ၁၀၀၀၀ကို အမြင့်ဆုံးဆုငွေအဖြစ် ချီးမြှင့်မည်ဖြစ်ကြောင်း အောင်ဘာလေသိန်းဆု ဌာနခွဲထံမှ သိရသည်။

"ခုဒီနေ့သုံးနာရီလောက်က ပြည်တွင်းအခွန်မှာ ဝန်ကြီးနဲ့ ဒုဝန်ကြီးတို့ အစည်းအဝေး လုပ်တော့ ကျပ် ၅၀၀တန် ထီနဲ့ပတ်သက်ပြီး ဆွေးနွေးတင်ပြတာရှိပါတယ်။ ထီလက်မှတ်တွေ ဒီနေ့စုံစမ်းသိရတာကတော့ ဈေးပိုယူတာ မရှိပါဘူး" ဟုစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် (စီမံကိန်း) ဦးထွန်းထွန်းနိုင်က ဆိုသည်။

အောင်ဘာလေသိန်းဆုဌာနခွဲမှ ထီလက်မှတ်တန်ဖိုးထက် ပို၍ရောင်းချသူများထံမှ ဝယ်ယူခြင်းမပြုရန်နှင့် ထီလက်မှတ်တန်ဖိုးအတိုင်း ရောင်းချသည့် ဆိုင်များတွင်သာ ဝယ်ယူကံစမ်းကြရန် တိုက်တွန်းနှိုးဆော်ထားသည်။

■ J-10,J-17

## မျက်နှာဖုံး - ပုဂ္ဂလိကဘဏ်များ၏ ဈေးအတိုင်း မှ အဆက်

မျက်နှာဖုံး - ပုဂ္ဂလိကဘဏ်များ၏ ဈေးအတိုင်း မှ အဆက်

အကူအညီဖြင့် လုပ်ဆောင်မည်ဖြစ်ကြောင်း ဗဟိုဘဏ်ထံမှ သိရသည်။

"အရင်က အပြင် Money Changer ပေါက်ဈေးနဲ့ ဘဏ်တွေရဲ့ Money Changer ပေါက်ဈေးက ကွာတာမျိုးရှိတယ်။ ဘဏ်တွေပေါက်ဈေးနဲ့ ဗဟိုဘဏ်သတ်မှတ်ဈေးကလည်း ကွာတာမျိုးရှိတယ်။ အခုက ဗဟိုဘဏ်က သတ်မှတ်တာမျိုးမဟုတ်ဘဲ Interbank Market ကနှုန်းကိုပဲယူပြီး ကြေညာပေးမှာ။ အဲဒီတော့ ဈေးကွက်ပေါက်ဈေးနဲ့ မကွာနိုင်တော့ဘူး" ဟု ဗဟိုဘဏ်မှ အကြီးတန်းအရာရှိတစ်ဦးက ပြောကြားသည်။

ယခင်က ဗဟိုဘဏ်ကသတ်မှတ်သည့် အမေရိကန်ဒေါ်လာလဲနှုန်းနှင့် ပြင်ပဈေးနှုန်းမှာ ကွာဟချက်များနေသည့်အတွက် ဘဏ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲများရှိနေသဖြင့် ငွေကြေးဈေးနှုန်း ပေါက်ဈေးအမှန်ကို သတ်မှတ်ရန် လုပ်ဆောင်ခြင်းဖြစ်ကြောင်း ၎င်းကရှင်းပြသည်။

မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပေါ်နေသော ငွေကြေးဈေးကွက်မှာ တည်ငြိမ်သည့်အနေအထားတွင် မရှိသေးသည့်အတွက် ဗဟိုဘဏ်က ထိန်းကျောင်းသည့် နှုန်းထားတစ်ရပ် လိုအပ်နေသေးကြောင်း ကမ္ဘောဇဘဏ် အကြီးတန်းအကြံပေး ဦးသန်းလွင်က အကြံပြုပြောကြားသည်။

"Interbank Market ဈေးနှုန်းကို ယူမယ်ဆိုတော့ ဒီဈေးကွက်က ဘယ်လောက်အထိ ဖွံ့ဖြိုးဖို့လိုသေးလဲဆိုတာ ကြည့်သင့်တယ်။ သူများနိုင်ငံက ဘဏ်အချင်းချင်းရောင်းဝယ်တဲ့ ဈေးကွက်အပြင် ဘဏ်အချင်းချင်းကောက်ခံတဲ့ အတိုးနှုန်း လုပ်နိုင်တယ်။ ဒီမှာမရှိသေးဘူး။ ဈေးကွက်ပေါက်ဈေးအတိုင်းလုပ်ဖို့ဆိုတာ အနေအထားတစ်ခုအထိ ခက်ခဲဦးမယ်" ဟု ၎င်းက ထောက်ပြပြောဆိုသည်။

ဘဏ်အချင်းချင်း ရောင်းဝယ်သည့် ဘဏ်အချင်းချင်း လုပ်ဆောင်သည့်လုပ်ငန်းများ (Interbank Transactions) ကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁ ရက်နေ့မှစ၍ အီလက်ထရွန်နစ်စနစ် (Electronic Platform) သို့ ပြောင်းလဲကျင့်သုံးနေပြီဖြစ်ကြောင်း မြန်မာနိုင်ငံတော် ဗဟိုဘဏ်ထံမှ သိရသည်။ ■ J-13

## ပြင်ဆင်ဖတ်ရှုပါရန်

မတ်လ ၁ရက်နေ့ထုတ် The Voice Daily Vol.4/No.278 စာမျက်နှာ ၅ တွင်ဖော်ပြပါရှိသော **'ပြည်တွင်းကျောက်မျက်ပြပွဲ၌ ဝယ်သူကို အခွန်မကောက်ဆိုသည့်'** သတင်းနှင့် **'Master Plan ရေးဆွဲရန် ငါးလုပ်ငန်းဆိုင်ရာ အခက်အခဲများ တိုင်းအစိုးရထံတင်ပြ'** ဆိုသည့် သတင်းနှစ်ပုဒ်မှာ ခေါင်းစဉ်နှင့် စာကိုယ် လွဲမှားတွဲဖက်ဖော်ပြမိပါသဖြင့် ပြင်ဆင်ဖတ်ရှုပေးပါရန်နှင့် အဆင်မပြေဖြစ်မှုအပေါ် စာဖတ်သူများကို တောင်းပန်အပ်ပါသည်။


Ovaltine
အတာသင်္ကြန်ပွဲတော်မှာ လန်းဆန်းစေဖို့
အိုဗာတင်း ၄၀၀ ဂရမ် ဘူးကို ဝယ်ယူပြီး
အိုဗာတင်းအဖုံးလက်ဆောင်
လက်ဆောင် ရေဗူးအဖုံး
Ovaltine
Malted Milk
COMPLETE NUTRITION
လက်ဆောင် ရေဗူးအဖုံး
Ovaltine
COMPLETE NUTRITION
ပစ္စည်းအရေအတွက်ကန့်သတ်ထားလို့ မြန်မြန် ဝယ်လိုက်နော်

# ဗိုလ်ချုပ်အောင်ဆန်း တံတားအမည် ယနေ့ဆန္ဒထုတ်ဖော်မည်

**မော်လမြိုင်၊ မတ် ၁**

မော်လမြိုင်နှင့် ချောင်းဆုံမြို့ကို ဆက်သွယ်တည်ဆောက်ထားသည့်သံလွင်တံတား (ချောင်းဆုံ) ကို ဗိုလ်ချုပ်အောင်ဆန်းတံတားဟု အမည်ပေးရန် ပြည်သူ့လွှတ်တော်၌ အဆိုတင်ထားခြင်းနှင့်ပတ်သက်၍ မတ်လ ၂ ရက်(ယနေ့) နံနက်ပိုင်းတွင် ဘီလူးကျွန်းဒေသခံများနှင့် မွန်လူမျိုးများစုပေါင်း၍ ဆန္ဒထုတ်ဖော်မည်ဖြစ်သည်။

ကညော့်ကျေးရွာနှင့် တံတားမရောက်ခင်အကြား ကိုက် ၅၀၀ ခန့်အကွာတွင် လူအင်အား ၅၀၀၀ ခန့်ဖြင့် ဆန္ဒထုတ်ဖော်မည်ဖြစ်ကြောင်း၊ အချိန်ရပါက ဒေါင်းဥရွာနှင့် ကမာမိုးကွင်းတွင်လည်း ဆန္ဒထုတ်ဖော်မည်ဖြစ်ကြောင်း ဦးဆောင်သူများထံမှ သိရသည်။

“ကျွန်တော်တို့က ဗိုလ်ချုပ်အောင်ဆန်းကို စော်ကားချင်လို့မဟုတ်ပါဘူး၊ ငြိမ်းချမ်းရေးကို တည်ဆောက်နေတဲ့အချိန်နဲ့ ဖက်ဒရယ်စနစ်ကို သွားနေတဲ့အချိန်မှာ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှု ပျက်ပြားစေနိုင်တဲ့ အပြုအမူမျိုးကို ရှောင်ရှားစေလိုတယ်၊ ငြိမ်းချမ်းရေးကို တည်ဆောက်တဲ့နေရာမှာ နိုင်ငံတော်ရဲ့အဓိကသော့ချက်ဖြစ်တဲ့ အစိုးရနဲ့လွှတ်တော်က ပတ်ဝန်းကျင်အခြေအနေကောင်းကို ဖန်တီးပေးရမယ်လို့ ကျွန်တော်တို့မြင်ပါတယ်၊ ထိလွယ်ရှလွယ်တဲ့ အခြေအနေမျိုးတော့ မဖန်တီးစေလိုဘူး” ဟု ဆန္ဒပြခေါင်းဆောင်တစ်ဦးဖြစ်သည့် ချောင်းဆုံဒေသခံ မင်းတင်ညွန့်က ပြောကြားသည်။

ဒီမိုကရေစီစနစ်တွင် လူထုကို အခြေပြုသင့်ကြောင်း၊ တံတားစီမံကိန်းလုပ်ခွင့်ရစဉ် သံလွင်တံတား (ချောင်းဆုံ) ဟူ၍ စီမံကိန်း ကျလာခြင်း၊ တံတားပန္နက်ရိုက် အုတ်မြစ်ချသည့် အချိန်တွင်လည်း သံလွင်တံတား (ချောင်းဆုံ) အမည်ဖြင့်သာ ပန္နက်ရိုက်ခဲ့ကြောင်း၊ ထိုအရာများကို မျက်ကွယ်ပြုသည့်အပြင် ပြည်သူလူထု၏ ဆန္ဒကိုအလေးမထားကြောင်း၊ ပြည်နယ်အတွင်း ဆုံးဖြတ်နိုင်သည့် ကိစ္စရပ်တစ်ခုကိုပြည်ထောင်စုအဆင့်က စွက်ဖက်နေသည့်အတွက် ဒီမိုကရေစီ စံချိန်စံညွှန်းနှင့် မကိုက်ညီသောကြောင့် ကန့်ကွက်ရခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောဆိုသည်။

ဆန္ဒပြပွဲတွင် တိုင်းရင်းသားချစ်ကြည်ရင်းနှီးရေး၊ နယ်မြေခံတိုင်းရင်းသားများဆန္ဒကိုအသိအမှတ်ပြုရေး၊ တိုင်းရင်းသားဆန္ဒနှင့် မညီသည့်လုပ်ရပ် ချက်ချင်းရပ်စသည့် ကြွေးကြော်သံများဖြင့် ပိုစတာများ ကိုင်ဆောင်ကြမည်ဖြစ်သည်။

“မူလနာမည်ဖြစ်တဲ့ သံလွင်တံတား (ချောင်းဆုံ) လို့ အမည်ပေးလိုက်ရင် အခုလိုဖြစ်လာစရာ အကြောင်းမရှိဘူးလို့ ကျွန်တော်ပြောရဲတယ်” ဟု မင်းတင်ညွန့်က ထပ်လောင်းပြောဆိုသည်။

ထိုဆန္ဒပြပွဲတွင် မွန်လူငယ်အဖွဲ့နှင့် အရပ်ဘက်မွန်လူမှုအဖွဲ့အစည်းများမှလည်း ကူညီမည်ဖြစ်ကြောင်း၊ စာတန်းများကိုင်ဆောင်မှုနှင့် ပတ်သက်သည့် အချက်များကိုလည်း ဝိုင်းဝန်းကူညီလျက်ရှိကြောင်း မွန်လူငယ်များဖိုရမ်ထံမှ သိရသည်။

“ဒီကိစ္စက လူမျိုးရေးကိစ္စဖြစ်နေတယ်၊ ပြဿနာက သေးသေးလေးမဟုတ်ဘူး၊ မုဒုံမှာတုန်းကလည်း ကျွန်တော်တို့ ဆန့်ကျင်ခဲ့တယ်” ဟု မွန်လူငယ်ဖိုရမ်မှ အထွေထွေအတွင်းရေးမှူး နိုင်ဇန္ဒယ်က ပြောကြားသည်။

သံလွင်တံတား (ချောင်းဆုံ) ကို ဗိုလ်ချုပ်အောင်ဆန်းတံတားဟု အမည်ပေးရန် ဖေဖော်ဝါရီလ ၂၈ ရက်နေ့က ကျင်းပသည့် ဒုတိယအကြိမ်မြောက် ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် ပေါင်မြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် မိကွန်ချမ်းက အဆိုတင်ခဲ့ခြင်းဖြစ်သည်။ ■ **ခတ္တာနွန်**

# မြန်မာ - တရုတ်ကုန်သွယ်ရေး မိုင်းလားလမ်းပြန်ဖွင့်ရန် တပ်မတော်နှင့် ညှိနှိုင်းမည်

**ကျိုင်းတုံ၊ မတ် ၁**

မြန်မာ-တရုတ် အဓိက ကုန်သွယ်ရေးလမ်းဖြစ်သည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံ-မိုင်းလားလမ်းကို အကန့်အသတ်မရှိ ပိတ်ထားမှုနှင့် ပတ်သက်၍ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် တပ်မတော်နှင့် ညှိနှိုင်းမည်ဖြစ်ကြောင်း ရှမ်းပြည်နယ် ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရှဲန်တစ်လုံက ပြောကြားသည်။

“မိုင်းလားလမ်းပိတ်ထားတဲ့အတွက် ကုန်သွယ်မှုလုပ်ငန်းတွေ ကျဆင်းနေတယ်၊ လုံခြုံရေးအမြင်နဲ့ ပိတ်တာမှန်ပေမယ့် စီးပွားရေးအမြင်နဲ့ပြန်ဖွင့်နိုင်အောင် ညှိနှိုင်းမှုဖြစ်မယ်၊ ဒါကိုလည်း သမ္မတကြီးထံ တင်ပြသွားပါမယ်” ဟု ၎င်းက ပြောဆိုသည်။




**လုံခြုံရေးအရပိတ်ထားသည်ဟုဆိုသည့်ကျိုင်းတုံ-မိုင်းလားလမ်းရှိ ဝမ်တာပင်းတံတားကို မတ်လ ၁ရက်နေ့က ရှမ်းပြည်နယ် ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရှဲန်တစ်လုံ သွားရောက်စစ်ဆေးနေသည်ကို တွေ့ရစဉ်**

မိုင်းလား-ကျိုင်းတုံလမ်းကို လုံခြုံရေးအခြေအနေအရဟုဆိုကာ တပ်မတော်က ဖြတ်သန်းခွင့်ပိတ်ခဲ့သည့်အပြင် ကျိုင်းတုံ-မိုင်းယန်းလမ်းကို သွားလာနေသည့် ကုန်သည်များကိုလည်း ဆန်တင်ပို့ခွင့်မပြုတော့သဖြင့် တောင်သူ လယ်သမားများနှင့် ဆန်ကုန်သည်ကြီးများ အပါအဝင် ဒေသခံများအခက်အခဲဖြစ်နေကြောင်း မြန်မာနိုင်ငံ ဆန်စပါး ကုန်သည်ကြီးများအသင်း ကျိုင်းတုံမြို့နယ် ဥက္ကဋ္ဌ ဦးမုန်းကိုက ပြောကြားသည်။

“ဒီလမ်းကြီး ပိတ်လိုက်တဲ့အတွက် ကုန်သွယ်မှုက အရင်ထက် သုံးပုံနှစ်ပုံလျော့ကျသွားလို့ နိုင်ငံတော်အတွက် ဘဏ္ဍာငွေတွေဆုံးရှုံးတယ်၊ ခရီးသွားလုပ်ငန်းနဲ့ အခြားဆက်စပ် လုပ်ငန်းတွေပါ ထိခိုက်ဆုံးရှုံးမှုတွေ ဖြစ်နေတဲ့အပြင် တရားမဝင်ကုန်သွယ်မှုစစ်ဆေးရေးအဖွဲ့တွေကိုပါ ရုပ်သိမ်းခိုင်းလို့ တရားမဝင် ကုန်သွယ်မှုတွေပါ ဖြစ်ပေါ်နေတယ်” ဟု ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ နယ်စပ်ဝင်ပေါက်များ ကြီးကြပ်စစ်ဆေးရေး အထူးကိုယ်စားလှယ် ဦးမင်းအောင်က ရှင်းပြသည်။

‘ဝ’ အထူးဒေသ (၂) UWSA လက်နက်ကိုင်အဖွဲ့သည် အထူးဒေသ(၄) မိုင်းလားလက်နက်ကိုင်အဖွဲ့နယ်မြေသို့ နယ်မြေကျူးကျော်လာရာမှ တပ်မတော်နှင့် ‘ဝ’ လက်နက်ကိုင်အဖွဲ့တို့ စစ်ရေးတင်းမာမှုဖြစ်ပေါ်ခဲ့ကြောင်း၊ ယင်းကြောင့် ကျိုင်းတုံ-မိုင်းလားလမ်းကို လုံခြုံရေးအခြေအနေအရ ၂၀၁၆ ခုနှစ် အောက်တိုဘာလက ဖြတ်သန်းခွင့်ပိတ်ထားခဲ့ကြောင်း၊ လမ်းပြန်ဖွင့်ပေးရေးအတွက် ကျိုင်းတုံဒေသခံကုန်သည်ကြီးတစ်ဦးက တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ထံ ဖေဖော်ဝါရီလတွင် စာရေးသား တောင်းဆိုထားကြောင်း တြိဂံဒေသတိုင်းစစ်ဌာနချုပ် ထံမှ သိရသည်။ ■ **R-16**

# စစ်တွေမြို့တွင် ဆေးခြောက်များ အလုံးအရင်းဖြင့် ဖမ်းမိ

**ရန်ကုန်၊ မတ် ၁**

ရခိုင်ပြည်နယ် စစ်တွေမြို့ ဘုမေကျေးရွာအုပ်စု၊ ဒါးပိုင်ရွာဟောင်းတွင် ဖေဖော်ဝါရီလ ၂၈ ရက် မွန်းလွဲပိုင်းက မူးယစ်ဆေးဝါးများ သိုလှောင်ထားသည်ဟု သတင်းရရှိထားသည့်နေအိမ်ကို ဝင်ရောက်ရှာဖွေခဲ့ရာ အမျိုးသားတစ်ဦးနှင့်အတူ ပီနံအိတ်ဖြင့် ထုပ်ပိုးထားသည့် ဆေးခြောက်များကို အလုံးအရင်းဖြင့် ဖမ်းမိခဲ့ကြောင်း ရဲတပ်ဖွဲ့ထံမှ သိရှိရသည်။

ဖမ်းမိခဲ့သော အသက် ၃၀ နှစ်ရှိ ဘင်္ဂါလီလူမျိုး အာမောက်ဟူဆောင်းနှင့် အတူ နေအိမ်အိပ်ခန်းအတွင်းမှ ပီနံ အိတ်ဖြင့် ထုပ်ပိုးထားသည့် တန်ဖိုးငွေကျပ်သိန်း ၄၀၀ ကျော်ရှိသော အလေးချိန် ကီလိုဂရမ် ၄၀ ကျော်ရှိ ဆေးခြောက်များကို သိမ်းဆည်းရမိခဲ့ခြင်းဖြစ်သည်။

အဆိုပါဆေးခြောက်များ ဖမ်းမိမှုမှ ကွင်းဆက်တရားခံများကို ထပ်မံဖော်ထုတ်ဖမ်းဆီးရန် ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးနေပြီး ဖမ်းမိထားသော အာမောက်ဟူဆောင်းကို စစ်တွေမြို့မရဲစခန်းက မူးယစ်(ပ) ၁၄/ ၁၇၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/ ၁၉(က) ဖြင့် အမှုဖွင့်အရေးယူထားကြောင်း ရခိုင်ပြည်နယ် ရဲတပ်ဖွဲ့ထံမှ သိရသည်။ ■

မျက်နှာဖုံး - နာမည်ကြီးအနုပညာရှင်အများစု မှ အဆက်

လိုသူများအနေနှင့် သက်ဆိုင်ရာမြို့နယ်အခွန်ရုံးများဖြင့် ဆက်သွယ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ယင်းဌာနထံမှ သိရသည်။

“အဲဒီနေ့(ဖေဖော်ဝါရီလ ၂၈ ရက်နေ့ထိ)က စာရင်းက အကုန်ပါပဲ” ဟု ပြည်တွင်းအခွန်များဦးစီးဌာနမှ အကြီးတန်းအရာရှိက ဆိုသည်။

ယင်းသို့ နိုင်ငံပိုင်သတင်းစာများမှ အခွန်ဆောင်သည့် အနုပညာရှင်များစာရင်းကို ကြေညာခြင်းသည် အခွန်ပေးဆောင်ခြင်းမရှိသေးသည့် အသက်မွေးဝမ်းကျောင်းပညာဖြင့် လုပ်ကိုင်နေကြသည့် အနုပညာရှင်၊ အတတ်ပညာရှင်များ လာရောက်ပေးဆောင်ကြရန် တိုက်တွန်းခေါ်ဆောင်ခြင်းဖြစ်ကြောင်း ၎င်းကရှင်းပြပြောဆိုသည်။

လက်ရှိစာရင်းအရ အခွန်ပေးဆောင်ခြင်းမရှိသည့် နာမည်ကြီး အနုပညာရှင်များစွာကျန်ရှိနေသေးပြီး စံပြပုဂ္ဂိုလ်များဖြစ်သည့် ၎င်းတို့မှာ ပိုမိုပေးဆောင်ထိုက်ကြောင်း ပြည်တွင်းအခွန်များဦးစီးဌာနထံမှ သိရသည်။

ယခုဘဏ္ဍာနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ အခွန်ပေးဆောင်ထားသည့် အနုပညာရှင်များစာရင်းတွင် နေတိုး၊ ပြေတီဦး၊ စိုင်းစိုင်းခမ်းလှိုင်၊ ခန့်စည်သူ၊ ခိုင်သင်းကြည်၊ သက်မွန်မြင့်တို့အပါအဝင် အနုပညာရှင် ၁၉ ဦးက ပေးဆောင်ထားသည်။

သို့သော် အခွန်ဆောင်သည့်အနုပညာရှင်များစာရင်းကြေညာချက်အပေါ် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ အကယ်ဒမီလူမင်းက ယင်းစာရင်းတွင် ပါဝင်လာခြင်းမရှိသည့်အတွက် ဖြေရှင်းထားပြီး ၎င်းအနေနှင့် အခွန်ပေးဆောင်ထားကာ အခြားသော အခွန်ပေးဆောင်ထားသည့် အနုပညာရှင်များလည်း ကျန်ရှိနေသေးသည်ဟု ၎င်း၏ လူမှုကွန်ရက်မှတစ်ဆင့် ဖြေရှင်းထားသည်။

ယခုဘဏ္ဍာနှစ်အတွက် သက်မွေးဝမ်းကျောင်းပညာရပ်များမှတစ်ဆင့် လစာအပေါ်မှ အခွန်ဆောင်မည့်သူများအနေနှင့် ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေမှ သတ်မှတ်ထားသည့် နှုန်းထားများအတိုင်း ပေးဆောင်ရမည်ဖြစ်ပြီး ယင်းဥပဒေအရ တစ်နှစ်လျှင် ဝင်ငွေ ကျပ် ၄၈ သိန်းရရှိသူသည် ဝင်ငွေခွန်ပေးဆောင်ရမည်မဟုတ်ဘဲ အခြေခံသက်သာခွင့် ၂၀ ရာခိုင်နှုန်းအပြင် အတူနေမိဘတစ်ဦးလျှင် ကျပ် ၁၀ သိန်း၊ ဇနီး/ ယောကျာ်းရှိသူအနေနှင့် ကျပ် ၁၀ သိန်းနှင့် သားသမီးတစ်ဦးလျှင် ကျပ် ငါးသိန်းသက်သာခွင့်ရရှိမည်ဖြစ်သည်။

တစ်နှစ်လျှင် သုညကျပ်မှ သိန်းနှစ်ဆယ်ထိကို သုညရာခိုင်နှုန်း၊ ၂,၀၀၀,၀၀၁ မှ ၅,၀၀၀,၀၀၀ ထိကို ၅ ရာခိုင်နှုန်း၊ ၅,၀၀၀,၀၀၁ မှ ၁၀,၀၀၀,၀၀၀ ထိကို ၁၀ ရာခိုင်နှုန်း၊ ၁၀,၀၀၀,၀၀၁ မှ ၂၀,၀၀၀,၀၀၀ ထိကို ၁၅ ရာခိုင်နှုန်း၊ ကျပ် ၂၀,၀၀၀,၀၀၁ မှ ၃၀,၀၀၀,၀၀၀ ထိကို ၂၀ ရာခိုင်နှုန်းနှင့် ကျပ် ၃၀,၀၀၀,၀၀၁ နှင့်အထက် ရရှိသူများအနေနှင့် ၃၀ ရာခိုင်နှုန်း ပေးဆောင်ရမည်ဖြစ်ကြောင်း ယင်းဥပဒေတွင် သတ်မှတ်ထားသည်။ ■ **S-04**

မျက်နှာဖုံး - ဘင်္ဂလားဒေ့ရှ်ရှိ ဒုက္ခသည်စခန်းသို့ မှ အဆက်

ကုလသမဂ္ဂ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ မဟာမင်းကြီးရုံး UNOCHA ၏ မြန်မာနိုင်ငံဆိုင်ရာ အစီရင်ခံစာ၌ မြန်မာနိုင်ငံမှ ရောက်ရှိသွားသော ဒုက္ခသည်များနှင့်တွေ့ဆုံ၍ မေးမြန်းခဲ့ပြီး မြန်မာနိုင်ငံအာဏာပိုင်များက လူ့အခွင့်အရေး ချိုးဖောက်ခြင်း၊ အဓမ္မပြုကျင့်ခြင်းများ ကျူးလွန်ခဲ့ကြောင်း ဖော်ပြထားသည်။

ယင်းအစီရင်ခံစာ ဖော်ပြချက်များကို မြန်မာနိုင်ငံအစိုးရက လက်ခံနိုင်ခြင်းမရှိသောကြောင့် ဒု-သမ္မတ ဦးမြင့်ဆွေ ဦးဆောင်သော ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သွားရောက်ရန် နှစ်နိုင်ငံ ညှိနှိုင်းလျက်ရှိကြောင်း နိုင်ငံတော် သမ္မတရုံးထံမှ သိရသည်။

UNOCHA အစီရင်ခံစာနှင့် ကုလအထူးကိုယ်စားလှယ် ရန်ဟီးလီ၏ အစီရင်ခံစာတို့၌ စွပ်စွဲပြောဆို ရေးသားချက်များကို ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေး ကော်မရှင်အဖွဲ့မှ ဘင်္ဂလားဒေ့ရှ်ရှိ ဒုက္ခသည်စခန်းသို့ သွားရောက်တွေ့ဆုံရန် မြန်မာအစိုးရမှ တင်ပြထားသော်လည်း ဘင်္ဂလားဒေ့ရှ်ဘက်မှ အကြောင်းပြန်ခြင်းမရှိကြောင်း ဦးဇော်ဌေးက ဆိုသည်။

“ညှိနှိုင်းနေတယ် ဘင်္ဂလားဒေ့ရှ်အစိုးရနဲ့။ သွားချင်တိုင်းသွားမရဘူး ဖြစ်နေတယ်။ OCHA ရဲ့အစီရင်ခံစာက ဘင်္ဂလားဒေ့ရှ်မှာ ရောက်တဲ့ ဒုက္ခသည်ဆိုသူတွေကိုမေးပြီးတော့ အစီရင်ခံစာထုတ်တာဖြစ်တယ်။ အစီရင်ခံစာမှာ ပါတဲ့ဟာကို ရန်ဟီးလီက ထပ်ပြီး ဘင်္ဂလားဒေ့ရှ်ကို သွားပြီးတော့ လုပ်တယ်။ အခု ကျွန်တော်တို့ သွားဖို့ ညှိနှိုင်းနေတယ်။ သွားဖို့ရက်ကို မရသေးဘူးဖြစ်နေတယ်” ဟု ဦးဇော်ဌေးက ပြောသည်။

ရခိုင်ပြည်နယ်မြောက်ပိုင်း၌ အောက်တိုဘာလ ၉ ရက်နေ့က နယ်ခြားစောင့် ရဲတပ်ဖွဲ့စခန်းကို ဘင်္ဂါလီအကြမ်းဖက်အဖွဲ့များက တိုက်ခိုက်ခဲ့သော ဖြစ်စဉ်များကြောင့် အဆိုပါဒေသ၌ နေထိုင်သော ဒေသခံ ၆၆,၀၀၀ ခန့်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိသွားကြောင်း Uniated Nations OCHA Myanmar အဖွဲ့က ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ■ **J-07**

# ဆက်သွယ်ပြောကြားချက်ကို ကြားဖြတ်နားထောင်ပါက ထောင်ဒဏ်၊ ငွေဒဏ်ချမှတ်နိုင်ရန် ဥပဒေပြဋ္ဌာန်း

**နေပြည်တော်၊ မတ် ၁**

လူပုဂ္ဂိုလ်တစ်ဦးနှင့်တစ်ဦးကြား ဆက်သွယ်ရေးပစ္စည်းကိရိယာ တစ်မျိုးမျိုးဖြင့် ဆက်သွယ်ပြောကြားမှုကို ကြားဖြတ်ဖမ်းယူနားထောင်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် အနှောင့်အယှက်ပေးကြောင်း ပြစ်မှုထင်ရှားလျှင် အနည်းဆုံးထောင်ဒဏ် ခြောက်လမှအများဆုံးထောင်ဒဏ် သုံးနှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်အနည်းဆုံးကျပ်သုံးသိန်းမှ အများဆုံးကျပ် ၁၅ သိန်းအထိ ငွေဒဏ်ချမှတ်နိုင်ရန် ယနေ့ကျင်းပသော ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းလိုက်သည်။

ယခုပြဋ္ဌာန်းလိုက်သည့် ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့်လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေပါ အချက်အချို့တွင် လွှတ်တော်နှစ်ရပ်(အမျိုးသား/ပြည်သူ) သဘောထားကွဲလွဲမှုရှိသောကြောင့် ပြည်ထောင်စုလွှတ်တော်တွင် ဥပဒေကြမ်း ပူးပေါင်းကော်မတီက ညှိနှိုင်း၍ အထက်ပါအတိုင်း အတည်ပြုခဲ့ခြင်းဖြစ်သည်။

ယင်းအပြင် ဝန်ကြီးဌာနတစ်ခုခု၏ ကြိုတင်ခွင့်ပြုမိန့်မရှိဘဲ ရာထူးတစ်ခုခုခန့်အပ်ရန်ပြုလုပ်သည့် အကြောင်းအရာမှတစ်ပါး ပြစ်မှုကျူးလွန်ကြောင်း ခိုင်လုံသည့် အထောက်အထားမရှိဘဲ နိုင်ငံသားတစ်ဦးဦးအား ဂုဏ်သိက္ခာထိခိုက်စေသော နောက်ယောင်ခံကြည့်ခြင်း၊ စုံထောက်ခြင်း၊ စုံစမ်းခြင်း၊ ဝင်ရောက်ရှာဖွေသိမ်းဆည်းခြင်းနှင့် ဖမ်းဆီးခြင်းများပြုလုပ်ပါက ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ် တစ်နှစ်မှ အများဆုံးထောင်ဒဏ် ငါးနှစ်အထိချမှတ်ရမည့်အပြင် အနည်းဆုံးကျပ်ငါးသိန်းမှ အများဆုံးကျပ် ၂၅ သိန်းငွေဒဏ် ချမှတ်နိုင်ကြောင်း ထည့်သွင်းအတည်ပြုခဲ့သည်။

အဆိုပါဥပဒေအတည်ပြုချက်တွင် မည်သူမျှတည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ခွင့်ပြုသည့်ကိစ္စမှတစ်ပါး တရားရုံးခွင့်ပြုချက်မရှိဘဲ မည်သူ့ကိုမျှ ၂၄ နာရီထက်ကျော်လွန်၍ ချုပ်နှောင်ထားခြင်းမပြုရန် ထည့်သွင်းအတည်ပြုခဲ့ပြီး ယင်းတားမြစ်ချက်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားလျှင် အနည်းဆုံးထောင်ဒဏ် ခြောက်လမှ အများဆုံးထောင်ဒဏ် သုံးနှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ် အနည်းဆုံးကျပ်သုံးသိန်းမှ အများဆုံးကျပ် ၁၅ သိန်းအထိ ငွေဒဏ်ချမှတ်နိုင်ရန် ထပ်လောင်းအတည်ပြုခဲ့သည်။ ■

# လုပ်ငန်းခွင်ဝင်နေသည့်ကလေးများ ပါဝင်နိုင်မည့် ပြည်သူ့နီတိပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန်၊ မတ် ၁**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီစီစဉ်ကျင်းပမည့် လူငယ်၊ လူရွယ်များအတွက် ရည်ရွယ်သော ပြည်သူ့နီတိ ရေးဖြေပြိုင်ပွဲတွင် လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်များတွင် လုပ်ငန်းခွင်ဝင်နေသည့် ကျောင်းနေအရွယ်ကလေးများပါ ပါဝင်ဖြေဆိုနိုင်ကြောင်း အဆိုပါကော်မတီထံမှ သိရသည်။

အဆိုပါပြည်သူ့နီတိ ရေးဖြေပြိုင်ပွဲကို ၂၀၁၇ ခုနှစ် ဧပြီ ၂၇ နှင့် ၂၈ ရက်နေ့များတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့်(၃)ဆင့်ခွဲပြီး ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ အကြီးတန်းအရာရှိတစ်ဦးကပြောကြားသည်။

အဆိုပါပြိုင်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျောင်းများမှ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းသားအပြင် ကိုယ်ပိုင်ကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊ ကျောင်းပြင်ပ ပညာရေးသင်ကြားနေသော ကလေးသူငယ်များ၊ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်များတွင် လုပ်ငန်းခွင်ဝင်နေကြသော ကျောင်းနေအရွယ်ကလေးများပါ ပါဝင်ဖြေဆိုနိုင်သည်။

ပါဝင်ဖြေဆိုလိုသူများသည် မြို့တော်ခန်းမ(မြေညီထပ်)ရှိ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန၊ ပြန်ကြားရေးဌာနခွဲသို့ ရုံးချိန်အတွင်း မတ်လ ၂၀ ရက်မှ ၃၁ ရက်အထိ လျှောက်ထားနိုင်သည်။ ■ J-10

# ဟသ်ာတတွင် မော်တော်ယာဉ်ပိုင်ဆိုင်မှုစာရင်း ကောက်ယူ

**ဟသ်ာတ၊ မတ် ၁**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်ရှိ ကျေးရွာအုပ်စုများနှင့် ရပ်ကွက်များရှိ အိမ်ထောင်စုများထံ မော်တော်ကားအပါအဝင် ထော်လာဂျီ ပုစဉ်းခေါင်းယာဉ် အရေအတွက်၊ လိုင်စင်ရှိမရှိတို့ကို စာရင်းကောက်ယူနေကြောင်း ယာဉ်ပိုင်ရှင်များထံမှ သိရသည်။

အဆိုပါ စာရင်းများကို ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများမှ စာရေးဝန်ထမ်းများက မြို့နယ် အုပ်ချုပ်ရေးမှူးရုံး၏ ညွှန်ကြားချက်အရ ဟုဆိုကာ ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် လိုက်လံကောက်ယူနေသော်လည်း မည်သည့်အကြောင်းကြောင့် ကောက်ယူသည်ကို အတိအကျပြောကြားခြင်း မရှိကြောင်း ယာဉ်ပိုင်ရှင်များက ပြောကြားသည်။

ယင်းအပြင် ပိုင်ဆိုင်မှု စာရင်းကောက်ယူသည့်အပြင် လိုင်စင်ရှိမရှိ မေးခွန်းများကို ထည့်သွင်းမေးမြန်းခြင်းကြောင့် လယ်ယာထုတ်ကုန် လုပ်ငန်းသုံးထော်လာဂျီ ပုစဉ်းခေါင်းယာဉ် အများစုမှာ လိုင်စင်မရှိကြသဖြင့် လက်ဝယ်ပိုင်ဆိုင်ထားသူများက စိုးရိမ်နေကြောင်း ဟသ်ာတမြို့နယ် နတ်မော်ကျေးရွာနေသူ မော်တော်ယာဉ်ပိုင်ရှင် ဦးနိုင်ရဲဝင်းကပြောကြားသည်။

“ကားပိုင်ရှင်တိုင်းက ဥပဒေ နားမလည်ဘူး။ ကားပိုင်တိုင်းလည်း ငွေမချမ်းသာဘူး၊ ဘာကြောင့် ကောက်တာလဲ ပြောတော့ အခွန်လား၊ တခြားဘာကြောင့်လဲ ဆိုပြီး စိုးရိမ်တယ်၊ ကြောက်ကြတယ်”ဟု ၎င်းက ပြောဆိုသည်။

မော်တော်ယာဉ်စာရင်း ကောက်ယူသည့် လုပ်ငန်းမှာ အထွေထွေအုပ်ချုပ်ရေးမှူးရုံးလုပ်ငန်းနှင့်သက်ဆိုင်ခြင်း မရှိကြောင်း၊ အခွန်ဌာနကဖြစ်စေ၊ အခြားဌာနတစ်ခုခုကဖြစ်စေ လုပ်ငန်းသဘောအရ အကူအညီတောင်းခံလာမှုအပေါ် ပူးပေါင်းဆောင်ရွက်ပေးခြင်းမျိုးသာ ဖြစ်နိုင်ကြောင်း ဟသ်ာတခရိုင် အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်ကပြောကြားသည်။ ■ R-13

# YBS ယာဉ်တစ်စီးကို အမေရိကန်ဒေါ်လာ ငါးသောင်းခြောက်ထောင်ဖြင့် ဝယ်ယူ

**ရန်ကုန်၊ မတ် ၁**

ရန်ကုန်တိုင်းအစိုးရအဖွဲ့အနေနှင့် YBS ယာဉ်စီးရေ လိုအပ်ချက်ကို ဖြည့်ဆည်းရန် တရုတ်နိုင်ငံမှ ယာဉ်တစ်စီးလျှင် အမေရိကန်ဒေါ်လာ ငါးသောင်းခြောက်ထောင်ဖြင့် ဝယ်ယူလျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီးသယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့ YRTA ထံမှ သိရသည်။

“မြန်မာငွေနဲ့ဆိုရင် ကျပ်သိန်း ၇၀၀ ကျော်လောက်ရှိတယ်။ GPS တပ်ပြီးသား Brand အသစ်ယာဉ်တွေကို ဝယ်တာပါ။ တရုတ်က နှစ်ရှည်ချေးငွေနဲ့ ရောင်းတာ။ ဘယ်တော့ရောက်မယ်ဆိုတာကိုတော့ အချိန်အတိအကျ မပြောနိုင်သေးဘူး” ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့ YRTA မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

တရုတ်နိုင်ငံမှ ယာဉ်စီးရေ ၃၀၀၀ ကို ဝယ်ယူလျက်ရှိပြီး ယာဉ်၏အပိုပစ္စည်း၊ နည်းပညာအပိုင်းကို တရုတ်အစိုးရက တာဝန်ယူမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

“တရုတ်အစိုးရနဲ့ အစိုးရချင်းချိတ်ဆက်ဝယ်တာ။ ဒီယာဉ်တွေရောက်လာရင် တိုင်းအစိုးရက လုပ်ငန်းရှင်တွေနဲ့ ပူးပေါင်းပြီး အစုရှယ်ယာအဖြစ်ပါဝင်မှာ” ဟု ၎င်းက ဆိုသည်။

YBS ယာဉ်လိုင်းတွင် ခရီးသည်များ အဆင်ပြေစေရေးအတွက် လိုအပ်နေသည့် ယာဉ်စီးရေတိုးချဲ့ပေးရန် ယာဉ် ၃၀၀၀ စီးကို ဧပြီလတွင် ဖြည့်ဆည်းပေးနိုင်ရန် ဆောင်ရွက်နေကြောင်း တိုင်းဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောကြားခဲ့သည်။

ရန်ကုန်မြို့တော်အတွင်း YBS ယာဉ်လိုင်း ၈၀ ကျော်ရှိပြီး တစ်ရက်လျှင် ယာဉ်စီးရေ ၃၅၀၀ဖြင့် ခရီးသည် သယ်ယူပို့ဆောင်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့ YRTA ထံမှသိရသည်။ ■ J-06



# E D I T O R I A L

## အမိက နှင့် သာမည

မြန်မာ့နိုင်ငံရေး ရှေ့မတိုးနောက်မဆုတ်ဖြစ်နေသော အခြေအနေများကို လေ့လာကြည့်ပါက အရေးကြီးကိစ္စနှင့် သာမန်ကိစ္စမကွဲပြားဘဲ အချင်းချင်း ငြင်းခုံ၊ စကားနိုင်လုကာ အုပ်စုကွဲ၊ ဂိုဏ်းကွဲကာ အကျိုးရှိသည့်အချိန်များ ဖြုန်းတီးသကဲ့သို့ ဖြစ်သွားခဲ့သည့် သာဓကများ ရှိခဲ့သည်။

တစ်နည်းအားဖြင့် ပြောရလျှင် အဓိက နှင့် သာမည မကွဲပြားခြင်း၊ ခွဲခြားနိုင်စွမ်းမရှိခြင်းတို့ကြောင့် နားလည်မှုအလွဲများ၊ ဘဏ္ဍာငွေ အဟောသိကံဖြစ်မှုများ၊ ဟန်ပြ၊ ရုပ်ပြ ဆန်လွန်းခြင်းများ၊ ရေများရာ မိုးရွာဖြစ်စဉ်များ၊ ဆန်စဉ်ရာ ကျည်ပွေ့လိုက် စီမံခန့်ခွဲမှုများဖြင့် ရှေ့သို့သာသွားရမည့် ခြေလှမ်းများ ခဲဆွဲထားသကဲ့သို့ ဖြစ်နေခဲ့သည်။

အများပြည်သူအကျိုး ဆောင်ရွက်ရန် ဖွဲ့စည်းသည့် အသင်းအဖွဲ့ နိုင်ငံဖွံ့ဖြိုးရေးအတွက် အကောင်အထည်ဖော်မည့် လုပ်ငန်း၊ စီမံကိန်းများကိုပင်လျှင်မည်သည့်အလုပ်မျှ မစရသေးခင် အမည်နာမ အခေါ်အဝေါ်ကိစ္စတွင် သဘောထားကွဲလွဲမှုများဖြင့် ရှေ့မတိုး၊ နောက်မဆုတ် ဖြစ်နေပေသည်။

အချို့စီမံကိန်း၊ စီမံချက်၊ လုပ်ငန်းများသည် မလိုအပ်ဘဲ ငွေကုန်ကြေးကျများသွားခြင်းသာ အဖတ်တင်ပြီး စားဝတ်နေရေး ချို့တဲ့ကာ ပင်ပန်းတကြီး ရုန်းကန်နေရသည့် အခြေခံပြည်သူလူထုအတွက် လက်တွေ့အသုံးမကျသော အပေါ်ယံ ဟန်ပြသက်သက်ဖြစ်နေခြင်းများလည်း တွေ့ရသည်။

အခြားသော ဘာသာရေး၊ လူမှုရေး၊ ပညာရေး၊ စီးပွားရေးနယ်ပယ်အသီးသီးတွင်လည်း ထိုကဲ့သို့ အပေါ်ယံ သာမညကိစ္စများနှင့် အလုပ်ရှုပ်နေခြင်းကြောင့် အရေးကြီး၊ အဓိကကျသော လုပ်ငန်းကိစ္စများ လျစ်လျူရှု မေ့လျော့ထားသကဲ့သို့ ဖြစ်နေပေသည်။

နိုင်ငံတော် အင်အားတောင့်တင်းရေးဟုဆိုပါက ရုပ်ပိုင်းဆိုင်ရာ ပစ္စည်းများကို ဦးစွာ စဉ်းစားလေ့ရှိကြပြီး နောက်ဆုံးပေါ် အိုင်တီနည်းပညာ အပါအဝင် အခြားနည်းပညာများကို ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုနိုင်သော အတတ်ပညာရှင်များ၊ ကိစ္စရပ်တိုင်းကို ယထာဘူတကျကျ၊ ကျိုးကြောင်း ဆက်စပ်မှုရှိရှိ၊ မှန်မှန်ကန်ကန် ဆင်ခြင်၊ တွေးခေါ်၊ စဉ်းစား၊ သုံးသပ်၊ ဆုံးဖြတ် လုပ်ကိုင်နိုင်သော လူ့စွမ်းအားအရင်းအမြစ်များ လေ့ကျင့်တည်ဆောက်၊ မြှင့်တင်ရေးကိုမူ မြန်ဆန်စွာ ဆောင်ရွက်ရန် လက်တွန့်နေတတ်သည်။

အဓိက နှင့် သာမည ခွဲခြားမမြင်နိုင်ပါက နာမည်နှင့် အခေါ်အဝေါ်များအပေါ်တွင် ခံစားချက်ဖြင့် ငြင်းခုံ၊ ရပ်ခံ၊ ကန့်ကွက်၊ ပြင်ဆင်၊ ပယ်ဖျက်၊ အသစ်ဖြင့် အစားထိုးခြင်းကိုသာ အဓိကထားနေခြင်းကြောင့် လက်တွေ့အလုပ်လုပ်ရမည့်ဘက်တွင် အားနည်းချည့်နဲ့သွားသည့် ကိစ္စရပ်များ လတ်တလော ကာလများအတွင်းပင် ကြုံခဲ့ရပြီးဖြစ်သည်။

လက်ရှိ ကာလသည် မကြာခဏ ပြောဆိုနေကြသလိုပင် အရာရာပျက်စီးယိုယွင်း၊ ယိုင်နဲ့နေသော အိမ်အိုကြီးတစ်လုံးကို ပြင်ဆင်ရသည့်အချိန်ဖြစ်နေသောကြောင့် နိုင်ငံကို စီမံခန့်ခွဲရမည့် အစိုးရအဖွဲ့သည် ဘယ်အရာသည် အရေးတကြီးဆောင်ရွက်ရမည့်အရေးပေါ်ပြဿနာ၊ ဘယ်ကိစ္စသည် တဖြည်းဖြည်းအချိန်ယူ လုပ်ကိုင်ရမည့် သာမန် ပြဿနာ ဟူ၍ ခွဲခြားမြင်နိုင်သူ၊ အရည်အချင်းရှိသူ၊ လူမှန် နေရာမှန်များ ဖြစ်ရန် အထူးလိုအပ်လှသည်။

သို့မဟုတ်ပါက ပြည်သူလူထုက ကြည်ညိုလေးစားရင်းစွဲရှိထားသည့်အတွက် နာမည်ပေးခြင်း၊ မပေးခြင်းက ယင်းသို့ ကြည်ညိုလေးစားခြင်းကို ပြောင်းလဲမပေးနိုင်မှန်း သိပါလျက်နှင့် ဒေသခံများနှင့် အတိုက်အခံဖြစ်စေမည့် ဗိုလ်ချုပ်အောင်ဆန်းနာမည်ကို တံတားအမည် ပေးခြင်းကဲ့သို့ ပြဿနာမျိုးကို ယင်းထက် အရေးကြီးသည့် ကိစ္စရပ်များစွာ ဆောင်ရွက်ရမည့် ဥပဒေပြုလွှတ်တော်အထိ တင်သွင်းရန်အထိ စဉ်းစားခြင်း၊ တင်သွင်းခြင်း၊ တင်သွင်းခွင့်ပြုခြင်းတို့မှာ များစွာ နားလည်ရခက်လှသည်။

နိုင်ငံနှင့်ချီ၊ တစ်မျိုးသားလုံးနှင့်ချီ ဆောင်ရွက်စရာ၊ ပြုပြင်စရာ များစွာရှိနေသောကာလမျိုးတွင် တံတားအမည် အငြင်းပွားမှုကို လွှတ်တော်၌ ကန့်ကွက်မိပါက မရည်ရွယ်ဘဲ ဗိုလ်ချုပ်အပေါ် အသိအမှတ်မပြုသည့်သဘောမျိုး သက်ရောက်သွားနိုင်သည့် ပြဿနာမျိုးကို လွှတ်တော်က ဆွေးနွေးရန် လက်ခံလိုက်ခြင်းမှာ အဓိက၊ သာမည ခွဲခြားနိုင်ခြင်း ရှိ၊ မရှိ၊ အမျိုးသားရင်ကြားစေ့ရေး ဦးတည်ချက်နှင့် ကိုက်ညီခြင်း ရှိ မရှိ စဉ်းစား သုံးသပ်သင့်ကြောင်း ပြောလိုရင်းဖြစ်သည်။

**အယ်ဒီတာ ( ၁ - ၃ - ၂၀၁၇ )**

# စာရင်းပေးထားသည့် လူဦးရေထက်ကျော်လွန်သော မဏ္ဍပ်များကို အရေးယူမည်

**ရန်ကုန်၊ မတ် ၁**

ရန်ကုန်မြို့ မဟာသင်္ကြန်ကာလအတွင်း ရေကစားမဏ္ဍပ်လျှောက်ထားသူများဘက်က စာရင်းပေးထားသည့် လူဦးရေထက် ကျော်လွန်ရေကစားသည့် မဏ္ဍပ်များကို ပထမဆုံးအကြိမ်အရေးယူမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။

၁၃၇၈ ခုနှစ် မြန်မာ့ရိုးရာသင်္ကြန်မဏ္ဍပ် လျှောက်ထားသူများသည် ရေကစားမည့် ဦးရေအရေအတွက်ကို ဖော်ပြလျှောက်ထားရမည်ဖြစ်ပြီး သင်္ကြန်မဏ္ဍပ်များတွင် ရေကစားမည့်ဦးရေ အရေအတွက်ကို သတ်မှတ်ထိန်းသိမ်း ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီထံမှသိရသည်။

"မဏ္ဍပ်မှာ ရေကစားမယ့်လူဦးရေက သတ်မှတ်ချက်ထက် ကျော်လွန်နေရင် မဏ္ဍပ်ပြိုကျတာတွေ ဖြစ်မှာစိုးလို့ မဏ္ဍပ်ကြံ့ခိုင်မှုအရ ရေကစားမယ့်ဦးရေ အရေအတွက်ကို ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်တာပါ" ဟု ၎င်းကဆိုသည်။

ယင်းသို့ထိန်းသိမ်းဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့် စည်းကမ်းမလိုက်နာသောမဏ္ဍပ်များကို ဒဏ်ငွေရိုက်ခြင်း၊ Black List သတ်မှတ်ဆောင်ရွက်ခြင်းနှင့် မဏ္ဍပ်ပိုင်ရှင်ကို ခေါ်ယူအသိပေးခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ အကြီးတန်းအရာရှိတစ်ဦးက ပြောကြားသည်။

မဟာသင်္ကြန်ပွဲတော်ကာလအတွင်း မြန်မာ့ယဉ်ကျေးမှုနှင့် မအပ်စပ်သော အပြုအမူ၊ အပြောအဆို၊ ဝတ်စားဆင်ယင်မှု၊ ခုန်ပေါက်အော်ဟစ်သီဆိုမှု စသည့် သရုပ်ပျက်လုပ်ဆောင်မှုများ လုံးဝမပြုစေရန် စနစ်တကျ ကွပ်ကဲထိန်းသိမ်းသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။

ရေကစားမဏ္ဍပ်များအနေနှင့် မတ်လ ၁ရက်မှ မတ်လ ၂၅ ရက်အတွင်း လျှောက်ထားရမည်ဖြစ်ပြီး ရေကစားမဏ္ဍပ်လျှောက်လိုသူများသည် တိုင်းအစိုးရအဖွဲ့က ညွှန်ကြားထားသည့်စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်လျှောက်ထားရမည်ဖြစ်သည်။

ရေကစားမဏ္ဍပ်အမျိုးအစားအလိုက် ခွဲခြား၍သတ်မှတ် လျှောက်လွှာပုံစံများဖြင့် သက်ဆိုင်ရာခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ စိစစ်ထောက်ခံချက်များနှင့်အတူ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (လမ်း/တံတား)သို့ လျှောက်ထား၍ မဏ္ဍပ်နေရာချထားရေးနှင့် ကြံ့ခိုင်မှု စစ်ဆေးရေးလုပ်ငန်းကော်မတီ၏စိစစ်ချက်ဖြင့် တိုင်းအစိုးရအဖွဲ့ရုံး၏အတည်ပြုချက်ရရှိမှသာ စတင်ဆောက်လုပ်ရမည် ဖြစ်သည်။ ■ J-10

The VOICE Daily CARTOON




The VOICE Daily

**The Product of Myanmar Partners Think Tank Group**
**(A Sister Publication of Living Color Magazine)**

**Editor in-Chief** - Kyaw Min Swe, **Deputy Chief Editor** -Tin Aung Kyaw , **Editor in Charge** -Kyaw San Min .
**Senior Executive Editors** - Thiri Zaw, Aung Soe, **Legal Advisor** - U Hla Sein (Advocate), **Foreign Desk** - Aung Kyaw Soe,
**Editors** - Kyaw Swar Soe, Win Lwin Khaing, Kyi Kyi Lwin, Aung Aung Tun, Pyae Phyo Lin ,Thant Zin Oo, Hein Myat Soe, Nay Zar Kyaw, Aung Thiha Tun.
**Graphic Editors** - Myo Htoo Htet, Ngu War Khine, Soe Han,
**Manager (DTP)** - Ma Khine, **Designer** - Saw Elijah, **Design & DTP** - Cho Cho Zin, Hnin Si.
**Senior Reporters** - Aung Htet , Khaing Soe Lin , Sithu Aung Myo Kyaw , Pwint Zin Maw Hein, Thet Shine Thu, Nilar Myint, Zaw Moe Lwin,Si Si Thin Hlaing, Zeyar Hein.
**Reporters** - Khine Cherry Tun, San San Htwe, Kyaw Soe Oo, Su Lay Ngone, Thida Swe, Aung Zaw Htoo,
**Part-time Editors**- Aung Naing Win, Mg Man @ Myo Myint Aung.
**Mandalay Reporters** - Ye Win Naing, Than Pe Thar. Nay Lin, Yan Moe Naing, Myat Min, Aung Phyo,
**Regional Reporters** - Zay Yar Ko, Yan Naing, Zaw Tint, Myint Soe, Kyaw Soe Moe, Nyein Thu Min, Nay Min Htet, Nay Lin Phyu, Cho Thae Kyi, Yan Kaung, Min Min Aung, Slai Yaw Zin, Ma Ma, Myat Thu Tun (Poe Thiha), Paw Oo, Khin May San, Tin Zaw Oo. **Photographer** - Ye Pyae Zar Ni, Aung Naing,
**Publisher** - Daw Win Kalayar Swe (00940), **Advertising** - Ei Mar Lar, Zaw Zaw Aung
**Distribution** - Htet Khaung, Jet Too Too.
**Press** -Hnit Thit Oo Press (00601) , 27(A), Corner of U Hmoo St and U Tun Nyo St., Dagon (East) Industrial Zone,
**Web Team**- thevoicewebteam@gmail.com,
**Website** - www.thevoicemyanmar.com, **Office** - No. 157, West Horse Race Course Road, Kyaikasan Quarter, Bahan Township, Yangon.
**Phone** – 09 263200010, 09 263200020, 09 263200030, 09 263200040, 09 263200050, 09 263200060, 09263200070, 09 263200080
**Hot Lines** – 09 785555771 **(Newsroom)**, 09 785555772**(Advertising)**, 09 785555773**(Distribution)**
**E-mail**-Admin; Chief Editor :c-editor@thevoicemyanmar.com, **News Room** : newsroom@thevoicemyanmar.com.

ယနေ့မှာ မြန်မာအစိုးရအဆက်ဆက် သတ်မှတ်ခဲ့ကြသည့် တောင်သူလယ်သမားနေ့ ဖြစ်သည်။ နိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေတောင်သူလယ်သမားတို့သည် အစိုးရသစ်လက်ထက်တွင် စပါးဈေးကျဆင်းခြင်း၊ ရာသီဥတုဖောက်ပြန်ခြင်း စသည့် ခက်ခဲသော အခြေအနေတစ်ရပ်ကို ဖြတ်သန်းခဲ့ရပြီး သူတို့၏လက်ရှိဘဝအခြေအနေများကို ထင်ဟပ်နိုင်ရန်အတွက်မှ တိုက်ကြီးမြို့နယ်သတင်းထောက် မင်းမင်းအောင်နှင့် ပုသိမ်မှ သတင်းထောက်မောင်မျိုးထက်တို့၏ သတင်းပေးပို့မှုများကိုအခြေခံ၍ စာဖတ်ပရိသတ်ဖတ်ရှုနိုင်ရန် ရေးသားဖော်ပြလိုက်ပါသည်။

**အယ်ဒီတာ**

# ပြဿနာအဟောင်း သို့သော် စိန်ခေါ်မှုအသစ်

## မင်းမင်းအောင်၊ မောင်မျိုးထက်

မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် အစိုးရသစ်လက်ထက်တွင် ဖြစ်ပေါ်လာမည်ဟု တူညီသော မျှော်လင့်ချက်တစ်ခုရှိသည်။ နိုင်ငံ၏အဓိက သွေးကြောဖြစ်သည့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်း လုပ်ကိုင်ကြသူ ထိုသူတို့က အစိုးရသစ်လက်ထက်တွင် ဆီကိုရေချိုး ဆေးရိုးမီးလှုံ စပါးတောင်လိုပုံပမာ ဖြစ်လာမည်ဟု မျှော်လင့်ကြသည်။

သို့သော် လက်တွေ့တွင် ရာသီဥတုဖောက်ပြန်မှုများ၊ နိုင်ငံအနှံ့ ရေလွှမ်းမိုးမှုများဖြစ်နေခြင်း၊ နယ်စပ်မှ နှစ်စဉ်ပမာဏအများအပြား ဝယ်ယူနေမှု ရပ်ဆိုင်းလိုက်ခြင်းတို့ကြောင့် ဈေးနှုန်းကျဆင်းခြင်းတို့ကိုသာ သူတို့ တွေ့ကြုံနေရဆဲဖြစ်သည်။

နိုင်ငံအများစုက လယ်သမားများသည် ယခုနှစ်တွင်လည်း အကြွေးသံသရာကနေ ရုံးမထွက်နိုင်ကြသေးပါ။

"အရင်နှစ်ကလည်း မမြတ်ပါဘူး။ ဒီနှစ်လည်း ရှုံးဦးမှာပဲ။ နောက်နှစ်တော့ ဈေးလေး ကောင်းလာမလား မသိဘူး။ ကျွန်တော့်အသက်တော့ ၆၅ နှစ် ကပ်နေပါပြီ။ ဒီလိုပဲ နှစ်တိုင်းမျှော်နေရတယ်။ နှစ်ပေါင်းများပါပြီ" ဟုလည်း ဖျာပုံမြို့က လယ်သမားတစ်ဦးကပြောသည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးဧက ၁၇ သန်းခွဲခန့်ရှိပြီး မိုးစပါးကို ဧက ၁၄ သန်းကျော်နှင့် နွေစပါးနှစ်သန်းခွဲ စိုက်ပျိုးကြပြီး အစိုးရသစ်လက်ထက် တစ်ခုတည်းသော လုပ်ဆောင်ပေးမှုမှာ စိုက်ပျိုးစရိတ် ချေးငွေကို တစ်ဧက တစ်သိန်းမှ တစ်သိန်းခွဲအထိ တိုးမြှင့်ပေးလိုက်ခြင်းဖြစ်သည်ဟုလည်း လယ်သမားတို့က ပြောဆိုကြသည်။

"အများကြီး ထူးထူးခြားခြား ပြောင်းလာတာတော့ မတွေ့ရသေးပါဘူး။ လယ်လုပ်သူ လုပ်သားရှားပါးလာတယ်။ စပါးဈေးကျတယ် ဒီတော့ လာမယ့်နှစ်ဟာလည်း စပါးစိုက်သူတိုးလာဖို့တော့ မမြင်ပါဘူး" ဟုမြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဒုဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းက ပြောသည်။

ပြီးခဲ့သည့်ရက်ပိုင်း နိုင်ငံပိုင်သတင်းစာများက ထုတ်ပြန်ရာတွင် အစိုးရအနေနှင့် လယ်သမားများအတွက် ကျပ် ၁၄၀၀ ဘီလီယံထုတ်ချေးခဲ့သော်လည်း ပြန်ရငွေမှာ ကျပ် သိန်း ၂၀၀ သာရှိသေးကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဒုဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းက တရားဝင် ထုတ်ပြန်ချက်များကို ကိုးကားပြောကြားသည်။

လက်မှုလယ်ယာမှစက်မှုလယ်ယာသို့ကူးပြောင်းလာမှုကြောင့် တောင်သူများ၏ခိုင်းနွားများမှာ အသုံးမဝင်တော့သဖြင့် ကျွဲ၊ နွားများ အသုံးမဝင်ခြင်းတို့ကြောင့် တောင်သူအများစုက ကျွဲ၊ နွားများရောင်းချရခဲ့သည်။ ခိုင်းနွားတစ်ကောင်လျှင် ယခင်က ရှစ်သိန်းခန့်ရှိသော်လည်း ယခုနှစ်တွင် တစ်ကောင်ကို လေးသိန်းခန့်အထိ ကျဆင်းသွားခဲ့သည်။

ထို့အပြင် စပါးစိုက်ပျိုးရာ၌ ရာသီဥတုမမှန်ခြင်း၊ စပါးအထွက်နည်းခြင်း၊ စပါးဈေးများ ကျဆင်းခြင်းမှုကြောင့် အကြွေးနွံနစ်မှုတို့မှာ တောင်သူများဘဝများကို နှစ်သထက်နစ်နိုင်ဦးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ တောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီ တိုက်ကြီးမြို့နယ် ဥက္ကဋ္ဌ ဦးနေဇာလင်းက ပြောကြားသည်။

"လယ်သမားဘဝ လယ်ပြီးရင် လည်နေဦးမှာပဲ" ဟု ၎င်းက ပြောဆိုသည်။

လယ်တစ်ဧကကို စပါးစိုက်ပျိုးပါက အရင်းနှစ်သိန်းသုံးသောင်းကျော်ရှိပြီး တစ်ဧကလျှင် စပါးတင် ၇၀ ခန့်ထွက်ရှိကြောင်း၊ လယ်သမားများအနေနှင့် စပါးဈေး လေးသိန်းရရှိပါက အရှုံးနဲ့ရင်ဆိုင်ရမည် ဖြစ်ကြောင်း၊ လေးသိန်းငါးသောင်းဈေးဆိုပါက အရင်းရရှိမည်ဖြစ်သော်လည်း စပါးအထွက်နှုန်းပေါ်မူတည်လျက်ရှိသည်။

တောင်သူများက စပါးစိုက်ပျိုးရန်အတွက် စိုက်ပျိုးစရိတ်ချေးငွေကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးယူလုပ်ကိုင်ပြီး လယ်လုပ်ငန်းများ အဆင်မပြေသဖြင့် အပြင်က အတိုးကြီးကြီးချေးယူကာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ပြန်လည်ပေးဆပ်ရကြောင်း၊ လယ်သမားများမှာ အကြွေးပတ်လည် ဝိုင်းလျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ဥက္ကံမြို့ လယ်ယာလုပ်ငန်းကို အနှစ် ၂၀ လုပ်ကိုင်နေသော တောင်သူတစ်ဦးက ပြောကြားသည်။



ဓာတ်ပုံ-အောင်နိုင်

လယ်သမားများကို 'ကျေးဇူးရှင် တောင်သူဦးကြီးများ' ဟု အစိုးရအဆက်ဆက်တို့က ခေါ်ဝေါ်ခဲ့ကြသည်။ ထိုသူတို့သည် မြန်မာပြည်၏ ဝမ်းစာရိက္ခာအတွက် လုပ်ဆောင်နေကြသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် မြန်မာပြည် လူဦးရေ၏ ၇၀ ရာခိုင်နှုန်းဝန်းကျင်ရှိသော အင်အားစုကြီးဖြစ်သည်။ မြန်မာပြည် လွတ်လပ်ရေး လှုပ်ရှားမှုခေတ်တစ်လျှောက်နှင့် လွတ်လပ်ပြီးစခေတ်အတွင်း ထိုအင်အားစုကြီး၏ဘဝကို မြန်မာစာရေးဆရာကြီး မောင်ထင်က 'ဘ' ဝတ္ထုဖြင့် ခြယ်မှုန်းခဲ့သည်။

"ကျေးဇူးရှင် တောင်သူဦးကြီးလို့ခေါ်လိုက်တာနဲ့ ကျွန်တော်တို့လယ်သမားမျိုးဆက်တွေ ကြောက်ရွံ့နေကြပါပြီ။ အခေါ်အပြော နားဝင်ချိုလှပေမယ့် တကယ်တော့ 'ဘ' ဝတ္ထုနဲ့ 'ဘ' ရုပ်ရှင်ထဲကလိုပါပဲ တကယ်တမ်းတော့ ခေတ်အဆက်ဆက်မှာ တောင်သူတွေရဲ့ ဘဝက ဒုက္ခပင်လယ်ဝေခဲ့ကြပါတယ်" ဟု ပုသိမ်မြို့မှ အသက် ၇၀ ခန့်ရှိ တောင်သူ ဦးသန်းညွန့်က ခေတ်အဆက်ဆက် တောင်သူလယ်သမားများဘဝကို မှတ်ချက်ပြုသည်။

ခေတ်အဆက်ဆက် အုပ်ချုပ်ခဲ့ကြသော အစိုးရများအနေဖြင့် တောင်သူတို့၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ကြရာတွင် ကောင်းမွန်သောအချက်များရှိသကဲ့သို့ ခါးတောင်းကျိုက်တခြား အဝတခြား ဖြစ်နေသည်များလည်းရှိသည်။ တောင်သူတို့ အမှန်တကယ် လိုအပ်သည့် အကူအညီအထောက်အပံ့များနှင့် ရရှိသည့်အကူအညီ အထောက်အပံ့များကား ရေသာများ ငါးမရ ဖြစ်ခဲ့ကြသည်။

၂၀၁၀ မတိုင်ခင်ကာလက ဘိုရိုကာနှင့် ရွှေမေတ္တာ မြေသြဇာများ မယူမနေရ အတင်းအဓမ္မရောင်းချမှုကြောင့် တောင်သူတို့ လယ်ရှုံး ကြွေးတင် မြေယာမဲ့များဖြစ်ခဲ့ကြရသလို စီမံကိန်းအသီးသီးကြောင့်လည်းကောင်း၊ ရာသီဥတု သီးနှံဖျက်ပိုးတို့ကြောင့်လည်းကောင်း မြေယာများ လက်လွတ်ဆုံးရှုံးခဲ့ကြရကြောင်း ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ တောင်သူများကဆိုသည်။

နောက်ပြဿနာတစ်ခုမှာ လယ်လုပ်သူတို့လယ်လုပ်သော်လည်း စားကျက်မြေဖြစ်နေ၍ ချေးငွေမရသည်ပြဿနာတစ်ခု ဖြစ်သည်။

"စားကျက်မြေနဲ့ပတ်သက်ပြီး တည်ဆဲဥပဒေ ၁၈၇၆ ခုနှစ် အောက်မြန်မာနိုင်ငံ မြေခွန်နဲ့ အခွန်ဥပဒေ အခန်း ၁၁ နည်းဥပဒေ ၆၆ မှ ၇၁ အထိပါနဲ့ အညီ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ထိန်းသိမ်းကြီးကြပ်စီမံခွင့်ရှိတဲ့အတွက် ပုံစံ ၇ ရရှိလိုပါက စားကျက်မြေပယ်ဖျက်ခွင့်ရရှိဖို့ လိုပါတယ်။ ရရှိပါက လုပ်ကိုင်မယ့်မြေနေရာ မှန်ကန်ရေးအတွက် တိုင်းတာမှုတွေလုပ်ပြီး လျှောက်ထားလာရင် အခြားနည်းအသုံးပြုနိုင်တဲ့ မြေများမှအပ စိုက်ပျိုးမြေများအပေါ် ပုံစံ ၇ ထုတ်ပေးပါတယ်" ဟု ဝန်ကြီး ဦးဘဟိန်းက ပြောသည်။

တောရိုင်းမြေများနှင့် မြေရိုင်းများကို လယ်ယာမဲ့ တောင်သူလယ်သမားများကို ခွဲဝေချထားပေးရေးနှင့် ပတ်သက်၍ မြေလွတ် မြေလပ် မြေရိုင်းများ စီမံခန့်ခွဲရေးနည်းဥပဒေ ၃ အရ စိုက်ပျိုးလုပ်ကိုင်လိုသူများအနေဖြင့် ဧက ၅၀ နှင့်အောက် ဆိုပါက တိုင်းဒေသကြီး မြေလွတ် မြေလပ် မြေရိုင်းများစီမံခန့်ခွဲမှုအဖွဲ့သို့ ခွင့်ပြုမိန့်ရယူလျှောက်ထားနိုင်ကြောင်း ၎င်းက ရှင်းပြသည်။

"အချို့သော တောင်သူတွေက စားကျက်မြေတွေပေါ်မှာ လယ်စိုက်နေတာ အနှစ် ၂၀ လောက်ရှိနေပါပြီ။ သူတို့တွေကို ပုံစံ ၇ ထုတ်ပေးသင့်ပါတယ်။ ပုံစံ ၇ ရရှိပါမှ လယ်ယာစိုက်သူအားလုံး စိုက်ဘဏ်ချေးငွေ ရရှိခံစားနိုင်မှာဖြစ်ပါတယ်။ ငပုတောမြို့နယ်အတွင်းမှာ စားကျက်မြေ ၇၉၉၉ ဧက၊ တောရိုင်းမြေ ၁၁၂,၅၈၁ ဧက၊ မြေရိုင်း ၁၀,၅၅၈ ဧကနှင့် စိုက်ပျိုးမြေ ၃၃၀၅ ဧက ရှိနေပါတယ်။ တောရိုင်းမြေတွေ စိုက်ပျိုးနိုင်တဲ့မြေရိုင်းတွေ၊ စားကျက်မြေအဖြစ်ကျန်ရစ်နေတဲ့ မြေအားလုံးကို လယ်ယာမဲ့တွေကို ခွဲဝေပေးနိုင်မှသာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဆင်းရဲမှုလျှော့ချရေးကိုအထောက်အကူပြုနိုင်မှာဖြစ်တယ်" ဟုငပုတောမြို့နယ် မဲဆန္ဒနယ်မြေ ၁ မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးသိမ်းက ဆိုသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ စားကျက်မြေဧက ၃ သိန်းကျော်ရှိရာ မြေဧကပေါင်း ၁၉၂,၂၂၃ ဒသမ ၅၃ ဧကကို စားကျက်မြေအဖြစ်မှ ပယ်ဖျက်လိုက်ကြောင်းကို ပြည်ထဲရေးဝန်ကြီးဌာနမှ ၂၀၁၆ ဇန်နဝါရီလ ၈ ရက်နေ့က ခွင့်ပြုခဲ့ပြီး စားကျက်မြေအဖြစ်မှ ပယ်ဖျက်မည့်မြေများတွင် ကျေးရွာပေါင်း ၉၅၃ ရွာ ပါဝင်နေကြောင်း ပြီးခဲ့သည့်နှစ်ပေါင်း ၃၀ ခန့်မှစ၍ လက်ရှိအချိန်ထိ စိုက်ပျိုးနေသည့် တောင်သူ ၃၄,၀၃၀ ဦးမှာ လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ပုံစံ (၇) ကိုရရှိသွားမည်ဖြစ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်ပေါင်း ၂၆ မြို့နယ်ရှိသည့်အနက် သာပေါင်းမြို့နယ်မှာ စားကျက်မြေအဖြစ်မှ ပယ်ဖျက်ခွင့် လျှောက်ထားမှုမရှိခဲ့ဘဲ ကျန် ၂၅ မြို့နယ်မှ ကျေးရွာများနှင့် စိုက်ပျိုးလုပ်ကိုင်လျက်ရှိသော တောင်သူလယ်သမားများမှ စားကျက်မြေအဖြစ်မှ ပယ်ဖျက်ပေးရန် တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ သိရသည်။

"လယ်ယာမြေလုပ်ကိုင်ခွင့် ပုံစံ ၇ နဲ့ မြေကြီးမြေပုံ ပုံစံ ၁၀၅ ရရှိပြီးပေမယ့် စိုက်ပျိုးစရိတ်ချေးငွေ မရတဲ့ တောင်သူတွေ ရှိနေသေးတယ်" ဟု မအူပင်မြို့ ရှိ မအူပင်မြို့ပြည်သူ့အင်အားကွန်ရက်မှ သတင်းပြန်ကြား တာဝန်ခံဦးမင်းဇော်က The Voice သို့ပြောသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် လွဲမှားခဲ့သော စီမံကိန်းလုပ်ငန်းများ၊ ဌာနဆိုင်ရာဝန်ထမ်းအချို့၏ ကျင့်ဝတ်ချိုးဖောက်မှုများနှင့် ၂၀၁၀ နောက်ပိုင်း တက်လာသည့် အစိုးရ နှစ်ဆက်မှာလည်း ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်လာပြီ ဖြစ်သော်လည်း လက်တွေ့လုပ်ဆောင်မှုမှာ ထိရောက်သောတာဝန်ယူမှု၊ တာဝန်ခံမှု အားနည်းနေဆဲဖြစ်သောကြောင့် တောင်သူတို့ဘဝမှာ ဆင်းရဲတွင်းနက်နေမြဲ မြေယာအငြင်းပွားမှုပြဿနာလည်း အမြစ်တွယ်နေဆဲဖြစ်နေကြောင်း မြန်မာနိုင်ငံ တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ ဧရာဝတီ ဒေသကြီးဥက္ကဋ္ဌ ဦးဆန်းလေးက ထောက်ပြသည်။

"ပြီးခဲ့တဲ့ ၂၀၁၀ အစိုးရတက်လာတော့ ၂၀၁၂ လယ်ယာမြေဥပဒေအရ လယ်မြေတွေ ပြန်ပေးတယ် ဆိုပြီး လုပ်တယ်။ ဒါပေမဲ့ ၃ နှစ်ဆက်တိုက်လုပ်သူသာ လယ်ယာမြေလုပ်ပိုင်ခွင့်ပေးတယ် ဆိုတော့ ဒီမတိုင်ခင် ၃ နှစ်ဟိုတက် ၁၈ နှစ်လောက်က အကြောင်းအမျိုးမျိုးပြပြီး မြေသိမ်းခံရသူတွေက ဘယ်လိုနည်းနဲ့မှ ဆုံးရှုံးသွားတဲ့လယ်မြေတွေကို ပြန်မရနိုင်ဘူး ဖြစ်နေတယ်" ဟု ပုသိမ်မြို့အခြေစိုက် မြစ်ဝကျွန်းပေါ် ကာကွယ်မြှင့်တင်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းရွှေက ဆိုသည်။

၂၀၁၆ ခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရသစ်ဝန်ကြီးချုပ် မန်းဂျော်နီက မြေယာမရရှိသေးသူများ မြေယာရရှိရေး၊ မြေယာရှိသူများ စိုက်ပျိုးစရိတ်ချေးငွေရရှိရေးနှင့် အင်းအိုင်လုပ်ငန်းများ စနစ်ကျရေး နှင့် အခြေခံရေလုပ်သားငယ် လုပ်ကိုင်ခွင့်ရရှိရေးအတွက် ဦးစားပေးဆောင်ရွက်မည်ဟု ထုတ်ဖော်ပြောဆိုခဲ့သော်လည်း အစိုးသစ်သက်တမ်း တစ်နှစ်တာကာလအတွင်း စိုက်ပျိုးစရိတ်ချေးငွေ အချိန်မီရရှိခြင်းသာ ဆောင်ရွက်ပေးနိုင်ပြီး မြေယာပြဿနာများ၊ အင်းအိုင်ပြဿနာများကိုမူ ထူးခြား ထိရောက်စွာ ဖြေရှင်းပေးနိုင်ခြင်းမျိုးမရှိသေးကြောင်း ဝေဖန်မှုများ ရှိနေသည်။

မြေယာကိစ္စ၊ အင်းအိုင်ကိစ္စနှင့်ပတ်သက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားချက်အတိုင်း ဆောင်ရွက်ခြင်းမရှိသည့် သက်ဆိုင်ရာ အကျင့်ပျက်ဝန်ထမ်းများကို ထိရောက်စွာအရေးယူပေးရန်အတွက် ဆန္ဒဖော်ထုတ်ခြင်းများ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးတွင် မကြာခဏ ဖြစ်ပေါ်နေသော် ထိုအကျင့်ပျက်ဝန်ထမ်းများကို တိုင်းအစိုးရက အရေးယူဆောင်ရွက်နိုင်ခြင်းမရှိသေးကြောင်း လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူအဖွဲ့မှ ဦးထွန်းထွန်းဦးက သုံးသပ်ပြောဆိုသည်။

"အစိုးရက မြေယာကိစ္စတွေ အင်းကိစ္စတွေကို တရားမျှတမှုအခြေခံပြီး အစီအမံတွေကို လမ်းညွှန်ပါလျက် ဌာနဆိုင်ရာတွေက လိုက်နာဆောင်ရွက်ခြင်းမရှိဘူး။ ဒီတော့ သွေးထွက်သံယိုမှုတွေ ဖြစ်ကုန်တယ်။ နယ်မြေအတွင်း တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေပါတယ်။ သူတို့ကြောင့် ပြည်သူတွေ စိတ်ချမ်းသာမှု မရှိသလောက်ဖြစ်နေရတယ်။ ဒါကြောင့် အကျင့်ပျက်ဝန်ထမ်းတွေကို ထိထိရောက်ရောက် အရေးယူပေးဖို့ လိုနေပါတယ်" ဟု ၎င်းကဆိုသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း၌ လယ်ယာလုပ်ငန်းထက် လုပ်အားခ ပိုမိုရရှိသည့် စက်ရုံ အလုပ်ရုံများ၊ မြို့ပြများရှိ ဆောက်လုပ်ရေးလုပ်ငန်းများ၊ ပြည်ပရှိလုပ်ငန်းများသို့ ပြောင်းရွှေ့လုပ်ကိုင်သူ များပြားလာသောကြောင့် လယ်ယာလုပ်သားရှားပါးမှု ဖြစ်ပေါ်နေပြီး ဒေသ ကာလ ရာသီဥတုနှင့်ကိုက်ညီသော အရည်အသွေးမြင့် ထွက်နှုန်းကောင်း မျိုးစပါးသီးနှံ ကာကွယ်ဆေး၊ ဓာတ်မြေသြဇာ၊ လယ်ယာသုံး စက်ကိရိယာများ စသည့် သွင်းအားစုများ အလွယ်တကူ ဈေးနှုန်းချိုသာစွာရရှိရေးနှင့် စနစ်ကျသော လယ်ယာမြေ ပြုပြင်ရေးတို့အတွက် အစိုးရအနေနှင့် သက်သာသော နှုန်းထားများဖြင့် ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း တောင်သူများထံမှ သိရသည်။

"အရင်က လယ်သမားမိသားစုတစ်စု ဆိုတာမှာ အရွယ်ရောက်ပြီး ကလေးအရွယ်လောက်ကတည်းက လယ်ယာလုပ်ငန်းမှာ ဝင်လုပ်ကြတာပါ။ ခုတော့ သားသမီး ၅ ယောက်ရှိရင် ၁ ဦးတောင်မှာ လယ်ပြန်လုပ်တာ အနိုင်နိုင်ရယ်ပါ၊ လယ်တစ်ဧကကွက်ကို ကောက်စိုက်သမ ၁၅ ဦးလောက်နဲ့ လုပ်ရတယ်။ လယ်ယာလုပ်သားရှားပါးလာတော့ ကောက်သမရဖို့ တစ်ဦးကို တစ်နေ့ လုပ်အားခ ၅၀၀၀ ကျပ် အနည်းဆုံးပေးရတယ်။ စရိတ်ပိုတက်လာတာပေါ့၊ ကျန်ခဲ့တဲ့နှစ်တွေက ကောက်စိုက်သမတစ်ဦးမှ ၂၀၀၀ကျပ်ပဲရှိတယ်။ စားကျက် ပယ်ဖျက်တယ်ဆိုတော့ ကျွဲ၊ နွားတွေ အတွက်

**စာမျက်နှာ 28 သို့**



ဓာတ်ပုံ - The Voice

# မိုးတိမ်တောင်ကြောင့် လေပြင်းအန္တရာယ်ရှိ

**ရန်ကုန်၊ မတ် ၁**

မြန်မာနိုင်ငံတစ်ဝန်း နွေကာလဖြစ်သည့် မတ်လမှ ဧပြီလအတွင်း နေ့အပူချိန်များမြင့်တက်ပြီး မွန်းလွဲနှင့် ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်လာနိုင်ရာ လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးကြိုးပစ်ခြင်း စသည့်အန္တရာယ်များရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်မိုးဦးက ပြောကြားသည်။

"များသောအားဖြင့် ဒီမိုးတိမ်တောင်တွေက မြောက်ပိုင်းဒေသတွေမှာ အဖြစ်များတာ။ အခုတော့ တဖြည်းဖြည်း အလယ်ပိုင်းဒေသအထိဆင်းလာတဲ့အတွက် သတိထားဖို့လိုတယ်။ အောက်ပိုင်းဒေသတွေမှာလည်း မဖြစ်ဘူးလို့ မပြောနိုင်ဘူး" ဟု ၎င်းကဆိုသည်။

နွေကာလဖြစ်သည့် မတ်လအတွင်း၌လည်း မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင်လည်း နေ့အပူချိန်များမြင့်တက်လာနိုင်ကြောင်း ၎င်းက ဆက်လက်ပြောဆိုသည်။

အားကောင်းသည့် မိုးတိမ်တောင်များ ရွေ့လျားရာလမ်းတစ်လျှောက်တွင် လေပြင်းများတိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးသီးကြွေကျခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်းတို့ ဖြစ်နိုင်ကြောင်း၊ လေပြင်းများတိုက်ခတ်နှုန်းမှာ တစ်နာရီ မိုင် ၄၀ အထိရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။

"လေထုမငြိမ်သက်မှု အလွန်များတဲ့ အားကောင်းတဲ့မိုးတိမ်တောင်ကြီးကနေ မိုးသီးတွေကြွေကျတတ်တယ်" ဟု အဆိုပါဌာန ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦးက ရှင်းပြသည်။

ပြီးခဲ့သည့် ၂၀၁၆ ခုနှစ် ဧပြီလအတွင်း မိုးတိမ်တောင်များကြောင့် ရန်ကုန်အပါအဝင်ဒေသအချို့တွင် လေပြင်းများတိုက်ခတ်ခြင်း၊ မိုးသီးကြွေကျခြင်းနှင့် နေရာကွက်၍ မိုးကြီးခဲ့ခြင်းတို့ကြောင့် သစ်ပင်ကြီးများနှင့် ဓာတ်တိုင်များပြိုလဲကာ လူသေဆုံးမှုများလည်းရှိခဲ့သည်။

■ E-03

# တိရစ္ဆာန်ဆေးရုံမှ ဆရာဝန်နှင့်သူနာပြုများ ထိုင်းသို့ သင်တန်းစေလွှတ်မည်

**ရန်ကုန်၊ မတ် ၁**

ရန်ကုန်မြို့တွင် ဖွင့်လှစ်ရန်စီစဉ်ထားသော နိုင်ငံတကာအဆင့်မီ တိရစ္ဆာန်ဆေးရုံအတွက် ဆေးကုသရေးဆိုင်ရာ ဆရာဝန်နှင့် သူနာပြုများကို ထိုင်းနိုင်ငံသို့ မတ်လအတွင်း တစ်လကြာသင်တန်း စေလွှတ်မည်ဖြစ်ကြောင်း မြို့တော်စည်ပင်သာယာရေးကော်မတီ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ဌာနထံမှ သိရသည်။

ထိုသို့ စေလွှတ်မှုကို (ယခင်)မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်၏ဇနီးဖြစ်သူ မစ္စမစ်ချယ်၏အစီအစဉ်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး တိရစ္ဆာန်ဆေးကုဆရာဝန်သုံးဦး၊ သူနာပြုဆရာမ သုံးဦးနှင့် အုပ်ချုပ်ကြီးကြပ်သူတစ်ဦးတို့ကို သင်တန်းတက်ရောက်ရန် ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း၊ မတ်လ ၁ ရက်တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ခွင့်ပြုချက် ရရှိပြီဖြစ်ကြောင်း တိရစ္ဆာန်ဆေးကုနှင့်သားသတ်ဌာနတာဝန်ရှိသူက ပြောကြားသည်။

"မျိုးပွားမှုထိန်းချုပ်ရေးနဲ့ ပတ်သက်တဲ့အချက်အလက် အဓိကဦးစားပေးမယ်။ တိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်မှု နည်းပညာနဲ့ ခွဲစိတ်ကုသမှုအပိုင်းတွေကို နိုင်ငံခြားပညာရှင်တွေ လက်တွေ့လာသင်ပေးကြမယ်။ ကိုယ့်နိုင်ငံရဲ့ ပထမဆုံး တိရစ္ဆာန်ဆေးရုံဖြစ်လာမယ့်နေရာမှာ ကျွမ်းကျင်ဆရာဝန်ရှိတော့ ပိုကောင်းလာမှာပေါ့" ဟု ၎င်းက ဆို သည်။

အဆိုပါဆေးရုံမှာ စတုရန်းပေ ၁၅၀ ခန့်ကျယ်ဝန်းပြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ရန်ကုန်မြို့တော် စည်ပင်ပိုင် အဆောက်အအုံတစ်ခုကို တိရစ္ဆာန်ဆေးရုံအဖြစ် အသစ်ပြင်ဆင်တည်ဆောက်မည်ဖြစ်ပြီး ကုန်ကျစရိတ်များမှာ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ဇနီးဖြစ်သူ မစ္စမစ်ချယ်၏ လှူဒါန်းမှုဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး ခွေးကောင်ရေ ၁၂၀ ခန့်ကို တစ်ပြိုင်တည်း ဆေးဝါးကုသမှုပေးနိုင်မည့် တိရစ္ဆာန်ဆေးရုံဖြစ်သည်ဟု အဆိုပါဌာနမှ သိရသည်။

"တိရစ္ဆာန်ဆေးရုံဖွင့်ပေးရင် လေလွင့်ခွေးတွေကို နည်းမှန်လမ်းမှန်နဲ့ မျိုးပွားနှုန်းအစ သေသေချာချာထိန်းချုပ်နိုင်မယ် မျှော်လင့်တယ်။ တစ်ခုပဲ အစိုးရဘက်ကလည်း တိုင်းအဆင့် ခရိုင်အဆင့်မှာ တိရစ္ဆာန်ကုသရေးဆေးရုံတွေကို သီးခြားဘတ်ဂျက်သတ်မှတ်ပြီး လုပ်ကိုင်ပေးစေချင်တယ်" ဟု ရွှေရောင်နှလုံးသား တိရစ္ဆာန်ကယ်ဆယ်ရေးအဖွဲ့မှ ဆရာဝန်တစ်ဦးဆိုသည်။

ရန်ကုန်မြို့တော်စည်ပင်က လေလွင့်ခွေး မျိုးပွားမှု ထိန်းချုပ်ခြင်းလုပ်ငန်းကို လသာမြို့နယ်တွင် ခွေးရူးရောဂါကာကွယ်ဆေးထိုးခြင်း ခွေးထီးများ သင်းကွပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် လေလွင့်ခွေးကောင်ရေ တစ်သိန်းခုနစ်သောင်းခန့် ရှိနိုင်ကြောင်း တိရစ္ဆာန်ဆေးကုနှင့် သားသတ်ဌာနထံမှ သိရသည်။

"ခွေးမျိုးပွားမှုထိန်းချုပ်ရေး၊ ခွေးရူးရောဂါကာကွယ်ရေးနဲ့ နိုင်ငံခြားပညာသင်စရိတ်ရယ်၊ ဆေးဝါးမျိုးစုံအတွက်ပါ ရန်ကုန်တစ်မြို့လုံးအတွက် လိုအပ်သလောက် ကူညီထောက်ပံ့ပေးမယ်လို့ ပြောကြားပါတယ်" ဟု မြို့တော်ဝန် ဒေါက်တာမောင်မောင်စိုးနှင့် မတ်လ ၁ ရက်က တွေ့ဆုံဆွေးနွေးပွဲတွင် သံအမတ်၏ဇနီးဖြစ်သူ မစ္စမစ်ချယ်က ပြောဆိုခဲ့ကြောင်း တိရစ္ဆာန်ဆေးကုနှင့်သားသတ်ဌာန တာဝန်ရှိသူက ပြောကြားသည်။

■ J - 17

# မြိတ်ကျွန်းစုတွင် ရေလွှာစီးဆိုင်ကယ် စီးနင်းခြင်းဖြင့် ခရီးသွားလုပ်ငန်းမြှင့်တင်

**ရန်ကုန်၊ မတ် ၁**

တနင်္သာရီတိုင်း မြိတ်ကျွန်းစုဒေသတွင် ရေလွှာစီးဆိုင်ကယ်များ စီးနင်းခြင်းလုပ်ငန်းဖြင့် ခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်မှု လုပ်ထားကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန (ကော့သောင်းဌာနခွဲ) လက်ထောက်ညွှန်ကြားရေးမှူး ဦးလွှမ်းမိုးက ပြောကြားသည်။

"လက်ရှိမှာက မြိတ်ကျွန်းစုကို ပရိမိုးရှင်းတွေ လုပ်နေတဲ့သဘောပါ။ Water Scooter စီးတာကို သရုပ်ပြပြီး မြှင့်တင်တာပါ။ အဲ့လုပ်ငန်းကို ဆောင်ရွက်ဖို့ကတော့ သက်ဆိုင်ရာဌာနတွေရဲ့ ခွင့်ပြုချက်တွေတော့ လိုဦးမယ်" ဟု ၎င်းက ဆိုသည်။

မြိတ်ကျွန်းစုဒေသ ခရီးသွားလုပ်ငန်းဈေးကွက်ကို မြှင့်တင်ရန် တနင်္သာရီတိုင်း၊ ကော့သောင်းခရိုင် အက်ဒမန်ပင်လယ်ပြင်အတွင်းရှိ ကျွန်းပတ်ဝန်းကျင်များကို Grand Andaman ခရီးသွားလုပ်ငန်း၏ အစီအစဉ်ဖြင့် မြန်မာ (ကော့သောင်း)-ထိုင်း (ရနောင်း) နှစ်နိုင်ငံ နယ်စပ်ခရီးသွားလုပ်ငန်းမြှင့်တင်မှု Jetski (Water Scooter) ၂၂ စင်းဖြင့် စီးနင်းသရုပ်ပြမှု ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနထံမှ သိရသည်။

"ရေလွှာဆိုင်ကယ်စီးတဲ့ လုပ်ငန်းကို ကုမ္ပဏီအနေနဲ့ ဆောင်ရွက်ဖို့ ရှိတယ်လို့တော့ သိရတယ်။ လက်ရှိမှာတော့ အသေးစိတ်အစီအစဉ်ကို မသိရသေးဘူး။ ဒီလုပ်ငန်းနဲ့ ခရီးသွားလာမှုမြှင့်တင်တဲ့ သဘောပါ" ဟု Grand Andamanမှ ဈေးကွက်မြှင့်တင်ရေးဌာနမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

မြိတ်ကျွန်းစုဒေသများသို့ ကမ္ဘာလှည့်ခရီးသည်များအနေနှင့် ကျွန်းအလှအပများကို စက်တပ်ရွက်လှေများ စီးနင်းခြင်းဖြင့် နေ့ချင်းပြန်ခရီးစဉ်များသာ သွားလာမှုများပြားနေကြောင်းနှင့် ရေအောက်သယံဇာတအလှများကို ကြည့်ရှုသူများလည်းရှိနေကြောင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန (ကော့သောင်းဌာနခွဲ) ထံမှ သိရသည်။

"လက်ရှိမှာက မြိတ်ကျွန်းစုကို ခရီးသွားလုပ်ငန်းတွေ မြှင့်တင်နေတာဆိုတော့ လုပ်ကိုင်လို့ရတဲ့လုပ်ငန်းတွေကို ခွင့်ပြုပေးထားပါတယ်" ဟု ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးမြင့်ထွေးကဆိုသည်။

ကမ္ဘာလှည့် ခရီးသွားများသည် ထိုင်းနိုင်ငံသားပိုင် စက်တပ်ရွက်လှေအများစုဖြင့် မြိတ်ကျွန်းစုဒေသများသို့ လာရောက်လည်ပတ်မှု ပိုမိုများပြားပြီး ကော့သောင်းခရိုင်ရှိ ခရင်းခွကျွန်း၊ သရဲကျွန်း၊ ကြက်မောက်ကျွန်း၊ လန်ပိကျွန်း၊ လိုဏ်ဂူကျွန်း၊ ဒုံးရေတံခွန်၊ ဗိုလ်ချိုကျွန်း စသည့်ခရီးစဉ်များကိုလည်ပတ်မှု ပိုမိုများပြားကြောင်း ခရီးသွားလုပ်ငန်းရှင်များထံမှ သိရသည်။

■ J-14

## မြစ်ရေသတိပေးချက်

ဧရာဝတီမြစ်အထက်ပိုင်းတွင် မြင့်တက်ခဲ့သည့် မြစ်ရေများသည် နောက်တစ်ရက်မှ လေးရက်အတွင်း ပခုက္ကူမြို့ ညောင်ဦးမြို့ ချောက်မြို့ မင်းဘူးမြို့နှင့် မကွေးမြို့တို့တွင် တစ်ပေခွဲမှ သုံးပေခန့်၊ နောက်နှစ်ရက်မှ ခြောက်ရက်အတွင်း အောင်လံမြို့ ပြည်မြို့ ဆိပ်သာမြို့ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင်နှစ်ပေမှ သုံးပေခန့်အထိ လက်ရှိ ရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ယင်းသို့မြစ်ရေမြင့်တက်လာနိုင်သည့်အတွက် မြစ်ကြောင်းအတွင်း သွားလာနေသည့် ရေယာဉ်၊ လှေ၊ သင်္ဘောများအနေနှင့် ဂရုပြုသင့်ပြီး မြစ်ရေနည်းစဉ် သဲသောင်ခုံများတွင် စိုက်ပျိုးနေထိုင်ကြသူများအနေနှင့်လည်း မြစ်ရေတိုးလာနိုင်မှုကို ဂရုပြုနေထိုင်သင့်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။ ■

ကျေးဇူးရှင်

(ဦးထိုက်ဝန်)

# ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုမည့်ဒေသများ သတ်မှတ်

**ရန်ကုန်၊ မတ် ၁**

မြန်မာနိုင်ငံတစ်ဝန်း၌ ရင်းနှီးမြှုပ်နှံမည့် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုမည့်ဒေသများကိုသတ်မှတ်လိုက်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ကြေညာသည်။

ဝင်ငွေခွန်ကင်းလွတ်ခွင့်ပေးသည့်နေရာများတွင် အထူးစီးပွားရေးဇုန်များရှိရာဒေသများလည်း ပါဝင်ခဲ့ပြီး ကျောက်ဖြူအထူးစီးပွားရေးဇုန်တွင် ဝင်ရောက်ရင်းနှီးမြှုပ်နှံပါက ဝင်ငွေခွန်ကင်းလွတ်ခွင့် ခုနစ်နှစ်အထိ ရရှိမည်ဖြစ်ကြောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံပါက ဝင်ငွေခွန်ကင်းလွတ်ခွင့် ငါးနှစ်အထိ ရရှိမည်ဖြစ်ကြောင်း ယင်းထုတ်ပြန်ချက်အရ သိရသည်။

ဝင်ငွေခွန်ကင်းလွတ်ခွင့် ခုနစ်နှစ်ရရှိမည့် ဒေသများတွင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၃ ခုပါရှိပြီး ဝင်ငွေခွန်ကင်းလွတ်ခွင့် ငါးနှစ်ရရှိမည့် ဒေသများတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုးခု ပါရှိကြောင်း၊ ဝင်ငွေခွန်ကင်းလွတ်ခွင့်များ ရရှိသည့်ဒေသများတွင် နယ်စပ်ကုန်သွယ်ရေးဇုန်များရှိသည့် မူဆယ်၊ မဲ့ဆဲ့၊ မောင်တော၊ မြိတ်၊ ကော့သောင်း စသည့်မြို့များလည်း ပါဝင်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနထံမှ သိရသည်။

ရင်းနှီးမြှုပ်နှံမှုဥပဒေတွင် ဖွံ့ဖြိုးမှုနည်းသည့်ဒေသများကို ဇုန် (၁) အဖြစ်၊ ဖွံ့ဖြိုးမှုအသင့်အတင့်ရှိသော ဒေသများကို ဇုန် (၂)နှင့် ဖွံ့ဖြိုးမှုရှိသည့်ဒေသများကို ဇုန် (၃) အဖြစ် သတ်မှတ်ထားကြောင်း၊ ဇုန် (၁) တွင် ဝင်ရောက်ရင်းနှီးမြှုပ်နှံသူမှာ ဝင်ငွေခွန်ကင်းလွတ်ခွင့် ခုနစ်နှစ်၊ ဇုန်(၂) တွင် ရင်းနှီးမြှုပ်နှံပါက ကင်းလွတ်ခွင့် ငါးနှစ်နှင့် ဇုန်(၃) တွင် ဝင်ရောက်ပါက ကင်းလွတ်ခွင့် သုံးနှစ်ဟု သတ်မှတ်ထားရာ ယင်းဇုန်များတွင်ပါသည့် မြို့များကို ယခုကဲ့သို့ ထုတ်ပြန်လိုက်ခြင်းဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနထံမှ သိရသည်။

"ဇုန်တွေအလိုက် အခွန်တွေ အတိုးအလျှော့လုပ်တာ ပိုကောင်းပါတယ်။ အရင်က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဘယ်လုပ်ငန်းမဆို ဝင်ငွေခွန် ငါးနှစ်ကင်းလွတ်ခွင့်ပေးလိုက်တယ်။ ပြည်တွင်းလုပ်ငန်းရှင်ကျတော့ အဲဒီအခွင့်အရေးမရဘူး။ အခုက ပြည်တွင်းရော ပြည်ပရောဆိုတော့ အဆင်ပြေတယ်" ဟု ကျောက်မျက်လုပ်ငန်းရှင် ဦးသောင်းထွန်းက ပြောကြားသည်။ ■J-13

## NEWS IN BRIEF

### စင်ကာပူ အိမ်၊ ခြံ၊ မြေအရောင်းပြပွဲ ကျပ် ရှစ်ဘီလီယံကျော်ဖိုး ရောင်းရ

**ရန်ကုန်၊ မတ် ၁**

စင်ကာပူနိုင်ငံ Peninsula Excelsior Hotel တွင် ဖေဖော်ဝါရီလ ၂၅ ရက်နေ့မှ ၂၆ ရက်နေ့အထိ iMyanmarHouse.com က ကျင်းပသည့် အိမ်၊ ခြံ၊ မြေအရောင်းပြပွဲတွင် ကျပ် ရှစ်ဘီလီယံကျော်ဖိုး ရောင်းချရကြောင်း ယင်းဝက်ဘ်ဆိုက်ထံမှ သိရသည်။

ယင်းပြပွဲကို စင်ကာပူနိုင်ငံသို့ရောက်ရှိ၍ အလုပ်လုပ်ကိုင်နေသည့် မြန်မာနိုင်ငံသားများ အလွယ်တကူဝယ်ယူနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ပြည်တွင်းဆောက်လုပ်ရေးကုမ္ပဏီ ၁၀ ခုကျော်က တိုက်ခန်း၊ ကွန်ဒိုနှင့် မြေကွက်များကို အရစ်ကျစနစ်ဖြင့် ရောင်းချခဲ့ခြင်းဖြစ်ကြောင်း ယင်းဝက်ဘ်ဆိုက်ထံမှ သိရသည်။ ■ J-11

### နိုင်ငံတကာကုန်စည်ပြပွဲများတွင် ပြည်တွင်းလုပ်ငန်းရှင်များ ပါဝင်ပြသရန်ဖိတ်ခေါ်

**ရန်ကုန်၊ မတ် ၁**

အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့တွင် ဧပြီလ ၂၀ ရက်နေ့မှ ၂၂ ရက်နေ့အထိပြုလုပ်မည့် 3rd Edition of INDIA STEEL EXPO နှင့် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ရှိ World Trade Center တွင် မေလ ၁၉ ရက်နေ့မှ ၂၁ ရက်နေ့အထိပြုလုပ်မည့် The International Food Exhibition ပြပွဲများတွင် ပြည်တွင်းလုပ်ငန်းရှင်များ ပါဝင်ပြသရန် ဖိတ်ခေါ်ထားကြောင်း ကုန်သည်စက်မှုအသင်းချုပ်ထံမှ သိရသည်။

စိတ်ပါဝင်စားသည့် စီးပွားရေးလုပ်ငန်းရှင်များသည် ကုန်သည်စက်မှုအသင်းချုပ် ပြပွဲဌာနစိတ်သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း ယင်းအသင်းချုပ်ထံမှ သိရသည်။ ■ J-11

### SolarHome ၏ အိမ်သုံးဆိုလာစနစ် တပ်ဆင်

**ရန်ကုန်၊ မတ် ၁**

ဆိုလာစွမ်းအင် ကုမ္ပဏီသစ်တစ်ခုဖြစ်သော SolarHome ၏ အိမ်သုံးဆိုလာစနစ်ကို ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လျှပ်စစ်မီးမရရှိသေးသော ဒေသတွင် ပထမဆုံးအကြိမ် တပ်ဆင်နိုင်ခဲ့ကြောင်း အဆိုပါကုမ္ပဏီထံမှ သိရသည်။

ယင်းအပြင် သုံးစွဲသူများအတွက် မိမိသုံးစွဲသည့် ပမာဏအလျောက် ငွေပေးချေရမည့် ငွေပေးချေမှုပုံစံအသစ်ဖြင့် ဝန်ဆောင်မှုပေးထားကြောင်း အဆိုပါကုမ္ပဏီထံမှ သိရသည်။ ■ J-01



ဓာတ်ပုံ - The Voice

# ရက်ပိုင်းအတွင်း FMI ရှယ်ယာဈေး ဆက်တိုက်တက်

**ရန်ကုန်၊ မတ် ၁**

အကျဈေးဖြင့်ငြိမ်သက်နေခဲ့သော FMI ကုမ္ပဏီရှယ်ယာဈေးနှုန်းများသည် ယခုရက်ပိုင်းအတွင်း ဆက်တိုက်ပြန်လည်မြင့်တက်ကြောင်း ရန်ကုန်စတော့အိတ်ချိန်းထံမှ သိရသည်။

ဖေဖော်ဝါရီလ နောက်ဆုံးပတ်ကထက် FMI ရှယ်ယာတစ်စုလျှင် ကျပ်လေးထောင်ခန့်အထိ ဈေးနှုန်းများမြင့်တက်လာခြင်းဖြစ်ပြီး ရှယ်ယာရောင်းချသူပြန်လည်များပြားလာပါက ဈေးနှုန်းပြန်လည်ကျဆင်းနိုင်ကြောင်း ယင်းဈေးကွက်ကျွမ်းကျင်သူများက ဆိုသည်။

"FMI က နည်းနည်း ပြန်အဝယ်လိုက်လာတဲ့အတွက် ဈေးကွက်သဘောအတိုင်း ဝယ်လိုအားများတော့ ဈေးကလိုက်တက်လာတာပါ" ဟု စတော့ရှယ်ယာဈေးကွက် ဝင်ရောက်ကစားနေသူ ဦးမင်းမင်းမောင်က ပြောဆိုသည်။

FMI ရှယ်ယာဈေးနှုန်း ပြန်တက်လျက်ရှိသော်လည်း ယင်းကုမ္ပဏီ၏ ရှယ်ယာဝယ်ယူထားသူ အများစုမှာ ယခုဈေးနှုန်းထက်ပိုများသော အတက်ဈေးဖြင့် ဝယ်ယူထားကြသည့်အတွက် အရှုံးပြလျက်ရှိကြောင်း ၎င်းကဆိုသည်။

မတ်လ ၁ ရက်နေ့တွင် FMI ကုမ္ပဏီ၏ အဖွင့်ရှယ်ယာဈေးနှုန်းမှာ ကျပ် ၁၉၀၀၀ ဖြစ်ပြီး ကျပ်နှစ်ထောင်ဈေးတက်ကာ ကျပ် ၂၁၀၀၀ ဖြင့် ဈေးပိတ်ခဲ့ကြောင်း၊ ရှယ်ယာအရောင်းအဝယ်ပမာဏမှာလည်း ရှယ်ယာ ငါးထောင်ကျော်အထိ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ရန်ကုန်စတော့အိတ်ချိန်းထံမှ သိရသည်။

လတ်တလော ရန်ကုန်စတော့အိတ်ချိန်းဝင် ကျန်ကုမ္ပဏီသုံးခု၏ ရှယ်ယာဈေးနှုန်းများမှာ မြန်မာသီလဝါ အထူးစီးပွားရေးဇုန် အများပိုင်ကုမ္ပဏီ (MTSH) က ၄၅၀၀ ကျပ်၊ မြန်မာနိုင်ငံသားများဘဏ် (MCB) က ၈၉၀၀ ကျပ်နှင့် ပထမပုဂ္ဂလိကဘဏ် (FPB)က ၃၁,၀၀၀ ကျပ်ဈေးဖြင့် အရောင်းအဝယ်ဖြစ်ပေါ်လျက်ရှိကြောင်း ရန်ကုန်စတော့အိတ်ချိန်းထံမှ သိရသည်။ ■ J-01

# မကွေးတိုင်းရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ဂျပန် ငွေချေးမည်

**ရန်ကုန်၊ မတ် ၁**

မကွေးတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အလတ်စားလုပ်ငန်းများ (SMEs) ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဂျပန်အစိုးရက ချေးငွေများ ထုတ်ချေးမှာဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထံမှ သိရသည်။

အဆိုပါချေးငွေပမာဏကို မကွေးတိုင်းဒေသကြီးအစိုးရဘက်က ပြန်လည်တင်ပြရမည်ဖြစ်ပြီး တင်ပြသည့်ပမာဏအလိုက် ချေးငွေထုတ်ချေးမည်ဖြစ်ကြောင်း ယင်းဝန်ကြီးဌာနထံမှ သိရသည်။

"ဂျပန်ဘက်က ချေးငွေက အတိုးနှုန်းလည်း သက်သာတယ်။ ချေးပေးမယ်ဆိုတာကိုလည်း သူတို့က သဘောတူပေးလိုက်တယ်" ဟု စီးပွား/ကူးသန်းမှ အကြီးတန်းအရာရှိတစ်ဦးက ပြောဆိုသည်။

ထိုသဘောတူညီချက်ကို စီးပွား/ကူးသန်း ပြည်ထောင်စုဝန်ကြီးနှင့် မကွေးတိုင်းဝန်ကြီးချုပ်အဖွဲ့တို့ ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှ ၁၉ ရက်နေ့အထိ သွားရောက်ခဲ့သည့် ဂျပန်ခရီးစဉ်တွင် ဂျပန်အစိုးရနှင့် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

လက်ရှိ၌ ဂျပန်အစိုးရက ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီမှတစ်ဆင့် မြန်မာနိုင်ငံကို ချေးငွေများချေးပေးခြင်း၊ ထောက်ပံ့ငွေများ ပေးအပ်ခြင်းနှင့် နည်းပညာအကူအညီများ ပေးအပ်လျက်ရှိသည်။ ■S-04

## မတ်လ ၁ ရက်နေ့ စတော့အိတ်ချိန်း ဈေးကွက်အခြေအနေ

| Name | Opening Price | 11(AM) Price | 1(PM) Price | Change | Trading Shares | Trading Value (MMK) |
|---|---|---|---|---|---|---|
| FMI | 19000 | 21500 | 21000 | +2000 | 5689 | 120,899,500 |
| MTSH | 4300 | 4400 | 4500 | +200 | 15995 | 71,142,500 |
| MCB | 8800 | 8800 | 8900 | +100 | 543 | 4,822,400 |
| FPB | 30500 | 30500 | 31000 | +500 | 1831 | 56,193,500 |

**နိုင်ငံခြားငွေလဲလှယ်နှုန်း** Source: KBZ Bank

| 1.3.2017 | USD | EURO | SGD |
|---|---|---|---|
| ဝယ်ဈေး (ကျပ်) | ၁၃၅၅ | ၁၄၂၅ | ၉၆၀ |
| ရောင်းဈေး (ကျပ်) | ၁၃၅၉ | ၁၄၄၀ | ၉၆၅ |

Source: ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်များအသင်း

| 1.3.2017 | ရွှေဈေး | |
|---|---|---|
| ပြည်တွင်းရွှေ (ကျပ်) | ၈၉၉,၀၀၀ (ဖွင့်) | ၉၈၈,၅၀၀ (ပိတ်) |
| ကမ္ဘာ့ရွှေ (ဒေါ်လာ) | ၁၂၄၃ (ဖွင့်) | ၁၂၄၄ (ပိတ်) |

The VOICE Daily
Thursday, March 2, 2017

# MANDALAY VOICE



ဓာတ်ပုံ-မြတ်မင်း

သက်တော် (၈၀) ပြည့်မွေးနေ့အထိမ်းအမှတ် သွန်းလုပ်ခဲ့သည့် ကြေးသွန်းခေါင်းလောင်း တပ်ဆင်နေသည်ကို ကြည့်ရှုနေသော သီတဂူဆရာတော်ကြီးကို တွေ့ရစဉ်

# သီတဂူဆရာတော်မွေးနေ့ စတုဒိသာကျွေးမည်

**မန္တလေး၊ မတ် ၁**

သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ အဓိပတိဆရာတော် ဒေါက်တာအရှင်ဉာဏိ သရ၏ သက်တော် ၈၀ ပြည့် မွေးနေ့တွင် ဖက်ထုပ် အခုရေ ၁၅,၀၀၀ ကျော်ကို စတုဒိသာကျွေးမွေးမည်ဖြစ်ကြောင်း ဖြူစင်လူငယ်ပရဟိတအသင်းထံမှ သိရသည်။

မြန်မာသက္ကရာဇ် ၁၃၇၈ ခုနှစ် တပေါင်းလပြည့်နေ့ (မတ်လ ၁၂ ရက်) တွင် သီတဂူဆရာတော်ကြီးသည် သက်တော် ၈၀ ပြည့်မည်ဖြစ်ကြောင်း၊ ဆရာတော်ကြီးသည် ဗုဒ္ဓဘာသာတစ်ခုတည်းအတွက် အကျိုးဆောင်သည် သာမက ပရဟိတ လုပ်ငန်းများကို လုပ်ဆောင်ခဲ့သည့် သံဃာတော်ဖြစ်ကြောင်း ကုသိုလ်ပြုလှူဒါန်းမည့် ဖြူစင်လူငယ် ပရဟိတအသင်းဥက္ကဋ္ဌ ဦးအောင်သူရကျော်က ပြောကြားသည်။

ယခုလှူဒါန်းမှုသည် စတုတ္ထ အကြိမ်မြောက်ဖြစ်ပြီး ကျပ်ဆယ်သိန်း ခန့်ကုန်ကျမည်ဖြစ်ကြောင်း ဖြူစင်လူငယ် ပရဟိတအသင်းဝင်များထံမှ သိရသည်။

သီတဂူဆရာတော်ကြီးအနေနှင့် သက်တော် ၈၀ ပြည့်မွေးနေ့မှစ၍ နယ်ဝေးတရားပွဲများကို လျှော့ချသွားမည် ဖြစ်သော်လည်း နိုင်ငံတော်အစိုးရနှင့် သက်ဆိုင်သည့် အရေးကြီးကိစ္စရပ်များ၊ ဆရာတော်ကြီးအနေနှင့် ရှိသေလေးစားရမည့် သံဃာ့ကိစ္စရပ်များ၊ သက်တော်ဝါတော်ကြီးသည့် ဆရာတော်ကြီးများက တာဝန်ပေးအပ်သည့် ကိစ္စရပ်များတွင်မူ တရားရေအေး တိုက်ကျွေးပေးမည်ဟု သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ဒုတိယ ပါမောက္ခချုပ်ဆရာတော် ဦးကုမာရက မိန့်ကြားထားသည်။

မွေးနေ့နောက်ပိုင်းမှစ၍ ဆရာတော်ကြီးသည် စစ်ကိုင်းမြို့နယ်အတွင်း တည်ဆောက်နေသည့် သီတဂူအပြည်ပြည်ဆိုင်ရာ ဝိပဿနာတက္ကသိုလ်၌ တရားဟောခြင်း၊ တရားပြခြင်းများ ပြုလုပ်ပေးသွားမည်ဖြစ်သည်။ ■

M-05

# ICT ပြပွဲတွင် အလုပ်အကိုင်ပြပွဲပါ ထည့်သွင်းရန်စီစဉ်

**မန္တလေး၊ မတ် ၁**

မန္တလေးတိုင်း ကွန်ပျူတာပညာရှင်များအသင်းနှင့် ကွန်ပျူတာလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းကျင်းပမည့် ICT Expo 2017 (Mandalay) ပြပွဲတွင် နည်းပညာဆိုင်ရာ အလုပ်အကိုင် အခွင့်အလမ်းပြပွဲပါ ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း မန္တလေးတိုင်း ကွန်ပျူတာပညာရှင်များအသင်း အတွင်းရေးမှူး ဦးနေဝင်းအောင်က ပြောကြားသည်။

မြန်မာ့သတင်းအချက်အလက် နည်းပညာတက္ကသိုလ် (MIIT) တွင် မတ်လ ၁၇ ရက်နေ့မှ ၁၉ ရက်နေ့ထိ ကျင်းပမည်ဖြစ်သည်။

"ဒီပွဲက ရည်ရွယ်ချက်နှစ်ခုနဲ့ ကျင်းပတာ။ မန္တလေးမြို့နဲ့ အထက်မြန်မာပြည်မှာ ရှိတဲ့ ကျောင်းသူကျောင်းသားတွေနဲ့ နည်းပညာ လေ့လာလိုက်စားသူတွေ ICT နည်းပညာအကြောင်း သိရှိလာစေဖို့နဲ့ ICT လုပ်ငန်းရှင်တွေ၊ ပညာရှင်တွေရဲ့ ထုတ်ကုန်နဲ့ ဝန်ဆောင်မှုတွေကို လူထုအကြား ပို့ဆောင်ပေးနိုင်ဖို့ရည်ရွယ်တာ။ ထူးခြားမှုတစ်ခုအနေနဲ့ ICT job fair ပါဝင်လာမယ်" ဟု ၎င်းက ပြောဆိုသည်။

မန္တလေးတိုင်း ကွန်ပျူတာအသင်းကို ၁၉၉၈ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး၊ ICT Exhibition များကို ၂၀၁၃ ခုနှစ်ကစ၍ နှစ်စဉ်ကျင်းပခဲ့ရာ ယခုပွဲသည် ၁၃ ကြိမ်မြောက် ICT Exhibition ပွဲဖြစ်ကြောင်း ပွဲစီစဉ်သူများထံမှ သိရသည်။

အဆိုပါပြပွဲတွင် နောက်ဆုံးပေါ် ICT ပစ္စည်းများကို တစ်နေရာတည်းတွင် ဝယ်ယူရရှိနိုင်မည်ဖြစ်ပြီး ICT ဆိုင်ရာ အသိပညာများစွာ ရမည်ဖြစ်ကာ လူငယ်များ အနေနှင့်လည်း နည်းပညာဆိုင်ရာကုမ္ပဏီများတွင် အလုပ်အကိုင်ရရှိသွားနိုင်ကြောင်း မန္တလေးမြို့မှ IT နည်းပညာ လေ့လာလိုက်စားသူ ဦးဟိန်းသူက ပြောကြားသည်။

၎င်း ICT Expo 2017 (Mandalay) ပြပွဲကို မတ်လ ၁၇ ရက်မှ ၁၉ ရက်နေ့အထိ မြန်မာ့သတင်း အချက်အလက် နည်းပညာတက္ကသိုလ် (MIIT) တွင် နံနက် ၉ နာရီမှ ညနေ ၆ နာရီထိ ကျင်းပမည်ဖြစ်ပြီး Technical Seminar၊ Student Projects Show၊ Computer Net Game Competition၊ Hardware & Mobile show၊ Software Solution Show၊ Networking – Infa Solution Show နှင့် IT Job Fair စသည့် အစီအစဉ်များပါဝင်မည်ဖြစ်သည်။ ■

M-03

# လုယက်မှု၊ ခိုးမှုများဖြင့် လူ ၂၀၀ ခန့်ကို ဖမ်းဆီး

**မန္တလေး၊ မတ် ၁**

မန္တလေးတိုင်းအတွင်း လုယက်မှု၊ ခိုးယူမှုကျူးလွန်သူ ၂၀၀ ခန့်ကို နှစ်လတာအတွင်း ဖမ်းဆီးခဲ့ရကြောင်း မန္တလေးခရိုင် ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။

ခိုးမှုကျူးလွန်သူများ၊ လုယက်မှုကျူးလွန်သူများနှင့် မသင်္ကာသူများကို မန္တလေးတိုင်းရဲတပ်ဖွဲ့၊ ခရိုင်ရဲတပ်ဖွဲ့နှင့် မြို့နယ်ရဲစခန်းများက ဖမ်းဆီးစစ်ဆေးခဲ့ခြင်းဖြစ်ကြောင်း ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစိန်ထွန်းက ပြောကြားသည်။

"ခိုးမှုကျူးလွန်တဲ့သူတွေရော အရင်အမှုတွဲက ကျန်တဲ့သူတွေရောကို ဖမ်းဆီးထားတာပါ။ ၂၀၁၇ ခုနှစ် ပထမနှစ်လအတွင်းမှာ တစ်တိုင်းလုံးအတိုင်းအတာနဲ့ လူနှစ်ရာနီးပါး ရှိတယ်" ဟု ၎င်းက ပြောဆိုသည်။

ကျူးလွန်သူ ၅၀ ကျော်ကို မန္တလေးတိုင်းရဲတပ်ဖွဲ့က ဖော်ထုတ်ဖမ်းဆီးထားပြီး ခရိုင်ရဲတပ်ဖွဲ့က ၄၆ ဦးနှင့် မြို့နယ် ၂၈ ခုရှိ နယ်မြေရဲစခန်းများက ကျူးလွန်သူ ၁၀၀ ကျော်ကို ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း တိုင်းရဲတပ်ဖွဲ့ မှုခင်းမှတ်တမ်းများအရ သိရသည်။

မန္တလေးခရိုင်အတွင်း ယခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်း လုယက်မှု ၁၅ ကြိမ်ဖြစ်ပွားခဲ့ရာ ယင်းတို့အနက် လုယက်မှု ကိုးကြိမ်အတွက် တရားခံများကို ဖော်ထုတ်ဖမ်းဆီးစစ်ဆေးထားပြီး ခြောက်မှုအတွက် ဖော်ထုတ်ရန် ကျန်နေသေးကြောင်း ယင်းမှတ်တမ်းအရ သိရသည်။

"လုယက်မှုကျူးလွန်သူတွေကို ကြည့်လိုက်ရင် အသက် ၁၆ နှစ်ကနေ ၂၅ နှစ်ကြားရှိသေးတဲ့ လူငယ်လေးတွေ ဖြစ်နေတာကို တွေ့ရတယ်။ သူတို့က ပြစ်မှုမှတ်တမ်းမရှိဖူးတဲ့အတွက် လွယ်လို့လုပ်တာလို့ယူဆရတာပေါ့၊ ပြီးတော့ အလုပ်လက်မဲ့တွေ၊ ကျပန်း လုပ်ကိုင်သူတွေ၊ အခြေခံအလုပ်သမားတွေဖြစ်နေတာ တွေ့ရတယ်" ဟု ဒုရဲမှူးကြီးစိန်ထွန်းက ရှင်းပြသည်။

ည ၁၀ နာရီနောက်ပိုင်းတွင် လုယက်ခံရမှုများရှိနေသောကြောင့် သတိထားသွားလာနေရကြောင်း အသက် ၃၀ ကျော်အရွယ်ရှိ မန္တလေးမြို့ခံ တစ်ဦးက ပြောကြားသည်။

လက်ရှိအချိန်၌ မန္တလေးခရိုင်အတွင်း အုပ်စုဖွဲ့လုယက်မှုကျူးလွန်သည့် အုပ်စုနှစ်ခုကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ်အတွင်းက ကားဖြင့် အုပ်စုဖွဲ့ လုယက်မှုများ ကျူးလွန်ခဲ့သည်ဟု သတင်းများထွက်ပေါ်ခဲ့သည့် အုပ်စုတစ်ခုလည်းပါဝင်ပြီး အခြား အုပ်စုတစ်ခုတွင် အမျိုးသမီးတစ်ဦးအပါအဝင် လူခြောက်ယောက်ပါဝင်သည့် အဖွဲ့ကိုလည်း ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း မန္တလေးခရိုင်ရဲတပ်ဖွဲ့မှူးရုံး၏ စာရင်းများအရ သိရသည်။

ကားဖြင့် လုယက်သည့် အဖွဲ့သည် ၂၀၁၆ ခုနှစ်အတွင်းမှစတင်ကာ လုယက်မှုပေါင်း ရှစ်ကြိမ်အထိ ကျူးလွန်ခဲ့ဖူးကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့ပြီး လုယက်ရာတွင်အသုံးပြုသည့် မော်တော်ယာဉ်သည်လည်း ခိုးယူထားသည့် ယာဉ်ဖြစ်နေကြောင်း မန္တလေးခရိုင်ရဲတပ်ဖွဲ့မှ အမှုစစ်အရာရှိတစ်ဦးက ပြောဆိုသည်။

လက်ရှိတွင် မန္တလေးခရိုင်အတွင်းရှိ မြို့နယ်ခုနစ်ခု၌ လုယက်မှုကျူးလွန်သူများကို စောင့်ကြည့်ထိန်းချုပ်နိုင်ရေးအတွက် ညစဉ် ရဲတပ်ဖွဲ့ဝင်အင်အား သုံးဆယ်ခန့်အသုံးပြုကာ လုံခြုံရေးဆောင်ရွက်လျက်ရှိသည်။ ■ M-04

## NEWS IN BRIEF

### နွေရာသီအားကစားသင်တန်း တစ်လဖွင့်မည်

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ စီစဉ်မှုဖြင့် မန္တလေးမြို့တော်၌ နွေရာသီအားကစားသင်တန်းကို မတ်လ ၃ ရက် နေ့မှ ဧပြီလ ၂ ရက်နေ့ အထိ တစ်လကြာ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း မန္တလေးတိုင်း အားကစားနှင့် ကာယပညာဦးစီးဌာနထံမှ သိရသည်။

အဆိုပါသင်တန်းတွင် ဘောလုံး၊ ဘော်လီဘော၊ တိုက်ကွမ်ဒို၊ ဝူရှူး၊ မြန်မာ့သိုင်း၊ ကရာတေးဒို၊ ကာယဗလနှင့် ကာယအလှ၊ စားပွဲတင်တင်းနစ်၊ အလေးမ၊ ပြေးခုန်ပစ်၊ ရိုးရာလက်ဝှေ့၊ တင်းနစ်၊ ကြက်တောင်၊ ပိုက်ကျော်ခြင်း၊ သေနတ်ပစ်၊ လက်ဝှေ့၊ ရိုးရာခြင်း၊ စစ်တုရင်နှင့် ခရစ်ကတ် အားကစားနည်းများ ပါဝင်ကြောင်း ယင်းသင်တန်းဆရာများက ပြောကြားသည်။

ကျောင်းသားကျောင်းသူများအနေနှင့် ကြိုက်နှစ်သက်ရာ အားကစားနည်းများကို သင်ယူနိုင်မည်ဖြစ်ရာ စာရင်းပေးလိုသူများအနေနှင့် မန္တလေးတိုင်း အားကစားနှင့် ကာယပညာဦးစီးဌာန ဖုန်း ၀၂- ၃၃၆၁၉၊ ၆၀၂၆၃ တို့ထံ ဆက်သွယ်နိုင်သည်။

M-02

# တက္ကသိုလ်ဝင်တန်းစာမေးပွဲကာလ အရက်ဆိုင်များပိတ်ထားရန် ညွှန်ကြား

မန္တလေး၊ မတ် ၁

မြန်မာတစ်နိုင်ငံလုံးတွင် ကျင်းပမည့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ကျင်းပနေချိန်တွင် မန္တလေးမြို့ရှိ အရက်ဆိုင်၊ ဘီယာဆိုင်များနှင့် အလင်းဆိုင်များ ပိတ်ထားရမည်ဖြစ်ပြီး လက်ဖက်ရည်ဆိုင်များသည်လည်း ည ၁၁ နာရီတွင် ပိတ်သိမ်းရန် မန္တလေးခရိုင်ရဲတပ်ဖွဲ့မှူးရုံးက ညွှန်ကြားထားသည်။

တက္ကသိုလ်ဝင်တန်းစာမေးပွဲကို မတ်လ ၈ ရက်နေ့တွင် စတင်ကျင်းပမည်ဖြစ်ရာ မတ်လ ၁ ရက်နေ့ကစ၍ အရက်ဆိုင်များကို ည ၁၁ နာရီတွင် ပိတ်သိမ်းပေးရန် ညွှန်ကြားထားပြီး စာမေးပွဲကာလတွင် လုံးဝဖွင့်လှစ်ခြင်းမပြုရန် သတိပေးထားကြောင်း မန္တလေးခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး စိန်ထွန်းက ပြောကြားသည်။

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေတဲ့အခါမျိုးတွေမှာတော့ သက်ဆိုင်ရာမြို့နယ်နဲ့ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့တွေအားလုံး ပူးပေါင်းပြီး လုံခြုံရေးတာဝန်ယူမယ်။ သက်ဆိုင်ရာနယ်မြေရဲစခန်းတွေမှာလည်း လုံခြုံရေးအတွက်ဆောင်ရွက်ပေးမှာပါ။ ဒါမှလည်း ကျောင်းသားတွေ စာမေးပွဲကို ကောင်းကောင်းမွန်မွန်ဖြေဆိုလို့ရမှာပါ" ဟု ၎င်းကရှင်းပြသည်။

တက္ကသိုလ်ဝင်တန်းစာမေးပွဲကာလများ၌ ညပိုင်းရောင်းချသည့် ဆိုင်များကို ပိတ်ခိုင်းထားခြင်းသည် စာမေးပွဲဖြေဆိုမည့် ကျောင်းသားများအတွက် အထောက်အကူဖြစ်စေကြောင်း ကျောင်းသားမိဘအချို့က ပြောဆိုသည်။

"ဒီလိုဆိုင်တွေက လူလည်းရှုပ်တယ်။ ပြဿနာတွေလည်း ဖြစ်လာနိုင်တယ်။ စာမေးပွဲနီးလာပြီဆိုတော့ ပိတ်ခိုင်းလိုက်တာ ကောင်းပါတယ်။ အိမ်မှာဆယ်တန်းကျောင်းသားရှိနေတော့ စာထဲစိတ်မရောက်မှာကို စိတ်ပူရတယ်" ဟု မန္တလေးမြို့ခံ ကျောင်းသားမိဘတစ်ဦးက ပြောကြားသည်။

၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ်လ ၈ ရက်နေ့တွင် စတင်ကျင်းပမည်ဖြစ်၍ မန္တလေးခရိုင်အတွင်းရှိ KTV ဆိုင်များ၊ စင်တင်တေးဂီတဆိုင်များ၊ စားသောက်ဆိုင်များ၊ အရက်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များနှင့် ဘောလုံးပွဲ ကြည့်ရှုနိုင်သည့်ရုံများကို ညပိုင်း ၁၁ နာရီထိသာခွင့်ပြုထားပြီး ဘိလိယက်နှင့် စနူကာဆိုင်များကိုမူ ည ၈ နာရီအထိသာ ခွင့်ပြုထားကြောင်း မန္တလေးခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနထံမှလည်း သိရသည်။ ■

M-04




အောင်မြေသာစံမြို့နယ်အတွင်းရှိ ထီဆိုင်ကြီးတစ်ခုတွင် ကျပ်ငါးရာတန်ထီလက်မှတ် ဝယ်ယူနေသူများကို တွေ့ရစဉ်

# ကျပ်သိန်းတစ်သောင်း ဆုကြေးရမည့်ထီ စိတ်ဝင်စားသူမြင့်တက်

မန္တလေး၊ မတ် ၁

မြန်မာနိုင်ငံ အခွန်များဦးစီးဌာနက ဆုကြေးငွေ ကျပ်သိန်းတစ်သောင်းချီးမြှင့်မည့် ငါးရာကျပ်တန် ထီလက်မှတ်များကို မတ်လ ၁ ရက်နေ့ကစ၍ ရောင်းချနေပြီဖြစ်ရာ ထီကံစမ်းသူမြင့်တက်လာကြောင်း မန္တလေးမြို့ခံ ထီဆိုင်ကြီးများထံမှ သိရသည်။

လက်ရှိတွင် ထီထိုးသူအများစုမှာ ကျပ်သိန်း ၁၅၀၀ သာရရှိမည့် နှစ်ရာကျပ်တန် ထီလက်မှတ်များထက် ကျပ်သိန်းတစ်သောင်းရမည့် ငါးရာကျပ်တန် ထီလက်မှတ်များကိုသာ ဝယ်ယူကံစမ်းနေကြောင်း ရတနာသိန်းထိုက်အောင် ထီအရောင်းဆိုင်မှ တာဝန်ရှိသူ ဦးအောင်စောနိုင်က ပြောကြားသည်။

"ဆုကြေးက ကျပ်သိန်းတစ်သောင်းဆိုတော့ စိတ်ဝင်စားတဲ့သူတွေ အရင်ထက်များတယ်။ အရင်က စရောင်းတဲ့နေ့မှာ လေး၊ ငါးယောက်လောက်ပဲ ရောင်းနေရတာ။ အခုက မနက်ပိုင်း (မတ်လ ၁ ရက်နေ့) တင် ၁၀ ဦးကျော် ရောင်းပေးနေရပြီ။ ဆုကြေးကလည်း ယိုးဒယား၊ စင်ကာပူတို့က ထီဆုကြေးတွေထက်များတော့ အဲဒီထီတွေထိုးတာထက် ၅၀၀ ကျပ်တန်ထီ ထိုးမယ့်သူတွေ ပိုများလာနိုင်တယ်။ အစိုးရဆီကနေ ထီလက်မှတ်ထုတ်ယူရောင်းချတဲ့ဆိုင်တွေကတော့ သတ်မှတ်ဈေးအတိုင်း တစ်စောင် ၅၀၀ ကျပ်နဲ့ပဲ ရောင်းချကြရမှာပါ။ အခြားထီအရောင်းသမားတွေကတော့ ဈေးနှုန်းချိန်ဆပြီး ရောင်းကြမယ်ထင်တယ်" ဟု ၎င်းက ဆက်လက်ပြောဆိုသည်။

ဆုကြေးငွေ ကျပ်သိန်း ၁၅၀၀ သာရရှိမည့် ကျပ်နှစ်ရာတန် ထီလက်မှတ်များသည် မေလအထိရောင်းချခွင့် ရရှိဦးမည်ဖြစ်ကြောင်း၊ မေလကုန်ပိုင်းမှစ၍ ၂၀၀ ကျပ်တန်ထီလက်မှတ်များ ပိတ်သိမ်းမည်ဖြစ်၍ ဆုကြေးငွေ ကျပ်သိန်းတစ်သောင်းရမည့်ငါးရာကျပ်တန်ထီလက်မှတ်များကိုသာ ရောင်းချခွင့်ရှိတော့မည်ဖြစ်ကြောင်း ဦးအောင်စောနိုင်က ရှင်းပြသည်။

မန္တလေးမြို့ခံအများစုအနေနှင့် နှစ်ရာကျပ်တန်ထီလက်မှတ်ထက် ကျပ်သိန်းတစ်သောင်းရမည့် ငါးရာကျပ်တန်ထီ လက်မှတ်များကို ပို၍ စိတ်ဝင်စားလျက်ရှိကြောင်း၊ လက်ရှိတွင် ထီကိုယ်စားလှယ်များအနေနှင့် နှစ်ရာကျပ်တန်ထီလက်မှတ်များကို ဈေးတင်၍ ရောင်းချခြင်းများ ရှိနေသောကြောင့် ငါးရာကျပ်တန်ထီလက်မှတ်များကို ဈေးတင်မရောင်းနိုင်ရန် ထိန်းချုပ်နိုင်ရန်လိုကြောင်း ငါးရာကျပ်တန်ထီလက်မှတ်များကို ဝယ်ယူကံစမ်းခဲ့သည့် အောင်မြေသာစံမြို့နယ်မှ ပင်စင်စားတစ်ဦးဖြစ်သူ ဦးမောင်မောင်ညွန့် က ပြောကြားသည်။

ပြည်တွင်းအခွန်များဦးစီးဌာနအနေနှင့် တစ်လလျှင် ထီလက်မှတ်အစောင်ရေ ၃၃ သန်းနီးပါးရောင်းချပေးလျက်ရှိပြီး မကြာမီ ပိတ်သိမ်းမည့် နှစ်ရာကျပ်တန်ထီ လက်မှတ်တွင် အက္ခရာ က၊ ခ၊ ဂ သုံးလုံးသာ ပါဝင်တော့မည်ဖြစ်ကြောင်း၊ ငါးရာကျပ်တန်ထီ လက်မှတ်များ၏ အမြင့်ဆုံး ဆုကြေးမှာ ကျပ်သိန်းတစ်သောင်းဖြစ်ပြီး အနိမ့်ဆုံးဆုကြေးမှာ ကျပ်ငါးသောင်းဖြစ်ကြောင်း ထီကုန်သည်ကြီးများအသင်းမှ စုံစမ်းသိရှိရသည်။

ငါးရာကျပ်တန် အောင်ဘာလေ ထီလက်မှတ်များကို မတ်လ ၁ ရက်နေ့က စတင်ရောင်းချခဲ့ရာ ကိုယ်စားလှယ် ၂၃၁၉ ဦးထံသို့ ထီစာအုပ် ၂,၈၈၆,၉၉၉ အုပ် (ထီလက်မှတ်စောင်ရေ ၃၁,၇၅၆,၉၈၉ စောင်) ဖြန့်ဝေထားကြောင်း၊ အောင်ဘာလေသိန်းဆုဌာနနှင့် အရောင်းကိုယ်စားလှယ်တို့အကြား ချုပ်ဆိုထားသော ထီလက်မှတ်တန်ဖိုးအတိုင်း ရောင်းချရန်နှင့် တန်ဖိုးအတိုင်း ရောင်းချခြင်း မပြုပါက ပဋိညာဉ်စာချုပ်အတိုင်း အမည်ပျက် (Black List) သတ်မှတ်မည်ဖြစ်ကြောင်း၊ ယင်းအပြင် လစဉ် ထီစာအုပ်ဝယ်ယူခွင့်ကို ပြန်လည်ရုပ်သိမ်းခြင်း၊ ထီအရောင်းကိုယ်စားလှယ်က ဌာနသို့ ပေးသွင်းထားသော အာမခံငွေကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းယူခြင်းတို့ ဆောင်ရွက်မည်ဖြစ်ကြောင်း အောင်ဘာလေသိန်းဆုဌာနခွဲက ထုတ်ပြန်ထားသည်။

ထီလက်မှတ်တစ်စောင်ချင်းဖြစ်စေ၊ အတွဲလိုက်ဖြစ်စေ၊ အုပ်လိုက်ဖြစ်စေ ရောင်းချရာတွင် ထီလက်မှတ်တန်ဖိုးထက်ပို၍ ရောင်းချနေသည်ကို တွေ့ရှိပါက ပြည်တွင်းအခွန်များဦးစီးဌာန (နေပြည်တော်) ၀၆၇ ၄၃၀၀၀၅၊ အောင်ဘာလေသိန်းဆု ဌာနခွဲ (ရန်ကုန်) ၀၁ ၂၄၉၂၇၃၊ အောင်ဘာလေသိန်းဆုဌာနခွဲ (မန္တလေး) ၀၂ ၂၅၉၁၃ တို့ထံ ဆက်သွယ်တိုင်ကြားနိုင်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ■

M-03

# တောင်သူလယ်သမားများဘဝ ဖွံ့ဖြိုးတိုးတက်ရန် KDPN ဦးဆောင်ဖွဲ့စည်း

မန္တလေး၊ မတ် ၁

ကောလင်းမြို့နယ်အတွင်းရှိ တောင်သူလယ်သမားများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ကို ကောလင်းဖွံ့ဖြိုးတိုးတက်ရေး ပရဟိတကွန်ရက် (KDPN) က ဦးဆောင်ဖွဲ့စည်းပေးခဲ့ကြောင်း ယင်းကွန်ရက်ထံမှ သိရသည်။

ကောလင်းမြို့နယ်အတွင်းရှိ တောင်သူလယ်သမားများအနေနှင့် ဆန်၊ စပါးရောင်းဝယ်ရာတွင် ဈေးနှိမ်ခံရခြင်း၊ ပင်ပန်းခံထားသည့်အတိုင်း အကျိုးမခံစားရခြင်းနှင့် အတိုးနှုန်းပေးချေနိုင်ရေးအတွက် ခိုင်မာသည့်အဖွဲ့အစည်း မရှိခြင်းတို့ကြောင့် တောင်သူများအနေနှင့် နစ်နာမှုများရှိနေကြောင်း အဆိုပါကွန်ရက် အဖွဲ့ဝင် ဦးကျော်ဖုန်းလှိုင်က The Voice သို့ ပြောကြားသည်။

"တောင်သူတွေရဲ့လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးဖို့ ရည်ရွယ်ဖွဲ့စည်းပေးတာ။ ကောလင်းမှာက တောင်သူလယ်သမားတွေနဲ့ ပတ်သက်လာရင် ခိုင်မာတဲ့အဖွဲ့အစည်း မရှိသေးဘူး" ဟု ၎င်းကပြောဆိုသည်။

ကောလင်းမြို့နယ်အတွင်းရှိ တောင်သူလယ်သမားများဘဝ ဖွံ့ဖြိုး တိုးတက်စေရန် စာရင်းပြုစုလျက်ရှိရာ ဖေဖော်ဝါရီလကုန်ပိုင်းအထိ ကျေးရွာအုပ်စု ၄၇ မှ ကျေးရွာ ၂၁၀ ရွာရရှိထားပြီး ဆက်လက်၍ စာရင်းပြုစုနေဆဲဖြစ်ကြောင်း အဆိုပါကွန်ရက်မှတ်တမ်းများအရ သိရသည်။

"လက်ရှိ ကျွန်တော်တို့ ရောင်းချရတဲ့ စပါးဈေးနဲ့ ဆန်ပေါက်ဈေးက တော်တော်လေးကွာနေတာကို တွေ့ရတယ်။ ဒါတွေကို ဘယ်လို ထိန်းချုပ်ပေးနိုင်မလဲဆိုတာ အရေးကြီးတယ်။ ဒီအဖွဲ့အစည်းဖြစ်မြောက်သွားရင် ဘယ်လိုတောင်းဆိုကြမယ်ဆိုတာလည်း စဉ်းစားကြဖို့ လိုနေပါပြီ" ဟု မိုးနံကျေးရွာဒေသခံ တောင်သူတစ်ဦးက ပြောဆိုသည်။

ကောလင်းဖွံ့ဖြိုးတိုးတက်ရေး ပရဟိတကွန်ရက် (KDPN) အနေနှင့် တောင်သူလယ်သမားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယင်းကဲ့သို့ ဖွဲ့စည်းပေးထားခြင်းဖြစ်သည်။ ■

M-02

# ကျုံးဘေးတွင် ပြည့်တန်ဆာလုပ်ကိုင်သူ ခြောက်ဦးကို ဖမ်းဆီး

မန္တလေး၊ မတ် ၁

ချမ်းအေးသာစံမြို့နယ် ကျုံးမြို့ရိုးတောင်ဘက် ၂၆ လမ်းပေါ်တွင် ပြည့်တန်ဆာလုပ်ငန်း လုပ်ကိုင်နေသည့် အမျိုးသမီးခြောက်ဦးကို ဖေဖော်ဝါရီလ ၂၈ ရက်နေ့က ဖမ်းဆီးခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။

ပြည့်တန်ဆာများက အမျိုးသားများနှင့်ချိတ်ဆက်ကာ ပြည့်တန်ဆာ လုပ်ငန်းများ လုပ်ကိုင်လျက်ရှိကြောင်း သတင်းအရ နယ်မြေရဲတပ်ဖွဲ့နှင့် ပူးပေါင်းဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း ခရိုင်ရဲတပ်ဖွဲ့မှ အရာရှိတစ်ဦးက ပြောကြားသည်။

လက်ရှိတွင် ပြည့်တန်ဆာ လုပ်ငန်းလုပ်ကိုင်သည့် အသက် ၃၀ ဝန်းကျင်ရှိ အမျိုးသမီးခြောက်ဦးကို ချမ်းအေးသာစံမြို့နယ် မြို့မရဲစခန်းက (ပ)၇၂/၂၀၁၇၊ ပြည့်တန်ဆာပုဒ်မ ၃ (က) အရ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း ယင်းရဲစခန်းထံမှ သိရသည်။ ■ M-04

# BOOK GUIDE

# ကိုလိုနီခေတ် မြန်မာနိုင်ငံသမိုင်း

## ဗန်းမော်တင်အောင်




သူ့ကို 'စိတ်ကူးယဉ် တော်လှန်ရေး စာရေးဆရာ' ဟု ခေါ်ကြသည်။ လူကနုနု၊ အရပ်အမောင်းကောင်းကောင်း၊ တောင့်တင်းသန်မာ ရုပ်ရှင်မင်းသားပုံပေါက်နေသည့်စာရေးဆရာ။ သို့သော် သူ့စာတွေက ပျော့စရာရှိလျှင် နူးညံ့ပျော့ပျောင်းပြီး၊ မာစရာရှိလျှင် သံချောင်းထက်မာသော စာမျိုးတွေဖြစ်နေသည်ကို ထူးဆန်းစွာတွေ့ရသည်။

အတွေးရဲ၊ အရေးရဲ၊ စိတ်ကူးရဲသည့် တော်လှန်သော စာရေးဆရာကို ခေတ်အဆက်ဆက် အစိုးရတိုင်းက ဖိနှိပ်ခဲ့ကြသည်။ နရသိန်ထောင်အတွင်း နှစ်ပေါင်းများစွာ သက်ဆင်းခဲ့ရသည်။ သို့သော် နရသိန်က ပြန်ထွက်လာတိုင်း သူ့စာတွေက ပိုပြီးတော့ ရဲရဲတောက်လာတတ်သည်။

ဗန်းမော်တင်အောင်သည် သူ၏စာရေးဆရာဘဝတွင် ပြောင်မြောက်စွာဖြင့် မြန်မာ့သမိုင်းစာအုပ်နှစ်အုပ်ကို ရေးသားပြုစုခဲ့ပါသည်။ 'မြန်မာနိုင်ငံတော်သမိုင်း' နှင့် 'ကိုလိုနီခေတ် မြန်မာနိုင်ငံတော်သမိုင်း' စာအုပ်များဖြစ်သည်။

ကိုလိုနီခေတ် မြန်မာနိုင်ငံတော်သမိုင်းစာအုပ်ကို ၁၉၆၄ ခုနှစ်၊ ဇူလိုင်လတွင် ပထမအကြိမ်အဖြစ် ထုတ်ဝေခဲ့သည်။ စစ်အစိုးရလက်ထက် မျက်စိလည်လမ်းမှားပြီး ထွက်လာသော စာအုပ်ဟု ဆိုရ မည်။ ဗန်းမော်တင်အောင်တို့လို တော်လှန်သော စာရေးဆရာများကို မျက်စိစပါးမွေ့ စူးတတ်သည့် စစ်အစိုးရက သမိုင်းစာအုပ်ဟူ၍ ထုတ်ဝေခွင့် ပြုလိုက်သော်လည်း စာအုပ်ထွက်ပြီးနောက်တွင် အသံမျိုးစုံကြားလာရသည်။

ပထမစာအုပ်နောက်ပိုင်း ဤစာအုပ်ကို သုံးကြိမ်ထပ်ထုတ်သည်။ သို့သော် ပထမအကြိမ်ထုတ်စဉ်က စာတွေ မပါတော့။ ဖြုတ်ပေးခဲ့ရသည်များရှိသည်။ ယခု ပဥ္စမအကြိမ်ထုတ်သည့် ပထမအကြိမ်ထုတ်မူအတိုင်းယူ၍ ရိုက်ကူးထုတ်ဝေထားသည်ဆိုသောကြောင့် ဆရာ၏လက်ရာသမိုင်းအမြင် အပြည့်အစုံကို ကံကောင်းစွာ ပြန်လည်ဖတ်ရှုနိုင်ခြင်း ဖြစ်သည်။

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်တွင် ပါတီလက်စွဲအနေနှင့် သမိုင်းစာအုပ်တွေထုတ်ကြသည်။ အလုပ်သမား လယ်သမား လူတန်းစားခေါင်းစဉ်တပ်ပြီး သမိုင်းအမှန်များကို လိုသလို ပုံဖျက်ရေးကြသည်။ ထို့ကြောင့် ၁၉၇၇ ခုနှစ် ပြန်ထုတ် သည့် ဆရာ့စာအုပ်တွင် ဖြုတ်ထုတ်ဖျက်ခြင်းခံခဲ့ရသော စာလုံးပေါင်း၊ အခန်းပေါင်းများစွာ ရှိခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် ပြန်ထုတ်သည့်အခါ၌လည်း ဖြုတ်ထုတ်ဖျက်များကိုသာ ပြန်ထုတ်ခဲ့သဖြင့် ပြီးပြည့်စုံစွာ မခံစားခဲ့ရ။ ဆရာ၏ ရှေးဦးမဆွ လက်ရာအတိုင်း ပထမအကြိမ်ဆိုသည့် စာအုပ်တွေကလည်း ဈေးကွက်တွင် ပျောက်သလောက်ဖြစ်နေသည်။ ဤအချိန်တွင် မြနန္ဒာစာအုပ်တိုက်က ပထမအကြိမ် မူရင်းအတိုင်း ပြန်လည်ရှာဖွေကာ အပြည့်အစုံပြန်လည် ထုတ်ပေးနိုင်ခဲ့သဖြင့် ဂုဏ်ယူ မိပါသည်။

စစ်အစိုးရများလက်ထက်တစ်လျှောက်လုံးတွင် သမိုင်းမှန်ကို ဖုံးကွယ်လိုသောကြောင့် နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်ဂျပန်တော်လှန်ရေး၊ လွတ်လပ်ရေးတိုက်ပွဲကာလတွင် တောက်လျှောက်ပါဝင်ခဲ့ကြသော လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၏ အမည်များ၊ သမိုင်းဝင်သည့် ပုဂ္ဂိုလ်တို့၏ သဘောထားမှတ်ချက်များကို ဤစာအုပ်တွင် ဖြုတ်ခဲ့ကြသည်။ စစ်အစိုးရများက သမိုင်းမှန်ကိုကြောက်သောကြောင့် မည်မျှဖုံးကွယ်ခဲ့သည်ဆိုစေ သမိုင်းဘီးသည် တစ်ပတ်ပြန်လည်ခဲ့ရပြီ။

ဤစာအုပ်တွင် အပိုင်း (၄) ပိုင်း၊ အခန်းပေါင်း (၂၃) ခန်းဖြင့် ပြုစုထားသည်။ အပိုင်း ၄ ပိုင်းတွင် (၁) ကိုလိုနီခေတ်မတိုင်မီ မြန်မာနိုင်ငံ (၂) အရင်းရှင်စနစ်၊ နယ်ချဲ့စနစ်နှင့် ကိုလိုနီဝါဒ (၃) ကိုလိုနီခေတ်မြန်မာနိုင်ငံ (၄) ခေတ်သစ်ကိုလိုနီဝါဒနှင့် မြန်မာနိုင်ငံဟူ၍ ခွဲခြားထားပါသည်။

ကိုလိုနီခေတ် မတိုင်မီ မြန်မာနိုင်ငံတွင် မြန်မာနိုင်ငံ၏ ပထဝီသမိုင်းမှသည် မဏ္ဍိုမခေတ်မြန်မာနိုင်ငံသမိုင်းအထိ ပြုစုထားသည်။ အရင်းရှင်စနစ် ကိုလိုနီနယ်ချဲ့များ အာရှကို ခြေဦးလှည့်လာပုံ၊ စပိန်၊ ပေါ်တူဂီ၊ ဗြိတိန်၊ အမေရိကန်၊ ရုရှား၊ ဂျပန်တို့၏ ကိုလိုနီနယ်ချဲ့လာမှုများကို အပိုင်း (၂) တွင် ဖတ်နိုင်သည်။ မြန်မာနိုင်ငံသို့ ကိုလိုနီနယ်ချဲ့များရောက်လာကြသည်။ အကြောင်းအမျိုးမျိုးပြကာ နယ်ချဲ့စနစ်ကို အခိုင်အမာသွတ်သွင်းပြီး ကျွန်ပြုနိုင်ရေး အားထုတ်ခဲ့ပုံများ၊ မြန်မာနိုင်ငံတော်ကြီး နှစ်ခြမ်းကွဲခဲ့ရပုံများကို ကိုလိုနီခေတ်မြန်မာနိုင်ငံ အပိုင်း (၃) တွင် ဖတ်ရှုရမည်ဖြစ်သည်။ ကိုလိုနီခေတ် မြန်မာနိုင်ငံအပိုင်းကို ဆရာက အပြည့်စုံဆုံး ဖော်ထုတ်ပေး ထားသည်။ နယ်ချဲ့တို့ ခြေကုပ်ယူလာချိန်မှသည် အောင်ဆန်း-အက်တလီ စာချုပ်များ ချုပ်ဆိုနိုင်သည့် ကာလတိုင်အောင်ဖြစ်သည်။ ခေတ်သစ်ကိုလိုနီဝါဒနှင့် မြန်မာနိုင်ငံအကြောင်းကို အပိုင်း (၄) တွင် ဖတ်နိုင်ပါ သည်။ လွတ်လပ်ရေးရပြီးသော်လည်း တိုင်းပြည် မငြိမ်းချမ်းနိုင်ခဲ့ပုံများ၊ နယ်ချဲ့၏ သွေးထိုး လှုံ့ဆော်မှုများကို ဤ အပိုင်းတွင် ဖတ်ကြရမည်။

လွတ်လပ်ရေးရပြီး ၁၀ နှစ်ခန့်အကြာ တိုင်းရေးပြည်ရေးတွေက ပိုပြီး ရှုပ်ထွေးလာသည်။ ဤသည်ကို ဆရာက -

"ဝန်ကြီးချုပ် ဦးနုဦးဆောင်သော ဖဆပလဂိုဏ်း ပြည်ထောင်စုအစိုးရ အကျပ်အတည်းများကို အခွင့်ကောင်းယူ၍ ဦးဗဆွေ၊ ဦးကျော်ငြိမ်းတို့ဦးဆောင်သော ဖဆပလအတိုက်အခံဂိုဏ်းက ၎င်းတို့၏ အကျိုးစီးပွားအတွက် တစ်စထက် တစ်စ အသုံးချရန် အားထုတ်ခြင်း ပြုလာခဲ့ကြသည်" ဟု မထောက်မညှာ ဝေဖန်ရေးသားခဲ့သည်။

ပြည်ထောင်စုအစိုးရလက်ထက်တွင် ရောင်စုံသောင်းကျန်းသူတွေကလည်းထကြွသည်။ လွတ်လပ်ပြီး ၁၀ နှစ်တိုင် တိုင်းပြည်ကလည်း မငြိမ်းချမ်းနိုင်။ ထိုအချိန်တွင် မြန်မာ့သမိုင်း၏ အစဉ်အလာကြီးသော ပုဂ္ဂိုလ်ကြီးများက ငယ်ကျိုးငယ်နာများဖော်ပြီး တစ်ဦးကိုတစ်ဦးတိုက်ခိုက်နေကြသည်။ လွတ်လပ်ရေးအတွက် အသက်ပေးသွားခဲ့ကြရသော ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်များ၏ မျက်နှာကိုမှမထောက် တိုင်းပြည်ကို ပိုပြီး ဇောက်ထိုးကျအောင် လုပ်ဆောင်နေကြသည်။

ဦးနုသည် ၁၉၅၈ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် အစိုးရအဖွဲ့ကိုလည်းကောင်း၊ ပြည်သူ့လွှတ်တော် ကိုလည်းကောင်း တိုင်ပင်ပြောကြားခြင်း မပြုဘဲ ဗိုလ်ချုပ်ကြီးနေဝင်းကို အာဏာလွှဲပြောင်းပေးလိုက်သည်။ တိုင်းပြည်၏ အရပ်ရပ်ယိုယွင်းပျက်စီးနေသည့် အခြေအနေများကို ဗိုလ်ချုပ်နေဝင်းအား ထိန်းသိမ်းပေးပါဟု လွှဲအပ်လိုက်ခြင်းဖြစ်သည်။ ထိုအချိန်မှသည် နှစ်ပေါင်း ၅၀ ကျော် စစ်အာဏာရှင်တို့လက်အောက်သို့ မြန်မာနိုင်ငံ ကျရောက်ခဲ့ရပုံကို ဆရာက ကွက်ကွက်ကွင်းကွင်း မြင်နိုင်အောင် သမိုင်းနှင့်ထောက်ပြသည်။

ဤစာအုပ်တွင် ကျေးဇူးတင်စရာကောင်းသည့် အချက်တစ်ချက်မှာ ဆရာဗန်းမော်တင်အောင်၏ ကိုယ်ရေးအကျဉ်းကို နောက်ဆုံးတွင် ထည့်သွင်းပေးထားခြင်းဖြစ်သည်။ သူလို တော်လှန်သော စာရေးဆရာတစ်ဦး အကြောင်းမှာ ယနေ့ခေတ် လူငယ်များကြားတွင် ပြောပြရေးပြမှ သိနိုင်တော့မည့် အနေအထားတွင် ရောက်နေသည်။ ဗန်းမော်တင်အောင်သည် မည်သို့သောသူမျိုးဖြစ်ကြောင်း များများဖော်ထုတ်နိုင်သူတွေ များလာ စေရန်ဆုတောင်းမိသလို၊ သူလိုစာရေးဆရာမျိုးတွေလည်း မျိုးဆက်သစ်များကြားတွင် ပေါ်ထွက်လာစေချင်မိသည်။

မည်သို့ဆိုစေ သမိုင်းကို ပြတ်သားရဲရင့်စွာဖြင့် သူ့အမြင်အတိုင်း ချဉ်းကပ်ပြောဆိုနိုင်ခဲ့သော တော်လှန်သည့်သမိုင်းဆရာတစ်ဦး၏ အမြင်ကို လေ့လာဖတ်ရှုကာ အမြင်သစ်တစ်မျိုး ရနိုင်မည်မှာသေချာသည်။ ■ စာကြမ်းပိုး

## ကုသိုလ်လမ်းညွှန်

ဒီနေ့တော့ The Voice စာဖတ်ပရိသတ်တွေအတွက် ကုသိုလ်ပြုဖို့ လမ်းညွှန်နေကျအတိုင်း ညွှန်ပေးချင်တာကတော့ တတ်အားသရွေ့ငွေကြေးအလှူဒါနပြုနိုင်ဖို့ပါ။ မတ္တရာမြို့နယ်၊ သရက္ကန်မြောက်ရွာမှာရှိတဲ့ စာသင်ကျောင်းလေးမှာ ကျောင်းသား၊ ကျောင်းသူ ၃၀၀ ဝန်းကျင် တက်ရောက်နေတာဖြစ်ပြီး ကလေးငယ်တွေ စာသင်ကြားဖို့အတွက် စာရေးကိရိယာတွေပြည့်စုံပေမယ့် ကလေးငယ်တွေအသုံးပြုတဲ့ အိမ်သာတွေ မလုံလောက်ပါသဖြင့် ကလေးငယ်တွေမှာ အခက်အခဲကြုံတွေ့နေတာဖြစ်ပါတယ်။ ကလေးငယ်တွေအတွက် အိမ်သာသုံးလုံး လိုအပ်နေတာဖြစ်ပြီး လူသိနည်းပါးတဲ့ ကျောင်းလေးမို့ ကလေးငယ်တွေမှာအခက်အခဲ ကြုံတွေ့နေရတာ ဖြစ်ပါတယ်။ ကလေးငယ်တွေအတွက် တတ်အားသရွေ့လှူဒါန်းချင်ရင်တော့ ဖုန်း ၀၉-၇၉၀၉၀၁၂၆၆ တို့ကို ဆက်သွယ်စုံစမ်းနိုင်ပါတယ်။ ■

## ဈေးဝယ်လမ်းညွှန်




### ဂျပန်နိုင်ငံထုတ် Wonder if အမှတ်တံဆိပ် Shampoo & Essence

ပျက်စီးနေတဲ့ဆံသားအတွက် အထူးစပါယ်ရှယ်ထုတ်လုပ်ထားတယ်ဆိုတဲ့ Wonder if အမှတ်တံဆိပ် Shampoo & Essence ဖြစ်ပါတယ်။ ဒီပစ္စည်းလေးက အာဖရိကနေရတဲ့ သစ်ဥ၊ သစ်ဖုတွေနဲ့ ထုတ်လုပ်တာဖြစ်ပြီး ဆံပင်အတွက်ပြန်လည်အားဖြည့် သန့်စွမ်းချင်သူတွေအတွက် သိသာလာစေမှာလို့ ရောင်းချသူက ဆိုပါတယ်။ ဒါ့အပြင် ဆံသားကို နက်မှောင်သန့်စွမ်းချင်တဲ့သူတွေအတွက် ဆံသားက နူးညံ့လာမှာဖြစ်တယ်လို့ ထပ်ဆင့်ဆိုတယ်။ ဂျပန်နိုင်ငံထုတ်ဖြစ်ပြီး ဈေးနှုန်းက ၄၁၀၀၀ ကျပ်ဖြစ်ပါတယ်။ ရန်ကုန်မြို့တွင်းပစ္စည်း မှာယူချင်သူတွေအတွက် အိမ်တိုင်ရာရောက်ပို့ဆောင်ပေးမှာဖြစ်ပြီး နယ်ကမှာယူလိုသူတွေအတွက် ပို့ဆောင်ပေးမှာဖြစ်ပါတယ်။ ဝယ်ယူချင်တယ်ဆိုရင် လိပ်စာ အမှတ် ၅၆၊ မြေညီထပ်၊ ၄၁ နလမ်း၊ ဖုန်း ၀၉-၉၇၇၉၀၉၉၇၃ နဲ့ ၅၀၀၉၂၆၃ တို့ကို ဆက်သွယ်စုံစမ်းနိုင်ပါတယ်။ ■

## The VOICE Daily CARTOON



ဖေ ဖော်ဝါရီလ ၂၇ ရက်နေ့ကပြုလုပ်တဲ့ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးမှာ ပြည်ထောင်စုလွှတ်တော်မှာ ကော်မရှင်ဖွဲ့စည်းဆောင်ရွက်ခြင်းဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီ မညီဆိုတဲ့အပေါ် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက တင်သွင်းဆွေးနွေးခဲ့တာကို သိကြပြီးဖြစ်မှာပါ။ ဖြစ်စဉ်ကတော့ ပြည်ထောင်စုလွှတ်တော်မှာ ယခင်နှစ်လွှတ်တော်များအစ ၂၀၁၆ ခုနှစ် မတ်လ ၁ ရက်နေ့က စဖွဲ့ခဲ့တဲ့ ဥပဒေရေးရာနှင့် အထူးကိစ္စများ လေ့လာသုံးသပ်ရေးကော်မရှင်ကို နောက်ထပ် တစ်နှစ်သက်တမ်းတိုးဖို့လွှတ်တော်ရဲ့သဘောထားရယူစဉ် ထိုကိစ္စကို ကန့်ကွက်ခဲ့တာဖြစ်ပြီး ထိုကိစ္စနဲ့ပတ်သက်ပြီး ပြည်ထောင်စုလွှတ်တော် ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေရဲ့ပုဒ်မ (၇-ခ) နဲ့ (၇-ဂ) တို့ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ညီမညီဆိုတာကို သဘောထားမှတ်ချက်ပြန်ကြားပေးဖို့အတွက် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ၅၀ ဦးက လက်မှတ်ရေးထိုးပြီး ခုံရုံးကို ပေးပို့ထားဆဲဖြစ်ကြောင်း၊ ဒီအတွက် ယခုအချိန်မှာ ကော်မရှင်သက်တမ်းတိုးခြင်းကို ဆိုင်းငံ့ထားစေလိုကြောင်း အဆိုပါ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်ရဲ့ လွှတ်တော်မှာ တင်သွင်းဆွေးနွေးချက်ကိုလည်း ကြားသိခဲ့ရပါသေးတယ်။

ဒါကြောင့်မို့ ဒီကိစ္စအပေါ် ဥပဒေရေးရာအပိုင်းကနေပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ညီ မညီဆိုတာနဲ့ပြည်ထောင်စုလွှတ်တော်ရဲ့လုပ်ငန်းသဘောသဘာဝတွေအပိုင်းကို လေ့လာရင်း သူဘာတွေလုပ်ခဲ့သလဲဆိုတာတွေကို သာမန်ပြည်သူတစ်ဦးအနေနဲ့ ချဉ်းကပ်လေ့လာကြည့်ရင်း ဆောင်းပါးလေးတစ်ပုဒ် ရေးသားတင်ပြဖြစ်ဖို့ ဖြစ်လာရတာပါ။ ပထမဦးဆုံးအနေနဲ့ ဥပဒေပိုင်းဆိုင်ရာအပိုင်းကို လေ့လာကြည့်တဲ့အခါ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၁၀၂) နဲ့ ယခင် ၂၀၁၀ ပြည့်နှစ်က ပြဋ္ဌာန်းခဲ့တဲ့ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၃၊ နည်းဥပဒေ (၉၆) နဲ့ (၁၀၁)တို့အရဆိုရင်တော့ ပြည်ထောင်စုလွှတ်တော်မှာ ဥပဒေကြမ်းပူးပေါင်းကော်မတီ (Joint Bill Committee--JBC) နဲ့ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ (Joint Public Account Committee-JPAC) တို့နှစ်ခုကိုသာ ဖွဲ့စည်းခွင့်ရှိခဲ့ပါတယ်။ ဒါပေမဲ့လည်း ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှာ ပြည်ထောင်စုလွှတ်တော်က ဥပဒေအမှတ် (၂/ ၂၀၁၄)နဲ့ အသစ်ပြန်လည်ပြင်ဆင်ပြဋ္ဌာန်းခဲ့တဲ့ဥပဒေအသစ်မှာ ထပ်မံဖြည့်စွက်ခဲ့တဲ့ ပုဒ်မအသစ်တွေဖြစ်တဲ့ ပုဒ်မ (၇ခ)၊ (၇ဂ) တို့ကြောင့်သာ အခြားကော်မတီ၊ ကော်မရှင်နဲ့အဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်ခွင့်ရခဲ့ပြီး ယခင်သက်တမ်းကတည်းက ဆောင်ရွက်လာခဲ့ကြတာကိုလည်း လေ့လာတွေ့ရှိခဲ့ရပါတယ်။

ဒီလိုဆိုရင် ပြည်ထောင်စုလွှတ်တော်က ဘာလို့ဥပဒေကိုပြင်ဆင်ခဲ့တာလဲ၊ ဥပဒေပြင်ခဲ့တုန်းကရော ဘာဖြစ်ခဲ့သေးလဲ၊ ဥပဒေ မပြင်ခင်ကနဲ့ ပြင်ပြီးတဲ့အချိန်မှာရော ဘယ်လိုကော်မရှင်တွေ ဖွဲ့စည်းခဲ့သေးလဲဆိုတဲ့ လုပ်ငန်းသဘောသဘာဝအပိုင်းကို ဆက်လက်လေ့လာကြည့်တဲ့အခါ ဒီလိုဖြစ်လာဖို့အတွက် ယခင်အစိုးရသက်တမ်းကာလအစ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွေ စစချင်းဆိုသလိုမှာပဲ စတင်ရင်ဆိုင်ခဲ့ရတဲ့ အခြေအနေတွေက သူ့ကို တွန်းပို့ခြင်းခံခဲ့ရတယ်လို့ပဲ ပြောရမှာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေက သူ့ကိုပေးအပ်ထားတဲ့တာဝန်တွေဖြစ်တဲ့ ပြည်ထောင်စုလွှတ်တော်မှာသာ ဆောင်ရွက်ရတဲ့ သမ္မတရွေးချယ်တင်မြှောက်ရတာတွေ၊ ဝန်ကြီးတွေကို ရွေးချယ်ခန့်အပ်တာတွေ၊ ဌာနဆိုင်ရာတွေကိုဖွဲ့စည်းဖို့ အတည်ပြုပေးရတာတွေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးလုပ်ငန်းတွေ၊ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲတဲ့ ဥပဒေကြမ်းတွေကို ဆွေးနွေးကြရမှာတွေ၊ နိုင်ငံတော်သမ္မတထံက သဘောထားမှတ်ချက်နဲ့ပြန်လာတဲ့ ဥပဒေကြမ်းတွေကို ပြန်လည်အစီရင်ခံတင်သွင်းဆွေးနွေးကြရတာတွေ၊ နိုင်ငံတစ်ခုလုံးနဲ့ဆိုင်တဲ့ အမျိုးသားစီမံကိန်း၊ ရငွေသုံးငွေဘတ်ဂျက်နဲ့ အခွန်အကောက်ဥပဒေတွေကို စိစစ်ပြဋ္ဌာန်းပေးကြရတာတွေ၊ ပြည်ပကချေးယူမယ့်ချေးငွေတွေနဲ့ နိုင်ငံတကာနဲ့ချုပ်ဆိုမယ့် စာချုပ်တွေကို စိစစ်ပြီး အတည်ပြုပေးကြရတာတွေ၊ အိမ်နီးချင်းနိုင်ငံတွေနဲ့ နယ်နိမိတ်ကိစ္စသတ်မှတ်တာတွေ၊ ကိုယ့်ပြည်တွင်းက မြို့ရွာတွေအမည်ပြောင်းတာတွေ၊ နိုင်ငံတကာဥပဒေတွေနဲ့ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းတွေအရ ပေါ်ပေါက်လာတဲ့ကိစ္စတွေ၊ နိုင်ငံအတွင်းက သိမ်းဆည်းခံ လယ်ယာမြေကိစ္စတွေ၊ အလုပ်သမား၊ အလုပ်ရှင် အငြင်းပွားမှုပြဿနာတွေနဲ့ နိုင်ငံတကာလွှတ်တော်တွေနဲ့ ချိတ်ဆက်ဆောင်ရွက်တဲ့ကိစ္စတွေကို ပြည်ထောင်စုလွှတ်တော်အနေနဲ့ ဆောင်ရွက်ကြရတဲ့နေရာမှာ ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်ဖို့ဆိုရင် ယခင် ၂၀၁၀ ပြည့်နှစ် နယကလက်ထက်ကတည်းက ပြဋ္ဌာန်းပေးခဲ့တဲ့ အချို့သောပြဋ္ဌာန်းချက်တွေကို ပြင်ဆင်ဖို့ လိုလာတာကို ကြုံတွေ့ခဲ့ရဖွယ်ရှိပါတယ်။ ဒီလိုများမြောင်တဲ့ လုပ်ငန်းတွေကို ပြီးမြောက်အောင် အကောင်အထည်ဖော်ဆောင်ရွက်ဖို့ဆိုရင် သူ့မှာလည်း ကော်မတီ၊ ကော်မရှင်နဲ့အဖွဲ့တွေကို ထပ်မံဖွဲ့စည်းဆောင်ရွက်ဖို့လိုလာခဲ့တယ်လို့ အကောင်းဘက်ကချဉ်းကပ်ပြီး ရှုမြင်ကြည့်လို့ရနိုင်ပါတယ်။ ဒါ့ကြောင့်သာ ယခုကန့်ကွက်ခဲ့တဲ့ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်တဲ့ဥပဒေရဲ့ ပုဒ်မ (၇ခ) နဲ့ (၇ဂ)တို့ကို အသစ်ဖြည့်စွက်ခဲ့ကြတာ ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ ဒီဥပဒေပြဋ္ဌာန်းခဲ့ချိန်မှာလည်း နိုင်ငံတော်သမ္မတက ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့မညီတာမို့ လက်မှတ်မထိုးခဲ့ပေမယ့်လည်း ဒီဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ပုဒ်မ (၁၀၅) (ဂ) အရပဲ အတည်ဖြစ်ခဲ့တာပါ။

ဒါတွေကို ဘာတွေက သက်သေခံနေသလဲဆိုရင် ယခင်အစိုးရအဟောင်းရဲ့ ပထမအကြိမ် လွှတ်တော်သက်တမ်းကာလမှာတုန်းက ပြည်ထောင်စုလွှတ်တော်က ဖွဲ့စည်းဆောင်ရွက်ခဲ့ကြတဲ့ အခြားကော်မတီ၊ ကော်မရှင်နဲ့ အဖွဲ့ရှစ်ခုက သက်သေခံခဲ့ပါတယ်။ ဒါတွေကတော့ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရခြင်းကြောင့် ပြည်သူများနစ်နာမှု




မရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်၊ အလုပ်သမား အလုပ်ရှင် အခွင့်အရေး လေ့လာသုံးသပ်ရေးကော်မရှင်၊ အမျိုးသားစီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းများ စိစစ်ရေးပူးပေါင်းကော်မတီ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ လေ့လာဆန်းစစ်ရေး ပူးပေါင်းကော်မတီ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှုကော်မတီ၊ အာဆီယံ ပါလီမန်များညီလာခံဆိုင်ရာ ပူးပေါင်းကော်မတီ၊ နိုင်ငံတကာပါလီမန်များအဖွဲ့ဆိုင်ရာ ပူးပေါင်းကော်မတီနဲ့ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့တို့ပဲ ဖြစ်ပါတယ်။ ဒါတွေကိုသူဘာလို့ဥပဒေကိုပြင်ဆင်ပြီးဖွဲ့ခဲ့တာလဲဆိုတော့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၉၆) နဲ့ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ (၄၂) တို့အရ ပြည်ထောင်စုလွှတ်တော်ကို အပ်နှင်းထားတဲ့ ဥပဒေပြုခွင့်အခွင့်အာဏာအရ သူဆောင်ရွက်ခဲ့တာဖြစ်တယ်လို့ပဲ သုံးသပ်ရမှာပါ။ သူ့အနေနဲ့ ဥပဒေပြုရေးအာဏာကို အမြင့်ဆုံးရရှိထားပြီး အခြေခံဥပဒေဇယား (၁) မှာပါတဲ့ ကဏ္ဍအားလုံးအတွက် ဥပဒေရေးဆွဲပြဋ္ဌာန်းဆောင်ရွက်ခွင့် သူ့မှာအပြည့်အဝရှိနေတယ်ဆိုတဲ့ အချက်ကလည်း ငြင်းမရသလိုပါပဲ။

ဒီအချက်တွေအပြင် အခြားရှုထောင့်ကကြည့်မယ်ဆိုရင်လည်း ပြည်ထောင်စုလွှတ်တော်ဆိုတာ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်နှစ်ရပ်ကို ပေါင်းထားတာဖြစ်တဲ့အတွက် အခြေခံဥပဒေပုဒ်မ (၁၁၈) (က)နဲ့ (၁၅၁) တို့အရ အဆိုပါလွှတ်တော်နှစ်ရပ်ကို ပေးထားတဲ့ကော်မရှင်ဖွဲ့စည်း ခွင့်ဆိုတာကိုလည်း သူက အလိုလိုရရှိပြီးသားဖြစ်နေတယ်လို့ ကောက်ယူကြည့်ရင် ရနိုင်ပါသေးတယ်။ ဥပဒေတစ်ခုမှာ စာနဲ့ရေးထားတဲ့ ပြဋ္ဌာန်းချက် (Letter of Law) နဲ့ စာနဲ့ရေးသားမဖော်ပြဘဲ ဥပဒေရဲ့ သဘောသဘာဝအရ ဆက်စပ်နှီးနွှယ်ပြီး ဆောင်ရွက်ကြရတဲ့ ဥပဒေရဲ့ အနှစ်သာရ (Sprit of Law) ဆိုတာလည်း ရှိတာဖြစ်တဲ့အတွက် ဒီလိုတွေးယူကြည့်ရင် ရနိုင်မှာပါ။

နောက်တစ်ခုက ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း (၄) ဥပဒေပြုရေးအခန်းကို လေ့လာကြည့်ရင် ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်တွေကို လုပ်ငန်းတာဝန်ခွဲခြားမှုမရှိဘဲ တန်းတူအခွင့်အရေးပေးထားတာကိုမြင်နိုင်ပါတယ်။ ဒီမိုကရေစီကျင့်စဉ်အရ ပေါ်ပေါက်လာတဲ့လွှတ်တော်နှစ်ရပ်စနစ် (Bicameral) အရ ဥပဒေပြုရေးလုပ်ငန်းစဉ် (Law Making Process) တွေကို ဆောင်ရွက်ကြရတဲ့နေရာမှာ သူ့မဏ္ဍိုင်တစ်ခုအတွင်းမှာတင် အပြန်ပြန် အလှန်လှန် ထိန်းကျောင်းတဲ့စနစ် (Check & Balance) အားကောင်းအောင် စီမံရေးဆွဲထားခဲ့တာဖြစ်ပြီး အင်္ဂလန်နိုင်ငံက (House of Commons) နဲ့ (House of Lords) ဆိုတဲ့ အထက်လွှတ်တော်နဲ့ အောက်လွှတ်တော်နှစ်ရပ်လို သီးခြားတာဝန် ခွဲပေးထားတာမျိုးမရှိပါဘူး။ အခြေခံဥပဒေအရဆိုရင် အိန္ဒိယနိုင်ငံရဲ့လွှတ်တော်နဲ့ သွားဆင်တူနေပါတယ်။ ဥပဒေပြုတဲ့ကိစ္စ၊ အစိုးရကိုထိန်းကျောင်းတဲ့ အဆို၊ မေးခွန်းတွေကိစ္စကလွဲလို့ ကျန်တဲ့ နိုင်ငံရေးရာအဖြာဖြာသောကိစ္စတွေကို လွှတ်တော်နှစ်ရပ်ပေါင်းပြီးသာဆောင်ရွက်ကြရတာမို့ အဲ့ကိစ္စတွေကို ဆောင်ရွက်ရတဲ့ ပြည်ထောင်စုလွှတ်တော်မှာလည်း ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်တို့ ကဲ့သို့ ကော်မရှင်၊ ကော်မတီဖွဲ့စည်းခွင့်တွေကို ပေးအပ်ထားကြရမှာပဲဖြစ်ပါတယ်။ ဒါပေမဲ့လည်း အခြေခံဥပဒေပါပြဋ္ဌာန်းချက်ရဲ့အားနည်းချက်ကြောင့်သာ ကျန်နေခဲ့တာလည်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။

ဒါကိုမြင်အောင် အနီးစပ်ဆုံးဥပမာအနေနဲ့တင်ပြရရင် ပြည်ထောင်စုလွှတ်တော်မှာသာ ဆွေးနွေးပြဋ္ဌာန်းကြရပြီး အစိုးရအဖွဲ့ကသာ တင်သွင်းဆောင်ရွက်ခွင့်ရှိတဲ့ တစ်နိုင်ငံလုံးနဲ့ဆိုင်တဲ့ အမျိုးသားစီမံကိန်းဥပဒေ၊ ဘတ်ဂျက်ဥပဒေနဲ့ အခွန်အကောက်ဥပဒေတွေအတွက် လွှတ်တော်က စိစစ်ကြရမယ်ဆိုရင် အခြေခံဥပဒေနဲ့ ယခင်ဥပဒေအဟောင်းက ပေးအပ်ထားတဲ့ အခွင့်အာဏာအရ သူ့မှာ ဖွဲ့စည်းဆောင်ရွက်ခွင့်ရှိတဲ့ ဥပဒေကြမ်းပူးပေါင်းကော်မတီနဲ့ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီနှစ်ခုတည်းကပဲ စိစစ်မှုတွေကို ပြီးပြည့်စုံအောင် ပြုလုပ်နိုင်မလား၊ ဒါမှမဟုတ် အခြားလွှတ်တော်ကိုယ်စားလှယ်တွေပါဝင်တဲ့ စိစစ်ရေးပူးပေါင်းအဖွဲ့တွေ ထပ်ဖွဲ့ပြီးတော့ စစ်ဖို့လိုမလား ဆိုတဲ့အချက်ကလည်း စဉ်းစားစရာပါ။ အခုလက်တွေ့အခြေအနေမှာဆိုရင်လည်း စိစစ်ရေးပူးပေါင်းအဖွဲ့ ၁၇ ဖွဲ့ကို အသေအချာဖွဲ့စည်းပြီး အုပ်ချုပ်ရေးမဏ္ဍိုင်ကို ပြန်လည်ထိန်းကျောင်းဖို့အတွက် စိစစ်ရေးကိစ္စတွေကို အသေးစိတ်လုပ်ဆောင်နေကြတာကိုလည်း ဌာနဆိုင်ရာတွေကို မေးကြည့်ရင် ဒီအဖြေကို သိနိုင်ပါတယ်။

ဒီအတွက် အချုပ်အားဖြင့်တင်ပြရရင် အခုကိစ္စဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ညီခြင်း၊ မညီခြင်းဆိုတာထက် ဥပဒေတွေရဲ့သဘောသဘာဝအရ ဥပဒေပြဋ္ဌာန်းချက် (Issue တွေရဲ့အားနည်းချက်ကြောင့် ဖြစ်ပေါ်လာတတ်တဲ့ ဥပဒေဆိုင်ရာပဋိပက္ခ (Conflict of Law) လို့ အမိပ္ပာယ်ဖော်ကြည့်ရင်လည်း ရနိုင်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့လစ်ဟာချက်

**ဒီအတွက် အချုပ်အားဖြင့်တင်ပြရရင် အခုကိစ္စဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ညီခြင်း၊ မညီခြင်းဆိုတာထက် ဥပဒေတွေရဲ့ သဘောသဘာဝအရ ဥပဒေပြဋ္ဌာန်းချက် Issue တွေရဲ့အားနည်းချက်ကြောင့် ဖြစ်ပေါ်လာတတ်တဲ့ ဥပဒေဆိုင်ရာပဋိပက္ခ (Conflict of Law) လို့ အမိပ္ပာယ် ဖော်ကြည့်ရင်လည်း ရနိုင်ပါတယ်။**

တစ်ခုကြောင့်သာ ဖြစ်နိုင်တာပါ။ ယနေ့လက်ရှိကျင့်သုံးနေတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို လေ့လာကြည့်မယ်ဆိုရင်လည်း သူ့ကိုစတင်ရေးဆွဲဖို့ သန္နိဋ္ဌာန်ချမှတ်... သန္ဓေတည်လာခဲ့တာက ၁၉၉၃ ခုနှစ်ကဖြစ်ပြီး ၂၀၀၄ ခုနှစ်မှာ စတင်ရေးဆွဲလို့ ၂၀၀၈ ခုနှစ်မှာ အတည်ပြုခဲ့တာကို ဖြစ်တဲ့အတွက် အချို့အချို့သောပြဋ္ဌာန်းချက်တွေဟာ အနာဂတ်အတွက် စိတ်ကူးနဲ့ရေးဆွဲထားသလိုဖြစ်နေတယ်ဆိုတာလည်း ငြင်းမရပါဘူး။ နောက် အသေချာဆုံးပြောနိုင်တဲ့တစ်ချက်ကတော့ ဒီစာအုပ်အစိမ်းကြီးတစ်အုပ်ထဲမှာတင် အလွန်များပြားလှတဲ့ နိုင်ငံ့ရေးရာအဖြာဖြာသော အသေးစိတ်လုပ်ငန်းတွေကို တိတိကျကျ ဘယ်သူကများ ထည့်သွင်းရေးဆွဲထားနိုင်ပါ့မလဲဆိုတဲ့ အချက်ပါ။ နောက်ထပ်ပြီး ပြောလို့ရနိုင်တာလည်း ရှိပါသေးတယ်။ပြည်ထောင်စုလွှတ်တော်အနေနဲ့ အခြေခံဥပဒေကပေးထားတဲ့ သူ့ရဲ့လုပ်ငန်းတာဝန်တွေကို သူ အောင်မြင်အောင် အကောင်အထည်ဖော်ဖို့ ဆောင်ရွက်တဲ့နေရာမှာ သူ ဆောင်ရွက်ခဲ့တဲ့လုပ်ငန်းတွေဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ညီသည်ဖြစ်စေ၊ မညီသည်ဖြစ်စေ သေချာတာကတော့ နိုင်ငံတော်နဲ့နိုင်ငံသားတွေရဲ့ အကျိုးစီးပွားတွေကို ဖော်ဆောင်ဖို့၊ နိုင်ငံ့ရဲ့ရှေးအနာဂတ်ကောင်းမွန်စေဖို့နဲ့ နောင်ဆက်လက်ဆောင်ရွက်မယ့် လွှတ်တော်ကိုယ်စားလှယ်တွေ အဆင်ပြေချောမွေ့စေဖို့အတွက်သာ ဖြစ်တယ်ဆိုတဲ့ အချက်ပါပဲ။

နောက်တစ်မျိုးကတော့ ဥပဒေတစ်ခုရဲ့အားနည်းချက်၊ အားသာချက်၊ ချို့ယွင်းချက်၊ လစ်ဟာချက်ကို ဒီဥပဒေကို ကိုင်တွယ်ကျင့်သုံးပြီး မြေပြင်မှာ လက်တွေ့အကောင်အထည်ဖော်နေကြတဲ့သူတွေကသာ သိနိုင်ကြတဲ့အရာမျိုးပါ။ ဒါ့ကြောင့်သာ ပြင်ဆင်ခဲ့တဲ့ဥပဒေတိုင်းကို လေ့လာကြည့်ရင် ကိုင်တွယ်ကျင့်သုံးတဲ့ (Focal Ministry) တွေကပဲစပြီး ဥပဒေမူကြမ်း (Draft) ရေးဆွဲလေ့ရှိကြပြီး အဖန်ဖန်စိစစ်ပြင်ဆင်လို့ ဥပဒေကြမ်း (Bill) အဆင့်ရောက်မှသာ လွှတ်တော်ကို တင်သွင်းကြလေ့ရှိပါတယ်။ ဆိုလိုချင်တာကတော့ ပြောင်းလဲလာတဲ့နိုင်ငံရေးအခြေအနေ၊ မတူညီတော့တဲ့စနစ်ရဲ့လုပ်ငန်းသဘောသဘာဝတွေအကြားမှာ လိုက်ပါပြောင်းလဲပြီး ပြင်သင့်တာကိုပြင်၊ ဖြည့်စွက်သင့်တာကို ဖြည့်စွက်လို့ နိုင်ငံတော်နဲ့နိုင်ငံသားတွေရဲ့အကျိုးစီးပွားအတွက် ဆောင်ရွက်ကြရမှာပါ။ ဒါကိုပဲ တရားသေဆုပ်ကိုင်ထားဖို့ မဟုတ်ပါဘူး။ ဥပမာအနေနဲ့ ထိုင်းနိုင်ငံဆိုရင် သူတို့ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခဲ့တာ အကြိမ် ၂၀ ရှိနေပြီး အင်ဒိုနီးရှားနိုင်ငံဆိုရင်လည်း ယခင်က သူတို့ကျင့်သုံးတဲ့ အခြေခံဥပဒေကိုပြင်ပြီး သူတို့နိုင်ငံလွတ်လပ်ရေးရစဉ်က ကျင့်သုံးခဲ့တဲ့ ဒီမိုကရေစီစနစ်နဲ့ညီအောင် အဲ့တုန်းကရေးဆွဲခဲ့တဲ့ အခြေခံဥပဒေကိုပဲ အခုအချိန်မှာ ပြန်လည်အနည်းငယ်မွမ်းမံပြီး ကျင့်သုံးနေတာကို လေ့လာကြည့်ရင် မြင်နိုင်ပါကြောင်း ရေးသားတင်ပြလိုက်ပါတယ်။

**ရန်ကြီးအောင် (ဥပဒေ)**




(တစ်)

ယခုရက်ပိုင်းအတွင်းဖတ်ခဲ့ရသော ဂျာနယ်ပါသတင်းတစ်ပုဒ်ကို အခြေခံပြီး ဤဆောင်းပါးကို ရေးလိုက်ရခြင်းဖြစ်ပါသည်။ ပြောစရာတွေကလည်း ရင်ထဲမှာ အများကြီးရှိနေ၍ ဖြစ်ပါသည်။ သတင်းခေါင်းစဉ်မှာ 'အမျိုးသားဆရာများ ပိုမိုပေါ်ထွန်းလာရေး ကျောင်းဆရာဝင်ငွေစိန်ခေါ်မှုဖြစ်နေ' တဲ့။ ဖတ်ကြည့်လိုက်သောအခါ 'ကျောင်းဆရာလစာဝင်ငွေမှာ နည်းပါးလွန်းနေသဖြင့် ဆရာဘဝကို မလုပ်လိုကြောင်းနှင့် ပညာရေးဌာနတွေမှာ ရာထူးတိုးတာအရမ်းနှေးတဲ့အတွက် မလုပ်လိုကြောင်း' စသဖြင့် ရေးထားသည်ကို တွေ့ရပါသည်။ သတင်းအဓိကဆိုလိုချင်သည်မှာ ကျောင်းတွေ၊ တက္ကသိုလ်တွေမှာ ဆရာတွေ ရှားပါးလာခြင်းကို ဦးတည်ပြောလိုခြင်းဖြစ်ပါသည်။ ပညာရေးအရည်အသွေးက နိမ့်ဆင်းနေရတဲ့အထဲ ဆရာတွေ ရှားပါးလာတယ်ဆိုတော့...။ ဟူး...သက်ပြင်းမောကြီးကိုသာ ကျွန်တော်မှုတ်ထုတ်လိုက်မိပါသည်။ ကျွန်တော် ပညာရေးကို ဆက်မတွေးချင်တော့ပါ။ ဆက်မတွေးချင်သော်လည်း 'ဆိုရေးရှိက ဆိုအပ်စွ' ဆိုသည့်အတိုင်း ပြောစရာရှိတာတွေကိုတော့ ပြောရမှာပဲဖြစ်ပါသည်။ သည်နေရာတွင် စကားတစ်ခု ကျွန်တော် ခံထားချင်ပါသည်။ ကျွန်တော်သည် ပညာရေးပညာရှင်တစ်ယောက် မဟုတ်ပါဟူသည့်စကားပဲ ဖြစ်ပါသည်။ ထားတော့။ ဆရာတွေ ရှားပါးလာခြင်းအပေါ် ကျွန်တော် မြင်မိတာလေးတွေ၊ ကိုယ်တွေ့ကြုံခဲ့ရတာလေးတွေကို အပြုသဘောဆောင် ဆွေးနွေးထောက်ပြမှာပဲဖြစ်ပါသည်။ အတွေး သင့် မသင့်၊ မှန် မမှန်ကို စာဖတ်သူကိုယ်တိုင်သာ ဆင်ခြင်သုံးသပ်ကြည့်ပါရန်။

**သေချာတာတစ်ခုကတော့ ဆရာ၊ ဆရာမတွေကိုယ်တိုင်က အရည်အသွေးရှိ၊ အသင်အပြကောင်းမှသာလျှင် ဆရာ၊ ဆရာမတွေနှင့် အချိန်ပြည့် နီးနီးကပ်ကပ် နေရသော ကျောင်းသား၊ ကျောင်းသူတွေမှာလည်း ဆရာ၊ ဆရာမ ဖြစ်ချင်စိတ်တွေ တဖွားဖွားပေါ်ပေါက်လာမှာပဲ ဖြစ်ပါသည်။**

(နှစ်)

ပထမအချက်အနေနှင့် ဆရာတွေ ရှားပါးလာရခြင်းမှာ လစာငွေကိစ္စပဲ ဖြစ်ပါသည်။ တစ်ဦးတစ်ယောက်တည်း နေထိုင်သူတွေအတွက် လစာတစ်သိန်းကျော်ကျော်မှာ တာဝန်မရှိသော်လည်း ကိုယ့်မိသားစု စားဝတ်နေရေးကို ဦးဆောင်နေသူ ဆရာများ၊ အမိအဖ၊ ညီအစ်ကို၊ မောင်နှမတို့ကို ပြန်လည်ထောက်ပံ့ကျွေးမွေးမှုပြုနေကြသော ဆရာများ အနေနှင့် လစာငွေ တစ်သိန်းကျော်ကျော်မှာ ဘာမှလုပ်လို့မရပါ။ နေလာနှင်းပျောက်ပမာ ဖြစ်ပါသည်။ လစာငွေတစ်သိန်းကျော်ကျော်က မိသားစု စားဝတ်နေရေးကို ဘယ်လိုမှ မထိန်းသိမ်းနိုင်၊ မကာကွယ်နိုင်ဘဲ ဖြစ်ပါသည်။ လစာငွေကိစ္စပြောနေသည်မှာ အခုမှမဟုတ်ပါ။ ဆရာသိန်းဖေမြင့် (စာရေးဆရာ) တို့လက်ထက်တုန်းက စပြောခဲ့တာဟုဆိုလျှင် ယုံကြည်ပါ့မလားမသိ။ ဟိုတုန်းက ဗိုလ်တထောင်သတင်းစာဟူ၍ ရှိပါသည်။ ထိုသတင်းစာမှာ အယ်ဒီတာချုပ်လည်း လုပ်ခဲ့၊ ပင်တိုင်ဆောင်းပါးရှင်အဖြစ်လည်း ရေးခဲ့သော ဆရာသိန်းဖေမြင့်က ကဏ္ဍတစ်ခုကို တာဝန်ယူရေးပါသည်။ ထိုကဏ္ဍ၏အမည်က 'ပွင့်ပွင့်လင်းလင်းပြောပါရစေ' ကဏ္ဍပဲ ဖြစ်ပါသည်။ 'မြန်မာ့ပညာရေးလောက မိန်းမများ ကြီးစိုးတော့မည်လော' ဟူ၍ဖြစ်သည်။ ဘာကြောင့် အခုလိုဖြစ်နေရသလဲနှင့်ပတ်သက်၍ ဆရာသိန်းဖေမြင့် သုံးသပ်ခဲ့ပုံကလေးတွေကိုလည်း ကျွန်တော် အမှတ်ရနေမိပါသည်။ ဆရာ၊ ဆရာမတို့၏ လစာဝင်ငွေ နည်းပါးခြင်းတဲ့။ မြန်မာ့လူ့အဖွဲ့ အစည်း၌ အမျိုးသားများက အိမ်ထောင်ဦးစီးဖြစ်လေ့ရှိရာ မိသားစုတစ်စု၏ စားဝတ်နေရေး၊ ပညာသင်ကြားရေး၊ လူမှုရေးကိစ္စအဝဝတို့ကို မိမိလစာငွေဖြင့် ဦးဆောင်ဖြေရှင်းရန် မဖြစ်နိုင်တော့သောအခါ စာသင် ခန်းများကို သူတို့ကျောခိုင်းလိုက်ကြသတဲ့။ ဆရာသိန်းဖေမြင့်၏ ယနေ့ထက် ထိအောင်လည်း မှန်နေသော ခေတ်ရှေ့ပြေး သုံးသပ်သွားပုံလေးကို ကျွန်တော် အစွဲကြီးစွဲမိသွားသည်။ ဒီဘက်ခေတ်တွင်လည်း စာရေးဆရာ တွေက ဖန်တစ်ရာတေအောင် ပြောနေကြ၊ ရေးနေကြဆဲ ဖြစ်ပါသည်။ သြော်...ခေတ်အဆက်ဆက်ကသူတွေက ဘယ်လောက်ပဲ ရေးခဲ့ရေးခဲ့၊ ပြောခဲ့ပြောခဲ့ ယနေ့ထက်ထိ မပြင်နိုင်သေးသော လစာဝင်ငွေကိစ္စပဲ မဟုတ်ပါလား။

(သုံး)

ဒုတိယအချက်အနေနှင့်ပြောချင်သည်မှာ ဆရာ၊ ဆရာမတွေပဲ ဖြစ်ပါသည်။ ကျွန်တော်ကိုယ်တိုင်ကလည်း ကျောင်းဆရာတစ်ယောက်ပဲ ဖြစ်ပါသည်။ ကိုယ့်ပေါင် ကိုယ်လှန်ထောင်းရသည်မှာ ကောင်းတော့ မကောင်း၊ သို့သော် မတတ်နိုင်ပါ။ ပြောစရာရှိတာကိုတော့ ရဲရဲဝံ့ဝံ့၊ မကွယ်မဝှက်၊ မရှက်မကြောက် ပြောရမှာပဲ ဖြစ်ပါသည်။ ဆရာ၊ ဆရာမတွေအနေနှင့် ကျောင်းသား၊ ကျောင်းသူလေးတွေကို ဆရာ၊ ဆရာမဖြစ်ချင်လာအောင် (တစ်နည်းအားဖြင့်) စာသင်ချင်စိတ် ပေါ်ပေါက်လာအောင် စည်းရုံး သိမ်းသွင်းနိုင်တဲ့ အရည်အချင်းမရှိလို့ပဲ ဖြစ်ပါသည်။ ဆရာ၊ ဆရာမတွေကိုယ်တိုင်က ပညာရေးကို စိတ်ဝင်စားပုံမပြ၊ ပင်ကိုအရည်အသွေးမရှိမှတော့ သင်ကြားခံရသူတပည့်တွေ ပညာရေးကို စိတ်မဝင်စားတာ အဆန်းတကြယ်မရှိပါ။ ကျွန်တော်ဆိုရင်လည်း ပညာရေးကို အစက သိပ်စိတ်မဝင်စားပါ။ သို့သော် ရန်ကုန် ပညာရေးတက္ကသိုလ်ရောက်တော့မှ အရည်အသွေးရှိသူ ဆရာ၊ ဆရာမအချို့၏ အသင်အပြကောင်းမှု၊ ဘာသာရပ်ကို ခရေစေ့တွင်းကျ ပိုင်နိုင်ကျွမ်းကျင်မှုကြောင့် ပညာရေးကို အထူးစိတ်ဝင်စားသွားရခြင်းဖြစ်ပါသည်။ အထူးသဖြင့် ပြင်ပဗဟုသုတတွေကို ရွှန်းရွှန်းဝေအောင် ပြောတတ်သော ဆရာမောင်သာချို၊ ဘာသာရပ်ကို ကျွမ်းဝင်ပိုင်နိုင်သော ဆရာမ ဒေါ်ချောစုမာဝင်း၊ ဆရာစိတ်တွေဝင်လာအောင် အမြဲတမ်း ပြုံးပြုံးရွှင်ရွှင်မျက်နှာထားဖြင့် ပြောပြတတ်၊ သင်ပြတတ်သော ဆရာဒေါက်တာမောင်မောင် စသူတို့ဖြင့် သင်ကြားခံရသောအခါ ပညာရေးကို အထူးစိတ်ဝင်စားသွားတာ မဆန်းကြယ်လှပါ။ သည်နေရာတွင် ပြောစရာရှိလာပြန်ပါသည်။ ဆရာ၊ ဆရာမတွေကိုယ်တိုင်က အရည် အသွေးရှိ၊ သင်ပြမှုကောင်းပါလျက် ဘာကြောင့် ကျောင်းသား၊ ကျောင်းသူတွေ ပညာရေးကို စိတ်မဝင်စားတာလဲလို့။ အဲဒါကိုတော့ ကျွန်တော်လည်း ပြောမပြတတ်ပါ၊ မတတ်နိုင်ကြောင်းပါ။ သေချာတာတစ်ခုကတော့ ဆရာ၊ ဆရာမတွေကိုယ်တိုင်က အရည်အသွေးရှိ၊ အသင်အပြကောင်းမှသာလျှင် ဆရာ၊ ဆရာမတွေနှင့် အချိန်ပြည့် နီးနီးကပ်ကပ်နေရသော ကျောင်းသား၊ ကျောင်းသူတွေမှာလည်း ဆရာ၊ ဆရာမ ဖြစ်ချင်စိတ်တွေ တဖွားဖွားပေါ်ပေါက်လာမှာပဲ ဖြစ်ပါသည်။

(လေး)

တတိယအချက်အနေနှင့်ပြောချင်သည်မှာ ပတ်ဝန်းကျင်နှင့်မိတ်ဆွေတွေပဲ ဖြစ်ပါသည်။ ကျွန်တော်တို့ လူမှုအသိုင်းအဝိုင်းက ကျောင်းဆရာ၊ ဆရာမတွေဆိုလျှင် အထင်သေးတတ်ကြပါသည်။ ပတ်ဝန်းကျင်က ကျွန်တော်တို့ဆရာ၊ ဆရာမတွေကို 'ကြိမ်ခွေ' ဟု တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်မျိုး ပြောဆိုတာတွေကို ကျွန်တော့်နားနှင့်ဆတ်ဆတ် ကြားခဲ့ရဖူးပါသည်။ ကြိမ်ခွေဆိုတာက ဖောင်ကွပ်ရာတွင်သုံးသော ကြိုးတစ်မျိုးလည်းဖြစ်ပါသည်။ ဖောင်ကွပ်ဆိုတော့ 'ဖွတ်ကောင်' ဟု ဆိုလိုက်ခြင်းဖြစ်ပါသည်။ ဆရာတစ်ယောက်ဖြစ်သူ ကျွန်တော် အဲဒီအသံကြားတိုင်း မျက်ရည်စို့ရပါသည်။ ပတ်ဝန်းကျင်ကစကားတွေကို နားမထောင်နဲ့၊ ကိုယ့်ဘာသာ လုပ်စရာရှိတာ ဆက်လုပ်နေဟု ပြောစရာရှိလာပါသည်။ သို့ရာတွင် လူဆိုသည်မှာ လူမှုအသိုင်းအဝိုင်းနှင့်နေသော သတ္တဝါတစ်မျိုးလည်းဖြစ်ပါသည်။ ကျောက်တုံး၊ ကျောက်ဆောင်များတောင် လှုပ်ပါများရင် နဲ့သေးတာ။ အသွေးအသားနှင့်တည်ဆောက်ထားသောလူဆိုလျှင် ပြောမနေပါနှင့်တော့။ ပတ်ဝန်းကျင်ကစကားတွေကို နားထောင်၊ နားယောင်ပြီး စဉ်းစား သုံးသပ်ဝေဖန်နိုင်စွမ်းနည်းသော မိတ်တွေကိုယ်တိုင်ခများမှာလည်း 'အင်း၊ ဟုတ်' လုပ်ပြီး ရောယောင်လိုက်သွားပါသည်။ ထိုအခါကလေးမှာ ပညာရေးကို လုံးဝစိတ်မဝင်စားပါလေတော့။ ထို့ကြောင့် ဆရာတွေ ရှားပါးလာရခြင်းမှာ ပတ်ဝန်းကျင်နှင့်မိတ်တွေ၏ အခန်းကဏ္ဍလည်း အနည်းနှင့်အများ သက်ရောက်မှုရှိပါသည်။

(ငါး)

စတုတ္ထအချက်အနေနှင့်ပြောချင်သည်မှာ တက္ကသိုလ်၊ ကောလိပ်တွေက ဝင်ခွင့်ခေါ်မှုပုံစံတွေနှင့် အမှတ်တွေပဲ ဖြစ်ပါသည်။ ကျွန်တော် ရန်ကုန်ပညာရေးတက္ကသိုလ်ကိုဝင်ခွင့်ရတော့ ယောကျ်ားလေးဝင်ခွင့်ရမှတ်က အနည်းဆုံး ၄၂၀ ပဲ ဖြစ်ပါသည်။ မိန်းကလေးဝင်ခွင့်ရမှတ်က ၄၅၄ ဖြစ်ပါသည်။ ဒီရမှတ်တွေက သိပ္ပံတွဲတွေနှင့်အောင်သောသူတွေ အတွက် ဝင်ခွင့်ရမှတ်တွေပဲ ဖြစ်ပါသည်။ ကျန်သောဘာသာတွဲတွေနှင့် အောင်သောသူတွေအတွက်လည်း ဝင်ခွင့်ရမှတ်တွေက ထိုနည်းနှင်နှင် ဖြစ်ပါသည်။ ပညာရေးကောလိပ်ဝင်ခွင့်ရမှတ်တွေကတော့ ထို့ထက် နည်းနည်း။ ဆိုလိုသည်မှာ ဝင်ခွင့်ရမှတ်တွေက အနည်းငယ်များနေခြင်း ဖြစ်ပါသည်။ ဒီရမှတ်အတိုင်းသာဆို ယောကျ်ားလေးတွေက ဘာသာရပ် တစ်ခုချင်းစီကို ၇၀ ကျော်မှ ဝင်ခွင့်ရမည်၊ မိန်းကလေးတွေကလည်း တစ်ဘာသာကို အနည်းဆုံး ပျမ်းမျှ ၈၀ (ဂုဏ်ထူး) မှတ်ရမှဖြစ်မည်ဆိုသည့်သဘောဖြစ်သည်။ ထိုသို့ဝင်ခွင့်ရမှတ်တွေက များပြားနေခြင်းကြောင့် တကယ် ဆရာ၊ ဆရာမ ဘဝကို မြတ်နိုးတွယ်တာလွန်းသော၊ လုပ်ချင်လွန်းသောသူတွေအတွက် အမှန်တကယ် နစ်နာသွားပါသည်။ တိုင်းပြည်အတွက်လည်း အဖိုးတန် လူ့စွမ်းအားအရင်းအမြစ်တစ်ခု ဆုံးရှုံးသွားခြင်းပဲ ဖြစ်ပါသည်။ ကျွန်တော်က အမှတ်တွေ ဖောဖောသီသီဖြင့်ခေါ်ဖို့ ပြောနေခြင်းမဟုတ်ပါ။ များပြားလွန်းနေသောအမှတ်တွေကို အနည်းငယ်လောက်လျှော့၊ လူကိုယ်တိုင်တွေ့ပြီး ပညာရေးကို စိတ်ဝင်စားမှု ရှိ၊ မရှိ အနည်းငယ်တီးခေါက်ကြည့်ပြီး ဝင်ခွင့်ခေါ်ဖို့ ပြောနေခြင်းဖြစ်ပါသည်။ နောက်တစ်ခုက ဆရာ၊ ဆရာမ ဦးရေ ဝင်ခွင့်အချိုးဖြစ်ပါသည်။ ကျွန်တော် ရန်ကုန်ပညာရေးတက္ကသိုလ် စဝင်တော့ စုစုပေါင်းမိန်းကလေးကော၊ ယောကျ်ားလေးပါ ၃၅၀ ကျော် ခေါ်ပါသည်။ ဒီအထဲမှာ မိန်းကလေးက ၂၅၀ လောက်၊ ယောကျ်ားလေး ဦးရေက ၁၀၀ ဝန်းကျင်လောက်၊ ယောကျ်ားလေးက သုံးပုံပုံ တစ်ပုံ။ ဒီလူတွေအကုန်လုံးက ကျောင်းပြီးသောအခါ အကုန်လုံးအောင်၊ အားလုံးလုပ်ငန်းခွင်ဝင်ခွင့်ရမယ်လို့ မည်သူမျှ အတပ်မပြောနိုင်။ ကျွန်တော်တို့ ပထမနှစ်တစ်နှစ်ဖြေပြီးသောအခါ ကျောင်းသား ၈၀ ကျော် ကျပါသည်။ ထို့အပြင် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းထွက်လိုက်ရသူတွေ၊ အိမ်ထောင်ကျသွားသူတွေ၊ သေဆုံးသွားသူတွေလည်း ရှိပါသည်။ ထို့ကြောင့် ကျောင်းပြီးသောအခါ ၂၀၀ ဝန်းကျင်လောက်ပဲ ရှိပါတော့သည်။ ဒီအထဲမှာ မိန်းကလေးဦးရေက ၁၅၀ ဝန်းကျင်လောက်၊ ယောကျ်ားလေးဦးရေက ၅၀ ဝန်းကျင်လောက်ပဲ ကျန်ပါတော့သည်။ သို့ဖြစ်သောကြောင့် ယောကျ်ားလေးဦးရေကို များများခေါ်ယူစေချင်ပါသည်။ ဒါမှသာ 'ဒူးလောက်တင်မှ ရင်လောက်ကျ' ပါမည်။ ယခုဆိုလျှင် '၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် ရန်ကုန်နှင့်စစ်ကိုင်းမြို့ရှိ ပညာရေးတက္ကသိုလ်များ၏ ပထမနှစ်သင်တန်းဝင်ခွင့်အတွက် အမျိုးသား ၅၀ ရာခိုင်နှုန်းနှင့် အမျိုးသမီး ၅၀ ရာခိုင်နှုန်း အချိုးကျခေါ်ယူသွားမည်' ဟု ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအေးအေးမြင့်ပြော သည်ကို ဖတ်ရသောအခါ ကျွန်တော် အလွန်ဝမ်းသာသွားပါသည်။ ကျွန်တော် ထပ်ပြောပါရစေ။ ယောကျ်ားလေးဝင်ခွင့်အချိုးကို များများ ခေါ်ယူစေချင်ပါသည်။ ဒါမှသာ ပညာရေးမှာ ကျောင်းဆရာရှားပါးမှုဒဏ်ကို ကာကွယ်နိုင်မှာပဲ ဖြစ်ပါသည်။

(ခြောက်)

ကျွန်တော် ရှေ့နားမှာဆိုခဲ့သလို အထက်ပါအချက်အလက်များသည် ပညာရေးမှာ ကျောင်းဆရာရှားပါးမှု ဖြစ်ရခြင်းအကြောင်းအရင်းအချို့ပဲ ဖြစ်ပါသည်။ ဒီထက်မက အကြောင်းအရင်းပေါင်းများစွာလည်း ရှိပါလိမ့်ဦးမည်။ အထက်ပါအချက်တွေက ကျွန်တော့်ဉာဏ်အမြင် တစ်ထွာတစ်မိုက်နှင့် သုံးသပ်ပြလိုက်ခြင်းသာ ဖြစ်ပါသည်။ စာဖတ်သူများကိုယ်တိုင် ဆင်ခြင်ကြည့်ပါရန်။ အထူးသဖြင့် ပညာရေးမှာ ဆုံးဖြတ်ပေးနိုင်တဲ့ပုဂ္ဂိုလ်များ တွေးချိန်ချင့်နိုင်ပါစေကြောင်း...။

**မောင်သာစိုး (ပြည်)**

# အခြေခံပညာရေးဥပဒေမူကြမ်း လွှတ်တော်သို့ ပေးပို့ထားဟုဆို

ရန်ကုန်၊ မတ် ၁

ပထမအကြိမ်လွှတ်တော်တွင်အတည်မပြုနိုင်ခဲ့သည့် အခြေခံပညာရေး ဥပဒေကြမ်းကို ပြန်လည်သုံးသပ်ပြီး ယခုအခါ လွှတ်တော်သို့ပေးပို့ထားပြီးဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဒေါက်တာခိုင်မြဲက ပြောကြားသည်။

ပြန်သုံးသပ်ရာတွင် အမျိုးသားပညာရေး မူဝါဒကော်မရှင် တာဝန်ရှိသူများက တစ်ဖွဲ့ အခြေခံပညာဦးစီးဌာန တာဝန်ရှိသူများကတစ်ဖွဲ့ စုစုပေါင်း နှစ်ဖွဲ့ခွဲ၍ ပြန်လည်သုံးသပ်ရေးဆွဲပြီးသည့် မူကြမ်းကို လွှတ်တော်သို့ ပေးပို့ထားခြင်းဖြစ်ကြောင်း ၎င်းကဆိုသည်။

"အသေးစိတ်ကျတော့ ဘာတွေပြောင်းတယ်ဆိုတာ ကျွန်တော် မသိဘူးခင်ဗျ။ တော်တော်များများတော့ ပြုပြင် ပြောင်းလဲတာတွေ့တာပေ့ါနော်။ ဘေးနားမှာ အချက်အလက် အသေးစိတ်မရှိသေးတော့ မသိဘူးပေ့ါ" ဟုဒေါက်တာခိုင်မြဲက ပြောကြားသည်။

မူလဥပဒေကြမ်း ပြန်သုံးသပ်မှုကို မတ်လကုန်အပြီးသတ်နိုင်ရန် ဇန်နဝါရီလကုန်ပိုင်းက ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်နှင့် အခြေခံပညာဦးစီးဌာန တာဝန်ရှိသူတို့ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ပေးပို့ထားသည့် အခြေခံပညာရေး ဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုလျှင် ယခုကျင့်သုံးနေသည့် ၁၉၇၃ ခုနှစ် အခြေခံပညာရေးဥပဒေကို ရုပ်သိမ်းမည်ဖြစ်ကြောင်း အဆိုပါကော်မရှင်နှင့်အခြေခံပညာဦးစီးဌာနထံမှ သိရှိရသည်။

ယင်းဥပဒေမူကြမ်းတွင် မည်သည့်အချက်အလက်များ ပြင်ဆင်ဖြည့်စွက်သည်နှင့် ပေးပို့သည့်ရက်၊ ပေးပို့သည့်လွှတ်တော်ကို ပညာရေးဝန်ကြီးရုံး တာဝန်ရှိသူတစ်ဦးထံ မေးမြန်းရန် ပြောဆိုသောကြောင့် အဆိုပါရုံးတာဝန်ရှိသူထံ ဆက်သွယ်သော်လည်း ပြောရေးဆိုခွင့်ရှိသူမဟုတ်၍ မပြောကြားနိုင်ကြောင်း ပြန်လည်ဖြေကြားသည်။

"ကျွန်မတို့ ပညာရေးဝန်ကြီးဌာနမှာ ပြောရေးဆိုခွင့်ရှိသူတွေ သတ်မှတ်ထားပါတယ်။ သူတို့ကို မေးလိုက်ပါလား။ ပြောရေးဆိုခွင့်ရှိသူ ပေးထားတာဆိုတော့ ကျွန်မတို့က ပြောလို့မဖြစ်ပါဘူး" ဟု ပညာရေးဝန်ကြီးရုံးတာဝန်ရှိသူက ပြောကြားသည်။

ပညာရေးဝန်ကြီးဌာန ဝက်ဘ်ဆိုက် www.moe.gov.mm ရှိ အခြေခံပညာရေးမူကြမ်းတွင် အခန်း(၁၆)ခန်းပါဝင်ပြီး ဥပဒေပုဒ်မပေါင်း ၇၀ ပါရှိသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေး ကော်မရှင် အဖွဲ့ဝင်တစ်ဦးထံ ဆက်သွယ်မေးမြန်းရာ ပညာရေးဝန်ကြီးဌာနက အခြေခံပညာရေး ဥပဒေမူကြမ်း ပေးပို့ထားခြင်းမရှိသေးကြောင်း ပြန်လည်ဖြေကြားသည်။

လုပ်ငန်းစဉ်အရ ဥပဒေမူကြမ်း ရေးဆွဲပြီးလျှင် ဝန်ကြီးဌာနအနေနှင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဦးစွာပေးပို့ပြီး ပြည်ထောင်စုအစိုးရအဖွဲ့က သဘောတူညီလျှင် သမ္မတရုံးသို့ ဆက်လက်ပေးပို့ရကြောင်း၊ ယင်းမှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ ရောက်ရှိခြင်းဖြစ်ကြောင်း အဆိုပါကော်မရှင် အဖွဲ့ဝင်တစ်ဦးက ရှင်းပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်သို့ရောက်ရှိလာလျှင် အမျိုးသားလွှတ်တော် ထံချပေးရန် သို့မဟုတ် ပြည်သူ့လွှတ်တော် ထံချပေးရန်ကိုမူ ပြည်ထောင်စုလွှတ်တော်က ဆုံးဖြတ်ပေးရခြင်းဖြစ်ကြောင်း အဆိုပါကော်မရှင်အဖွဲ့ဝင်က ဆိုသည်။ ■

The VOICE Daily

CARTOON






ဓာတ်ပုံ - သက်ကို

## Wall Street English စင်တာ လာမည့်ငါးနှစ်အတွင်း ကျောင်းငါးကျောင်း ထပ်ဖွင့်မည်

ရန်ကုန်၊ မတ် ၁

နိုင်ငံတကာပညာရေးလုပ်ငန်း Pearson Education ၏ အဖွဲ့ဝင်ကုမ္ပဏီဖြစ်ပြီး ယင်းသင်ရိုးများဖြင့်သင်ကြားမည့် Wall Street English (Myanmar) အင်္ဂလိပ်စာသင်ကျောင်းအနေနှင့် လာမည့်ငါးနှစ်အတွင်း ကျောင်းငါးကျောင်း ထပ်ဖွင့်သွားမည်ဖြစ်ကြောင်း အဆိုပါကျောင်းထံမှ သိရှိရသည်။

အဆိုပါ အင်္ဂလိပ်စာသင်ကျောင်းကို ယခုနှစ် ဖေဖော်ဝါရီလဆန်းမှစ၍ ရန်ကုန်မြို့ပြည်လမ်းရှိ Junction Square တွင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ထိုသို့ထပ်ဖွင့်ရန် မြန်မာ့ရှေ့ဆောင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း Myanmar Strategic Holding လုပ်ငန်းနှင့် သဘောတူညီမှုရပြီးဖြစ်ကြောင်း ယင်းကျောင်းထံမှ သိရှိရသည်။

Wall Street English စင်တာသည် နိုင်ငံပေါင်း ၂၇ နိုင်ငံတွင် သင်တန်းကျောင်းပေါင်း ၄၅၀ ဖွင့်လှစ်ထားပြီး သင်တန်းသား သုံးသန်းကျော်တက်ရောက် သင်ကြားလျက်ရှိသည်။ အင်္ဂလိပ်စာသင်ကြားလိုသူများအနေနှင့် Junction Square အမှတ်(၁၁) ဖုန်း ၀၁- ၅၀၃၃၇၀ သို့ ဆက်သွယ်နိုင်ကြောင်း အဆိုပါကျောင်းထံမှ သိရှိရသည်။ ■

## IELTS စာမေးပွဲအကြောင်း ရှင်းလင်းဆွေးနွေးမည်

ရန်ကုန်၊ မတ် ၁

အင်္ဂလိပ်ဘာသာစကားအရည်အချင်းစစ် IELTS စာမေးပွဲဖြေဆိုရန် ပြင်ဆင်နေသည့်မြန်မာကျောင်းသားများအတွက် စာမေးပွဲဖြေဆိုရန် ပြင်ဆင်လေ့လာပုံများကို မတ်လ ၃ ရက် ညနေ ၆ နာရီမှ ၇ နာရီအထိ ရန်ကုန်မြို့ကမ်းနားလမ်းရှိ ဗြိတိသျှကောင်စီစာကြည့်တိုက်တွင် ရှင်းလင်းဆွေးနွေးမည်ဖြစ်ကြောင်း ယင်းကောင်စီထံမှ သိရှိရသည်။

IELTS စာမေးပွဲတွင် Band Score 8 ရရှိထားသော ဒေါက်တာဖြိုးဝေသောင်းက ၎င်း၏အတွေ့အကြုံများ မျှဝေရှင်းလင်းမည်ဖြစ်ပြီး ယင်းနောက် တစ်ဦးချင်း အပြန်အလှန်ဆွေးနွေးနိုင်မည်ဖြစ်သောကြောင့် စိတ်ပါဝင်စားသူများအနေနှင့် ttp://goo.gl/sspQDF သို့ ဝင်ရောက်စာရင်းပေးသွင်းနိုင်ကြောင်း ယင်းကောင်စီထံမှ သိရှိရသည်။

အဆိုပါဆွေးနွေးပွဲသို့ လာရောက်သည့်အခါ မှတ်ပုံတင် သို့မဟုတ် ကျောင်းသားကတ်တစ်ခုခုကို ယူဆောင်လာရမည်ဖြစ်ပြီး ဟောပြောပွဲနှင့်ပတ်သက်သည့်အသေးစိတ်အချက်များကို ကမ်းနားလမ်း၊ အမှတ်(၇၈) ဗြိတိသျှကောင်စီ ဖုန်း ၀၁-၃၇၀၉၃၃၊ ၀၁-၃၇၀၉၄၄၊ ၀၁-၃၇၀၈၂၉ လိုင်းခွဲ ၃၃၃၁ သို့ ဆက်သွယ်စုံစမ်းနိုင်မည်ဖြစ်သည်။ ■

ဝန်ထမ်းအလိုရှိသည်
အမျိုးသမီးဝန်ထမ်း - (၅)ဦး
အဆောင်စီစဉ်ပေးမည်။
Ph : 09-6501608,09-6808176,02-5154824

# ကမ္ဘာကြီး မပြားပါ

သူ့အမည်က ဖလဲမင်းဖြစ်ပြီး အလွန်ဆင်းရဲသော စကော့လယ်သမားတစ်ဦးလည်းဖြစ်သည်။ တစ်နေ့တွင် သူသည်လယ်အလုပ်ကို ပင်ပန်းစွာ လုပ်ကိုင်နေစဉ် "ကယ်ကြပါ" ဆိုသည့် အော်သံတစ်သံကို ကြားလိုက်ရ သည်။

ဖလဲမင်းသည် လယ်လုပ်နေသည်ကို ခေတ္တနားလိုက်ပြီး အော်သံကြားသည့်နေရာကို ထွက်လာခဲ့သည်။

ကောင်လေးတစ်ယောက်သည် နွားချေးများ စွန့်ပစ်ထားသည့် တွင်းကြီးတစ်တွင်းထဲကို ကျနေပြီး၊ ခါးအထိမြုပ်နေပြီဖြစ်သည်။ သူ့အနေအထားက လှုပ်လေမြုပ်လေ အနေအထားလည်း ဖြစ်သည်။ ဖလဲမင်းသည် ကောင်လေးကို ကြိုးဖြင့်ဆွဲတင်ပြီး၊ ရေမိုးချိုးပေးကာ ပြန်လွှတ်လိုက်သည်။

နောက်တစ်နေ့တွင် အလွန်လှပသည့် မြင်းကြီးများဆွဲသော မြင်းလှည်းကြီးတစ်စင်းသည် လယ်သမားကြီးဖလဲမင်း အိမ်ရှေ့တွင် လာရပ်သည်။ မြင်းလှည်းပေါ်မှ အလွန်ခံ့ညားသော လူကြီးတစ်ဦးသည် တပည့်များနှင့် အတူဆင်းလာပြီး ဖလဲမင်း အလုပ်လုပ်နေသည့် နေရာကိုရောက်လာသည်။

ထိုလူကြီးမင်းသည် ဖလဲမင်း ယမန်နေ့က ကယ်တင်လိုက်သော ကောင်လေး၏ ဖခင်ဖြစ်သည်။ လူကြီးမင်းက -

"ကျေးဇူးတင်လိုက်တာဗျာ။ ကျွန်တော် မနေ့က ခင်ဗျားအသက်ကယ်လိုက်တဲ့ ကောင်လေးရဲ့ဖခင်ပါ။ ခင်ဗျားကို ကျေးဇူးဆပ်ချင်လို့ပါ"

"ကျေးဇူးအတင်ခံချင်လို့ ခင်ဗျားသားကို ကယ်တာ မဟုတ်ပါဘူး။ ဘာမှလည်း ပေးစရာ မလိုပါဘူး"ဟု လယ်သမားကြီးကပြောပြီး လူကြီးမင်း၏ ကမ်းလှမ်းမှုကို ငြင်းပယ်လိုက်သည်။

ထိုအချိန်တွင် လယ်သမားကြီး၏ သားဖြစ်သူသည် အိမ်ထဲကပြေးထွက်လာပြီး ဖခင်ဘေးတွင် လာရပ်သည်။

"ဒါ ခင်ဗျားသားလား"

"ဟုတ်ပါတယ်"

"ကျွန်တော် ခွင့်တောင်းပါရစေဗျာ။ ခင်ဗျားသားလေးကို ကျွန်တော် ပညာသင်ပေးပါရစေ။ ခင်ဗျားသားဟာ ခင်ဗျားလိုမျိုး ဖြစ်လာမယ်ဆိုရင် ခင်ဗျားဂုဏ်ယူနေမှာပါ"

လယ်သမားကြီးက လူကြီးမင်း၏ တောင်းဆိုချက်ကို တွေးဆပြီး ခွင့်ပြုလိုက်သည်။

လယ်သမားကြီး ဖလဲမင်း၏ သားဖြစ်သူသည် လန်ဒန်၊ စိန့် မေရီ ဆေးကျောင်းမှ ဘွဲ့ရပြီး ဆရာဝန်ဖြစ်လာသည်။ သူ၏ ကြိုးစားအားထုတ်မှုများကြောင့် ဆာ အလက်ဇန်းဒါး ဖလဲမင်းဟူ၍ဖြစ်လာသည်။ ကမ္ဘာကျော်မည့် ပင်နီဆီလင်ဆေးကို တီထွင်ဖော်ထုတ်နိုင်သူဖြစ်ခဲ့သည်။

နှစ်ပေါင်းများစွာကြာသည့်အခါတွင် လူကြီးမင်း၏ သားဖြစ်သူသည် အဆုတ်ရောင်ရောဂါ ခံစားရပြီး အိပ်ရာထဲ လဲနေသည်။ သူ့ဝေဒနာကို ပင်နီဆီလင်ဆေးဖြင့် ပျောက်ကင်းအောင် ကုသနိုင်ခဲ့သည်။

လူကြီးမင်းဆိုသူ၏ အမည်မှာ ရန်းဒေါ့ဖ် ချာချီဖြစ်သည်။

နွားချေးတွင်းထဲက ကယ်တင်ခြင်း ခံလိုက်ရသည့် ကောင်လေးမှာ ဆာ ဝင်စတန် ချာချီဖြစ်သည်။

ကမ္ဘာကြီးသည် လုံးဝန်းလျက်ရှိနေပါသည်။

■ E01


Sir Alexander Fleming





Reuters

# တရုတ်နိုင်ငံ ပညာရေးတွင် ရှီကျင့်ဖျင်၏ လမ်းညွှန်ချက်အတိုင်း အကောင်အထည်ဖော်

တရုတ်နိုင်ငံ သမ္မတ ရှီကျင့်ဖျင်သည် နိုင်ငံတော်တွင် အလွန်အရေးပါသည့် နေရာကိုရောက်လာပြီး ကွန်မြူနစ်ပါတီကို ဦးဆောင်နိုင်ရုံမက နိုင်ငံတော်၏ အရေးကြီးသည့်ပညာရေးကဏ္ဍများတွင်ပါ ဩဇာသက်ရောက်နေပြီး သူ၏လမ်းညွှန်ချက်များအတိုင်း လမ်းစဉ်များ ချမှတ်ကာ အကောင်အထည်ဖော်နေကြရကြောင်း Reuters သတင်းတွင် ရေးသားထားသည်။

နိုင်ငံရေးအတွေးအခေါ်နှင့် ပါတီ၏ခေါင်းဆောင်ပိုင်းကို တာဝန်ယူထားရသူများ အနေနှင့် ပြုပြင်ပြောင်းလဲမှုများကို ဦးဆောင်လုပ်ရာတွင် ရဲဘော်ရှီကျင့်ဖျင်သည် တရုတ်ကွန်မြူနစ်ပါတီကို ပြုပြင်ပြောင်းလဲနိုင်သူတစ်ဦး ဖြစ်ကြောင်း နိုင်ငံတော်ကောင်စီကလည်း အွန်လိုင်းပေါ်တွင် ဂုဏ်ပြုချီးကျူးထားသည်။

ရှီသည် ယမန်နှစ် အောက်တိုဘာလကတည်းက ကွန်မြူနစ်ပါတီ၏ စိုးမိုးမှုကို ပြန်လည်ခေါင်းထောင်နိုင်စေရန် လုပ်ဆောင်နိုင်ခဲ့ရုံမက ခေါင်းဆောင်ကြီး မော်စီတုံးနှင့် တိန်ရှောင်ပင်းတို့၏ နေရာကိုရယူနိုင်ခဲ့သူဖြစ်ကြောင်း Reuters တွင်ရေးသားထားသည်။

သူသည် ပါတီ၏ သစ္စာကိုခံကာ တရုတ်နိုင်ငံ ပညာရေးအဖွဲ့အစည်းများဖြစ်သည့် ကောလိပ်နှင့် တက္ကသိုလ် ပညာရေးများကို ထိပ်တန်းရောက်လာစေရန် ပြန်လည်ကြိုးပမ်းဆောင်ရွက်ခဲ့ရုံမက ပညာရေးတွင် အနောက်တိုင်းတန်ဖိုးထားမှုများကို လျော့ပါးစေရန် ဆောင်ရွက်နိုင်သူဖြစ်ကြောင်း၊ ထို့ပြင် လုပ်ဆောင်ချက်မကောင်းသည့် ဆရာများကို စောင့်ကြည့်ရေး အစီအစဉ်များကိုလည်း ဆန့်ကျင်ပယ်ဖျက်နိုင်ခဲ့သူတစ်ဦးဖြစ်ကြောင်း နိုင်ငံတော်ကောင်စီက ထုတ်ပြန်သည်။

တရုတ်နိုင်ငံတွင် လူငယ်ကျောင်းဆရာများကို နိုင်ငံတော်ကပေးအပ်သည့် တာဝန်တစ်ရပ်အနေနှင့် နိုင်ငံရေး အတွေးအခေါ်များကိုလည်း လေ့ကျင့်သင်ကြားပေးသည့်အပြင် တရုတ်ထိပ်တန်း တက္ကသိုလ် ၂၉ ခုတွင် မူဝါဒရေးရာများကို အခိုင်အမာဖြစ်စေရန် ပြန်လည်လုပ်ဆောင်နိုင်ခဲ့သည်။

တရုတ်နိုင်ငံတွင် ၁၉၈၉ ခုနှစ် ဒီမိုကရေစီထောက်ခံသည့် ဆန္ဒပြပွဲများ ပြီးဆုံးကတည်းက တက္ကသိုလ်များတွင် သင်ကြားသည့် ဘာသာရပ်များကို အထူးကြပ်မတ် နှိပ်ကွပ်ခြင်းများ ခံခဲ့ရသည်။

၂၀၁၃ ခုနှစ်တွင်လည်း တိုးတက်သည့် အမြင်ရှိပြီး အစိုးရကို ပွင့်လင်းစွာ ထောက်ပြဝေဖန်တတ်သူ ပီကင်း တက္ကသိုလ်မှ စီးပွားရေးပညာရှင်တစ်ဦးကိုလည်း အလုပ်ထုတ်ခြင်းခံခဲ့ရသည်။

■ E01

# အီဂျစ်နိုင်ငံတွင် ပညာရေးပြုပြင်ပြောင်းလဲမှုများကို ဂျပန်ပုံစံအတိုင်းလုပ်မည်

အီဂျစ်နိုင်ငံတွင် ပညာရေး ပြုပြင်ပြောင်းလဲမှုများကို လုပ်ဆောင်နေရာတွင် ဂျပန်နိုင်ငံကျောင်းစနစ်များအတိုင်း အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး နှစ်ပေါင်းများစွာ လျစ်လျူရှုခြင်းခံရသည့် ပညာရေးစနစ်ကို ဤနည်း ဖြင့်သာ ပြန်လည်ခေါင်းထောင်လာနိုင်မည်ဖြစ်ကြောင်း Al Monitor သတင်းတွင်ဖော်ပြထားသည်။

အီဂျစ်နိုင်ငံ ပညာရေးဝန်ကြီးက ဂျပန်နိုင်ငံတွင် လက်ရှိကျင့်သုံးနေသည့် ကလေးအားလုံး အတွက် ပညာရေး (Tokkatsu) စနစ်ဖြင့် အီဂျစ်ကျောင်း ၁၂ ကျောင်းကို စတင်အကောင်အထည်ဖော်ပြီး၊ ဒုတိယအဆင့်အနေနှင့် ကျောင်းပေါင်း ၁၀၀ ကို အီဂျစ်-ဂျပန်ကျောင်းများအဖြစ် လာမည့်စာသင်နှစ်တွင် စတင် ပြောင်းလဲသွားမည်ဟု ပြောကြားသည်။

Tokkatsu နည်းစနစ်ဆိုသည်မှာ ဂျပန်နိုင်ငံ ပညာရေးတွင် အားလုံးလိုက်နာဆောင်ရွက်ကြရမည့် စနစ်တစ်ခု အနေဖြင့် ထည့်သွင်းထားပြီး ကျောင်းသားတိုင်းကို လူမှုရေး၊ စိတ်ခံစား၊ ကာယ၊ ရသပညာများကို မြင့်မားစေရန် လုပ်ဆောင်နိုင်ရေးသာမက သင်ကြားမှု၊ သင်ယူမှုကို အထောက်အကူဖြစ်စေနိုင်မည့် ဆရာနှင့် ကျောင်းသား အပြန်အလှန် ဆွေးနွေးလေ့လာနိုင်သည့်သဘောတရားများလည်း ပါဝင်သည်။

ဂျပန်နိုင်ငံ မူလတန်းကျောင်းများတွင် ကျောင်းသားများသည် အထူးလှုပ်ရှားမှုများ၌ ပါဝင်ဆောင်ရွက်ကြရပြီး အထူးလှုပ်ရှားမှုဆိုရာတွင် ကိုယ့်အတန်း ကိုယ့်ကျောင်း ကိုယ့်အိမ်သာ ကျောင်းသားကိုယ်တိုင် သန့်ရှင်းကြရခြင်း၊ နေ့စဉ် အတန်းတွင်း၌ ခေါင်းဆောင်တစ်ဦးကို ရွေးချယ်ကာ ဦးဆောင်မှုနောက်ကိုလိုက်စေခြင်းစသည့် အလေ့ အကျင့်ကောင်းများလည်း Tokkatsu တွင်ပါဝင်သည်။

၂၀၁၅ ခုနှစ် အောက်တိုဘာလကစတင်ပြီး အီဂျစ်ပညာရေးဝန်ကြီးဌာနနှင့် ဂျပန် နိုင်ငံတကာပူးပေါင်းရေး အေဂျင်စီတို့သည် မူလတန်းကျောင်းနှစ်ကျောင်းတွင် Tokkatsu စနစ်မှ လှုပ်ရှားဆောင်ရွက်မှု ၁၀ မျိုးကို လိုက်နာဆောင်ရွက်စေခြင်းအား စမ်းသပ်အကောင်အထည်ဖော်လျက်ရှိသည်။

Tokkatsu စနစ်အရ အီဂျစ်ကျောင်းသားများသည် မူလတန်းအဆင့်ကတည်းက လက်များကို ဆေးကြောခြင်း၊ အတန်းခေါင်းဆောင်ခန့်အပ်ပြီး နေ့စဉ်လှုပ်ရှားခြင်း၊ သန့်ရှင်းရေးကို ကျောင်းသားတိုင်း ပူးပေါင်းဆောင်ရွက် ခြင်း၊ ကာယလေ့ကျင့်ခန်းများကို တစ်နေ့ ငါးမိနစ်လုပ်ခြင်း၊ ကျောင်းသားများ၏ ကျန်းမာရေး စစ်ဆေးခြင်းများကို လုပ်ဆောင်ကြရမည်ဖြစ်သည်။

ဂျပန်နိုင်ငံ ပညာရေးစနစ်သည် စည်းကမ်းကောင်းရုံမက၊ ကိုယ်ကျင့်တရားတွင်လည်း ကျောင်းသားများကို အထူး ကောင်းမွန်စေရန် သင်ကြားနိုင်သည့်စနစ်ဖြစ်ကြောင်း၊ ဂျပန်စံအတိုင်း အီဂျစ်တွင် လုပ်ဆောင်ခြင်းသည် စာနာထောက်ထားခြင်း၊ စည်းကမ်းလိုက်နာခြင်းတို့ပိုကောင်းလာစေရန်ဖြစ်ကြောင်း၊ ဂျပန်စနစ်တွင် သိပ္ပံနှင့် သင်္ချာကို အဓိကဦးစားပေးသင်ကြားမှုများရှိကြောင်း၊ စိတ်ခံစားနှင့် အဖွဲ့လိုက်ပူးပေါင်းဆောင်ရွက်တတ်သည့် စိတ်ခံစားများ အီဂျစ်ကျောင်းသားများတွင် ဖွံ့ဖြိုးတိုးတက်လာစေလိုသောကြောင့် ဤစနစ်ကို ကျင့်သုံးရခြင်းဖြစ်ကြောင်း အီဂျစ်ပညာရေးဝန်ကြီးဌာန အကြီးအကဲတစ်ဦးဖြစ်သူ ရီဒါ ဟီဂါဇီကပြောကြားသည်။

■ E01

# ဘွဲ့ရတော့ ဘာဖြစ်သလဲ


Queensland

ဘွဲ့ ရခြင်းဆိုသည်မှာ အနာဂတ်ကို ရည်ရွယ်ချက်တစ်ခုဖြင့် ရှေ့ဆက်နိုင်စေရန် အဆုံးအဖြတ်ပေးသည့် ကာလတစ်ခုသို့ရောက်ရှိလာခြင်းဖြစ်သည်။ ထိုကာလသည် စိတ်လှုပ်ရှားစရာ ကောင်းသလို စိုးရိမ်စရာလည်း ကောင်းပါသည်။ ဘွဲ့ရပြီးလျှင် ဘာဖြစ်မလဲဆိုသည်မှာ ဘွဲ့ယူမည့် ကျောင်းသားတိုင်း စိတ်ဝင်စားသည့် ကိစ္စဖြစ်သည်။ ဘွဲ့တစ်ခုရယူလိုခြင်းကလည်း အနာဂတ် မျှော်လင့်ချက်နှင့် ဆက်စပ်နေသည် ဖြစ်သောကြောင့် ဘွဲ့ဆိုသည်မှာ အဓိပ္ပာယ်မရှိ၊ အလကားအလုပ်တစ်ခု ဟူ၍ မှတ်ယူရန်မဖြစ်နိုင်ပေ။

အထက်တန်းကျောင်းပြီးသည်ဖြစ်စေ၊ တက္ကသိုလ်ကောလိပ်တစ်ခုခုမှ ဘွဲ့ရသည်ဖြစ်စေ နောက်အဆင့်သို့ တက်လှမ်းရန်အတွက် တံခါးတစ်ချပ်ပွင့်ခြင်းဖြစ်သည်။ ထိုတံခါးသည် ဘဝအတွက် အလုပ်တံခါးဖြစ်နိုင်သလို၊ ပညာဆက်လက်လေ့လာလိုသူများအတွက်လည်း ပညာတံခါးဖြစ်နိုင်သည်။

အဘယ်ကြောင့် ဘွဲ့ရစေရန် ကြိုးစားအားထုတ်ကြသနည်း

### ၁။ အကြောင်းတစ်ခုခုကြောင့် ဘွဲ့ယူရန် ရောက်လာခြင်းဖြစ်သည်

အဘယ်ကြောင့် တက္ကသိုလ်လာတက်သနည်း။ ရှင်းပါသည်ဘဝတွင်တစ်ခုခုကို ရှာဖွေလိုသောကြောင့်ဖြစ်သည်။ ဘဝတွင် တန်ဖိုးရှိစွာ နေချင်သည်။ ဘဝတွင် တစ်ခုခုကို မျှဝေလိုသည်။ ဘဝဆိုသည်မှာ ကိုယ်က ရယူနေရန် သက်သက်မဟုတ်၊ ရှာစရာတွေရှိသည်၊ ယူစရာတွေရှိနေသည်၊ ပေးစရာတွေလည်းရှိနေသည်။ ဘဝအဓိပ္ပာယ်ကို ရှာဖွေရန် ရောက်လာကြခြင်းဖြစ်သည်။

### ၂။ စိတ်နောက်ကိုယ်ပါ ရောက်လာကြသည်

ကျောင်းအဘယ်ကြောင့်လာတက်ရသနည်း။ စိတ်ပါ၍လာတက်သည်။ စိတ်မပါလျှင် မတက်ချင်လျှင် မည်သူမျှ လာတက်မည်မထင်။ တက္ကသိုလ်ဆိုသည်မှာ လူငယ်တိုင်း၏ စိတ်ကူးအိပ်မက်တစ်ခုဖြစ်နေသည်။ ဘွဲ့ရမည်၊ အလုပ်ရမည်ဆိုသည်မှာ လူတိုင်းအတွက် အနည်းဆုံးရည်မှန်းချက်ဖြစ်သည်။ အခြားအကြောင်းပေါင်းများစွာ ရှိနိုင်သော်လည်း တက္ကသိုလ်လာတက်ခြင်းမှာ စိတ်ဓာတ်ခွန်အား၏ စေ့ဆော်မှုကြောင့်သာဖြစ်သည်။

### ၃။ ဝါသနာလည်းပါနိုင်သည်

ကျောင်းသားတစ်ယောက်သည် Facebook ဆိုသည့် ဆိုရှယ်မီဒီယာကိုလည်း စိတ်ပါဝင်စားနိုင်သလို ပန်းချီ၊ အားကစား၊ ဂီတ၊ အနုပညာ စသည်တို့ကိုလည်း ဝါသနာပါနိုင်သည်။ အချက်အပြုတ်ဝါသနာပါသူကလည်း စား ဖိုမှူးတစ်ယောက်ဖြစ်ရမည်ဆိုသည့် စိတ်ကူးကောင်းရှိနိုင်သည်။ အချက်အပြုတ်ဝါသနာပါသူသည် စားသောက်ဆိုင်ကြီးတစ်ဆိုင်ထူထောင်ရာမှသည် ဟိုတယ်ကြီးတစ်ခုအထိ စိတ်ကူးယဉ်ခွင့်ရှိသည်။ ထို့ကြောင့် ဝါသနာကို အကောင်းဆုံးရှေ့ဆက်နိုင်ရန်လည်း တက္ကသိုလ်ရောက်လာခြင်းဖြစ်နိုင် သည်။

### ၄။ ဆုံးဖြတ်ချက်ကောင်းကောင်း ချတတ်သည်

မည်သည့်လုပ်ငန်းမဆို အတွေ့အကြုံတစ်ခုခု လိုအပ်သည်။ တက္ကသိုလ်ရောက်လာပြီး စာတွေ့ချည်းသက်သက် တတ်သွားသည်ဆိုစေ တက္ကသိုလ်တွင် ရင်ဆိုင်ကျော်ဖြတ်ခဲ့ရသည့် ပညာရှာပုံရှာနည်း၊ ပညာ၏ သဘောတရား၊ ပညာကို တစ်သက်တာသင်ယူနိုင်နည်းများမှာ တက္ကသိုလ်က အခြေခံပေးလိုက်ပြီးဖြစ်သည်။ ကျောင်းတွင် ဖြစ်သလိုနေထိုင်နိုင်သည်။ သို့သော် ကိုယ်ရောက်နေသည့် အဖွဲ့အစည်းက ဖြစ်သလိုဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ခုမဟုတ်ဆိုခြင်းကို နားလည်ထားကြသည်။ ထို့ကြောင့် တစ်ခုခုကို ငါပညာတတ်ဆိုသည့် ဆင်ခြင်မှုတစ်ခုဖြင့် ဆုံးဖြတ်ချက်ချနိုင်စွမ်းများ ရှိတတ်သည်။

### ၅။ အလုပ်အကိုင်အခွင့်အလမ်းများကိုလေ့လာ နိုင်သည်

ကျောင်းလာတက်ခြင်းသည် အလုပ်အကိုင်အခွင့်အလမ်းကောင်းလေးများကိုလည်း မျှော်လင့်ခြင်းကြောင့် ဖြစ်နိုင်သည်။ အလုပ်ဆိုသည်မှာ ကောင်းသည့်အလုပ်လည်းဖြစ်နိုင်သလို ဆိုးသည့်အလုပ်လည်း ဖြစ်နိုင်သည်။ တက္ကသိုလ်ဆိုသည်မှာ လူမှုရေးဆက်နွှယ်မှုများရှိနိုင်သောကြောင့် တက္ကသိုလ် အဆက်အသွယ်သည် ဘဝအတွက် အဆက်အသွယ်လည်း ဖြစ်သွားနိုင်သည်။

### ၆။ လက်ရှိအလုပ်ဖြင့်သာ ကျေနပ်ရန်မဟုတ်ပါ

တက္ကသိုလ်ကထွက်ပြီး ရသည့်အလုပ်ဝင်လုပ်ဘဝကိုအဆုံးသတ်ပြီး ကျေနပ်နေလိုက်ရန်မဟုတ်ပါ။ ရှေ့ဆက် ရမည့်ဘဝခရီးအတွက် ပထမအဆင့်ကို တက်ပြီးပြီဆိုလျှင် နောက်တစ်ဆင့်ဆက်တက်နိုင်ရန်အရေးကြီးသည်။ ဘွဲ့မရလျှင် အလုပ်မခန့်ဆိုပါက ရှေ့ကိုတစ်လှမ်းတိုးရန် ခက်ခဲနိုင်သည်။ ရှေ့တစ်လှမ်းတိုးနိုင်လျှင် လမ်းပွင့် သွားပြီ။

### ၇။ ဘာလုပ်လုပ် ကောင်းအောင်လုပ်သည်

ဘွဲ့ရပြီးလျှင် အလုပ်တစ်ခုခု လုပ်ကြမည်သာဖြစ်သည်။ မည်သည့်အလုပ် ဝင်လုပ်သည်ဖြစ်စေ ဘွဲ့ရပြီးတော့ ဘာမှ မတတ်ဘူးလားဆိုသည့် အပြောကို မခံရစေရန် ကြိုးစားတော့မည်။ ဘွဲ့သည် တွန်းအားတစ်ခုဆိုသည်ကို သဘောပေါက်ထားရမည်။

### ၈။ အလုပ်သည် ကိုယ့်တစ်ဦးအတွက် အိပ်မက်မဟုတ်

ဘွဲ့ရပြီး အလုပ်လုပ်မည်ဆိုသည့် စိတ်ကူးအိပ်မက်သည် မိမိတစ်ဦးတည်းအတွက်မဟုတ်။ မိသားစုအတွက် ဖြစ်နိုင်သလို၊ ဘဝခရီးဖော်အတွက်လည်း ဖြစ်နိုင်သည်။ မည်သို့ဆိုစေ ဖိတ်စာတွင် ဂုဏ်ရှိကြောင်း တစ်ခုခုကို ထုတ်ပြနိုင်သည်။ ဘွဲ့အမြီးသည် တစ်ခုခုအတွက် အရေးကြီးနေတတ်သည်။

### ၉။ ဘဝကို ရင်ဆိုင်ရဲသည်

တက္ကသိုလ်ဆိုသည့်နေရာက နှစ်တိုတိုလေးအတွင်း ယူတတ်လျှင် ယူတတ်သလိုရနိုင်သည့် သင်ခန်းစာတွေကို ထုတ်ပေးတတ်သည်။ အများထဲတွင် ပေါင်းသင်းနေထိုင်ခဲ့ခြင်းကြောင့် သင်ခန်းစာတွေလည်း ရခဲ့သည်။ ဘဝကို အဆိုးချည်းမမြင်၊ အကောင်းမြင်သဘောတရားများကိုလည်း ကြည့်တတ်အောင်ဖြည့်တွေးပေးနိုင်စေရန် လေ့ကျင့်ပေးတတ်သည်။

### ၁၀။ မျိုးစေ့ချအပင်စိုက်ခဲ့သည်

တက္ကသိုလ်ရောက်လာခြင်းသည် မျိုးစေ့တစ်ခုကို လာစိုက်ခြင်းဖြစ်သည်။ ခုစိုက် ခုစားရန်မဟုတ်။ အနာဂတ် အတွက် လာရောက်စိုက်ပျိုးခြင်းဖြစ်သည်။ ကိုယ့်မျိုးကို ကိုယ်ကောင်းအောင်စိုက်ရသည်။ ပျိုးထောင်၊ ပေါင်းသင်၊ ရေလောင်း၊ မြေသြဇာထည့်ရသည်။ ကိုယ်စိုက်သည်ကို ကိုယ်ပြန်ရိတ်သိမ်းရသည်ဆိုသော စကားရှိပါသည်။ တက္ကသိုလ်တွင် သင်စိုက်ခဲ့သမျှ သင်ပြန်ပြီး ရိတ်သိမ်းရလိမ့်မည်။ သင်ဘာတွေ စိုက်ခဲ့သနည်း။

■ E01

# ကြောက်ရွံ့ခြင်းမှ ကင်းဝေးရန်လိုသော ပညာရေး


Their World

ဖေဖော်ဝါရီ ၂၂ ရက်နေ့က အိန္ဒိယနိုင်ငံမှ ဆော့ဖ်ဝဲအင်ဂျင်နီယာနှစ်ဦးဖြစ်သည့် ကူချီဘိုတလာနှင့် မဒါဆာနီ တို့နှစ်ဦး သေနတ်နှင့် အပစ်ခံလိုက်ကြရသည်။ အခင်းဖြစ်ပွားသည့်နေရာမှာ အမေရိကန်ပြည်ထောင်စု ကင်းဆပ်ပြည်နယ်၊ အိုလေသာမြို့ရှိ ဘားဆိုင်တစ်ဆိုင်တွင်ဖြစ်သည်။ သေနတ်သမားကို ဝင်ရောက်ဟန့်တားသည့် ဘားဆိုင်ပိုင်ရှင်နှင့် မဒါဆာနီတို့သည် ဒဏ်ရာရပြီး ကူချီဘိုတလာက သေဆုံးသွားခဲ့ရသည်။

သူတို့ကို ပစ်ခတ်သည့် သေနတ်သမားမှာ အသက် ၅၁ နှစ်အရွယ် ရေတပ်စစ်ပြန်တစ်ဦးဖြစ်သူ အဒမ်ပူရင်တန် ဆိုသူဖြစ်သည်။ အရက်ထိုင်သောက်နေကြသည့် ဆော့ဖ်ဝဲ အင်ဂျင်နီယာနှစ်ဦးကို တပ်ထွက်အဒမ်က “ငါတို့နိုင်ငံက ထွက်သွားကြကွာ” ဟုပြောပြီး ရန်စသည်။ သူက လူမျိုးရေးနှင့် အသားအရောင်ခွဲခြားသည့် စကားများကိုလည်း ဆဲဆိုပြောပြီး ဘားဆိုင်ထဲက ထွက်သွားသည်။ အဒမ်သည် ချက်ချင်း ပြန်ရောက်လာပြီး ပါလာသည့် သေနတ်ဖြင့် အိန္ဒိယသားနှင့် ဆိုင်ရှင်ကို ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံသား အင်ဂျင်နီယာနှစ်ဦးသည် H-1B ဗီဇာနှင့် တရားဝင် လာရောက်ပြီး အလုပ်လုပ်နေထိုင်ခြင်းဖြစ်သည်။ သူတို့နှစ်ယောက်စလုံး အမေရိကန်ပြည်ထောင်စုတွင်ပင် ပညာသင်ကြားခဲ့ပြီး ကင်းဆပ်ရှိ ဆော့ဖ်ဝဲ ကုမ္ပဏီတစ်ခုတွင် အလုပ်လုပ်နေကြခြင်းဖြစ်သည်။

အမေရိကန်ပြည်ထောင်စု၏ လူဝင်မှုကြီးကြပ်ရေး ပေါ်လစီအရ လက်ခံပြီး အလုပ်များပေးထားသော နိုင်ငံခြား သားများသည့် ဒေါ်နယ်ထရမ့်အစိုးရ တက်လာပြီးနောက် ပြောင်းလဲလိုက်သည့် မူဝါဒအရ အားလုံး ထိတ်လန့်တကြားဖြစ်ကုန်ကြသည်။ ထရမ့်၏ လူစိမ်းကြောက်ရောဂါက တစ်နိုင်ငံလုံး ကူးစက်သွားပြီလားဟု အထင်မှား စရာဖြစ်သည်။ နိုင်ငံခြားသားများကို တားမြစ်လိုက်ခြင်းနှင့် ပြည်ဝင်ခွင့် ကန့်သတ်လိုက်ခြင်းများကပင် နိုင်ငံသား အားလုံးအတွက် စိုးရိမ်သောကရောက်စရာ တစ်ခုဖြစ်သွားသည်။ ယခင်က တန်းတူညီမျှဆိုသည့် အမေရိကန် မူဝါဒအရ အကောင်းဘက်က ကြည့်မြင်ပေးနေသူများပင်လျှင် နိုင်ငံခြားသားများကို မကောင်းဆိုးဝါးများ အနေနှင့် ကြည့်မြင်လာကြသည်။

ထရမ့်၏ လူမျိုးရေးခွဲခြားပြီး ပြဿနာရှာစေသည့်စကားကို လူတိုင်း လက်ခံကြသည်တော့မဟုတ်။ အမေရိကန် လွှတ်တော်အမတ်တစ်ဦးဖြစ်သည့် တွမ်မိရိဒ်သည် အသံအကျယ်ဆုံး ကန့်ကွက်လှုပ်ရှားနေသူဖြစ်သည်။ တစ်သက်လုံး အသားအရောင်၊ လူမျိုးရေး မခွဲခြားခဲ့သည့် နိုင်ငံတွင် ထရမ့်လက်ထက်ကျမှ လူမျိုးရေးခွဲခြား သလိုမျိုး ပြုမူပြောဆိုနေခြင်းက ယခုလို အကြမ်းဖက်မှုများကို ဖြစ်ပွားစေခဲ့ကြောင်း ထောက်ပြသည်။

ငြိမ်းချမ်းသည့် အမေရိကသည် လူမျိုးရေးနှင့် အသားအရောင်ခွဲခြားမှုများကြောင့် ကြောက်စရာကောင်းသည့် နိုင်ငံတစ်နိုင်ငံဘဝကို ဦးတည်တော့မည်လားဟုလည်း သံသယဖြစ်လာကြသည်။

ထရမ့်၏ ပြည်ဝင်ခွင့် ကန့်သတ်လိုက်မှုက အမေရိကန်ကောလိပ်နှင့် တက္ကသိုလ်များအတွက်ပါ ဝင်ငွေကို အလုံး အရင်းနှင့် ထိခိုက်စေနိုင်သည်။ သူက မွတ်ဆလင်အများစုနေထိုင်သည့် ၇ နိုင်ငံမှ နိုင်ငံသားများကို အမေရိကသို့ ဝင်ခွင့်မပြုဟု ဆက်လုပ်နေလျှင် ကောလိပ်ပညာရေးတွင် နှစ်စဉ်ဝင်နေသော ဝင်ငွေ ဒေါ်လာ သန်း ၇၀၀ ခန့်နစ်နာသွားနိုင်ကြောင်း ပညာရေးသုတေသနအဖွဲ့ College Factual က ထုတ်ပြန်ထားသည်။

ပြည်ဝင်ခွင့်များကို ကန့်သတ်ပိတ်ပင်လိုက်ခြင်းကြောင့် လက်ရှိ ဒုက္ခရောက်ကြရမည့် ကျောင်းသားပေါင်း ၁၆၀၀၀ ခန့်ရှိနေသည်။ သူတို့ဘဝများက အထက်တွင် ဖော်ပြခဲ့သလို မည်သည့် အချိန်တွင် လာရောက် စော်ကားနှင်ထုတ်ခံရပြီး သေနတ်နှင့်ပါ အပစ်ခံရမှန်း မရေရာသည့် အနေအထားတွင် ဖြစ်နေသည်။

ဘားဆိုင်တွင် သေနတ်နှင့် အပစ်ခံလိုက်ရပြီးနောက် သေဆုံးသွားခဲ့ရသည့် ကူချီဘိုတလာ၏ ဇနီးဖြစ်သူက -

“ကျွန်မတို့ဟာ အမေရိကန်ပြည်ထောင်စုမှာ နေထိုင်ခွင့်ရပြီး အလုပ်အကိုင်တွေပါ ရလို့ လူမှန်နေရာမှန် ရောက်နေပြီလို့ အမြဲတွေးထင်ထားသူတွေပါ။ ဒီလူမျိုးတွေရဲ့ကောင်းမြတ်တဲ့စိတ်ထားတွေကြောင့် ကျွန်မတို့အတွက် ကံကောင်းပြီလို့လည်း အမြဲခံယူထားခဲ့ပါတယ်” ဟုပြောကြားသည်။

ပညာရေးသည် ငြိမ်းချမ်းရေးဖြစ်သည်။ ငြိမ်းချမ်းလိုသည့် စိတ်ဓာတ်ပိုင်ရှင်များ ဖြစ်ထွန်းလာစေရေးအတွက် ပညာသင်ကြားကြရခြင်းဖြစ်ပါသည်။ ကမ္ဘာ့မည်သည့် ဒေသတွင်မဆို ပညာသင်ကြားရမည့် နေရာတိုင်းသည် ငြိမ်းချမ်းသော နေရာများဖြစ်သင့်ပါသည်။ သေနတ်သမားများကို ကြောက်ပြီး မသွားရဲ မလာရဲ မဆက်ဆံ မပြောဆိုရဲဖြစ်နေရမည်ဆိုလျှင် ပညာရေးသည် မငြိမ်းချမ်းနိုင်တော့ပေ။ ကြောက်ရွံ့ခြင်းကင်းသည့် ပညာရပ်ဝန်း တစ်ခုတွင် အားလုံး ပညာရှာမှီးပိုင်ခွင့်ရှိရမည်။ သို့သော် အမြင်စောင်းနေလျှင် စိုးရိမ်စရာကောင်းသည်။

ဒီမိုကရေစီ အမေရိကသည် လူမျိုးရေးခွဲခြားမှုများ ပြန်လည်ခေါင်းထောင်ထသည့် နိုင်ငံတစ်နိုင်ငံ မဖြစ်သင့်ပါ။ အလားတူ အားလုံး တန်းတူညီမျှ ပညာသင်ကြားနိုင်သည့် ကြောက်ရွံ့ခြင်းက ကင်းဝေးရသော နိုင်ငံတစ်နိုင်ငံ ဖြစ်ရန်လည်း လိုအပ်ပါသည်။

■ E01 , (Ref: The Washington Post)

# အခြေခံပညာရေး ဥပဒေ

နေဇာကျော်

**အခြေခံပညာရေးဥပဒေမူကြမ်းသည် လွှတ်တော်က အစိုးရပြန်ပို့၊ အစိုးရက လွှတ်တော်ပို့ စသည့်အခြေအနေများဖြင့် အစိုးရနှစ်ဆက်အကြား ဗျာများခဲ့သည်။ ယခုအခါ ဒုတိယအကြိမ်လွှတ်တော်တွင် ထပ်မံ ဆွေးနွေးအတည်ပြုနိုင်ရန် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်နှင့်အခြေခံပညာဦးစီးဌာန တာဝန်ရှိသူများ ဇန်နဝါရီလကုန်ပိုင်းက တွေ့ဆုံခဲ့သည်။ ယခုနှစ် မတ်လအကုန်တွင် အပြီးသတ်ပြန်သုံးသပ်၍ လွှတ်တော်တင်ရန် ဆွေးနွေးခဲ့ကြသည်။ ထို့ကြောင့် အမျိုးသားပညာရေးမူဝါဒကော်မရှင်နှင့် အခြေခံပညာဦးစီးဌာန တာဝန်ရှိသူများနှစ်စုခွဲ၍ ပြန်သုံးသပ်ခဲ့ကြသည်။ သို့သော် ယခုအခါ ပြင်ဆင်ဖြည့်စွက်ချက်များဖြင့် လွှတ်တော်သို့ ပြန်ပို့လိုက်သည်ဟု ဝန်ကြီးဌာနထံမှ သိရှိရသည်။ သို့သော် မည်သည့်အချက်များ ဖြည့်စွက်ပြင်ဆင်သည်ကိုမူ မသိရှိရပေ။ ဝန်ကြီးရုံးသို့ဆက်သွယ်သော်လည်း ပြောရေးဆိုခွင့်ရှိသူကိုသာ မေးမြန်းရန် ပြန်လည်ဖြေကြားသည်။ ယင်းအခြေအနေများနှင့် ပတ်သက်၍လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ဝက်ဘ်ဆိုက်ရှိအခြေခံပညာရေးဥပဒေမူကြမ်းပါ အချက် အလက်များနှင့်ပတ်သက်၍လည်းကောင်း ဆရာများ၏ရင်ဖွင့်သံများကို ယခုတစ်ပတ် 'ဆရာများ၏ရင်ဖွင့် သံ' ကဏ္ဍမှတစ်ဆင့် The Voice က စုစည်းတင်ပြ လိုက်ပါသည်။**

## "အခွင့်အရေးကိုလည်း ဖြည့်စွက်ထည့်ပေးစေချင်တယ်"

### ဦးငွေတိုး (ဦးစီးအရာရှိ၊ အခြေခံပညာဦးစီးဌာန)

အခြေခံပညာရေးဥပဒေမူကြမ်း ပြန်သုံးသပ်တဲ့ အခြေအနေ မသိရဘူး။ အရင်တစ်ပတ် သိရသလောက်က အခြေခံပညာရေးဥပဒေမူကြမ်း ပြန်သုံးသပ်တာကို မတ်လ ၂၂၊ ၂၃ အပြီးပြန်သုံးသပ်ပြီး ဆွဲမယ်ပြောတာကိုး။ အဲဒီလောက်ပဲ သိလိုက်တာ။ လတ်တလော ပညာရေးဝန်ကြီးဌာနမှာတင်ထားတဲ့ အခြေခံပညာရေး ဥပဒေမူကြမ်းအရဆိုရင်တော့ အဓိကပြောချင်တာ ဗဟိုချုပ်ကိုင်မှုများတယ်။ အမျိုးသားဥပဒေအရဆိုရင်တော့ ဗဟိုချုပ်ကိုင်မှုလျှော့ချတဲ့စနစ် ကျင့်သုံးဖို့ဆိုတာ ရေးထားတယ်။ မူဝါဒမှာ အခြေခံပညာရေးစနစ်ကို ဗဟိုချုပ်ကိုင်မှုလျှော့ချမယ်လို့ ရေးထားတယ်။ ဒါပေမဲ့ လုပ်ငန်းဆောင်ရွက်ဖို့က ဘယ်သူတွေရှိနေသလဲဆိုတော့ ညွှန်ချုပ်တွေနဲ့ အပေါ်အဆင့် တာဝန်ရှိသူတွေပဲ။ နောက်ပြီး ပညာရေးလုပ်ငန်းကို ပညာရေးဌာနကပဲ ဦးဆောင်ရမှာ။ စီမံခန့်ခွဲရမယ်။ ကျန်တဲ့ဌာနအသီးသီးက ပညာရေးဌာနရဲ့လိုအပ်ချက်ကို ကူညီပံ့ပိုးပေးတာပဲဖြစ်ရမယ်။ ပြီးတဲ့အခါ တိုင်းရင်းသားဘာသာစကားနဲ့ပတ်သက်တာ တိုင်းရင်းသားဘာသာစကားကို သက်ဆိုင်ရာဒေသအလိုက် ရွေးချယ်ရမယ်။ ပညာရေးဌာနအနေနဲ့ စာသင်ချိန်သတ်မှတ်ပေးတာနဲ့ တာဝန်ခံပေးရမယ်။ အဲဒီမှာ ဆရာတွေရဲ့တာဝန်နဲ့ အခွင့်အရေးမှာလည်း တာဝန်တွေပဲများနေတယ်။ အခွင့်အရေးကိုလည်း ဖြည့်စွက်ထည့်ပေးစေချင်တယ်။ ပံ့ပိုးပေးစေချင်တယ်။ ■


Photo by KHW

## "ဘေးနားမှာ အချက်အလက်အသေးစိတ် မရှိသေးတော့ မသိဘူးပေါ့"

### ဒေါက်တာခိုင်မြဲ

### (ပညာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ၊ အခြေခံပညာဦးစီးဌာန တာဝန်ခံညွှန်ကြားရေးမှူးချုပ်)

အသေးစိတ်ကျတော့ ဘာတွေပြောင်းတယ်ဆိုတာ ကျွန်တော် မသိဘူးခင်ဗျ။ တော်တော်များများတော့ ပြုပြင်ပြောင်းလဲတာ တွေ့တာပေါ့နော်။ ဘေးနားမှာ အချက်အလက်အသေးစိတ် မရှိသေးတော့ မသိဘူးပေါ့။ အဲဒါပြောင်းလဲပြီးတော့ လွှတ်တော်ကိုတောင် ပို့လိုက်ပြီထင်ပါတယ်။ ဘယ်ရက်လောက်က ပို့တယ်ဆိုတာ ကျွန်တော်လည်း ပြန်မေးရဦးမှာခင်ဗျ။ အဲဒါကိုကျတော့ ပညာရေးဝန်ကြီးရုံးက ကိုင်တွယ်တာပါ။ ■


ဓာတ်ပုံ – နေဇာကျော်

## "ဆရာကိုယ်စားလှယ်တွေကို ဖိတ်ပြီးဆွေးနွေးပါမယ်လို့ ပြောထားတဲ့ ကတိစကားတော့ရှိပါတယ်"

### ဦးမြတ်သီဟထွန်း (မူလတန်းပြ၊ အမက ရွာသစ်စု (လေးအိမ်စု)၊ မအူပင်မြို့နယ်)

ဥပဒေရေးရာ အချက်အလက်တွေကိုတော့ ကျွန်တော် အရမ်းကြီးအကြံမပြုချင်ပါဘူး။ ဒါပေမဲ့ အကြံပြုနိုင်တာက ဆွေးနွေးနေတဲ့ အချက်အလက်တွေ မြန်မာပြည်မှာရှိနေတဲ့ စာသင်ကျောင်းတွေမှာ တကယ်ဖြစ်ပျက်နေတဲ့ အခြေအနေတွေပေါ်မှာ အခြေခံပြီး ဆွေးနွေးဖို့လိုပါလိမ့်မယ်။ ပညာရေးရှေ့တန်းစာမျက်နှာမှာရောက်နေကြတဲ့ ဆရာ၊ ဆရာမတွေရဲ့ အသံလိုပါလိမ့်မယ်ဗျ။ အခုဆွေးနွေးတာက လက်ရှိမြေပြင်အခြေအနေနဲ့ ဟပ်စပ်မှုမရှိဘဲ အပေါ်မှာ ဆွေးနွေးနေတယ်ဆိုရင် အကျိုးသက်ရောက်မှု အတော်လေးအားနည်းပါလိမ့်မယ်။ အဲဒါတွေနဲ့ပတ်သက်လို့ နေပြည်တော်မှာလုပ်ခဲ့တဲ့ အခြေခံပညာရေးနှီးနှောဖလှယ်ပွဲတွေမှာ ကျွန်တော်တက်ခဲ့တုန်းက လက်ရှိမြေပြင်အခြေအနေတွေနဲ့ပတ်သက်လို့ အကြံဉာဏ်တွေ ပေးခဲ့ပါတယ်။ ဒါပေမဲ့ အခုထိ အကောင်အထည်ပေါ်မလာပါဘူး။ ကျွန်တော်တို့ကို သူတို့ဘာပြောထားသလဲဆိုတော့ အကယ်၍ အခြေခံပညာရေးဥပဒေမူကြမ်းနဲ့ ပတ်သက်လို့ ဆွေးနွေးပွဲတွေ ပြန်လုပ်မယ်ဆိုတာမျိုး ဖြစ်လာရင် ဆရာတွေ၊ မြေပြင်မှာရှိနေတဲ့ ဆရာကိုယ်စားလှယ်တွေကို ဖိတ်ပြီး ဆွေးနွေးပါမယ်လို့ ပြောထားတဲ့ ကတိစကားတော့ ရှိပါတယ်။ ဒါပေမဲ့ အခုချိန်ထိ တစ်စုံတစ်ရာ အကြောင်းကြားလာခြင်း မရှိဘဲနဲ့ သူတို့စားပွဲပေါ်မှာပဲ အပေါ်ပိုင်း၊ ထိပ်ပိုင်းလူတွေ ဆွေးနွေးနေကြတဲ့ပုံစံရှိပါတယ်။ အခြေအနေက အဲဒီလိုပါ။ 'ဟ' နေပါတယ်။ အပေါ်နဲ့အောက် ချိတ်ဆက်မှု အားနည်းနေပါတယ်။ ■


Photo by MTH

## "သင်ကြားသင်ယူမှုမှာ အဓိကလိုအပ်တာတွေ ဖြည့်ဆည်းပေးမှ ဥပဒေနဲ့အညီ လုပ်ဆောင်နိုင်မယ်"

### ဒေါ်နီလာဝင်း (သူငယ်တန်းပြ၊ အ.ထ.က ၃၅၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့)


Photo by SYK

အခြေခံပညာရေးဥပဒေမူကြမ်းကို ကျွန်မတို့ ဆရာ၊ ဆရာမအများစုတွေက သိပ်စိတ်မဝင်စားကြပါဘူး။ အရင့်အရင်က ဥပဒေဆိုတာ နှိပ်ကွပ်ဖို့ဆိုပြီး လောက်သာ မြင်ခဲ့ကြတဲ့အမြင်ကြောင့် လေ့လာမှု အားနည်းခဲ့ကြပါတယ်။ ကျွန်မနားလည်သလောက် ပညာရေးဝန်ကြီးဌာနဝက်ဘ်ဆိုက်မှာ တင်ထားတဲ့ မူကြမ်းအရဆိုရင် မူဝါဒနဲ့ ရည်ရွယ်ချက်တွေ ကောင်းမွန်တယ်လို့ထင်ပါတယ်။ အခြားလုပ်နည်းလုပ်ဟန်တွေကတော့ ညွှန်ကြားချက်အတိုင်း လိုက်နာလုပ်ဆောင်ရတာကို ကျွန်မတို့ အသားကျပြီးနေကြတာမို့ အဆင်ပြေနိုင်ပါတယ်။

ဆရာတွေရဲ့တာဝန်နဲ့ အခွင့်အရေးအခန်းမှာပါတဲ့ ဆရာ၊ ကျောင်းသား သင်ကြားရေးတွင် ဆရာများဟာ ပညာသင်ကြားရာမှာ ကျောင်းသားတို့၏ ကောင်းကျိုးကိုလိုလားသော အပြုသဘောဆောင်တဲ့ ဆုံးမမှုများ ဦးတည်ပြီး ဆရာ၊ ကျောင်းသားကောင်းမွန်တဲ့ ဆက်ဆံရေးဖြစ်ရမယ်ဆိုတာမှာ အပြုသဘောဆောင်တယ်ဆိုရာမှာလည်း ခန္ဓာကိုယ်ရော စိတ်မှာပါ ထိခိုက်မှုမရှိအောင် ဒေါသအလျောက်ရိုက်နှက်မှု၊ ကြမ်းတမ်းစွာပြောဆိုမှု၊ စိမ်းကားစွာနှိမ့်ချပြောဆိုမှု အားနည်းချက်ကို ထောက်ပြပြောဆိုမှုများမရှိဘဲ သင်ကြားရမည်ဖြစ်တယ်လို့ နားလည်ပါတယ်။

ဆရာများသည် ကျောင်းသားများ အမှန်တကယ် တတ်မြောက်စေရန် စာသင်ချိန်အတွင်း သတ်မှတ်ထားသောသင်ရိုးပြီးဆုံးသည်အထိ သင်ကြားရမည့်အပြင် အသိပညာ၊ အတတ်ပညာများနှင့် ကျွမ်းကျင်မှုများ ရရှိစေရန်အတွက်လည်း သင်ကြားပေးရန် တာဝန်ရှိသည်ဆိုရာမှာ သင်ရိုးနှင့်သင်ကြားရေးနှင့်ပတ်သက်သောလုပ်ငန်းများ လုပ်ဆောင်စေခြင်းနှင့် စာရင်းဇယားများလုပ်စေခြင်း အပေါ်မှာ မူတည်ပါတယ်။ ပတ်ဝန်းကျင်အမျိုးမျိုး၊ အခြေအနေအမျိုးမျိုးမှာ ဉာဏ်ရည်အမျိုးမျိုးရှိတဲ့ကလေးမျိုးစုံကို သင်ကြားရတဲ့အတွက် အတိအကျသတ်မှတ်လို့ မရနိုင်ပါဘူး။ သင်ခန်းစာအခြေအနေအလိုက် လိုတိုးပိုလျှော့ လုပ်သွားရမယ်လို့ မြင်ပါတယ်။ သတ်မှတ်တဲ့အတိုင်း သင်နိုင်ခဲ့သည်ရှိသော် သင်ရိုးရည်ရွယ်ချက် အမှန်တကယ်ပေါက်မြောက်အောင် သင်နိုင်မည်ဟု မထင်ပါဘူး။ မူဝါဒနဲ့ ရည်ရွယ်ချက်တွေက ကောင်းမွန်သလို အမှန်တကယ် လိုအပ်ချက်တွေ ဖြည့်ဆည်းဖို့ တိကျတဲ့လျာထားချက်တွေ ထားပြီးမှ အောင်မြင်ပေါက်မြောက်မယ်လို့ မြင်ပါတယ်ရှင်။ ဆရာ၊ ဆရာမတွေရဲ့တာဝန်ကတော့ သင်ကြားသင်ယူမှုမှာ အဓိကလိုအပ်တာတွေ ဖြည့်ဆည်းပေးမှ ဥပဒေနဲ့အညီ လုပ်ဆောင်နိုင်မယ်လို့ထင်ပါတယ်။

ဆရာ၊ ဆရာမတွေအတွက် လူမှုဘဝလုံခြုံမှုရှိစေမယ့် ဥပဒေအချက်အလက်တွေ ဖြည့်စွက်ပေးရင် ကောင်းမယ်ဆိုတာပါ ပြောချင်တယ်။ ခုတစ်လော ဆရာ၊ ဆရာမတွေ တာဝန်ချိန်မှာ ထိခိုက်နစ်နာစေတာတွေအတွက်နဲ့ ပြီးတော့ စာမေးပွဲဆီကို တစ်မြို့တစ်ရွာသွားဖြေရတဲ့ ကျောင်းသားတွေ၊ တာဝန်ထမ်းဆောင်ရတဲ့ ဆရာ၊ ဆရာမတွေရဲ့ထိခိုက်နစ်နာမှု တစ်စုံတစ်ခုဖြစ်ခဲ့ရင် ဒီလိုနဲ့ တာဝန်ယူသူမရှိ ပြီးသွားရတာရောအတွက် အကာအကွယ်ပေးမယ့် တာဝန်ခံမှုရှိရမယ့် ဥပဒေတစ်ရပ်ရှိရင် ကောင်းမှာပါပဲ။ ■

# အငြင်းပွားဖွယ် ဓမ္မကာယကျောင်းနှင့် ထိုင်းနိုင်ငံ ထေရဝါဒအရေး

ကျော်ဗလ

ဖေဖော်ဝါရီလ ၂၃ ရက်နေ့ နံနက်ကတည်းက ဓမ္မကာယကျောင်းတော်ကြီးရှေ့တွင် သံဃာတော် များ ရာနှင့်ချီပြီး ပိတ်ဆို့ထားကြသည်။ နံနက် ၆ နာရီ ၄၅ မိနစ်ခန့်အချိန်တွင် စစ်သား ၅၀ ခန့်ရောက်လာသည်။ ကျောင်း၏ ဂိတ်ဝတွင် ပိတ်ဆို့ထားသည့် အတား အဆီးများကို စစ်သားများက ဖယ်ရှားလိုက်ကြသည်။ သို့သော်စစ်သားတွေက သံဃာတော်များနှင့် အရပ်သားများကို မကျော်ဖြတ်နိုင်သေးပေ။

နံနက် ၉ နာရီအချိန်ခန့်တွင် သံဃာ ၃၀၀ ခန့်နှင့် အရပ်သားများသည် စစ်သားများထံ အုပ်စုလိုက်ရွေ့လာခဲ့ကြသည်။ စစ်သားတွေက နောက်ဆုတ်ပေးလိုက်ပြီး လိုင်ခလုမ်ဆန်လမ်းမကြီးပေါ်ရှိ သူတို့စုရပ်ထံ ပြန်သွားကာ နောက်ထပ်ရှေ့တိုးလာခြင်း မရှိတော့ပေ။

ဓမ္မကာယကျောင်းတော်၏ ပြောရေးဆိုခွင့်ရှိသူ ဆရာတော် ဖရာဆာနစ်ဝမ် ဝူသီဝမ်ဆိုက သူတို့သည် စစ်သားများ ဝင်ရောက်ရှာဖွေမည်ဆိုခြင်းကို လက်ခံမည်မဟုတ်ကြောင်း၊ တစ်မနက်အတွင်းအဓမ္မဝင်ရောက်စီးနင်းတိုက်ခိုက်မှုတွင် မိမိတို့ဘက်မှ ထိခိုက်ဒဏ်ရာရမှုများရှိခဲ့ကြောင်း သတင်းထောက်များကို ထုတ်ဖော်ပြောကြားခဲ့သည်။

ဓမ္မကာယ ကျောင်းတော်ဝင်ပေါက် အမှတ် ၄ ဝင်ပေါက်နားရှိ ဘွန်ရက်ဆာ အဆောက်အအုံကြီး အနီးမှ ရဟန်း ၆ ပါးနှင့် လူ ၂၀ ခန့်ကို ရဲတပ်ဖွဲ့က ဖမ်းဆီးသွားသည်။ သူတို့ကို မေးမြန်းရန်ဆိုပြီး ဖမ်းဆီးသွားခဲ့ခြင်းဖြစ်သည်။ ဖေဖော်ဝါရီ ၁၆ ရက်နေ့က အာဏာပိုင်များသည် ကျောင်းထဲအတင်းဝင်ပြီး ရှာဖွေသွားခြင်းကို ရည်စူးပြီး သံဃာနှင့် လူထုကြားတွင် မကျေနပ်ချက်များ ပေါ်ထွက်လာသည်။ ယခင်ကျောင်းထိုင်ဆရာတော် ဓမ္မချာယိုကို အလိုရှိသည်ဆိုကာ ဝင်ရှာကြခြင်းဖြစ်သည်။ ဆရာတော်ကို မြေကျူးကျော်ဆောက်ထားမှု၊ ငွေကြေးခဝါ ချထားမှု၊ ဘဏ်တွင် ငွေကြေးများစွာ သိမ်းဆည်းထားမှုစသည့် စွပ်စွဲချက်များဖြင့် ဆရာတော်ကို အလိုရှိသည် ဆိုကာ လိုက်ရှာနေကြခြင်းဖြစ်သည်။

ထိုင်းနိုင်ငံ အထူးထောက်လှမ်းရေးအဖွဲ့ (DSI) နှင့် ရဲတပ်ဖွဲ့ဝင်များသည် ပတ်သွန်သာနီ ပြည်နယ်၊ ဓမ္မကာယ ကျောင်းဝင်းအတွင်း အဆောက်အအုံများကို ဝင်ရောက်စီးနင်းရှာဖွေရာ မြေအောက်ခန်းများပါသည့် အဆောက် အအုံများကို တွေ့ခဲ့ရကြောင်း ထုတ်ပြန်ခဲ့သည်။ ထို့ပြင် ဓမ္မကာယကျောင်းသည် ပြည်သူပိုင် မြေနေရာများကိုပါ ကျူးကျော်ဆောက်ထားသည်ဟုဆိုသည်။

ဓမ္မကာယကျောင်းမှ သံဃာတော်များသည် ဖေဖော်ဝါရီ ၂၆ ရက်နေ့အထိ ကျောင်းကို ပိတ်ဆို့ထားပြီး ကြံ့ကြံ့ခံနေသည်။ DSI က ကျောင်းဝင်းအတွင်းမှ အပြင်ကို ဆက်သွယ်နိုင်မည့် ဖုန်းလိုင်းများ၊ အင်တာနက်လိုင်းများ အားလုံးကိုဖြတ်တောက်လိုက်သည်။ ထို့နောက် စစ်အစိုးရထုတ်ပြန်ထားသည့် အမိန့်ဖြင့် ကျောင်းတော်ကြီးအား သိမ်းပိုက်လိုက်ကြောင်းလည်း ထုတ်ပြန်ခဲ့သည်။

ဘုရားကျောင်းမှ ဆက်သွယ်ရေးတာဝန်ခံ ဆာနစ်ဝမ် ချရုန်ရက်တာဝမ်က သူ၏ Facebook စာမျက်နှာပေါ်တွင် ထုတ်ပြန်ချက်တစ်ခုကို တင်လိုက်သည်။ ကျောင်းဝင်းအတွင်း မီတာ ၅၀၀ ပတ်လည်၌ လူပေါင်း ထောင်ချီ ပိတ်မိနေပြီး အပြင်ကိုလည်း ပြန်မထွက်နိုင်အောင် ဖြစ်နေသည်ဟုဆိုသည်။ ဖုန်းလိုင်း အင်တာနက်လိုင်းများ အားလုံးဖြတ်တောက်ထားသော်လည်း သူတို့မကြောက်ဟုရေးထားသည်။

ကျောင်းဝင်းထဲတွင် ရောက်ရှိနေသူများသည် ပြင်ပလောကနှင့် “Fire Chat ”ကို အသုံးပြုပြီး ဆက်သွယ်နေကြ ရသည်။ ယင်းဆော့ဖ်ဝဲသည် အင်တာနက် အဆက်အသွယ်မရှိလည်း စမတ်ဖုန်းကို


Wikipedia

အသုံးပြုပြီး စာများကို ပေးပို့နိုင်သည်။ ဆာနစ်ဝမ်က မိမိတို့အနေနှင့် ဗုဒ္ဓဘာသာ ယုံကြည်မှုအပေါ် အခြေခံပြီး အသက်ပေးကာ ကျောင်းတော်ကို ကာကွယ်သွားမည်ဟု ထုတ်ပြန်ထားသည်။

ဓမ္မကာယကျောင်းတော်မှ သံဃာတော်များ ကကုလသမဂ္ဂအထိ ယခုဖြစ်ပျက်နေသော အဖြစ်အပျက်များကို တိုင်ကြားသွားမည်ဟုဆိုကြသည်။ စစ်အစိုးရကလည်း ပုဒ်မ ၄၄ ကို ထုတ်ပြန်ပြီး ကျောင်းတော်ကြီးအား ထိန်းချုပ် သိမ်းပိုက်ထားသည့် နေရာဖြစ်ကြောင်း ကြေညာထားသည်။ ကျောင်းဝင်းအတွင်း အဓမ္မဝင်ရောက် ရှာဖွေသော်လည်း ဓမ္မချာယိုဆရာတော်ကို မတွေ့သဖြင့် လာရောက်အဖမ်းခံရန် စစ်အစိုးရက ပြောထားရုံမက ကျောင်းအတွင်း ရေဖြတ်၊ မီးဖြတ်မှုများကို ဆက်လုပ်မည်ဟု ကြေညာထားသည့်အပြင် လက်ရှိလည်း မည်သည့် ညှော်သည်ကိုမှ ဝင်ခွင့်မပေးဘဲ ပိတ်ဆို့ထားခဲ့သည်။

လက်ရှိ စစ်ခေါင်းဆောင် ဝန်ကြီးချုပ် ဖရာယွတ်ချန် အိုချာသည် ပုဒ်မ ၄၄ ကို တိုင်တည်ပြီး ဓမ္မကာယကို သိမ်းပိုက်ရန် အားထုတ်နေကြောင်း၊ ထိုဥပဒေကို ဖရာယွတ်ကိုယ်တိုင် ၂၀၁၄ ခုနှစ်ကပြဋ္ဌာန်းခဲ့ပြီး အပြုသဘောဆောင်သည့် နိုင်ငံတော်တည်ဆောက်မှုအတွက် အသုံးပြုသွားမည်ဟု ပြောခဲ့သော်လည်း ယခုအခါ ဘာသာရေးကို ပျက်စီးစေရန် ကြိုးပမ်းနေသည်ဟု သံဃာတော်များကလည်း စွပ်စွဲထားကြသည်။ ထိုပုဒ်မ ၄၄ ကို ဝန်ကြီးချုပ်သည် လွန်ခဲ့သော ၂ နှစ်ခန့်ကတည်းက တစ်ပတ်အတွင်း အမိန့်ကြေညာချက်ပေါင်း ၁၃၀ ကို ထုတ်ပြန်ပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက်ဆိုကာ ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။

လက်ရှိအနေအထားမှာ DSI နှင့် ကျောင်းတော်ကြီးရှိ သံဃာတော်များ ထိပ်တိုက်ရင်ဆိုင်နေရပြီး ပြဿနာကလည်း အေးချမ်းမည့် အရိပ်အယောင် မမြင်ရသေးပေ။ ပုဒ်မ ၄၄ ကို ဆန့်ကျင်သည့် အနေနှင့် လူတစ်ဦးက သူ့ကိုယ်သူ သတ်သေလိုက်သည်။ သို့သော် ပရာယွတ်က မည်သို့ဆိုစေ သူထုတ်ပြန်ထားသည့် အမိန့်ကို ရုပ်သိမ်းမည်မဟုတ်ဟု တင်းခံထားသည်။ သူက ဓမ္မချာယို လာရောက် အဖမ်းမခံမချင်း သူ့ဘက်ကလည်း အလျှော့ပေးမည်မဟုတ်ဟုဆိုသည်။

အစိုးရဘက်ကလည်း ဓမ္မကာယကျောင်းကို ဥပဒေအရ ဝင်ရောက်စီးနင်းသိမ်းပိုက်ရန်ကလွဲပြီး အခြား အကြောင်းမရှိဟု လက်ခံထားသည်။ အစိုးရအနေနှင့် ဓမ္မချာယိုကို ဖမ်းမည်ဆိုခြင်းမှာ အကြောင်းပြချက်တစ်ခုသာဖြစ်ပြီး အခြေအမြစ်မရှိဟု ပြည်သူတွေက ယူဆသည်။ သို့သော် အစိုးရဘက်ကလည်း ရှာမတွေ့သည့် ဓမ္မချာယိုဆရာတော်နှင့် ထိုကျောင်းတော်ကို ခြိမ်းခြောက်ရန်မှတစ်ပါးလည်း အခြားလမ်းမရှိ ဖြစ်နေသည်။ တစ်နည်းပြောရလျှင် မိမိတို့ အချုပ်အခြာအာဏာကို အလျှော့ပေးရမည်အားကြောက်သည့် စစ်အစိုးရနှင့် ဘာသာရေးခေါင်းဆောင်များကြားတွင် ထိပ်တိုက်ရင်ဆိုင်လာရခြင်းဖြစ်သည်။

အစိုးရအနေနှင့် ဓမ္မချာယိုအပေါ် စွပ်စွဲထားသည့် အချက်များတွင် အရေးအကြီးဆုံးအချက်မှာ ကလောင်ချန် ခရက်ဒစ် ယူနီယံဘဏ်နှင့် ပတ်သက်ဆက်နွှယ်နေမှုဖြစ်သည်။ တစ်နည်းပြောရလျှင် ဗုဒ္ဓဘာသာ အယူအဆနှင့်မကိုက်ညီသည့်ငွေကြေးစုဆောင်းထားမှုများ ရှိနေသည်ဟု DSI က အကြောင်းပြသော်လည်း ခိုင်လုံသော အကြောင်းပြချက်မဟုတ်ကြောင်း ပြည်သူတွေက ကောင်းကောင်းသိနေသည်။

စစ်အစိုးရကလည်း ကျောင်းတော်ကြီးကို သိမ်းပိုက်လိုက်ပြီး ရှာဖွေလိုက်လျှင် သူတို့အလိုရှိနေသည့် ဆရာတော်ကိုတွေ့မည်ဟု ယူဆထားသည်။ သို့သော် အဓမ္မဖြင့်ဝင်ရောက်စီးနင်းချုပ်ကိုင်လိုက်တိုင်း ထိုင်းနိုင်ငံ ပြည်သူများကို ထေရဝါဒဗုဒ္ဓဘာသာအပေါ်စိတ်ပျက်သွားစေရန် လုပ်ဆောင်နိုင်မည်မဟုတ်ပေ။

ဓမ္မကာယအဖွဲ့ကြီးသည် အလွန်ကြီးကျယ်စွာဖြင့် ယုံကြည်သူပေါင်းများစွာကို အခြေခံပြီး ဖွဲ့စည်းထားသည့် ဘာသာရေး အုပ်စုကြီးတစ်ခုဖြစ်နေသည်။ ဓမ္မကာယကို ဖျက်လိုက်တိုင်း ထေရဝါဒဗုဒ္ဓဘာသာယုံကြည်ကိုးကွယ်မှုအပေါ် မဖျက်ဆီးနိုင်ကြောင်း သံဃာတော်များရော ထောက်ခံကိုးကွယ်နေကြသည့် ဒကာ၊ ဒကာမများက လက်ခံထားခဲ့ကြပြီးဖြစ်သည်။ တစ်နည်းဆိုရလျှင် ယခင်ကျောင်းထိုင်ဆရာတော် ဓမ္မချာယိုလက်ထက်ကတည်းက ဤကျောင်းတော်ကြီးအနေနှင့် ဗုဒ္ဓဘာသာကို လူတိုင်းကြည်ညိုကိုးကွယ်အားထား လာစေရန်နှင့်တရားထိုင်သည့်အလေ့အကျင့်များကို ပြည်သူများအကြားတွင် ပြန့်ပွားလာစေရန် ဆိုသော ဦးတည်လုပ်ဆောင်ချက်များက ယုံကြည်သူများအပေါ်တွင် စိမ့်ဝင်နေပြီး ဖြစ်နေသည်။

ဓမ္မကာယအဖွဲ့ကြီး ရပ်တည်ထွန်းကားလာနိုင်ခြင်းမှာ ထိုင်းနိုင်ငံ အစဉ်အလာအရ ကိုးကွယ်နေကြသည့် ဗုဒ္ဓဘာသာအမြင်နှင့် ကွဲပြားမှုများရှိသည်။ အစဉ်အလာ ဗုဒ္ဓဘာသာက ပြောဆိုထားသည်များကို လက်ခံ ယုံကြည်ရန်သာဖြစ်ပြီး ဓမ္မကာယအဖွဲ့က ဝေဖန်ဆန်းစစ်ခွင့်များကို ပေးထားခြင်းမှာ အနောက်တိုင်းသားများပါ သဘောကျ ကိုးကွယ်ယုံကြည်လာစေသည့် အချက်များဖြစ်နေသည်။

ဓမ္မကာယကျောင်းတော်သည် တရားထိုင်ခြင်းကို အဓိကထားပြီး သာသနာရေးကိုလုပ်ဆောင်နေခြင်းဖြစ်သည်။ ကျောင်းဝင်းကြီးထဲတွင် ကြီးမားသည့် ဘုရားကြီးတစ်ဆူကို အထင်ကြီးလေးစားဖွယ်ကောင်းလောက်အောင် တည်ထားပြနိုင်ခဲ့သည်။ သူတို့က ဝိဇ္ဇာဓမ္မကာယနည်းကို ကျင့်သုံးပြီး တရားတော်များကို ကျင့်ကြံအားထုတ်ကြသည်ဟုဆိုကြသည်။ တစ်နည်းဆိုရလျှင် သမထနှင့်ဝိပဿနာကိုအဓိကထားပြီး ဆောင်ရွက်နေသည့် ဘာသာရေး အဖွဲ့အစည်းကြီးတစ်ခုဖြစ်သည်။

ဓမ္မကာယအဖွဲ့ကြီးကို ထူထောင်လာခဲ့သည်မှာ နှစ်ပေါင်း ၄၀ ခန့်ရှိနေပြီဖြစ်သည်။ မနေ့တစ်နေ့ကမှ ကောက် ထောင်ထားသည့် အဖွဲ့အစည်းတစ်ခုမဟုတ်သောကြောင့် စစ်အစိုးရအနေနှင့် ချက်ချင်းကြီး ဖျက်သိမ်း၍ ရနိုင်မည့် အနေအထားတွင် မရှိပေ။ ယခုအထိ ဓမ္မကာယပိုင်ဆိုင်ထားသော ကျောင်းတော်ကြီး၏ စိုက်ပျိုးနိုင်သော ပိုင်ဆိုင်ထားသည့် မြေနေရာမှာ ဧက ၈၀ ခန့်ရှိသည်။ ကမ္ဘာအနှံ့ ဓမ္မကာယကျောင်းတော်ကြီးကို ထောက်ခံ ယုံကြည်သူပေါင်း ၃ သန်းကျော်ရှိသည်။ ဘုရားကြီးရှိသည့် ကျောင်းတော်ကြီး၏ ဝင်းသည် ဧကထောင်ချီပြီး ကျယ်ဝန်းသည်။ ကျောင်းဝင်းကြီးအတွင်း အဆောက်အအုံကြီးပေါင်း ၂၀၀ ခန့်ရှိသည်။ နိုင်ငံပေါင်း ၃၅၄ နိုင်ငံမှ ဒကာ ဒကာမ ထောက်ပံ့လှူဒါန်းသူများရှိနေသည်။ ကျောင်းဝင်းကြီး တစ်ခုလုံး၏ ထူးခြားချက်မှာ အမှိုက်တစ်စမျှမရှိစေရန် ရှင်းလင်းထားခြင်းဖြစ်သည်။

ဤကြားထဲတွင် ထိုင်းဝန်ကြီးချုပ်ကလည်း ထိုင်းနိုင်ငံ၏ သံဃရာဇာကို ရွေးချယ်ပေးရန် ဘုရင်သစ်ကို တိုက်တွန်းမှုများရှိနေသည်။ လက်ရှိထိုင်းနိုင်ငံတွင် သံဃရာဇာအဖြစ် ရွေးချယ်ပေးရမည့် စာရင်းဝင်ဆရာတော် ၁၉ ပါးရှိနေသည်။ ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် ထိုင်းဘုရင်က သံဃရာဇာအဖြစ် ဆုမ်ဒက်ဖရာ မဟာမုနိဝမ်ကို ရွေးချယ်တင်မြှောက်လိုက်ကြသည်။

သက်တော် ၈၉ နှစ်ရှိနေပြီဖြစ်သည့် ဆရာတော်ကြီး မဟာမုနိဝမ်သည် ဘန်ကောက်ရှိ ရက်ဘိုဖစ်ကျောင်းတွင် သီတင်းသုံးနေသော ဆရာတော်ကြီးဖြစ်သည်။ သက်တော် ၉၁ နှစ်ရှိပြီဖြစ်သည့် ဆုမ်ဒက်ဖရာမဟာ ရက်ချမန်ခလာချမ်ကို သံဃရာဇာအဖြစ်မရွေးဘဲ မဟာမုနိဝမ်ဆရာတော်ကို ရွေးချယ်လိုက်ခြင်းနှင့် ပတ်သက်၍လည်း အငြင်းပွားဖွယ်ရာများ ယနေ့တိုင်ဖြစ်နေဆဲပင်။

မဟာရက်ချမန်ခလာချမ်ကို မရွေးချယ်ရခြင်းမှာ အခွန်ရှောင်လွှဲထားသည့် ဇိမ်ခံကားကြီးတစ်စီးကို ပိုင်ဆိုင်ထားခြင်းကြောင့်ဟုလည်း ဆိုကြသည်။ သို့သော် ထိုင်းနိုင်ငံတွင် ကောင်းကောင်းနေ၊ ကောင်းကောင်းစား၊ လောင်းကစားမှုများ၊ လိင်ကိစ္စများနှင့် ရှုပ်ထွေးနေသော သာသနာဖျက် ရဟန်းပေါင်းများစွာကလည်း ရှိနေသောကြောင့် စစ်အစိုးရအနေနှင့် ထိုအချက်များကို ဝှက်ဖဲတစ်ခုအနေနှင့် ကိုင်ထားသော်လည်း ဓမ္မကာယ ကျောင်းတော်အရေးမှာ ပြဿနာရှာမရသည့် ပြဿနာတစ်ခုအဖြစ် ဆက်လက်ရှိနေဆဲဖြစ်သည်။

ဓမ္မကာယကို စစ်အစိုးရ အဘယ်ကြောင့် မျက်မုန်းကျိုးနေရသနည်းဆိုသည့် အခြားသော အကြောင်း တစ်ရပ်မှာ ထိုကျောင်းသည် ယခင်ဝန်ကြီးချုပ်ဟောင်း သက်ဆင်နှင့် ညီမဖြစ်သူ ယင်းလပ်တို့နှင့်လည်း ဆက်နွှယ် ပတ်သက်မှုများစွာ ရှိနေသောကြောင့်ဖြစ်သည်။ အငြိုးအတေးကြီးတတ်သည့် စစ်အစိုးရများ ထုံးစံအတိုင်း ကျူပင်ခုတ် ကျူငုတ်မကျန်စေရန် ရှင်းနိုင်၊ မရှင်းနိုင်ဆိုသည်မှာ ထိုင်းနိုင်ငံရေးအတွက်ပါ စိတ်ဝင်စားစရာကောင်းသည့် ပြဿနာတစ်ခုဖြစ်နေသည်။

■ **(Ref: Bangkok Post; The Huffington Post; The Nation; Asia One)**

သန့်ဇင်ဦး

**နယူးဖိုး၀ ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ ဇော်မျိုး( ခရေပုံပြင်) က အမည်ပေါက်နှင့် ကျူး ရုပ်ရှင်ဇာတ်ကားကို သရုပ်ဆောင် မြင့်မြတ်၊ အိချောပို၊ မေကဗျာတို့နဲ့ မတ်လအတွင်း စတင်ရိုက်ကူးတော့မှာပါ။ ယင်းဇာတ်ကားမှာပါဝင်မယ့် အနုပညာရှင်တွေရဲ့သရုပ်ဆောင်ရမယ့် ဇာတ်ကောင်စရိုက်တွေ၊ ဇာတ်လမ်းနဲ့ ပတ်သက်တဲ့ ခံစားမှုတွေကို The Voice က မေးမြန်းဖော်ပြထားပါတယ်။**

## မြင့်မြတ်



ဒီဇာတ်ကားလေးကတော့ ဒရာမာလည်းပါတယ်။ ဟာသလည်းပါတယ်။ ပရိသတ်တွေ ရသစုံခံစားရမယ့် ဇာတ်ကားတစ်ကားပါ။ ကျွန်တော့်ရဲ့ ကာရိုက်တာကတော့ ကျူးကျော်ရပ်ကွက်တစ်ခုမှာ နေတဲ့ လူငယ်တစ်ယောက်ပါ။ အိချောပိုနဲ့ ကျွန်တော်က လူငယ်လင်မယားတွေပေါ့။ ဇာတ်လမ်းမှာတော့ ကျူးကျော်ရပ်ကွက်တစ်ခုမှာ ကြုံတွေ့ရတဲ့ ဒုက္ခတွေပါမယ်။ ဘယ်လိုပဲအဆင်မပြေမှုတွေ ကြုံပေမယ့်လည်း ဘ၀မှာပျော်ရွှင်စရာတွေ ရှာပြီး နေကြတယ်ဆိုတဲ့ အကြောင်းလေးတွေကို ရိုက်ပြမှာပါ။ ဒီလိုမျိုး ကျူးကျော်ရပ်ကွက်မှာနေတဲ့ သူတွေရဲ့ပြဿနာ တွေက အပြင်လောကမှာလည်း တကယ်ရှိနေတာပဲလေ။ ကျွန်တော်တို့ ဇာတ်ကားမှာလည်း သူတို့ရဲ့အခက်အခဲတွေ ကို အတတ်နိုင်ဆုံး ထင်ဟပ်ဖော်ပြနိုင်မယ်လို့လည်း ယူဆပါတယ်။ ဒီဇာတ်ကားပြောရရင် အခြေခံ လူတန်းစားဘ၀ သရုပ်ဖော် ဇာတ်လမ်းမျိုးဆိုတော့ ကျွန်တော့်ပရိသတ်တွေ ကြိုက်နိုင်မယ့်ဇာတ်မျိုးလို့ ထင်ပါတယ်။ ကျွန်တော်တို့ မတ်လထဲမှာ ဒီကားကို စရိုက်မှာပါ။

## ဇင်ဝိုင်း



ဓာတ်ပုံ- သန့်ဇင်ဦး

ဒီကားမှာ ကျွန်တော်သရုပ်ဆောင်ရမယ့် ကာရိုက်တာကတော့ နည်းနည်းဗီလိန်ဆန်ပါတယ်။ သမီးနဲ့ မြေးအပေါ်မှာချစ်တဲ့ ချစ်ခြင်းမေတ္တာတွေကို ပြသရမယ့် ကာရိုက်တာမျိုးလည်းဖြစ်ပါတယ်။ ဇာတ်လမ်းကတော့ မြေယာကျူးကျော်မှုပြဿနာကို အခြေခံပြီး ရိုက်ကူးမှာပါ။ ကျွန်တော့်ကာရိုက်တာက လုပ်ငန်းရှင်သူဌေးကြီးတစ်ယောက်ပေါ့။ နိုင်ငံခြားကနေ ပြန်လာတော့ အရင်တုန်းက ကျွန်တော် ဝယ်ယူထားတဲ့ မြေတွေကိုသွားကြည့်တဲ့အခါမှာ သူများတွေကျူးကျော်နေထိုင်နေတာကို တွေ့ရှိရတယ်။ ကျွန်တော် နိုင်ငံခြားထွက်မသွားခင်မှာ သမီးက သဘောမတူတဲ့ လူတစ်ယောက်နဲ့ ယူသွားတဲ့အတွက် အမွေပြတ်စွန့်လွှတ်ထားတယ်။ သမီးကကိုယ်ဝန်နဲ့ ဆုံးပါးသွားတော့ ကျန်ခဲ့တဲ့ကလေးလေးကို သူများတွေက မွေးစားထားကြတယ်။ အဲ့ဒီကလေးလေးက ကျွန်တော်ပိုင်ဆိုင်တဲ့မြေပေါ်မှာ ကျူးကျော်နေထိုင်တဲ့ ရပ်ကွက်ထဲကို ရောက်နေတယ်။ အဓိကကတော့ ကျွန်တော့်မြေပေါ်မှာ ကျူးကျော်ပြီး နေနေတဲ့လူတွေနဲ့ ကျွန်တော့်ရဲ့ မြေယာပိုင်ဆိုင်လိုမှု ပဋိပက္ခကို ရိုက်ပြမှာပေါ့။ ကလေးလေးက ကိုယ့်မြေးလေးမှန်းသိသွားတဲ့အခါကျတော့ ငါ့မြေးငါ့ကို ပြန်ပေးရင် မြေယာတွေကို လက်လွှတ်အဆုံးရှုံးခံမယ်ဆိုပြီး အပေးအယူလုပ်ကြတာပေါ့။

## ဒါရိုက်တာ ဇော်မျိုး( ခရေပုံပြင်)

ဒီဇာတ်ကားလေးမှာတော့ မြင့်မြတ်တို့ ကျူးကျော်ရပ်ကွက်တစ်ခုမှာ နေကြတယ်။ ကျူးကျော်ရပ်ကွက်မှာနေတဲ့ လူတွေက ဆင်းရဲပေမယ့် တစ်ယောက်နဲ့တစ်ယောက် ကူညီရိုင်းပင်းကြတယ်။ တစ်နေ့မှာ အရူးမအဖြစ် သရုပ်ဆောင်တဲ့ မေကဗျာက ရောက်လာပြီး မြင့်မြတ် ဆိုက်ကားကို ငှားစီးတယ်။ မြင့်မြတ်အိမ်ရောက်တော့ သူဒီမှာ နေမယ်လို့ ပြောပြီး နေတယ်။ သူ့မှာက ကိုယ်ဝန်လည်း ပါလာခဲ့ တယ်။ ကလေးမွေးပြီးတဲ့အခါမှာ သူကဆုံးသွားခဲ့တဲ့အတွက် မြင့်မြတ်တို့က မွေးစားခဲ့တယ်။ ကလေးလေး အရွယ်ရောက်လို့ ကိုရင်ဝတ်လို့ ဆံချတဲ့နေ့မှာ ဦးဇင်ဝိုင်း ရောက်လာပြီး မြင့်မြတ်တို့နေထိုင်တဲ့ ကျူးကျော်ရပ်ကွက်ကမြေက သူ ပိုင်ဆိုင်တာဖြစ်တဲ့အတွက် ထွက်သွားဖို့ ပြောတယ်။ တရားဥပဒေအရ ရင်ဆိုင်တော့ မြင့်မြတ်တို့ ရှုံးသွားပြီး တစ်လအတွင်း ပြောင်းပေးရဖို့ဖြစ်လာတယ်။ အဲ့ဒီမှာ ဦးဇင်ဝိုင်းက ကလေးလေးကိုတွေ့သွားပြီး စိတ်ထဲမှာရင်းနှီးနေတဲ့ အတွက် စုံစမ်းကြည့်တော့ သူ့မြေးဖြစ်နေမှန်း သိရတယ်။ အဲ့ဒီမှာ ကျူးကျော်ရပ်ကွက်ကို သူပြန်ပေးမယ်။ သူ့မြေးကို သူ့ပြန်ပေးလို့ ဦးဇင်ဝိုင်းက အပေးအယူလုပ်တယ်။ ကျန်တဲ့ ဇာတ်လမ်းကတော့ ရုံတင်တဲ့အခါမှာ ပရိသတ်တွေ စောင့်ကြည့်ပါလို့ ပြောချင်ပါတယ်။ ဒီကားမှာပေးချင်တဲ့ Message ကတော့ နိမ့်ကျတဲ့လူတွေမှာလည်း မြင့်မြတ်တဲ့ စိတ်ထားမျိုး ရှိတတ်ပါတယ်ဆိုတာကို ပြချင်တာပါ။ ပြောရရင် အမှိုက်ထဲကရွှေပေါ့။ ကိုယ်တို့ မြန်မာပြည်မှာ နိမ့်ကျတဲ့လူတွေရဲ့ရင်ထဲမှာလည်း မြင့်မြတ်တဲ့ စိတ်ထားရှိတယ်ဆိုတာကို ပြချင်တာပါ။



ဓာတ်ပုံ- သန့်ဇင်ဦး

## ငှက်ပျောကြော်



ဓာတ်ပုံ- သန့်ဇင်ဦး

ကျွန်တော်က ဒီဇာတ်ကားမှာ ကျူးကျော်ရပ်ကွက်ထဲက လူတန်းစားတစ်ရပ်အနေနဲ့ သရုပ်ဆောင်ရမှာပါ။ တိုင်းရင်းသား ကျေးရွာအကျော်မှာ တကယ့်ကျူးကျော်တွေရှိတယ်။ ကျွန်တော်လည်း အဲ့ဒီမှာ သူထူးစံနဲ့ တစ်ကား ရိုက်ဖူးပါတယ်။ ဒီကားမှာတော့ ကျွန်တော်က မြင့်မြတ်တို့လိုပဲ ကျူးကျော်ရပ်ကွက်ထဲက လူတစ်ယောက်ပေါ့။ ဇာတ်လမ်းလေးကို ကျွန်တော်ဖတ်ကြည့်တာ ဒရာမာဇာတ်ပါပဲ။ အဖေက သမီးကိုပြန်ရှာတဲ့အချိန်မှာ သူ့သမီးက မွေးတဲ့ မြေးက ကျူးကျော်ရပ်ကွက်ထဲမှာ ရောက်နေတယ်။ ကျွန်တော်တို့လည်း ဟာသလုပ်ရတာ နည်းမယ်ထင်ပါတယ်။ ဒရာမာပိုများမယ်။ လက်ရှိအချိန်အထိကတော့ ဒရာမာစစ်စစ်ဇာတ်ကားမျိုးတွေ ကျွန်တော် မရိုက်ဖူးသေးဘူး။ ရိုက် ဖူးလည်းလေးငါးကားလောက်ပဲရှိမယ်။ အရင်တုန်းကဆို ကိုဝင်းထွန်း ရိုက်တဲ့ဒရာမာကားမှာ ကျွန်တော်နဲ့ကင်းကောင်ကို မရမက ငိုခိုင်းတာ။ ခက်တာက ကျွန်တော်တို့ကလည်း မျက်ရည်ခိုင်တယ်ဗျ။ တော်ရုံတန်ရုံလောက်နဲ့ မျက်ရည်မကျတတ်ဘူး။ ဒါကလည်း ကိုယ့်ဘ၀အကြောင်းကလည်း ကြမ်းခဲ့တော့ တော်ရုံတန်ရုံလောက်က ရင်ကိုမထိတော့ဘူး။



# ထိုင်းရုပ်ရှင်ထူးချွန်ဆုပေးပွဲကို တက်ဖြစ်မှာ မဟုတ်ပါဘူးဆိုတဲ့ နေတိုး

**ရန်ကုန်၊ မတ် ၁**

ထိုင်းရုပ်ရှင်ထူးချွန်ဆုပေးပွဲမှာ ဘန်ကောက်မှ မန္တလေးသို့ ရုပ်ရှင်နဲ့ အကောင်းဆုံးအမျိုးသား ဇာတ်ပို့ဆု ဆန်ခါတင်စာရင်းမှာ ပါဝင်နေပေမယ့် မတ်လ ၅ ရက်နေ့မှာ ကျင်းပမယ့် ဆုပေးပွဲကိုတော့ တက်ရောက်နိုင်မှာ မဟုတ်ပါဘူးလို့ နာမည်ကျော်သရုပ်ဆောင် နေတိုးက The Voice ကို ပြောကြားပါတယ်။

“ကျွန်တော်က မတ်လဆန်းပိုင်းမှာပဲ ဗီယက်နမ်မင်းသမီး ငုရင်ထရန်ဟုရန်မေနဲ့ ရုပ်ရှင်တစ်ကား ရိုက်ဖို့ ရှိတယ်။ ထိုင်း ရုပ်ရှင်ထူးချွန်ဆုပေးပွဲကို သွားရင်လည်း သုံးလေးရက်လောက် အချိန်ပေးရမှာလေ။ ဇာတ်ကားကလည်း ကလောမှာ သွားရိုက်ဖို့အတွက် အကုန်လုံး ပြင်ဆင်ထားပြီးသားဖြစ်နေပြီ။ အဲ့ဒါကြောင့် မတက်ဖြစ်တာပါ” လို့ ၎င်းက ထပ်လောင်း ပြောဆိုပါတယ်။

မြန်မာ- ထိုင်း နှစ်နိုင်ငံက အနုပညာရှင်တွေ ပူးပေါင်းရိုက်ကူးတဲ့ ဘန်ကောက်မှ မန္တလေးသို့ ရုပ်ရှင်ဇာတ်ကားမှာ ကြိုးစားခဲ့တာတွေကို ပြည်ပနိုင်ငံတစ်ခုက ရုပ်ရှင်အကဲဖြတ်ပညာရှင်တွေက အသိအမှတ်ပြုကြတဲ့အတွက် မြန်မာနိုင်ငံသား တစ်ယောက်အနေနဲ့ရော၊ အနုပညာသမားတစ်ယောက်အနေနနဲ့ပါ ဝမ်းသာဂုဏ်ယူမိပါတယ်လို့ သရုပ်ဆောင်နေတိုးက ပြောကြားပါတယ်။

“ဆန်ခါတင်စာရင်းဝင်လို့ ပျော်တဲ့ခံစားချက်ပဲ ရှိပါတယ်။ ဆုရမယ် မရဘူးဆိုတဲ့ မျှော်လင့်ချက်တော့ မရှိပါဘူး။ ဆုရနိုင်တယ်ဆိုတဲ့ စိတ်မျိုးလည်း ကားစရိုက်ကတည်းက ရှိမနေခဲ့ဘူးပေါ့နော်။ ကြည့်တဲ့ပရိသတ်တွေအတွက် အနုပညာတင်ပြမှု ပုံစံသစ်တစ်ခုကို ဦးစားပေးပြီးပြသွားတဲ့ ဇာတ်ကား ဖြစ်တယ်။ ကျွန်တော်တို့အနေနဲ့က ဇာတ်ကောင်စရိုက်မှာ အပီပြင်ဆုံး သရုပ်ဆောင်ထားတယ်လို့ ထင်ရပေမယ့် လုပ်ထားတဲ့ အက်တင်တွေကို ပြန်ကြည့်မယ်ဆိုရင်တော့ အကယ်ဒမီဆုကိုရယူနိုင်ဖို့အထိ မမျှော်မှန်းရဲပါဘူး” လို့ ၎င်းက ပြောကြားပါတယ်။

ထိုင်းနိုင်ငံမှာ၊ မတ်လ ၅ ရက်နေ့မှာ ကျင်းပသွားမယ့် ရုပ်ရှင်အကယ်ဒမီထူးချွန်ဆုပေးပွဲမှာတော့ ဘန် ကောက်မှ မန္တလေးသို့ ရုပ်ရှင်က အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆု၊ အမျိုးသားဇာတ်ပို့ဆု၊ ရုပ်ရှင်ဖန်တီးမှုပိုင်းဆိုင်ရာထူးချွန်ဆု၊ ဇာတ်ညွှန်းဆု၊ ရုပ်ရှင်တေးဂီတဆုတွေအတွက် ဆန်ခါတင်စာရင်းမှာ ပါဝင်လာခဲ့တာဖြစ်ပါတယ်။

# “အစ်ကို့ကို နားလည်ပြီးတော့ အချိန်ပေးနိုင်တာကလည်း လောလောဆယ်မှာ ကိုယ့်တပည့်တစ်ယောက်ပဲရှိတာလေ။ ကျန်တဲ့လူတွေကျတော့ ကိုယ်က သင်ဖို့ အချိန်အားထားတာတောင်မှ ဒီပြင်ကားရိုက်ရှိလို့ မလာနိုင်ဘူးဆိုတော့ ဘယ်လိုလုပ်မလဲ”

## ဒါရိုက်တာဝိုင်းနဲ့ တွေ့ဆုံခြင်း

သန့်ဇင်ဦး



ဓာတ်ပုံ- သန့်ဇင်ဦး

**နာမည်ကျော် ဒါရိုက်တာ ဝိုင်းနဲ့ တွေ့ဆုံပြီး လက်ရှိ ရိုက်ကူးနေတဲ့ ရွှေကြာ ရုပ်ရှင်ဇာတ်ကား အကြောင်း၊ သရုပ်ဆောင် ဖွေးဖွေးကို ရွှေကြာ ဇာတ်ရုပ်အတွက် ရွေးချယ်ဖြစ်တဲ့ အကြောင်း၊ ဇာတ်ကားအတွက် သရုပ်ဆောင်တွေကို စာချုပ်သေချာ ချုပ်ဆိုပြီးအလုပ်လုပ်ဖြစ်တဲ့အကြောင်းနဲ့ အနုပညာဖန်တီးမှုအသစ်တွေ ချပြဖို့အတွက် ပြင်ဆင်နေတဲ့အကြောင်းတွေကို The Voice က မေးမြန်းဖော်ပြထားပါတယ်။**

**Voice: စာရေးဆရာမ ပုညခင်ရဲ့အရှေ့တံခါးအဝင် ဝတ္ထုကို ကိုဝိုင်းက ရွှေကြာအမည်နဲ့ ရုပ်ရှင်ရိုက်ဖို့ လက်ခံဖြစ်တာ ဘာကြောင့်လဲ။**

**W:** အဓိကကတော့ ဇာတ်ကားကောင်း တစ်ကားဖြစ်မယ်ဆိုတဲ့ ယုံကြည်ချက်ကြောင့် ရိုက်တာပါ။ ဒီဝတ္ထုမှာပါတဲ့ Message ကိုလည်းကြိုက်တယ်။ အစ်ကိုတို့နိုင်ငံမှာ လူတွေကို ခွဲခြားဆက်ဆံတတ်တာတွေ ရှိတတ်တယ်။ ဘယ်လိုလူမျိုး၊ ဘယ်လို အတန်းအစားမျိုးကပဲ ဖြစ်ဖြစ်ပါ။ လူဟာ လူပါပဲ။

**Voice: ဒီဇာတ်ကားအတွက် အဓိက ဇာတ်ကောင် ရွှေကြာအဖြစ် ဖွေးဖွေးကို ရွေးဖြစ်တာကရော ဘာကြောင့်လဲ။**

**W:** ဒီဇာတ်လမ်းက သူနဲ့ လိုက်ဖက်တာလည်း ပါတယ်။ နောက်ပြီး အစ်ကိုနဲ့ အလုပ်လုပ်တဲ့အခါမှာ သူက အသေးစိတ် အချိန်ပေးနိုင်တာလည်း ပါပါတယ်။ တချို့မင်းသမီးတွေ ကျတော့ ကားရိုက်ခါနီး အချိန်ကျတော့မှ ပေါ်လာတာမျိုးလေ။ တချို့ကျတော့လည်း အဝတ်အစားလောက်ကိုပဲ မေးပြီးတော့ ပြင်ဆင်ကြတာ။ အမှန်တော့ သရုပ်ဆောင်နဲ့ ဒါရိုက်တာဆိုတာ အသေးစိတ်ညှိနှိုင်းမှုတွေ လုပ်ဖို့လိုအပ်တယ်။ အစ်ကို့ကို နားလည်ပြီးတော့ အချိန် ပေးနိုင်တာကလည်း လောလောဆယ်မှာ ကိုယ့်တပည့်တစ်ယောက်ပဲရှိတာလေ။ ကျန်တဲ့လူတွေကျ တော့ ကိုယ်က သင်ဖို့ အချိန်အားထားတာတောင်မှ ဒီပြင်ကားရိုက်ရှိလို့ မလာနိုင်ဘူးဆိုတော့ ဘယ်လိုလုပ်မလဲ။

**Voice: ဖွေးဖွေးနဲ့ ဇာတ်ကားတွေ အရိုက်များတာဆိုတော့ သူ့ရဲ့အားသာချက်၊ အားနည်းချက်ကို ဘယ်လိုသုံးသပ်မိလဲ။**

**W:** ဒီပြင်သရုပ်ဆောင်တွေနဲ့ ရိုက်တာထက်စာရင် သူနဲ့က နားလည်မှုပိုရှိတာပေါ့နော်။ ကျန်တဲ့ သရုပ်ဆောင်တွေထဲမှာလည်း တော်တဲ့ လူတွေမရှိဘူး၊ မဟုတ်ဘူး။ ရှိပါတယ်။ ဒါပေမဲ့ တော်တဲ့ တချို့ သရုပ်ဆောင်တွေသည် အသက်ကြီးသွားပြီ။ တချို့ လူတွေကျတော့ တော်သော်ငြားလည်း အလုပ်လုပ်တဲ့အခါမှာ စည်းကမ်းမရှိကြဘူး။ အချက်တော်တော်များများကို ချိန်ကြည့်ပြီး အလုပ်လုပ်တဲ့အခါမှာ အစစအရာရာ အခက်အခဲမရှိ အောင် အစ်ကို့အနေနဲ့ သရုပ်ဆောင်ကို စဉ်းစားပြီး ရွေးချယ်ရပါတယ်။

**Voice: အရှေ့တံခါးအဝင်က ဝတ္ထုအနေနဲ့တော့ အောင်မြင်ပြီးသွားပြီပေါ့။ ကိုဝိုင်း ကိုယ်တိုင် ဇာတ်ညွှန်းခွဲတာဆိုတော့ ရုပ်ရှင်အဖြစ် ရိုက်ကူးဖို့အတွက်ကျတော့ ဘယ်လို အပြောင်းအလဲတွေ လုပ်ထားလဲ။**

**W:** ဝတ္ထုနဲ့ ရုပ်ရှင်ကတော့ မတူပါဘူး။ ပရိသတ်တွေ ကြည့်လိုက်ရင် သိမှာပါ။ ဝတ္ထုသည် ဝတ္ထုအရသာ ရှိမှာ ဖြစ်သလို၊ ရုပ်ရှင်သည်လည်း ရုပ်ရှင်ကားတစ်ကားရဲ့အရသာကို အပြည့်အဝပေးနိုင်မှာပါ။ အဲ့ဒီအတွက်တော့ အစ်ကိုဘာမှ မစိုးရိမ်ပါဘူး။ ဒီကားကို အစ်ကို စရိုက်ကတည်းက ဝတ္ထုကပေးချင်တဲ့ Message ကိုကြိုက်လို့ ရိုက်တာလေ။ ဒီ Message ကိုတော့ ပေါ်အောင် ဖန်တီးသွားမှာပါ။ သို့သော်ငြားလည်း ရုပ်ရှင်မှာတော့ ဝတ္ထုရဲ့ Tempo အတိုင်း မသွားဘူးပေါ့။

**Voice: ဒီဇာတ်ကားအတွက် သရုပ်ဆောင်တွေကို စာချုပ်သေချာ ချုပ်ဆိုပြီး ရိုက်တာလည်း တွေ့ရတယ်လေ။ သူတို့လက်ခံလာအောင် ဘယ်လိုစည်းရုံးခဲ့ရလဲ။**

**W:** အစ်ကိုတို့ ရွှေကြာ ရုပ်ရှင်ဇာတ်ကားမှာ စာချုပ်စာတမ်းတွေနဲ့ တိတိကျကျ ချုပ်ဆိုပြီး လုပ်တာပေါ့နော်။ စာချုပ်ပါ အချက်အလက်အရ အကုန်ပါပါတယ်။ စာချုပ်ရဲ့ ရည်ရွယ်ချက်တွေ၊ ဖွဲ့ဆိုချက်တွေ၊ သရုပ်ဆောင်တွေဘက်က လိုက်နာရမယ့် စည်းကမ်းတွေ၊ ထုတ်လုပ်သူဘက်က လိုက်နာရမယ့် စည်းကမ်းတွေ အကုန်ပါပါ တယ်။ သူတို့ကို စာချုပ်ကို သေချာပေးဖတ်ပြီးမှ သာလျှင် သဘောတူလက်ခံတဲ့အတွက် ချုပ်ဆိုကြတာ ပါ။

**Voice: ကိုဝိုင်း နောက်ရိုက်မယ့် ဇာတ်ကားတွေမှာရော သရုပ်ဆောင်တွေကို စာချုပ်တွေ သေချာချုပ်ဆိုပြီး ရိုက်ဖြစ်မှာလား။**

**W:** နောက်ရိုက်မယ့် ကားတွေမှာလည်း စာချုပ်ချုပ်ပြီး ရိုက်နိုင်အောင် အစ်ကို အတတ်နိုင်ဆုံးကြိုးစားပါမယ်။ အဓိကကတော့ အစ်ကို ခဏခဏ ပြောဖူးပါတယ်။ စာချုပ်နဲ့ အလုပ်လုပ်တဲ့ကိစ္စက အစ်ကိုတစ်ယောက်တည်းနဲ့လည်း မဖြစ်နိုင်ပါဘူး။ ပူးပေါင်းပါဝင်တဲ့ ထုတ်လုပ်သူသည်လည်း အင်မတန်အရေးကြီးပါတယ်။ ထုတ်လုပ်သူရဲ့ သဘောဆန္ဒမပါဘဲနဲ့ အစ်ကိုတို့အနေနဲ့ ဒါတွေ လုပ်လို့ မရနိုင်ပါဘူး။ ထုတ်လုပ်သူဘက်ကရော သရုပ်ဆောင်တွေအတွက် ဘာတွေလုပ်ပေးနိုင်မှာလဲဆိုတဲ့ မေးခွန်းတွေရှိပါတယ်။

**Voice: အခုနောက်ပိုင်း ကိုဝိုင်းက အရင်ကထက် ကားရိုက်တွေ ကျဲသွားသလိုပဲနော်။ ဇာတ်လမ်းတွေ စိတ်ကြိုက်မတွေ့လို့လား။ တခြားဘာကြောင့်ဖြစ်မလဲ။**

**W:** အဲ့ဒါကတော့ ရိုက်စရာ ဇာတ်လမ်းတွေ စိတ်ကြိုက်မတွေ့တာလည်း ပါပါတယ်။ ဇာတ်ကားတစ်ကားကို သပ်သပ်ရပ်ရပ်ဖြစ်အောင် Pre Production ပိုင်းမှာပိုအချိန်ယူပြီးလုပ်နေတာကြောင့်လည်းပါပါတယ်။ အစ်ကို ရှေ့မှာ ရိုက်တဲ့ ဇာတ်ကားတွေအပြင် နောက်ဆုံး ရိုက်ထားတဲ့ ဘယ်ညာ.... ဘယ်ညာ ရုပ်ရှင်ဇာတ်ကားအထိကို ထားလိုက်တော့။ နောက်ရိုက်မယ့် ကားတွေမှာ ပရိသတ်တွေကို ပုံစံမတူတဲ့ ဖန်တီးမှုတွေချပြနိုင်ဖို့ အတွက် အစ်ကို့ရဲ့အနုပညာကို ပြုပြင်မွမ်းမံနေတာကြောင့်လည်း ပါပါတယ်။

**Voice: ကိုယ့်ရဲ့ အနုပညာစံနှုန်းကို တစ်ဆင့်ထက်မြှင့်ချင်တဲ့ သဘောလား။ ကိုယ့်ရဲ့ စံနှုန်း ကြောင့်ပဲ ဖိအား တွေ ပြန်ဝင်တာမျိုးရောရှိလား။**

**W:** အဲ့ဒါကတော့ တစ်ခါတလေမှာ ဖိအားဝင်တာမျိုးတော့ရှိတတ်ပါတယ်။ အဲ့ဒါက ကိုယ်သွားမယ့်လမ်းကြောင်းကို မတွေ့သေးတဲ့အချိန်မှာ တွေဝေတတ်တာမျိုးပါ။ ကိုယ်သွားမယ့်လမ်းကြောင်းကို တွေ့ပြီဆိုရင်တော့ တန်းတန်းမတ်မတ် လျှောက်သွားလို့ရပါပြီ။ အစ်ကို့အနေနဲ့ ၂၀၁၈ မှာ ရိုက်မယ့် အနုပညာပုံသဏ္ဌာန်အသစ်တစ်ခုအတွက် အဆင်သင့်ဖြစ်နေပြီ။ အဲ့ဒီအတွက် လည်း အစ်ကို ၂၀၁၇ မှာရိုက်မယ့် တချို့ ဇာတ်ကားတွေမှာ ပရိသတ်တွေကို စပြီးချပြမယ်။ အရင်နဲ့ မတူတဲ့ အရသာအသစ်တစ်ခုကို ခံစားရမှာပါ။ ဒါက အစ်ကို့အတွက်တော့ စိန်ခေါ်မှု တစ်ခုပါပဲ။ အရင်ပုံစံတွေကို ပရိသတ်တွေက ကြိုက်တယ်။ နောက်ထပ်ပုံစံအသစ်တစ်ခုကို ကြိုက်မ ကြိုက်ဆိုတာကတော့ အစ်ကို့ရဲ့ကြိုးစားမှုနဲ့ ရသပိုင်းကို ဘယ်လောက်အထိ ဖော်ဆောင်နိုင်မလဲဆိုတာအပေါ်မှာ မူတည်ပါတယ်။




## ဂျပန်ရုပ်သံဇာတ်လမ်းတွဲ Spring Has Come မှာ ပါဝင်သရုပ်ဆောင်မယ့် Kai

**ဆိုးလ်၊ မတ် ၁**

ကမ္ဘာကျော်ကိုရီးယား K Pop ဂီတအဖွဲ့ EXO ရဲ့အဖွဲ့ဝင်တစ်ဦးဖြစ်သူ Kai က ဂျပန်ရုပ်သံဇာတ် လမ်းတွဲ Spring Has Come မှာ ပါဝင်သရုပ်ဆောင်သွားမှာဖြစ်ကြောင်း soompi.com မှာ ဖော်ပြထားပါတယ်။

ဒီဇာတ်လမ်းတွဲက ဂျပန်စာရေးဆရာ Kuniko Mukoda ရဲ့ဝတ္ထုကို အခြေခံထားပြီး Kai ကတော့ ကိုရီးယားလူမျိုး ကင်မရာသမားတစ်ယောက်အနေနဲ့ ပါဝင်သရုပ်ဆောင်သွားမှာဖြစ်ပါတယ်။

ဒီဇာတ်လမ်းတွဲကိုတော့ ဂျပန်ရုပ်သံလိုင်း WOWOW ကနေ ထုတ်လွှင့်ပြသသွားမှာဖြစ်ပြီး၊ ဂျပန်လူမျိုး မဟုတ်တဲ့ သရုပ်ဆောင်တစ်ဦးက အဓိက ဇာတ်ကောင်အနေနဲ့ပါဝင်မယ့် ပထမဆုံး ဇာတ်လမ်းတွဲလည်း ဖြစ်ပါ တယ်။

လက်ရှိအနုပညာလှုပ်ရှားမှုအနေနဲ့ကတော့ Kai က KBS ဒရာမာ ရုပ်သံဇာတ်လမ်းတွဲ Andante မှာ ပါဝင် သရုပ်ဆောင်နေပါတယ်။ ဒီဇာတ်လမ်းတွဲကိုတော့ ၂၀၁၇ ခုနှစ်အတွင်းမှာပဲ ထုတ်လွှင့်ပြသသွားမှာဖြစ်ပါတယ်။




## လော့ဒ် ၏ တေးသီချင်းအယ်လ်ဘမ်အသစ်ထွက်ရှိမည်ဟု ကြေညာ

ပေါ့ပ်ဆူပါစတား လော့ဒ် ဟာ သူမရဲ့ အသစ်ထွက်ရှိလာတော့မယ့် ဂီတအယ်လ်ဘမ်နဲ့ ပတ်သက်ပြီးတော့ ပရိသတ်လက်ထဲရောက် လာတော့မယ့် ရက်စွဲကို အတိအကျ ပြောလိုက်ပါပြီ။

အသက် ၂၀အရွယ် အဆိုပါ စတားဟာ ရုပ်သံကြော်ငြာတစ်ခုကို သူမရဲ့နေရပ် နယူးဇီလန်မှာ တီဗီက ပြခဲ့ပါတယ်။

အဆိုပါ ကြော်ငြာတိုလေးထဲမှာ သူမ ပြန်လာမယ့်နေ့ကို ရက်စွဲနှစ်ခုနဲ့ ဖော်ပြသွားခဲ့ပါတယ်။

နယူးယောက်စံတော်ချိန် မတ်လ ၂ ရက်နေ့ ဖြစ်ပြီး နယူးဇီလန်စံတော်ချိန်က မတ်လ ၃ ရက်နေ့ဖြစ်ပါသတဲ့။ ခုလို ရက်စွဲမတူတာကတော့ နှစ်နိုင်ငံ စံချိန်မတူတာဘဲ ဖြစ်ပါသတဲ့။

Royals သီချင်းနဲ့ အောင်မြင်ကျော်ကြားလာတဲ့ လော့ဒ်ဟာ ၂၀၁၃ ခုနှစ်က Pure Heroine ဆိုတဲ့ အယ်လ်ဘမ်နဲ့ အောင်မြင်မှုတွေရခဲ့ပါသေးတယ်။

ဒါပေမဲ့ ၂၀၁၄ နောက်ပိုင်းမှာ ဘယ်တေးသီချင်းအသစ်မှ ထပ်မထုတ်တော့ဘဲ ရုပ်ရှင်သီချင်းတစ်ပုဒ်ပဲ ဝင်ဆိုခဲ့ပါတယ်။

The Hunger Games ဇာတ်ကားရဲ့ဇာတ်ဝင်တေး Yellow Flicker Beat သီချင်းဟာလည်း အောင်မြင်မှုရခဲ့တာပဲ ဖြစ်ပါတယ်။

F-02

# မြန်မာအပေါ် မီးစတစ်ဖက်၊ ရေမှုတ်တစ်ဖက်မူဝါဒ ကျင့်သုံးနေသော တရုတ်ပြည်

Bertil Lintner ရေးသားပြီး
ဆောင်းဦးကိုကို ဘာသာပြန်ဆိုသည်

**တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် ကူညီပေးသွားမည်ဟုဆိုသည်။ တစ်ချိန်တည်းမှာပင် ယင်း၏ အလွှာပေါင်းစုံ မူဝါဒအရ မြန်မာအစိုးရကို ဆန့်ကျင်နေကြသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကိုလည်း လက်နက်များ ထောက်ပံ့ပေးနေသည်။**



EPA

တရုတ်နိုင်ငံ၏ အာဆီယံရေးရာ အထူးကိုယ်စားလှယ် မစ္စတာSun Guoxiang က မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် ထောက်ပံ့ကူညီသွားမည်ဟု အကြိမ်ကြိမ် ပြောဆိုခဲ့ဖူးသည်။ "တရုတ်နိုင်ငံဟာ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး သီးခြားနိုင်ငံခြားရေးမူဝါဒတစ်ခုရှိပါတယ်။ မြန်မာနိုင်ငံရဲ့အချုပ်အခြာ အာဏာကိုလည်း လေးစားပါတယ်။ ကျွန်တော်တို့ဟာ အိမ်နီးချင်းကောင်းများအဖြစ် တာဝန်များကို ကိုယ်စီ ထမ်းဆောင်နေကြပါတယ်" ဟု ဖေဖော်ဝါရီလ နှောင်းပိုင်းတွင် မစ္စတာ Sun ဦးစီးပြီး ကျင်းပပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နှစ်ဖွဲ့၏ ကိုယ်စားလှယ်များနှင့် တွေ့ဆုံပွဲ၌ ၎င်းက ပြောကြားခဲ့သည်။

မစ္စတာ Sun ၏ ရင်းနှီးချိုသာသည့် သတင်းစကားမှာ တရုတ်ကျောထောက်နောက်ခံ ညီညွတ်သော ဝတပ်ဖွဲ့(UWSA) က မြန်မာအစိုးရ၏ "တစ်နိုင်ငံလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်" အပေါ် ဆန့်ကျင်သည့် သတင်းစကားနှင့် ပြောင်းပြန်လိုဖြစ်နေသည်။ UWSA က ၎င်းနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၇ ဖွဲ့တို့ ဖေဖော်ဝါရီလနှောင်းပိုင်း၌ တွေ့ဆုံဆွေးနွေးပွဲတစ်ရပ် ကျင်းပပြုလုပ်ခဲ့ချိန်တွင် ထုတ်ပြန်ကြေညာသွားခဲ့ခြင်းဖြစ်သည်။ ယင်းသတင်းစကားနှစ်ခုသည် စောင့်ကြည့်လေ့လာသူများကို အံ့အားသင့်စေခဲ့ပြီး လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ဦးစီးသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၌ တရုတ်နိုင်ငံ၏ ရပ်တည်ချက်အပေါ် မေးခွန်းအသစ်များ ထုတ်လာကြသည်။

မြန်မာနိုင်ငံအပေါ် ထားရှိသည့် တရုတ်နိုင်ငံ၏ အလွှာပေါင်းစုံမူဝါဒများသည်လည်း တစ်ခါတစ်ရံတွင် ရှေ့နောက်မညီညွတ်သလိုဖြစ်နေသည်။ သို့သော် ဖြစ်ကြောင်းကုန်စင်ကို သတ္တုချစစ်ဆေးကြည့်မည်ဆိုပါက တရုတ်နိုင်ငံသည်လည်း ယင်းကိစ္စနှင့်ပတ်သက်၍ သူ၏ကိုယ်ပိုင်စဉ်းစားချက် ရှိနေမည်ဖြစ်သည်။ အထူးကိုယ်စားလှယ် Sun ၏ သတင်းစကားသည် တရုတ်နိုင်ငံ၏ အပေါ်ယံသံတမန်ရေးရာမူဝါဒပင်ဖြစ်သည်။ တရုတ်နိုင်ငံသည် အာဆီယံဒေသတွင်းနိုင်ငံများနှင့် ဆက်ဆံရာတွင်လည်း ရင်းနှီးချစ်ခင်သော အသုံးအနှုန်းများကိုသာ အမြဲတမ်းလိုလို သုံးနှုန်းလေ့ရှိပါသည်။

ဒုတိယအလွှာတွင် တရုတ်ပြည် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ နိုင်ငံတကာဆက်ဆံရေးဌာန (ILD/CPC) ပါဝင်သည်။ အခြားနိုင်ငံများရှိ ကွန်မြူနစ်ပါတီများနှင့်ဆက်ဆံရေးထူထောင်ရန်နှင့် တစ်ကမ္ဘာလုံးအနှံ့ ကွန်မြူနစ်တော်လှန်ရေးလှုပ်ရှားမှုကြီးကို ထောက်ပံ့ကူညီရန် ယင်းဌာနကို ၁၉၅၀ တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်သည်။

သို့သော် ယခုကာလတွင်တော့ ILD/CPC ကိုယ်စားလှယ်များကို ညီလာခံများနှင့် နိုင်ငံရေးအယူအဆပေါင်းစုံပါဝင်သည့် နိုင်ငံရေးပါတီများနှင့်တွေ့ဆုံပွဲများတွင် တွေ့မြင်ရလေ့ရှိသည်။ ILD/CPC သည် တရုတ်နိုင်ငံ၏ ရေရှည်မဟာဗျူဟာနှင့် စီးပွားရေးအကျိုးစီးပွား တို့အတွက် ဆောင်ရွက်ပေးနေသည့် UWSA ကဲ့သို့သော လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ အပါအဝင် နိုင်ငံတော်နှင့်မသက်ဆိုင်သည့် အဖွဲ့အစည်းများစွာကိုလည်း ထောက်ပံ့ကူညီမှုများ ပြုလုပ်လျက်ရှိသည်။

တတိယအလွှာကတော့ တရုတ်ပြည်လွတ်မြောက်ရေးတပ်မတော် (PLA) ဖြစ်ပါသည်။ PLA သည် တစ်ကမ္ဘာလုံးရှိ အခြားနိုင်ငံများ၏ စစ်တပ်များနှင့် ဆက်ဆံရေးကို တည်ဆောက်ရသော အဖွဲ့အစည်းဖြစ်သည်။ PLA သည် နိုင်ငံခြားအစိုးရများနှင့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများကို တိုက်ရိုက်သော်လည်းကောင်း၊ ကုမ္ပဏီများမှတစ်ဆင့်သော်လည်းကောင်း လက်နက်များ ရောင်းချလျက်ရှိသည်။ UWSA သို့လည်း လက်နက်မျိုးစုံ တင်ပို့ရောင်းချခဲ့သည်။ UWSA က အစိုးရကို ဆန့်ကျင်နေသည့် အခြားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသို့ ယင်းလက်နက်များထဲက တချို့ကို မျှဝေပေးခဲ့သည်။

တရုတ်နိုင်ငံသည် ဆိုရှယ်လစ်စီးပွားရေးစနစ်ကနေ အရင်းရှင်စနစ်သို့ အသွင်ကူးပြောင်းခဲ့သော်လည်း နိုင်ငံရေးစနစ်မှာတော့ တစ်ပါတီစနစ်ကို ကျင့်သုံးလျက်ရှိနေသေးကာ တရုတ်ကွန်မြူနစ်ပါတီ (CPC) သည် အစိုးရနှင့်တပ်မတော်အထက်တွင် ရှိနေသည်။ တရုတ်နိုင်ငံ ကျင့်သုံးအကောင်အထည်ဖော်နေသည့် အိုဟောင်းနေပြီဖြစ်သော အစိုးရချင်းဆက်ဆံရေးနှင့် ပါတီချင်းဆက်ဆံရေးမှာလည်း ပြောင်းလဲသွားခြင်းမရှိခဲ့ပေ။

မြန်မာနိုင်ငံ၏ နိုင်ငံရေးဇာတ်ကောင်များနှင့် ထိတွေ့ဆက်ဆံနေရသည့် တရုတ်နိုင်ငံ၏ အဓိကပုဂ္ဂိုလ်မှာ မစ္စတာ Sun မဟုတ်ပါ။ ILD/CPC ဥက္ကဋ္ဌ Song Tao ဖြစ်ပါသည်။ Song သည် ဝါရင့်နိုင်ငံရေးသမားတစ်ဦးဖြစ်ရုံသာမက သံတမန်တစ်ဦးလည်းဖြစ်ပါသည်။ ဩစတြေးလျနိုင်ငံ Monash တက္ကသိုလ်တွင် ပညာသင်ယူခဲ့ပြီး အိန္ဒိယနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်၏လက်ထောက်အဖြစ် ၂၀၀၀ ပြည့်လွန်အစောပိုင်းနှစ်များတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသည်။ ထို့နောက် ဂါယာနာနှင့် ဖိလစ်ပိုင်နိုင်ငံတို့တွင် တရုတ်သံအမတ် ဖြစ်လာခဲ့သည်။

၂၀၁၅ အောက်တိုဘာတွင် Song သည် မြောက်ကိုရီးယားသို့ အဆင့်မြင့်သံတမန် ခရီးစဉ်တစ်ခု သွားရောက်ခဲ့ပြီး နောက်ပိုင်းတွင်မူ ILD/CPC ၏ ဥက္ကဋ္ဌတာဝန်ကို Wang Jiarui ထံကနေ လွှဲပြောင်းရယူခဲ့သည်။ Wang Jiarui သည် မြောက်ကိုရီးယား၊ ကျူးဘားနှင့် ဗီယက်နမ်နိုင်ငံများကဲ့သို့သော ကွန်မြစ်နစ်အဖွဲ့ဝင်နိုင်ငံများနှင့်ဆက်ဆံရေးကို အဓိက တာဝန်ယူခဲ့ရသည့် CPC အဖွဲ့ဝင်တစ်ဦးဖြစ်သည်။

Song သည် Sun ကဲ့သို့ နာမည်ကျော်ကြားသည့်သူ တစ်ဦးတော့ မဟုတ်ပါ။ နောက်ကွယ်ကနေ အဓိက အလုပ်လုပ်နေသူအဖြစ်သာ သူ့ကို သိထားကြပါသည်။ မြန်မာနိုင်ငံရေးသမားများနှင့် တပ်မတော်အရာရှိများကို တွေ့ဆုံရာ၌လည်း နေပြည်တော်မှာထက် ဘေဂျင်းတွင်သာ ပို၍ တွေ့ဆုံလိုသူတစ်ဦးဖြစ်ပါသည်။ Song သည် ပြီးခဲ့သည့်ဩဂုတ်လက မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်စဉ် ဒေါ်အောင်ဆန်းစုကြည်နှင့် နေပြည်တော်တွင် တွေ့ဆုံခဲ့ပါသည်။ ဒေါ်အောင်ဆန်းစုကြည်အစိုးရဦးစီးသည့် ငြိမ်းချမ်းရေးဖြစ်စဉ် မစတင်မီ သီတင်းပတ်အနည်းငယ်ခန့်ကဖြစ်သည်။

တရုတ်နိုင်ငံ၏နိုင်ငံခြားရေးဝန်ကြီးဌာနက လုပ်ဆောင်နေသည့် အစိုးရအချင်းချင်းအကြား ဆက်ဆံရေးနှင့် CPC က UWSA ကဲ့သို့သော အဖွဲ့များနှင့်အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ပါတီချင်းချင်းအကြား ဆက်ဆံရေးတွင် ကွဲပြားခြားနားမှုများရှိနေသည့်အပြင် CPC သည် တရုတ်အစိုးရနှင့် PLA တို့၏ အထက်တွင်ရှိနေသည်။ ယင်းအခြေအနေများကို ထောက်ချင့်သုံးသပ်ခြင်းအားဖြင့် တရုတ်နိုင်ငံသည် မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်ကို အဘယ်ကြောင့် လူသိရှင်ကြားထောက်ခံနေရသနည်း ဆိုသည့်အချက်အပြင် တစ်ပြိုင်နက်တည်းတွင် UWSA ကို ဘာကြောင့် လက်နက်များထောက်ပံ့ပေးနေရသနည်း ဆိုသည့်အချက်များကို သိရှိနိုင်သည်။

များမကြာမီကပင် UWSA သို့လေကြောင်းကာကွယ်ရေးစနစ်များ၊ တင့်ကားများ၊ ဒုံးကျည်များနှင့် အခြားသော အဆင့်မြင့်လက်နက်များကို ရောင်းချခဲ့သည်။ "ဒီလက်နက်တွေဟာ တရားမဝင် တင်ပို့တာမျိုးမဟုတ်ပါဘူး။ ယူနန်ပြည်နယ်က အချို့အရာရှိတွေက UWSA ကို ရောင်းချသွားတာဖြစ်နိုင်ပါတယ်" ဟု စစ်ရေးစောင့်ကြည့်လေ့လာသူတစ်ဦးက ဆိုသည်။ သူက လက်နက်ရောင်းချမှုများသည် တရုတ်အစိုးရ၏ အမြင့်ဆုံးအာဏာပိုင်အဆင့်က ညွှန်ကြားခြင်းဖြစ်ကြောင်းကိုလည်း ထည့်သွင်းပြောဆိုသွားသည်။

UWSA က ထောက်ပံ့ပေးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့နှင့် တပ်မတော်တို့ မြန်မာနိုင်ငံမြောက်ပိုင်းတွင် တိုက်ပွဲများဖြစ်ပွားခဲ့သည်။ တရုတ်နိုင်ငံသည် ၎င်း၏တောင်ပိုင်းနယ်စပ်တစ်လျှောက်တွင် ထိုကဲ့သို့ ပဋိပက္ခများဖြစ်ပေါ်နေသည်ကို တွေ့မြင်လိုသည့်ဆန္ဒမရှိပေ။ သို့သော် တရုတ်နိုင်ငံသည် မြန်မာနိုင်ငံနှင့်ဆက်ဆံရာတွင် မီးစတစ်ဖက်အဖြစ် ၎င်း၏မဟာမိတ် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ များအား တရုတ်ထောက်ပံ့ပေးထားသည့် လက်နက်များကို မျှဝေပေးသော UWSA ကို အားကောင်းသည့် လက်နက်ကိုင်အဖွဲ့အစည်းဖြစ်အောင် အကူအညီများပေးထားပြီး တစ်ချိန်တည်းမှာပင် ရေမှုတ်တစ်ဖက်အဖြစ် မြန်မာနိုင်ငံကို အကူအညီများပေးရန်နှင့် မြန်မာနိုင်ငံတွင် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရန် ကတိကဝတ်များ ပေးထားသည်။

ပန်ဆိုင်းတွေ့ဆုံပွဲသို့ တက်ရောက်ခဲ့သူများက တရုတ်နိုင်ငံအနေနှင့် အစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲများအပါအဝင် ရှေ့ဆက်လုပ်ဆောင်ရမည့် ငြိမ်းချမ်းရေးဖြစ်စဉ်ကို ကြီးကြပ်ပေးရန် တောင်းဆိုလိုက်သည်။ သူတို့သည် တရုတ်နိုင်ငံသမ္မတ ရှီကျင့်ဖျင် အဆိုပြုထားသည့် 'One Belt, One Road' မဟာဗျူဟာကို အပြည့်အဝထောက်ခံကြောင်းလည်း ကြေညာခဲ့သည်။ ယင်းမဟာဗျူဟာမှာ တရုတ်နှင့် ကျန်အာရှနိုင်ငံများကို ချိတ်ဆက်ပေးမည့် ကုန်သွယ်ရေးလမ်းကြောင်းသစ်များ ဖွင့်လှစ်ရန်ဖြစ်သည်။

တောင်အာရှနှင့် အရှေ့တောင်အာရှအပြင် အိန္ဒိယသမုဒ္ဒရာကို ချိတ်ဆက်ပေးနိုင်သည့် မြန်မာနိုင်ငံသည် တရုတ်နိုင်ငံအတွက် မဟာဗျူဟာအရ အလွန်အရေးပါလှသည်။ လူ့အခွင့်အရေးချိုးဖောက်မှုများ ရှိခဲ့သည့် ယခင်တပ်မတော်အစိုးရအပေါ် နိုင်ငံတကာက၏ ဝေဖန်မှုများကို တရုတ်အစိုးရက မကြာခဏကာကွယ်ပေးခဲ့သည်။ အပြန်အလှန်အားဖြင့် တရုတ်နိုင်ငံကို မြန်မာနိုင်ငံ၏စီးပွားရေးနှင့် နိုင်ငံရေးတွင် ပါဝင်ခွင့် ပေးခဲ့ရသည်။ တပ်မတော်အုပ်ချုပ်ရေးမှ ဒီမိုကရက်တစ်အုပ်ချုပ်မှု အကူးအပြောင်းကာလအတွင်း အချိန်ကာလအနည်းငယ်ခန့် နှစ်နိုင်ငံကြား ဆက်ဆံရေး တုံ့ဆိုင်းနေရာမှ ယခုအခါတွင်မူ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံအပေါ် ၎င်း၏ အလွှာပေါင်းစုံမူဝါဒဖြင့် တစ်ဖန်ပြန်လည် ဩဇာလွှမ်းမိုးရန် ကြိုးပမ်းလျက်ရှိနေပြီဖြစ်သည်။

**Ref: Asia Times**




## အိုဘားမားမောင်နှံ၏ စာအုပ်နှစ်အုပ် Penguin Random House က ထုတ်ဝေမည်

**ဝါရှင်တန်၊ ဖေဖော်ဝါရီ ၂၈**

အမေရိကန်သမ္မတဟောင်း ဘားရက် အိုဘားမားနှင့်ဇနီးသည် မီရှဲလ်အိုဘားမား တို့တစ်ယောက်တစ်အုပ်စီရေးသားကြမည့် စာအုပ်နှစ်အုပ်ကို Penguin Random House စာအုပ်တိုက်က ထုတ်ဝေရန် သဘောတူညီခဲ့ကြောင်း Reuters သတင်းတွင် ဖော်ပြထားသည်။

တစ်ကမ္ဘာလုံးဖြန့်ဖြူးရောင်းချခွင့် ရယူခဲ့ခြင်းဖြစ်သည်ဟု Penguin Random House က ထုတ်ပြန်ခဲ့သော်လည်း အသေးစိတ်အချက်အလက်များကိုမူ မထုတ်ပြန်ခဲ့ပေ။

အိုဘားမားမောင်နှံသည် ယခင်က လုပ်ဆောင်ခဲ့သည့်အတိုင်းပင် စာမူခ အများစုကို အိုဘားမားဖောင်ဒေးရှင်း အပါအဝင် ပရဟိတလုပ်ငန်းများသို့ လှူဒါန်းသွားမည်ဖြစ်သည်။

အဆိုပါစာအုပ်နှစ်အုပ်ကို တစ်ကမ္ဘာလုံးဖြန့်ဖြူးခွင့်အတွက် အကြိတ်အနယ် လေလံဆွဲခဲ့ကြပြီးနောက် ဒေါ်လာ သန်း ၆၀ ကျော် ရရှိခဲ့ကြောင်း လေလံကိစ္စနှင့် ပတ်သက်၍ သိရှိထားသူများကို ကိုးကားပြီး Reuters သတင်းက ဖော်ပြသည်။

ယင်းမှာ အမေရိကန်သမ္မတဟောင်းများ၏ အတ္ထုပ္ပတ္တိမှတ်တမ်းစာအုပ်အတွက် စံချိန်တင်ဝင်ငွေဖြစ်သည်။

ယခင်က ဒီမိုကရက်သမ္မတဟောင်း ဘီလ်ကလင်တန်သည် သူ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိစာအုပ် My Life ဖြန့်ဖြူးရောင်းချခွင့်အတွက် ဒေါ်လာ ၁၅ သန်းအထိ ရရှိခဲ့သည်။

ရီပတ်ဘလစ်ကန် သမ္မတဟောင်း ဂျော့ချ်ဒဗလျူဘုရှ်မှာမူ ၎င်း၏စာအုပ် Decision Points အတွက် ဒေါ်လာ ၁၀ သန်းရရှိခဲ့သည်။

ယင်းစာအုပ်နှစ်အုပ်စလုံးကိုလည်း Penguin Random House ၏ လုပ်ငန်းခွဲ Knopf နှင့် Crown တို့က အသီးသီး ထုတ်ဝေခဲ့သည်။

Penguin Random House သည် အိုဘားမား၏ ယခင်စာအုပ်သုံးအုပ်ဖြစ်သော Dreams of My Father၊ The Audacity of Hope နှင့် Of Thee I Sing : A Letter to My Daughters တို့ကိုလည်း ထုတ်ဝေခဲ့သည်။

ယခုထွက်ရှိမည့် စာအုပ်နှစ်အုပ်တွင် မည်သည့်အကြောင်းအရာများ ပါရှိမည်ဟု စာအုပ်တိုက်က မထုတ်ပြန်ခဲ့သော်လည်း အိုဘားမားမောင်နှံ၏ အိမ်ဖြူတော်အတွေ့အကြုံနှင့် ဖြတ်သန်းမှုများ အကြောင်းသာ ဖြစ်ဖွယ်ရှိသည်။ ■ F-03

## အိုင်အက်စ်ခေါင်းဆောင်များ မိုဆူးလ်မှ ထွက်ပြေးဟု အီရတ်တပ်မှူးဆို

**အာရ်ဘီလ်၊ မတ် ၁**

အိုင်အက်စ်စစ်သွေးကြွများမှာ အီရတ်နိုင်ငံတွင်း ၎င်းတို့နောက်ဆုံးခြေကုပ်ယူရာ မိုဆူးလ်မြို့အနောက်ပိုင်းမှ အလျင်အမြန် ဆုတ်ခွာထွက်ပြေးရန် ကြိုးစားနေပြီဖြစ်ကြောင်း အီရတ် ပြည်ထောင်စု ရဲတပ်ဖွဲ့တပ်မှူးဖြစ်သူက ပြောကြားခဲ့ကြောင်း CNN သတင်းဌာနက ဖော်ပြသည်။

စစ်သွေးကြွများ အချင်းချင်း အဆက်အသွယ် ပြတ်တောက်လျက်ရှိပြီး ၎င်းတို့ခေါင်းဆောင်များသည် ထိန်းချုပ်ထားနိုင်ဆဲနေရာများမှပင် ထွက်ပြေးနေကြကြောင်း ဒုတိယရဲဗိုလ်ချုပ်ကြီး ရာအိဒ်ရာကီယာ ဂျူဒက်က ပြောကြားခဲ့သည်။

"အကြမ်းဖက်အဖွဲ့ ဒါအက်ရှ် (IS ကိုနှိမ်ချခေါ်ဝေါ်သည့် အတိုကောက်အသုံးအနှုန်း) ဟာ ထိတ်လန့်၊ ရှုပ်ထွေး၊ အရေးနိမ့်နေပါပြီ။ သူတို့ရဲ့လက်နက်ကိုင်တွေဟာ သီးသန့်အုပ်စုလေးတွေအဖြစ် တိုက်နေရတာပါ" ဟု ဂျူဒက် ကပြောကြားခဲ့သည်။

"ကျွန်တော်တို့ရဲ့စစ်မြေပြင် ထောက်လှမ်းရေးတပ်ဖွဲ့တွေက ရရှိတဲ့ သတင်းအရတော့ အကြမ်းဖက်အဖွဲ့အစည်းဟာ ပြိုကွဲနေပြီး ခေါင်းဆောင်ပိုင်းဟာ မိုဆူးလ်က ထွက်ပြေးနေကြပြီလို့ သိရပါတယ်" ဟု ဂျူဒက်က ပြောကြားခဲ့သည်။

အီရတ်တပ်ဖွဲ့များသည် ပြီးခဲ့သည့်လအတွင်းက မိုဆူးလ်အရှေ့ပိုင်းကို IS လက်မှ ပြန်သိမ်းနိုင်ခဲ့သော်လည်း အနောက်ခြမ်းကို ဆက်လက်တိုက်ခိုက်နေရဆဲဖြစ်သည်။ အီရတ်၏ ဒုတိယအကြီးဆုံးမြို့ မိုဆူးလ်၏ အနောက်ဘက်ခြမ်းမှ 'အကြမ်းဖက်သားရဲတွင်းများ' ဟု ခေါ်ဝေါ်သော IS အဖွဲ့များ၏လက်ကျန် ခြေကုပ်ယူရာနေရာများကို အစိုးရတပ်များက လက်နက်ကြီးများဖြင့် ပစ်ခတ်နေသည်ဟုလည်း ဂျူဒက်က ပြောကြားခဲ့သည်။

အီရတ်တပ်များသည် အယ်လ်ဂါဇာလာနီ၊ အယ်လ်ဂျာဝက်စ်၊ အယ်လ်တာယာရန် ရပ်ကွက်များကို သိမ်းပိုက်ထားပြီး IS လက်နက်ကိုင်များ၊ ဖောက်ခွဲရေးပစ္စည်းများ၊ ထောင်ချောက်များကို လိုက်လံရှင်းလင်းနေသည်ဟု သိရသည်။

အိုင်အက်စ် အစည်းအဝေးကျင်းပရာ နေရာကို ၄၃ မိုင်အကွာမှနေ၍ အီရတ်အစိုးရတပ်များနှင့် ပြည်သူ့စစ်များက လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်နိုင်ခဲ့ကြောင်း ပြည်သူ့ရွေ့လျားတပ်ဖွဲ့ PMU ပြည်သူ့စစ်အဖွဲ့က ထုတ်ပြန်သည်။

စည်းဝေးနေသည့် IS လက်နက်ကိုင် ၇၀ ကျော်သေဆုံး၊ ဒဏ်ရာရခဲ့သည်ဟု PMU က ထုတ်ပြန်သည်။

PMU သည် အစိုးရတပ်များနှင့် လက်တွဲတိုက်ခိုက်နေသည့် ပြည်သူ့စစ်ညွန့်ပေါင်း တပ်ဖွဲ့များဖြစ်ပြီး မိုဆူးလ်အပါအဝင် နင်နီဗေးလ်ပြည်နယ် IS လက်မှ လွတ်မြောက်ရေး ကြိုးပမ်းနေသည့်အဖွဲ့ဖြစ်သည်။

IS ကိုနှိမ်နင်းရာတွင် အရပ်သားများပါ ဒုက္ခရောက်ခဲ့ရပြီး ဖေဖော်ဝါရီလ ၁၉ ရက်တွင် စတင်ခဲ့သော အနောက်မိုဆူးလ်ထိုးစစ်ကြောင့် လူ ၁၄,၀၀၀ ခန့် ထွက်ပြေးခဲ့ရသည်ဟု အီရတ် အိုးအိမ်စွန့်ခွာမှုနှင့် ရွှေ့ပြောင်းအခြေချမှုဆိုင်ရာ ဝန်ကြီး ဂျာဆမ်မိုဟာမက် အယ်လ်ဂျက်ဖ်က ပြောကြားသည်။

IS သိမ်းပိုက်ထားသည့်နေရာများမှ ထွက်ပြေးလာသူများကို ရေနှင့် အစားအစာများ ဖြန့်ဖြူးနေကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးမှူးက ပြောကြားခဲ့သည်။ ■ F-03




အနောက် မိုဆူးလ်ထိုးစစ်ကြောင့် လူပေါင်း ၁၄,၀၀၀ ခန့် တိမ်းရှောင်ထွက်ပြေးခဲ့ရသည်

## CARTOON



ကပြောင်းကပြန်တွေဖြစ်ခဲ့တဲ့ ယခုနှစ် အော်စကာဆု . . .

## ကျောဖုံး - ကင်ဂျုံနမ်လုပ်ကြံမှုတွင် ပါဝင်သူအမျိုးသမီးနှစ်ဦး ထပ်မံလုပ်ကြံခံရမည်စိုး၍ ကျည်ကာအင်္ကျီဖြင့် ရုံးထုတ်

သူက ကျွန်မအပြစ်မရှိပါဘူးတဲ့" ဟု ဒေါင်သီဟောင်၏ ရှေ့နေဖြစ်သူ ဆီလ်ဗင်ရှာမူဂန်က ဆိုသည်။

မလေးရှားတရားရေးအာဏာပိုင်များက စွဲဆိုထားသော ပြစ်မှုဆိုင်ရာ ပုဒ်မ ၃၀၂ အရ ၎င်းတို့အနေနှင့် သေဒဏ်ချမှတ်ခံရမည့် အနေအထားတွင်ရှိနေသည်။

"ဟုတ်ပါတယ်၊ သူမဟာ တကယ့်ကို စိတ်တုန်လှုပ်ချောက်ချားနေတာပါ။ ဘာကြောင့်လဲဆိုတော့ သေဒဏ်ပေးခံရမယ့်အရေးနဲ့ရင်ဆိုင်နေရလို့ပါပဲ" ဟု ရှေ့နေ ဆီလ်ဗင်ရှာမူဂန်က ဆက်လက်ပြောကြားသည်။

ကွယ်လွန်သွားပြီးဖြစ်သော မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအီနှင့် ညီဖြစ်သူ လက်ရှိခေါင်းဆောင် ကင်ဂျုံအန်းတို့မိသားစုနှင့် ကွန်မြူနစ်အစိုးရကို အမြဲပင်ဝေဖန် ပြစ်တင်မှုများပြုလုပ်ခဲ့သူ ကင်ဂျုံနမ်သည် ဖေဖော်ဝါရီလ ၁၃ ရက်နေ့က ကွာလာလမ်ပူလေဆိပ်၌ အဆိပ်ဖြင့် လုပ်ကြံခံခဲ့ရသည်။

၎င်းကို လုပ်ကြံရာ၌ အသုံးပြုသော အဆိပ်သည် VX အာရုံကြော ဓာတုပစ္စည်းဖြစ်ပြီး လူအမြောက်အမြားသေကျေပျက်စီးစေနိုင်သည့် လက်နက်များ တပ်ဆင်ထုတ်လုပ်ရာ၌ အသုံးပြုကြောင်း ကုလသမဂ္ဂက ဖော်ပြသည်။

■ F-01

# လမ်းဘေးအမှိုက်များကြောင့် မီးလောင်ပါက စည်ပင်ကို တရားစွဲမည်ဟု သပိတ်ကျင်းဒေသခံများပြော

**သပိတ်ကျင်း၊ မတ် ၁**

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ် လူနေအိမ်ထူထပ်သည့်ရပ်ကွက်ကြီးအချို့တွင် လမ်းဘေးအမှိုက်များရှိနေသဖြင့် မီးဘေးအန္တရာယ် စိုးရိမ်ရပြီး မီးလောင်ပါက အမှိုက်များကိုရှင်းလင်းမှုမလုပ်ဆောင်သည့် စည်ပင်ကော်မတီကို တရားစွဲဆိုမည်ဖြစ်ကြောင်း ဒေသခံများက ပြောကြားသည်။

စည်ပင်သာယာဈေးနှင့် ဆိပ်ကမ်းရပ်ကွက်နေအိမ် အချို့ရှေ့တွင်သာ သန့်ရှင်းမှုနှင့် လမ်းဘေးအမှိုက်သိမ်းယူမှုများကို နေ့စဉ်ပြုလုပ်လျက်ရှိပြီး လူနေထူထပ်၍ အမှိုက်များရှိနေသည့် ရပ်ကွက်ကြီး အချို့ လမ်းဘေးများတွင်မူလာရောက်ရှင်းလင်းပေးခြင်းမရှိကြောင်း ကဘဲ့ရပ်ကွက်မှ ဒေါ်ယဉ်ယဉ်ညိုက ပြောဆိုသည်။

"အခုအမှိုက် ရှင်းလင်းမပေးတဲ့ ရပ်ကွက်တွေ လမ်းဘေးအမှိုက်ကနေ မီးလောင်မှုဖြစ်ရင်တော့ ရပ်ကွက်ကလူတွေ အကုန်စု လက်မှတ်ထိုးပြီး စည်ပင်ကိုတရားစွဲမယ်"ဟု ၎င်းကဆိုသည်။

မြို့တွင်းမြို့ပြင်သန့်ရှင်းသာယာလှပရေးအတွက် မြို့နယ်စည်ပင်သာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်လျက်ရှိသော်လည်း လမ်းဘေးအမှိုက်များမှာ များပြား လျက်ရှိကြောင်း ရတနာကုန်းရပ်ကွက် ဦးစိုးမြင့်မောင်က ပြောကြားသည်။

"ဒါတွေကိုစည်ပင်က တာဝန်ယူဆောင်ရွက်ရှင်းလင်းရမှာပါ။ အခုနွေရာသီရောက်လာပြီဆိုတော့ မီးရေးထင်းရေးက အစ ကြောက်နေရပြီ"ဟု ၎င်းကဆိုသည်။

လက်ရှိတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ခန့်အပ်ထားသောဌာန ဝန်ထမ်း ၂၀ ဦး၊ နေ့စားနေ့စဉ် သန့်ရှင်းရေးဝန်ထမ်း ၁၇ ဦးရှိကာ စည်ပင်နှင့် ပတ်သက်သည့် လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း သပိတ်ကျင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ခက ပြောကြားသည်။

"ရပ်ကွက်ကြီး အချို့လမ်းဘေးမှာ အမှိုက်တွေဖြစ်ပေါ်နေတယ်ဆိုတာ အတွက်ကတော့ လက်ရှိလူအင်အားနည်းနေတဲ့အတွက်လာမယ့်ဘတ်ဂျက်မှတင်ပြဆောင်ရွက်ပေးသွားမှာပါ" ဟု ၎င်းက ဆိုသည်။ ■

R-05



ဓာတ်ပုံ - nay nyi htut aung

# ချင်းတွင်းမြစ်ကမ်းဘေး ခွင့်ပြုချက်မရှိဘဲ စုပုံထားသော ကျောက်မီးသွေးပုံသူများကို အရေးယူမည်

**ကလေး၊ မတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမြို့နှင့် မော်လိုက်မြို့အကြား ချင်းတွင်းမြစ်ကမ်းဘေးနှင့် ချောင်းဘေးများတွင် ခွင့်ပြုချက်မရှိဘဲ ကျောက်မီးသွေးစုပုံသူများကို စိစစ်အရေးယူမည် ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦး ကပြောကြားသည်။

ကလေးဝမြို့နှင့် မော်လိုက်မြို့နယ်ရှိ ကျောက်မီးသွေး တူးဖော်သည့် ကုမ္ပဏီများကို တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦးနှင့်အဖွဲ့က ဖေဖော်ဝါရီလ ၂၄ ရက်နှင့် ၂၅ ရက်တွင်သွားရောက်စစ်ဆေးခဲ့ရာ မြစ်ချောင်း ကမ်းပါးဘေးတွင် စုပုံထားသည့် ကျောက်မီးသွေး ပုံ ၁၃ ခုကို တွေ့ရှိခဲ့ကြောင်း ၊ ကျောက်မီးသွေးများ စုပုံထားမည်ဆိုပါက ကျောက်မီးသွေး စုပုံကွင်းသီးသန့် လျှောက်ထားရမည်ဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

ကျောက်မီးသွေးကို မြစ်ချောင်းများနှင့် အနည်းဆုံး ပေ ၃၀၀၀ အကွာတွင် ရှိရမည်ဖြစ်ပြီး မြေယာပေါ်တွင် စုပုံထားပါက မြေယာပိုင်ဆိုင်ခွင့် ပုံစံ (၇) ဖြင့် မရဘဲ စုပုံကွင်းအဖြစ် လျှောက်ထားရမည် ဖြစ်ကြောင်း၊ စုပုံကွင်း လျှောက်ထားမှု ရှိမရှိကို စိစစ်ပြီး ဥပဒေအရ အရေးယူရန်အတွက် မြေစာရင်းဌာန၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ သတ္တုတွင်းဌာနမှ တာဝန်ရှိသူများ၊ လွှတ်တော် ကိုယ်စားလှယ်များနှင့် အရပ်ဘက်အဖွဲ့အစည်းများဖြင့် စုပေါင်းဖွဲ့စည်းထားသည့် လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီ မှ စစ်ဆေးမှုများ ပြုလုပ် အရေးယူရန် မှာကြားထားကြောင်း ၎င်းက ရှင်းပြသည်။

"စိစစ်မှုတွေတော့ လုပ်နေပေမယ့် အရေးယူဆောင်ရွက်တာတွေတော့ မလုပ်သေးပါဘူး၊ တချို့ကလည်း လျှောက်ထားတုန်း၊ တချို့ကလည်း စိစစ်ဆဲ အခြေအနေတွေရှိတယ်" ဟု ကလေးမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းထွန်းအောင်က ပြောဆိုသည်။

ကျောက်မီးသွေးတွေက စုပုံထားတဲ့နေရာတွင်သာမက သယ်ယူရာတွင်လည်းစနစ်တကျ သယ်ယူစေလိုကြောင်း၊ ကျောက်မီးသွေးစုပုံခြင်းများကို စိစစ်အရေးယူမည်ဆိုခြင်းကို ကြိုဆိုကြောင်း စစ်ကိုင်းတိုင်းဒေသကြီး MATA အဖွဲ့မှ အဖွဲ့ဝင်ဦးကျော်မင်းထွဋ်က ပြောကြားသည်။ ■

# မင်းတပ်မြို့တွင် တက္ကသိုလ်တည်ဆောက်ရန် မြေနေရာရှာ

**ကလေး၊ မတ် ၁**

ချင်းပြည်နယ် မင်းတပ်မြို့တွင် ဘာသာရပ် ပေါင်းစုံ သင်ကြားနိုင်မည့် တက္ကသိုလ်တည်ဆောက်နိုင်ရေးအတွက် ဖေဖော်ဝါရီလ ၂၈ ရက်မှ စတင်ကာမြေနေရာရှာဖွေနေကြောင်း ချင်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်း ကပြောကြားသည်။

တက္ကသိုလ်တည်ဆောက်ရေးအတွက် မင်းတပ်မြို့မှ မတူပီ အထွက် မင်းတပ်မြို့နှင့် လေးမိုင်အကွာ မြေနေရာ၊ မင်းတပ်မြို့မှ ကျောက်ထုမြို့အထွက် မင်းတပ်နှင့် သုံးမိုင်အကွာရှိ မြေနေရာ၊ ကျောက်ထုမြို့အထွက် မင်းတပ်မြို့ကနေ ၇ မိုင် အကွာရှိ မြေနေရာများကို ရှာဖွေကာ စစ်ဆေးမည်ဖြစ်ကြောင်း၊ သင့်တော်သောနေရာ တစ်ခုခုကို ရွေးချယ်ကာ ဝိဇ္ဇာ၊ သိပ္ပံ၊ နည်းပညာ၊ ကွန်ပျူတာ အစရှိသောဘာသာရပ်ပေါင်းစုံ တစ်နေရာတည်းသင်ကြားနိုင်စေရန်အတွက် ဆောင်ရွက်မည် ဖြစ်ကြောင်း ၎င်းကရှင်းပြသည်။

"တက္ကသိုလ် တည်ဆောက်ဖို့မြေနေရာကို ရှာဖွေပြီးတာနဲ့ မြေပုံရေးဆွဲပြီး အမြန်ဆုံး အကောင်အထည်ဖော်နိုင်ဖို့ ကြိုးစားသွားမှာပါ" ဟု ချင်းပြည်နယ် လွှတ်တော် ဒုတိယ ဥက္ကဋ္ဌ ဦးအောင်သန်း က ပြောဆိုသည်။

ဖေဖော်ဝါရီလ ၂၆ ရက်က ချင်းပြည်နယ် တောင်ပိုင်းမြို့ဖြစ်သော မင်းတပ်မြို့သို့ နိုင်ငံတော် ဒုတိယ သမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် အဖွဲ့ရောက်ရှိစဉ် မင်းတပ်မြို့ ဒေသခံများက ပညာရပ်ပေါင်းစုံ သင်ကြားနိုင်သော တက္ကသိုလ်တစ်ခု တည်ဆောက်ပေးရန် တင်ပြခဲ့ကြရာ ဒုတိယသမ္မတက သဘောတူခဲ့သည်။

ချင်းပြည်နယ် မြောက်ပိုင်းရှိ ဟားခါးမြို့တွင် ယခုနှစ်မှ စတင်ကာ ဝိဇ္ဇာ၊ သိပ္ပံ တက္ကသိုလ်တစ်ခုတည်ဆောက်သင်ကြားနေကြောင်း၊ ယင်းကြောင့် ချင်းပြည်နယ် တောင်ပိုင်းရှိ မြို့နယ်များ ဖြစ်သော မတူပီ၊ မင်းတပ်၊ ကန်ပက်လက်၊ ပလက်ဝ စသည့် မြို့များမှ ကျောင်းသား၊ ကျောင်းသူများမှာ တက္ကသိုလ် တက်ရောက်ရန် ငွေကြေးခက်ခဲမှုများ ရှိသောကြောင့် တက္ကသိုလ်တစ်ခု အမှန်တကယ်လိုအပ်နေကြောင်း၊ မင်းတပ်မြို့ရှိ ချိုး(ချင်း) လူမှုဖွံ့ဖြိုးရေးအသင်းမှ ဦးရှယ်အောင် က ပြောကြားသည်။

ချင်းပြည်နယ် တောင်ပိုင်းရှိ မြို့နယ်များမှ ဒေသခံများက အခြား နယ်ဝေးမြို့များသို့ သွားရောက်ပညာ သင်ကြားရပါက စရိတ်စကများ ကြီးမားသဖြင့် မင်းတပ်ဒေသခံများအတွက် တက္ကသိုလ်တစ်ခု အမှန်တကယ် လိုအပ်နေကြောင်း ၎င်းက ပြောဆိုသည်။ ■

# လောင်းကစားမှု ပပျောက်ရေးကော်မတီကို ဖုန်းသတင်းတိုင်ကြားမှု ထက်ဝက်သာ မှန်ကန်

**တောင်ငူ၊ မတ် ၁**

ပဲခူးတိုင်းဒေသကြီး လောင်းကစားမှု ပပျောက်ရေး ကော်မတီအဖွဲ့များနှင့် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးသို့ ဖုန်းသတင်းပေးတိုင်ကြားမှုများမှာ ထက်ဝက်သာ မှန်ကန်ကြောင်း ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ရဲမြင့်က ပြောကြားသည်။

"လောင်းကစားမှု ပပျောက်ရေးကို အားစိုက်လုပ်နေပေမယ့် အားနည်းချက်တွေလည်း ရှိနေဆဲ ဖြစ်တာကြောင့် ပြည်သူတွေကလည်း ပူးပေါင်းပါဝင်ပေးဖို့ လိုပါတယ်၊ လတ်တလောမှာ နေ့တိုင်းတိုင်ကြားလာတဲ့ လောင်းကစားမှုတွေကို နယ်မြေခံ ရဲတပ်ဖွဲ့တွေက ဖမ်းဆီးနေပါတယ်"ဟု ၎င်းက ရှင်းပြသည်။

ပြည်သူများက လောင်းကစားမှု လျော့နည်းပပျောက်ရေးအတွက် သတင်းပေးပို့တိုင်ကြားနိုင်ကြောင်း၊ လောင်းကစားမှုပပျောက်ရေး ကြီးကြပ်မှုကော်မတီ၊ လောင်းကစားသူများ စာရင်းကောက်ယူရေးအဖွဲ့၊ လောင်းကစားသူများ စိစစ်ကြီးကြပ်ရေးအဖွဲ့၊ ပညာပေးရန်နှင့် စာရင်းထုတ်ပြန်ရေးအဖွဲ့၊ လောင်းကစားမှု တားဆီးနှိမ်နင်းရေးအဖွဲ့ဟူ၍ အဖွဲ့ ၅ ဖွဲ့ဖြင့်ဆောင်ရွက်နေကြောင်း တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ စုံစမ်းသိရှိရသည်။

"လောင်းကစားဒိုင်တွေကို ဖမ်းတဲ့အခါမှာ ဒိုင်ချုပ်ကို ဖမ်းဆီးဖို့ခက်ခဲပါတယ်၊ အခြေခံ လူတန်းစားက ဒါကိုထွက်ပေါက်အဖြစ် အသုံးချနေကြတော့ ပပျောက်ဖို့ဆိုတာထက် လျော့နည်းအောင်ကိုမနည်းကြီး လုပ်နေရတယ်"ဟု မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အကြီးတန်း ရဲအရာရှိကြီးတစ်ဦးက ပြောကြားသည်။

လောင်းကစားအနေနှင့် ဘောလုံး၊ နှစ်လုံးထီ၊ သုံးလုံးထီ များသာမက အခြားသော လောင်းကစားနည်းများကိုလည်း ဖမ်းဆီးပေးစေလိုကြောင်း၊ ဘောလုံးလောင်းကစားနည်းမှာ လူလတ်တန်းစားနှင့် အခြေခံလူတန်းစား သာမက ကျောင်းသား လူငယ်များတွင်မှာပါ အမြစ်တွယ်နေကြောင်း တောင်ငူမြို့ခံ လူမှုရေး တက်ကြွလှုပ်ရှားသူ တစ်ဦးက ပြောဆိုသည်။ ■ R-15




ဓာတ်ပုံ – Bright Time

စက်သုံးဆီအရောင်းဆိုင်မပိတ်မီ ၂၀၁၆ခုနှစ်က ရောင်းချသည်ကိုတွေ့ရစဉ်

# ကျိုင်းတုံမြို့လယ်ရှိ စက်သုံးဆီဆိုင် ပိတ်သိမ်း

**ကျိုင်းတုံ၊ မတ် ၁**

ရှမ်းပြည်နယ် (အရှေ့ပိုင်း)ကျိုင်းတုံမြို့အလယ်ရှိ မြို့မဈေးကြီးနှင့်ကပ်လျက်ဖွင့် လှစ်ထားသည့် Bright Time စက်သုံးဆီ အရောင်းဆိုင်ကို မတ်လ ၁ရက်က ပိတ်သိမ်းခဲ့ကြောင်း ကျိုင်းတုံမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနထံမှ သိရသည်။

အဆိုပါ ဆိုင်မှာ မြို့မဈေးကြီးနှင့်ကပ်လျက်တည်ရှိပြီး မီးလောင်မှုဖြစ်ပေါ်လာပါက ဆုံးရှုံးမှုကြီးမားနိုင်သဖြင့် ဒေသခံများက ယခင်အစိုးရ လက်ထက်က တောင်းဆိုထားကြောင်း မြို့မိမြို့ဖတစ်ဦးဖြစ်သော ဦးစိုင်းဟောင်ခမ်းက ပြောကြားသည်။

“လူထုကလည်း စိုးရိမ်နေသလို မီးလောင်မှုဖြစ်လာရင် ဘယ်သူမှ ကယ်တင်ပေးနိုင်မှာမဟုတ်ဘူး၊ ဒါ့ကြောင့် သူတို့ကို ရွှေ့ပေးဖို့ ညွှန်ကြားထားတာ ကြာပြီဖြစ်တဲ့အပြင် လာတောင်းဆိုလို့နှစ်လသက်တမ်းတိုးပြီး ဖေဖော်ဝါရီလ ၂၈ရက်နောက်ဆုံး ရွှေ့ပေးဖို့ ပြောထားတယ်” ဟုရှမ်းပြည်နယ် ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရှဲန်တစ်လုံက ပြောဆိုသည်။

အဆိုပါ ဆိုင်မှာ မြို့လယ်တွင် တည်ရှိပြီး အခြားမြို့ပြင်ရှိ စက်သုံးဆီအရောင်းဆိုင်များထက် သွားလာရ လွယ်ကူသဖြင့် ဝယ်ယူသူများပြားကြောင်း၊ မြို့တွင်း၌ တရားမဝင် စက်သုံးဆီ အရောင်းဆိုင်များစွာရှိရာ တရားမဝင် ဆိုင်များကိုမဖယ်ရှားပါက မီးဘေးအန္တရာယ် ကင်းဝေးမည်မဟုတ်ကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ဆောင်သော မြို့ခံတစ်ဦးက မှတ်ချက်ပြုသည်။

ကျိုင်းတုံမြို့လယ်ရှိ မြန်မာ့ရေနံလုပ်ငန်းပိုင်စက်သုံးဆီအရောင်းဆိုင်ကို ယခင်အစိုးရလက်ထက်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကို လွှဲပြောင်းရောင်းချခဲ့ကြောင်း၊ ယင်းမြို့တွင် စက်သုံးဆီအရောင်းဆိုင် ၁၀ခုခန့်နှင့် တရားမဝင်စက်သုံးဆီအရောင်းဆိုင်ငယ်များ ရာချီရှိကြောင်း ဒေသခံများထံမှ သိရသည်။

■ R-16

# ယာဉ်တိုက်မှုကြောင့်ကျောင်းသားသေဆုံးမှု တရားမျှတမှု ရှိစေရေး ကျောင်းသားသမဂ္ဂစောင့်ကြည့်မည်

**ပြည်၊ မတ် ၁**

ယာဉ်တိုက်မှုကြောင့် ကျောင်းသားသေဆုံးခဲ့ရမှုနှင့် ပတ်သက်၍ တရားမျှတမှုရှိစေရန် ပြည်နည်းပညာ တက္ကသိုလ်ကျောင်းသားသမဂ္ဂမှ စောင့်ကြည့်မည်ဖြစ်ကြောင်း ပြည်နည်းပညာတက္ကသိုလ်ကျောင်းသား သမဂ္ဂဥက္ကဋ္ဌ ကိုဝင်းမြတ်ဟိန်းက ပြောကြားသည်။

ဖေဖော်ဝါရီလ ၁ရက်က နည်းပညာတက္ကသိုလ်မှအပြန် ယာဉ်တိုက်မှုကြောင့် ဆိုင်ကယ်မောင်းသည့် အသက် ၁၉ နှစ်ခန့်အရွယ် ကျောင်းသားမှာနေရာတွင် သေဆုံးခဲ့ပြီး ဆိုင်ကယ်နောက်တွင် ပါခဲ့သည့် လက်ထောက်ကထိကမှာ ဆေးရုံပေါ်တွင် သေဆုံးခဲ့ကြောင်း ပြည်မြို့မ ရဲစခန်းထံမှ စုံစမ်းသိရှိရသည်။

“တိုက်မိပြီး ထွက်ပြေးဖို့လုပ်တာကော မူးယစ်သောက်စားထားတာတွေကြောင့် ယာဉ်တိုက်မှု ဖြစ်တယ်လို့ သိထားတယ်၊ အခုတရားရုံးကို ရာဇသတ်ကြီးပုဒ်မ ၃၀၄-ကနဲ့ တင်လိုက်ပြီ၊ ဥပဒေအရတင်ပြီးတော့ တရားရုံးကနေ အမှုနဲ့ ထိုက်တန်တဲ့ ပြစ်မှုပြစ်ဒဏ် ချမှတ်နိုင်ဖို့ စောင့်ကြည့် သွားမှာပါ”ဟု ပြည်နည်းပညာတက္ကသိုလ်ကျောင်းသားသမဂ္ဂဥက္ကဋ္ဌ ကိုဝင်းမြတ်ဟိန်းက ပြောဆိုသည်။

အဆိုပါ ယာဉ်တိုက်မှုနှင့် ပတ်သက်၍ တရားစွဲတင်နိုင်ရေး၊ ထိုက်သင့်သည့် ပြစ်ဒဏ် ကျခံနိုင်ရေး အတွက် လုပ်ဆောင်နေကြောင်း အမှတ်(၃) နယ်မြေ ရဲစခန်းမှ ဒုရဲအုပ်သက်နိုင်က ပြောကြားသည်။

ပြည်နည်းပညာ တက္ကသိုလ်သို့ သွားရာလမ်းမှာ ကျဉ်းမြောင်းပြီး ကျောင်းတက်ကျောင်းဆင်းချိန်များတွင် ကုန်တင်ယာဉ်နှင့် အခြားယာဉ်မောင်းများ အနေနှင့် အရှိန်လျှော့ မောင်းနှင် ပေးစေလိုကြောင်း နည်းပညာ တက္ကသိုလ် ကျောင်းသူကျောင်းသားများက ပြောဆိုသည်။ ■

သတင်းကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၁

# NEWS IN BRIEF

## ပြည်မြို့တွင် ပထမနှစ်ကျောင်းသား ကြိုးဆွဲချ

ပြည်မြို့နယ် ရွာဘဲရပ်ကွက် ကိုးသောင်း ပဒေသာရပ်ကွက်ရှိ နေအိမ်တစ်လုံးတွင် မတ်လ ၁ ရက် နံနက်အစောပိုင်းက ပြည်တက္ကသိုလ် ဓာတုဗေဒ ပထမနှစ်ကျောင်းသားတစ်ဦး ကြိုးဆွဲချ သေဆုံးခဲ့ကြောင်း ပြည်မြို့မ ရဲစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

သေဆုံးသူမှာ အသက် ၁၉ နှစ် အရွယ်ရှိပြီး အိမ်အပေါ်ထပ်တွင် ကြိုးဆွဲချခဲ့ ကြောင်း၊ ၎င်းတွင် ဖခင် ကွယ်လွန်သည်မှာ ၃လခန့်သာရှိပြီး ညဘက်တွင် အင်တာနက် မအိပ်မနေသုံးစွဲတတ်ကြောင်း၊ ယင်းသေဆုံးမှုကို သေမှုသေခင်း အမှတ်စဉ်ရေးဖွင့်ကာ စစ်ဆေးနေကြောင်း ၎င်းက ပြောကြားသည်။ ■

## ၇ နှစ်သမီးကို အဓမ္မကျူးလွန်ရန်ကြံစည်

ကရင်ပြည်နယ်၊ ဘားအံမြို့ အမှတ် (၉) ရတနာဒီပရပ်ကွက်တွင် ဖေဖော်ဝါရီလ ၂၈ ရက်က ၇နှစ်အရွယ် သမီးကို ဘကြီးတော်စပ်သူက အဓမ္မကျူးလွန်ရန် ကြံစည်ကြိုးစားသဖြင့် အမှုဖွင့်ထားကြောင်း မိန်းကလေး၏ မိခင်က ပြောကြားသည်။

မိခင်က ပန်းခူးသွားနေစဉ် မိခင်နှင့် ခဲအိုတော်စပ်သူ အသက် ၅၄ နှစ်အရွယ် ဦးစိုးဝင်းက ကျူးလွန်ရန် ကြံစည်သည်ကို အနီးရှိ ပတ်ဝန်းကျင်က မြင်တွေ့သဖြင့် မိခင်ထံ အသိပေးခြင်း ဖြစ်ကြောင်း၊ ကြံစည်သူကို ရာဇသတ်ကြီး ပုဒ်မ ၃၇၆/၅၁၁ ဖြင့် အမှုဖွင့်ထားကြောင်း ဘားအံမြို့မရဲစခန်းထံမှ သိရသည်။ ■ R - 17

## မုံရွာတွင် ရွေ့လျားစာကြည့်တိုက် ပထမဆုံးစဖွင့်

မုံရွာမြို့၏ ပထမဆုံးရွေ့လျား စာကြည့်တိုက်ယာဉ်ကို ရုံးကြီးရပ်ကွက်တွင် အခြေစိုက်လျက် မြို့တွင်းသို့လှည့်လည်ကာ သုတစာပေ၊ ရသစာပေ၊ ဘာသာရေး စာအုပ်များနှင့် ကလေးဖတ်စာအုပ်များကို အခမဲ့ငှားရမ်းပေးမည်ဖြစ်ကြောင်း အဆိုပါ စာကြည့်တိုက်တည်ထောင်သူများက ပြောကြားသည်။

အဆိုပါ ရွေ့လျားစာကြည့်တိုက်တည်ထောင်သူ မိတ်ဆွေများအဖွဲ့သည် စာဖတ်နည်းသည့် ကျောင်းသားလူငယ်များထံသို့ အရောက်သွား၍ စာဖတ်ဖြစ်စေရန်ကူညီသည့်အနေနှင့် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း တည်ထောင်သူတစ်ဦးဖြစ်သည့် ဦးစိုးညွှန့်အောင်က ပြောကြားသည်။

ယင်းစာကြည့်တိုက်ယာဉ်မှာ စာပေအမျိုးမျိုးအုပ်ရေ ၂၀၀၀ ကျော် တင်ဆောင်ထားသည့်ယာဉ်ဖြင့် ကျောင်းသားလူငယ်များနှင့် ကလေးငယ်များကို စာဖတ်စေရန် ပစ်မှတ်ထားကြောင်း ၎င်းကဆိုသည်။ ■

# ရွှေဆိုင်ပိုင်ရှင် ခရီးသွားနေစဉ် ရွှေအတု အပေါင်ခံထားသည့် ပန်းထိမ်ဆရာကို အမှုဖွင့်

**မိတ္ထီလာ၊ မတ် ၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ဘုတာကြီးအနီး ဈေးအရှေ့ပြင် ရပ်ကွက်ရှိ ရွှေဆိုင်တွင် ဆိုင်ပိုင်ရှင် ခရီးသွားနေစဉ် ဆိုင်လုပ်ငန်းများကို တာဝန်ယူထားရသည့် လူယုံပန်းထိမ်ဆရာက ရွှေအတု ၁၅ ကျပ်သားကျော် အပေါင်ခံထားခဲ့သည့်အတွက် ဖေဖော်ဝါရီလ ၂၈ ရက်နေ့က နယ်မြေခံရဲစခန်းတွင် အမှုဖွင့်တိုင်ကြားခဲ့ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထံမှ စုံစမ်းသိရှိရသည်။

ဖြစ်စဉ်မှာ ဈေးအရှေ့ပြင်ရပ်ကွက်ရှိ ဦးဘိုကြီး ရွှေဆိုင်တွင် ပန်းထိမ်ဆရာ ဦးအောင်ဝင်း (၆၂ နှစ်)သည် လွန်ခဲ့သော ၁၅ နှစ်ကတည်းက အလုပ်လုပ်ခဲ့ပြီး ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁၂ ရက်နေ့ မှ ဩဂုတ်လ ၂ ရက်နေ့အတွင်းဆိုင်ရှင်မှာ ခရီးရှည်သွားခဲ့ကြောင်း၊ ၎င်းခရီးသွားစဉ် ရွှေထည်များ ခင်းကျင်းသိမ်းဆည်းရန်နှင့် လာရောက်ပေါင်နှံသူရှိပါက ဦးအောင်ဝင်းကိုသာ တာဝန်ယူစေခဲ့ကြောင်း၊ ဆိုင်ရှင် ခရီးသွားနေစဉ် ကာလအတွင်း ဦးအောင်ဝင်းက လက်ခံထားခဲ့သည့် အပေါင်ရွှေထည် ၂၄၂ ထုပ်ကို ဆိုင်ရှင်က စစ်ဆေးကြည့်ရှုခဲ့ခြင်းမရှိခဲ့သော်လည်း ဖေဖော်ဝါရီလ ၂၈ ရက်နေ့ နံနက် ၁၁ နာရီခန့်က အဆိုပါ ရွှေထည်များကို စစ်ဆေးရာတွင်အတုများ ဖြစ်နေသည့်အတွက် အမှုဖွင့်တိုင်ကြားခြင်း ဖြစ်ကြောင်း မိတ္ထီလာမြို့မရဲစခန်းထံမှ သိရသည်။

ယင်းအမှုကို နယ်မြေခံမြို့မရဲစခန်းက (ပ)၁၀၅/၂၀၁၇ ရာဇသတ်ကြီးပုဒ်မ (၄၀၈) ဖြင့်အမှုဖွင့်ထားပြီး တိုင်ကြားခံရသူကိုဖမ်းဆီးထိန်းသိမ်းကာ လိုအပ်သော စုံစမ်းစစ်ဆေးမှုများပြုလုပ်နေကြောင်း မိတ္ထီလာမြို့မ ရဲစခန်းထံမှ သိရသည်။

■ R-01

# ပခုက္ကူတွင် ကျေးရွာကျန်းမာရေးဆေးခန်းကို ဖယ်ရှားရန် သတိပေး

**ပခုက္ကူ၊ မတ် ၁**

ပခုက္ကူမြို့နယ် မြင်းဝန်းအုပ်စု မြင်းဝန်းကျေးရွာတွင် သက်ကြီးဘိုးဘွားများကို အခမဲ့ဆေးကုသမှုပေးနေသည့် ဆေးခန်းယာယီအဆောက်အအုံကိုကျေးရွာအုပ်ချုပ်ရေးမှူးနှင့်မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီက ဖယ်ရှားပေးရန်ခေါ်ယူ သတိပေးလက်မှတ်ရေးထိုးခိုင်းခဲ့ကြောင်း ယင်းမြေယာပိုင်ရှင် ဦးကျော်မိုးနိုင်က ပြောကြားသည်။

"ယာယီအဆောက်အအုံကိုဖယ်ရှားမပေးရင် သက်ဆိုင်ရာ တရားရုံးကိုဦးတိုက်လျှောက်ထားပြီး တရားစွဲမယ်လို့လည်း သတိပေးလို့ လက်မှတ် ထိုးခဲ့ရပါတယ်" ဟု ၎င်းကဆိုသည်။

ယခုဖယ်ရှားခိုင်းထားသည့် ယာယီဆေးခန်းကို မဖယ်ရှားရရေးအတွက် ကျေးရွာလူထုနှင့် သက်ကြီးဘိုးဘွားများက စုပေါင်းလက်မှတ်ရေးထိုး၍ သက်ဆိုင်ရာသို့ အသနားခံတင်ပြသွားမည်ဖြစ်ကြောင်း ဒေသခံများထံမှ သိရသည်။

"အဓိကကတော့ ဒီလိုဖြစ်သွားရင် လာရောက်ဆေးကုသပေးနေတဲ့ ဆရာဝန်တွေ စိတ်ပျက်သွားမှာ စိုးရိမ်ပါတယ်။ ပြီးတော့ ဒီအလုပ်ကကျေးရွာကိုအထောက်အကူပြုနေတဲ့ လုပ်ငန်းတစ်ခုပါ။ ဒီလိုဖယ်ရှားခိုင်းတာကိုလည်း မလိုလားပါဘူး" ဟု ဒေသခံတစ်ဦးက ဆိုသည်။

ဆေးခန်း စတင်ဖွင့်လှစ်ချိန် ကလည်း ကျေးရွာအုပ်ချုပ်ရေးမှူးက မြေပိုင်ရှင်ကို တရားစွဲမည်ဟုဆိုကာ ကျေးရွာအတွင်း လော်စပီကာဖြင့် မကြာခဏ အော်ဟစ်ခဲ့ဖူးကြောင်း ဒေသခံများက ပြောဆိုသည်။

"ဒီလိုဆေးခန်းလေးက ကျေးရွာက သက်ကြီးဘိုးဘွားတွေကို အမှန်တကယ် အထောက်အကူပြုနေတော့ မဖယ်ရှားရစေချင်ဘူး" ဟု ဒေသခံအဘိုးတစ်ဦးဖြစ်သူ ဦးစန်းမြင့်က ဆိုသည်။

ပုံစံ ၇ လယ်ယာမြေပေါ်တွင် အခြားနည်းဖြင့်သုံးစွဲရန် လျှောက်ထားခြင်းမရှိ၍ ဥပဒေအရ အဆိုပါ အဆောက်အအုံ ဆောက်လုပ်ထားမှုကို တားမြစ်ခြင်းသာဖြစ်ပြီး ဆေးခန်းကိုဖယ်ရှားခိုင်းခြင်းသဘောမဟုတ်ကြောင်း မြင်းဝန်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးငြိမ်းရှိန်းက ပြောကြားသည်။

"ခုလောလောဆယ် ဆေးခန်းကို ရွာလယ်ဓမ္မာရုံမှာ ရွှေ့ပြောင်းကုသဖို့ပြောဆိုထားတယ်" ဟု ၎င်းကဆိုသည်။

အဆိုပါဆေးခန်းအမည်မှာ မြင်းဝန်းသက်ကြီးဘိုးဘွားကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းဖြစ်ပြီး အသက် ၆၅ နှစ်အထက် ဘိုးဘွား ၉၇ ဦးကို တစ်လလျှင် ကျန်းမာရေးစောင့်ရှောက်မှု နှစ်ကြိမ်ပြုလုပ်ပေးလျက်ရှိပြီး အာဟာရတိုက်ကျွေးမှုများလည်း ရှိကြောင်း ဒေသခံများထံမှ သိရသည်။

■ R-03

# စိတ်ကြွမှူးယစ်ဆေး သယ်ဆောင်သူနှစ်ဦးကို ထောင်ဒဏ် ၂၅ နှစ်စီချ

**မိတ္ထီလာ၊ မတ် ၁**

သာစည်မြို့နယ် ကွဲတပ်ဆုံတိုးဂိတ်တွင် ပြီးခဲ့သည့် ၂၀၁၆ ခုနှစ် စက်တင်ဘာလအတွင်းက စိတ်ကြွမှူးယစ်ဆေးပြားပေါင်း လေးသိန်းရှစ်သောင်းကျော်ဖြင့် ဖမ်းဆီးရမိသည့်အမျိုးသားနှစ်ဦးကို မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်တရားရုံးက ဖေဖော်ဝါရီလ ၂၇ ရက်နေ့က အလုပ်နှင့်ထောင်ဒဏ် ၂၅ နှစ်စီချမှတ်လိုက်ကြောင်း အဆိုပါတရားရုံးမှ စုံစမ်းသိရှိရသည်။

အဆိုပါမြို့နယ်၊ ကွဲတပ်ဆုံတိုးဂိတ်အနီးတွင် ၂၀၁၆ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့က ယာဉ်မောင်းမြင့်ကျော်သူ(ခ) ကျော်သူနှင့် တင်ဝင်းတို့ လိုက်ပါလာသည့် ပရိဘောဂကယာဉ်တစ်စီးပေါ်မှ WY စာတန်းပါ စိတ်ကြွဆေးပြားအရေအတွက် ၄၈၀,၁၆၀ ပြားကို ဖမ်းဆီးရမိခဲ့သည့် ဖြစ်စဉ်ဖြစ်သည်။

ယင်းဆေးပြားသယ်ဆောင်လာသူများက အဆိုပါဆေးများကို နမ့်ဆမ်မြို့တွင်နေထိုင်သည့် အိုက်စိုင်းဆိုသူထံမှ ကျပ် သိန်း ၆၅၀ ဖြင့် ဝယ်ယူခဲ့ပြီး မြဝတီမြို့သို့ သွားရောက်ပို့ဆောင်စဉ် ဖမ်းဆီးရမိခြင်းဖြစ်ကြောင်း မှုခင်းမှတ်တမ်းများအရ သိရသည်။

အဆိုပါအမှုကို သာစည်မြို့မရဲစခန်းက မယ(ပ)၁၁၇ / ၂၀၁၆ မူးယစ်ပုဒ်မ ၁၅/ ၁၉(က)၊ ၂၀(က) ၂၁ ဖြင့် အမှုဖွင့်အရေးယူခဲ့ပြီး မိတ္ထီလာခရိုင် တရားရုံးသို့ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့က ရာဇဝတ်ကြီးအမှု အမှတ် ၅၁ ဖြင့် စတင်ကြားနာစစ်ဆေးပြီး ပြစ်မှုထင်ရှားသဖြင့် မြင့်ကျော်သူ(ခ) ကျော်သူနှင့် တင်ဝင်းတို့ကို အလုပ်နှင့် ထောင်ဒဏ် ၂၅ နှစ်စီ အမိန့် ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း ယင်းတရားရုံးမှ စုံစမ်းသိရှိရသည်။

■ R-01

# တောင်ငူတွင် အိမ်တစ်လုံးမီးလောင်

**တောင်ငူ၊ မတ် ၁**


ဓာတ်ပုံ – ကိုစိုင်း

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ဆိတ်ဖူးတောင်ကျေးရွာအုပ်စု လေးမိုင်ကျေးရွာတွင် ဖေဖော်ဝါရီလ ၂၈ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်က မီးဖိုမီးမှ တစ်ဆင့် မီးလောင်ရာမှ နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း တောင်ငူမြို့နယ် အမှတ်(၃) နယ်မြေ ရဲစခန်းထံမှ သိရသည်။

အဆိုပါ မီးလောင်မှုကို ရပ်ကွက်နေပြည်သူများ၊ မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်သုံးစီး၊ ရေသယ်ယာဉ်များဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ၁၁နာရီကျော်တွင် မီးငြိမ်းခဲ့ကြောင်း၊ မီးလောင်မှုကြောင့် သုံးပင်လေးပင် နှစ်ထပ် အုတ်ညှပ်သွပ်မိုးနေအိမ် မီးလောင်ဆုံးရှုံးခဲ့သဖြင့် အသက် ၃၅ နှစ်အရွယ် ဒေါ်ဒေးမူဖော်ကို ၂၈၅ ဖြင့် အမှုဖွင့်ထားကြောင်း ယင်းရဲစခန်းမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

■ R-15

# စီမံကိန်းမလုပ်သောမြေဧက ၇၁၀၀ကျော်ကို ပြန်ပေးရေး ဒေသခံများ တောင်းဆို

**ဖန်းမော်၊ မတ် ၁**

ကချင်ပြည်နယ်၊ ဗန်းမော်မြို့နယ် စင့်ကင် စံပြကျေးရွာအတွင်းရှိ ကုမ္ပဏီတစ်ခုက ရယူထားသော စိုက်ပျိုးရေးနှင့် မွေးမြူရေး စီမံကိန်း မလုပ်ကိုင်သော မြေဧက ၇၁၀၀ကျော်ကို ပြန်လည်ပေးအပ်ရန် ဒေသခံများက တောင်းဆိုသည်။

ခန့်ငြား အထွေထွေ ကုမ္ပဏီလီမိတက်မှ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ရန် ရယူထားသော မြေဧက ၁၀၆၀၀ အနက် စီမံကိန်း မဖော်ဆောင်သော မြေဧက ၇၁၃၀ ဧကကို ဒေသခံများက စားကျက်မြေ စိုက်ပျိုးမြေအဖြစ် လုပ်ကိုင်လိုသောကြောင့်တောင်းဆို ရခြင်းဖြစ်ကြောင်း ဒေသခံများက ပြောကြားသည်။

အဆိုပါ ကုမ္ပဏီက ၂၀၀၉ခုနှစ်က မြေလွတ်မြေလပ်မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုအဖွဲ့၏ ခွင့်ပြုမိန့်ဖြင့် ဧက ၁၀၆၀၀ ကို နှစ်ရှည်ပင် သစ်မာ၊ ပီလောပီနံ၊ မျောက်ဥတို့ကို စိုက်ပျိုးရေး ခွင့်ပြုလုပ်ငန်း အမျိုးအစားဖြင့် ရရှိထားသည်။

ယင်းကုမ္ပဏီက စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများ လုပ်ကိုင်ရန် ဟုဆိုကာစက်ယန္တရားကြီးများဖြင့် ရှင်းလင်းခဲ့သော နေရာများမှာ စင့်ကင်နှင့် ပန်းအောင်၊ ဟဲလုံသစ် ကျေးရွာတို့အကြား ၄မိုင်ခန့်၊ စင့်ကင်နှင့် တိန်းသော် ကျေးရွာကြား ၉မိုင်ရှိကြောင်း၊ ယင်းနေရာများမှာ ဒေသခံများ ဘိုးစဉ်ဘောင်ဆက် လုပ်ကိုင်သော နေရာများ ဖြစ်သောကြောင့် ပြန်လည် ရရှိရေးဆောင်ရွက်ပေးပါရန် ရွေးကောက်ပွဲ မတိုင်ခင်က တစ်ကြိမ်၊ ၂၀၁၆ခု နှစ်ဇန်နဝါရီလက တစ်ကြိမ် သက်ဆိုင်ရာဌာနများနှင့် ကချင်ပြည်နယ် လွှတ်တော်ထံ တင်ပြခဲ့ကြောင်း ဒေသခံများအရေး ဦးဆောင်သူ ဦးကြိုင်ဝင်းက ပြောကြားသည်။

စင့်ကင်အုပ်စုကျေးရွာတွင် အိမ်ခြေ ၅၃၅လုံး ရှိပြီး လူဦးရေ သုံးထောင်ကျော်ရှိကာ စိုက်ပျိုးရေး လုပ်ငန်းသုံး ကျွဲနွားများအတွက် စားကျက်မြေ လိုအပ်လျက်ရှိပြီး မိရိုးဖလာ လယ်ယာလုပ်ငန်းများ အတွက်လည်း မြေယာလိုအပ်ချက်များရှိကြောင်း၊ ကုမ္ပဏီ လုပ်ကွက်နှင့် ကပ်နေသော သဘာဝ စိမ့်စမ်းရေများမှာ ကုမ္ပဏီ၏ တောရှင်းမှုကြောင့် ပျက်စီးခန်းခြောက်နိုင် သဖြင့် အမြန်ဆုံး တားမြစ်ရန် လိုအပ်နေကြောင်း ဒေသခံများထံမှ သိရသည်။

အဆိုပါ မြေယာနှင့် ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်များ ၊မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန၊ ခရိုင်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနတို့ ဖွဲ့စည်း စစ်ဆေးခဲ့သော ကွင်းဆင်း စစ်ဆေးရေး အဖွဲ့တို့က စီမံကိန်း မဖော်ဆောင်ရသေးသော မြေဧကများကို ကုမ္ပဏီအနေနှင့်ပြန်လည်အပ်နှံရန် သုံးသပ်တင်ပြထားကြောင်း လွှတ်တော် ကိုယ်စားလှယ်များရုံးထံမှ သိရသည်။ ■ R-14

# ရွှေဘို၌ လမ်းဘေးစက်သုံးဆီဆိုင်များ မရောင်းချရန် တားမြစ်

**ရွှေဘို၊ မတ် ၁**

ရွှေဘိုမြို့နယ်တွင် မီးဘေးအန္တရာယ် လျော့နည်းစေရေးအတွက် လမ်းဘေး၌ ရောင်းချနေသည့် စက်သုံးဆီဆိုင်များကို ရောင်းချခြင်းမပြုရန် စစ်ဆေးတားမြစ်ခဲ့ကြောင်း ရွှေဘိုခရိုင်မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးမြင့်က ပြောကြားသည်။

ဖေဖော်ဝါရီလ ၂၈ ရက်နေ့ကစ၍ သီတင်းတစ်ပတ်ကြာစစ်ဆေး၍ လမ်းဘေးစက်သုံးဆီရောင်းချနေသည့်ဈေးဆိုင်များကို တားမြစ်မည်ဖြစ်ကြောင်း ၎င်းက ပြောဆိုသည်။

"တစ်ပတ်လုံးစစ်ဆေးတားမြစ်မယ်။ မရောင်းချဖို့ လက်မှတ်ထိုးခိုင်းတယ်" ဟု ဦးအေးမြင့်က ဆိုသည်။

မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ရွှေဘိုမြို့ပေါ်ရပ်ကွက် အမှတ် ၂ ရပ်ကွက် လမ်းဘေးဆီဆိုင် ၁၈ ဆိုင်ကို ရောင်းချခြင်းမပြုရန် တားမြစ်ခဲ့ကြောင်း အဆိုပါစစ်ဆေးရေးအဖွဲ့တွင်ပါဝင်သည့် ရွှေဘိုမြို့နယ် မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးက ဆိုသည်။

ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း လိုင်စင်ရစက်သုံးဆီဆိုင်များကို စစ်ဆေးအရေးယူခဲ့ပြီး နွေရာသီမီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အပတ်စဉ်ဌာနဆိုင်ရာ၊ ဈေးများ၊ ကျောင်းများနှင့် စားသောက်ဆိုင်များတွင် မီးငြိမ်းသတ်မှုသရုပ်ပြခြင်းနှင့် တစ်အိမ်တက်ဆင်း မီးဘေးအန္တရာယ်ကာကွယ်ရန် မီးသုံးစွဲမှုကို လိုက်လံရှင်းပြခြင်းအပြင် အသံချဲ့စက်များဖြင့် လိုက်လံနှိုးဆော်လျက်ရှိကြောင်း အဆိုပါဌာနထံမှ စုံစမ်းသိရှိရသည်။

■ R-09

ဖြန့်ချိရေးကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၃

## ခြောက်နှစ်အရွယ် မိန်းကလေးကို အဓမ္မပြုကျင့်သူကို ထောင်ဒဏ်အနှစ် ၂၀ ချ

**ရန်ကုန်၊ မတ် ၁**

အသက်ခြောက်နှစ်အရွယ် မိန်းကလေးကို အဓမ္မပြုကျင့်သည့် အမျိုးသားကို မတ်လ ၁ ရက် မွန်းလွဲပိုင်းတွင် အရှေ့ပိုင်းခရိုင်တရားရုံးက ရာဇသတ်ကြီး ပုဒ်မ ၃၇၆ ဖြင့် အလုပ်နှင့် ထောင်ဒဏ် အနှစ် ၂၀ ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

သာကေတမြို့နယ် (၁၀)တောင်ရပ်ကွက်၊ ဇေယျဝတီ(၁)လမ်းနေ အသက် ၂၃ နှစ်ရှိ အောင်လင်းလင်း(ခ) လင်းလင်းသည် ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၁၀ ရက်က မိဘများ မရှိခိုက် အိပ်ခန်းအတွင်း အိပ်ပျော်နေသည့် အသက် ၆ နှစ်ရှိ မိန်းကလေးကို ပွေ့ချီပြီး မဖွယ်မရာပြုလုပ်သည်ဟုဆိုကာ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့မရဲစခန်းတွင် (ပ) (ပ)၁၉၁၁ / ၂၀၁၆၊ ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၇၆ ဖြင့် အမှုဖွင့်တိုင်ကြားရာမှ စစ်ဆေးပြီး အမိန့်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း အရှေ့ပိုင်းရိုင်တရားရုံးထံမှ သိရသည်။

"အခုအမိန့်ချလိုက်တဲ့သူက ကားစပယ်ယာပါ။ သူ့ဆရာရဲ့သမီးကို မဖွယ်မရာလုပ်ခဲ့တာ။ ကလေးမလေးက သူ့တန်ဆာနာနေတယ်ဆိုလို့ပြောလို့ မိဘတွေကို ဖွင့်ပြောရာ သိခဲ့ရတာ။ သူ့ကို ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်က တရားစွဲခဲ့တာပါ" ဟု အရှေ့ပိုင်းခရိုင်တရားရုံးမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှ ဒီဇင်ဘာလ ၃၁ ရက်အထိ မုဒိမ်းမှုပေါင်း ၂၂၉ မှုတွင် အသက်မပြည့်သူ မိန်းကလေးများကို ခိုးယူပေါင်းသင်းမှု၊ မဖွယ်မရာပြုလုပ်မှုနှင့် အဓမ္မပြုကျင့်ရန် ကြံစည်မှုများ ပါဝင်ခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ်တွင် မုဒိမ်းမှုပေါင်း ၁၁၀ ဖြစ်ပေါ်ခဲ့သည့်အတွက် နှိုင်းယှဉ်ပါက နှစ်ဆတိုးပွားလာကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ထံမှ သိရှိရသည်။

အသက် ၁၀ နှစ်အောက်ကလေးငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ ပြစ်မှုကျူးလွန်သူများကို ထိရောက်စွာ အပြစ်ပေး အရေးယူနိုင်ရန်နှင့် သေဒဏ်ချမှတ်နိုင်ရန်လှုပ်ရှား တောင်းဆိုမှုများလည်း ရှိခဲ့သည်။

အသက်မပြည့်သူ မိန်းကလေးများအပေါ် ကျူးလွန်သည့် မုဒိမ်းမှုများနှင့် ပတ်သက်၍ ထိရောက်ပြစ်ဒဏ်ချ မှတ်နိုင်ရန် ခရိုင်တရားရုံးများ၌ စစ်ဆေးစီရင်ဆုံးဖြတ်ရမည်ဟု ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးစိုးညွန့်က ညွှန်ကြားခဲ့သည်။ ■ J 16

## ငွေဆောင်ကမ်းခြေဒေသတွင် တစ်သောင်းကျပ်တန် ငွေစက္ကူအတုများသိမ်းဆည်း

**ပုသိမ်၊ မတ် ၁**

ပုသိမ်မြို့နယ် ငွေဆောင်ကမ်းခြေဒေသ၊ ဆင်မကျေးရွာအုပ်စု၌ ဖေဖော်ဝါရီလ ၂၈ ရက်တွင် ဒေသခံ ၇ ဦးက ကျပ်တစ်သောင်းတန် ငွေစက္ကူအတု ၁၄ရွက်ကို တာဝန်ရှိသူများထံ လာရောက် အပ်နှံကြောင်း ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။

အဆိုပါ လာရောက်အပ်နှံသူများမှာ ဆင်မကျေးရွာအုပ်စုရှိ အေးချမ်းဖြိုးရပ်ကွက်၊ မရပ်ကုန်းကျေးရွာ၊ ဆင်ကျေးရွာတွင်နေထိုင်ပြီး စျေးရောင်းစျေးဝယ်မှ ရရှိခဲ့သော တစ်သောင်းတန် ငွေစက္ကူများဖြစ်ကြောင်းကို ရဲအရာရှိများထံတွင် ထွက်ဆိုခဲ့သည်။

ယင်း လာရောက်အပ်နှံသူများထဲမှ ငါးရောင်းသူ အမျိုးသမီးက ဆင်မကျေးရွာရှိ ဦးသန်းဇော်၏ ကုန်စုံဆိုင်တွင် ငါးရောင်းချစဉ်က ရရှိထားသော တစ်သောင်းတန် တစ်ရွက်လည်း ပါဝင်ကြောင်း၊ ဆက်လက်စစ်ဆေးရာမှ ကုန်စုံဆိုင်ပိုင်ရှင် ဦးသန်းဇော်က လွန်ခဲ့သောတစ်လခန့်က အုန်းတစ်ပင်ရွာတွင်နေထိုင်သော အမျိုးသားကို တစ်သောင်းတန် ငွေစက္ကူ ကျပ်သုံးသိန်းပေးကာ ပုသိမ်မြို့တွင် ကုန်သွားဝယ်ခိုင်းကြောင်း၊ ပုသိမ်မြို့ကုန်စုံဆိုင်တစ်ဆိုင်က ငွေစက္ကူ အတုများ ဖြစ်နေကြောင်း ပြောသဖြင့် ဆိုင်ရှင်ဦးသန်းဇော်ကို ပြန်လည်အပ်နှံသော်လည်း ၎င်းက ကျေးရွာတွင် လှည့်လည်သုံးစွဲခဲ့ကြောင်း ယင်းရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။

ငွေစက္ကူ အတုများကို သုံးစွဲသော အသက် ၄၂နှစ်အရွယ် ဦးသန်းဇော်ကို ၂၀၀၃ ခုနှစ် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥပဒေ ပုဒ်မ ၁၀၅/၁၀၆ ဖြင့် အမှုဖွင့် အရေးယူထားကြောင်း ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရှိရသည်။ ■ R-12

### မျက်နှာဖုံး - လိပ်ကျွန်းအမှု မြန်မာနှစ်ဦး၏ ရှေ့နေကို အသိမပေးဘဲ မှ အဆက်

နောက်ဆုံးအဆင့်အဖြစ် တရားလွှတ်တော်ချုပ်သို့ အယူခံဝင်ခွင့်ရှိသေးသည်။

ယင်းသို့ အယူခံတရားရုံးက အမိန့်ချမှတ်ရာတွင် မြန်မာနှစ်ဦးအတွက် ဆောင်ရွက်ပေးနေသည့် ထိုင်းရှေ့နေများကောင်စီမှ ရှေ့နေများကို အသိမပေးဘဲ ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း ထိုင်းနိုင်ငံအခြေစိုက် ရွှေ့ပြောင်းအလုပ်သမား အခွင့်အရေးကွန်ရက်မှ ဥက္ကဋ္ဌလည်း ဖြစ်သူ ဦးစိန်ဌေးက ပြောဆိုသည်။

အယူခံတရားရုံး တရားသူကြီးများက တရားလိုဖြစ်သည့် ခရိုင်ဥပဒေအရာရှိကို ကော့စမွေတရားရုံးသို့ ခေါ်ယူပြီး အယူခံတရားရုံး၏ စီရင်ချက်ကို ဖတ်ကြားခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

"အယူခံတရားရုံးဟာ စာရွက်စာတမ်းတွေ အကုန်မဖတ်ဘဲ အချိန်တိုအတွင်းမှာ စီရင်ချက်မြန်မြန်ချလိုက်တယ်။ ပြီးတော့ စီရင်ချက်ချတဲ့အခါမှာလည်း တရားခံရဲ့ ရှေ့နေတွေကို လုံးဝအသိမပေးဘဲ လုပ်သွားတယ်။ ထိုင်းသတင်းမှာ ပါလာမှ ရှေ့နေတွေကသိရတာပါ" ဟု ဦးစိန်ဌေး က ပြောဆိုသည်။

အဆိုပါ အမှုအတွက် ထိုင်းနိုင်ငံ၏ အမြင့်ဆုံးတရားရုံးဖြစ်သည့် တရားလွှတ်တော်ချုပ်သို့ အယူခံဝင်ရန် မြန်မာနှစ်ဦး၏ ရှေ့နေများက လုပ်ဆောင်နေကြောင်း ၎င်းက ပြောဆိုသည်။

"တကယ်တော့ မြန်မာနိုင်ငံနဲ့ ထိုင်းနိုင်ငံသာမက ကမ္ဘာကပါစိတ်ဝင်စားနေတဲ့ ဒီအမှုကို ပြီးစလွယ် လုပ်တာလို့ပဲ ဆိုချင်တယ်။ မြန်မာအစိုးရနဲ့ ပြည်သူကို လုံးဝထည့်မတွက်ဘဲ လုပ်ချလိုက်သလိုပဲ ခံစားရတယ်" ဟု အယူခံ တရားရုံးက စီရင်ချက် ချမှတ်မှုအပေါ် ဦးစိန်ဌေးက မှတ်ချက်ပေးသည်။

သတင်းမထွက်စေလိုသည့် ရည်ရွယ်ချက်ဖြင့် အယူခံတရားရုံးက ပွင့်လင်းမြင်သာမှု မရှိဘဲ စီရင်ချက်ချခြင်း ဖြစ်နိုင်ကြောင်း ၎င်းက ပြောဆိုသည်။

"အခုလိုလုပ်တာက လူတွေဒေါသထွက်မှာစိုးလို့ သတင်းမထွက်အောင် လုပ်တယ်လို့တော့ထင်တယ်" ဟု ၎င်းက သုံးသပ်သည်။

ထိုင်းနိုင်ငံ ဆူရတ်ဌာနီခရိုင် လိပ်ကျွန်းတွင် ၂၀၁၄ခုနှစ် စက်တင်ဘာလ ၁၅ရက်နေ့က ဗြိတိန်နိုင်ငံသား David Millen ဗြိတိန်နိုင်ငံသူ Hannah Witheridge တို့နှစ်ဦး အသတ်ခံရမှုနှင့် ပတ်သက်၍ ထိုင်းအစိုးရက မြန်မာနှစ်ဦးကို ဖမ်းဆီးတရားစွဲဆိုခဲ့သည်။

ယင်းသို့ သေဒဏ်မချမီ သမ္မတ ဦးသိန်းစိန်၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့က ယင်းအမှုကို တရားမျှတစွာ ဆောင်ရွက်ပေးရန် ထိုင်းဝန်ကြီးချုပ်နှင့် တွေ့ဆုံစဉ် တောင်းဆိုခဲ့သည်။

ယင်းအမှုတရားရင်ဆိုင် နေချိန်တွင် မြန်မာနှစ်ဦး၏ မိဘများမှာ ထိုင်းနိုင်ငံသို့ ငါးကြိမ်ခန့်သွားရောက်ခဲ့ကြသည်။

ဖမ်းဆီးပြီး တစ်နှစ်ကျော်အကြာ ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် ကော့စမွေ ခရိုင် အောက်ခြေအဆင့်တရားရုံးက မြန်မာနှစ်ဦးကို သေဒဏ်ချမှတ်ခဲ့သည်။ ယင်းနောက် စာမျက်နှာပေါင်း နှစ်ရာကျော်ရှိသည့် အဆိုပါအယူခံလွှာကို အယူခံတရားရုံးသို့ ၂၀၁၆ မေလ ၂၃ ရက်နေ့တွင် ပေးပို့အယူခံဝင်ခဲ့သည်။

အောက်ခြေအဆင့် တရားရုံးက အမိန့်ချရာတွင် တရားသူကြီးက တရားလိုထိုင်းရဲတပ်ဖွဲ့က တင်ပြသည့် သက်သေများအပေါ်သုံးသပ်ချက်များနှင့် မျိုးရိုးဗီဇ (DNA)စစ်ဆေးချက်များအပေါ်အဓိကထားပြီး သုံးသပ်ကာ ချမှတ်ခြင်းဖြစ်ကြောင်း မြန်မာနှစ်ဦးဘက်က လိုက်ပါ ဆောင်ရွက်သူများထံမှ သိရသည်။

သို့သော်လည်း DNA စစ်ဆေးရာတွင် လုပ်ထုံးလုပ်နည်းများအတိုင်း မှန်ကန်အောင် မလုပ်ဆောင်ခဲ့ကြောင်း၊ အခင်း ဖြစ်နေရာကို စစ်ဆေးစဉ်ကလည်း မှုခင်းဆရာဝန်၊ လွတ်လပ်သည့်သက်သေတို့ ပါဝင်ခြင်းမရှိဘဲ ရဲတပ်ဖွဲ့ တစ်ခုတည်းကသာ စစ်ဆေးခဲ့ခြင်းမှာ လုပ်ထုံးလုပ်နည်းနှင့် မညီကြောင်း ထိုင်းနိုင်ငံ တရားမျှတရေး ဝန်ကြီးဌာန၊ မှုခင်းဆေးသိပ္ပံဌာနမှအကြီးအကဲ ဒေါက်တာ ဖွန်ထစ်က တရားရုံးတွင် ထွက်ဆိုခဲ့သည်။

မြန်မာနှစ်ဦးကို သေဒဏ် အမိန့်ချမှတ်မှုကြောင့် နိုင်ငံရေးပါတီများ၊ အရပ်ဘက်အဖွဲ့အစည်းများက ကန့်ကွက်ကြောင်းနှင့် တရားမျှတမှု ရှိအောင်လုပ်ဆောင်ပေးရန် ကြေညာချက် အသီးသီး ထုတ်ပြန်ခဲ့ကြသည်။ မြန်မာနှစ်ဦးလွတ်မြောက်ရေး၊ တရားမျှတမှု ရှိရေးတို့အတွက် ရန်ကုန်မြို့တော်ရှိ ထိုင်းသံရုံးနှင့် တနင်္သာရီ၊ ပဲခူး၊ မန္တလေးတိုင်းဒေသကြီးများနှင့် မွန်၊ ရခိုင်ပြည်နယ်တို့ရှိ မြို့နယ်များက ဆန္ဒပြတောင်းဆိုခဲ့ကြသည်။ ■

## အိမ်အကူကို ညှဉ်းပန်းနှိပ်စက်၍ အိမ်ရှင်အမျိုးသမီးကို အမှုဖွင့်ဖမ်းဆီး

**ရန်ကုန်၊ မတ် ၁**

သဃ်န်းကျွန်းမြို့နယ်၊ ဆ/က ရပ်ကွက်၊ ရတနာမဥ္ဇူလမ်းရှိ တိုက်ခန်းတစ်ခုတွင် အိမ်အကူ မိန်းကလေးအား ပလာယာဖြင့်ဆွဲညှပ်ခြင်း၊ မီးပူဖြင့်ကပ်ခြင်းများပြုလုပ်သည်ဟုဆို သော အသက် ၂၈ နှစ်အရွယ် အိမ်ရှင်အမျိုးသမီးကို အမှုဖွင့်ဖမ်းဆီးထားကြောင်း သဃ်န်းကျွန်းမြို့မရဲစခန်းထံမှ သိရသည်။

ကရင်ပြည်နယ်၊ ဘားအံမြို့ မြို့ပေါ်ရပ်ကွက်တွင် နေထိုင်သူ အသက် ၂၀ အရွယ် အိမ်အကူ မချိုမာသည် ဖေဖော်ဝါရီလ ၂၇ ရက် ညပိုင်းက အိမ်ရှင်၏ ရိုက်နှက်ညှဉ်းပန်းခံရမှုကြောင့် နေအိမ်မှ အပြင်ထွက်ပြေးကာ လမ်းထိပ် စားသောက်ဆိုင်တစ်ခုရှိ အမျိုးသမီးကို အကူအညီတောင်းရာမှ အမှုဖွင့်ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်း အမှုဖွင့် တိုင်ကြားချက်အရ သဃ်န်းကျွန်းမြို့နယ်ရဲစခန်းထံမှ သိရှိသည်။

"သူ့ကိုဘာမှမလုပ်ဘဲနဲ့ သူကရိုက်တာ၊ ပလာယာနဲ့ဆွဲညှပ်တယ်၊ ပြီးတော့ ရိုက်တယ်၊ သူ့အခန်းထဲမှာ ပိတ်ရိုက်တာ၊ အော်လဲဘယ်သူမှ မကြားဘူး၊ ရိုက်တဲ့အကြောင်း တခြားသူတွေ ပြောရင် အသေရိုက်သတ်မယ်လို့ ခြိမ်းခြောက်တယ်၊ အဲဒါကြောင့် ဘယ်သူမှ မပြောရဲဘူး၊ တခြားသူတွေမပါဘူး၊ သူတစ်ယောက်တည်းပဲ လုပ်တာ" ဟု နှိပ်စက် ညှဉ်းပန်းခံရသည့် မချိုမာက ပြောကြားသည်။

နှိပ်စက်ညှဉ်းပန်းခံရသူ မချိုမာမှာ ငယ်စဉ်ကတည်းက အဒေါ်ပို့ဆောင်မှုကြောင့် ရောက်ရှိနေသူဖြစ်ကြောင်း၊ ၎င်းမှာ ကျောင်းပညာ သင်ကြားပေးမည့်သူမရှိဘဲ အိမ်အကူလုပ်ငန်းများကို လုပ်ကိုင်ခဲ့ရကြောင်း၊ ယင်းနေအိမ်တွင် အဝတ်လျှော်ခြင်း၊ မီးပူတိုက်ခြင်း၊ ကြမ်းတိုက်ခြင်း အလုပ်များကို လုပ်ကိုင်ခဲ့ရကြောင်း ၎င်းက ဆက်လက်ရှင်းပြသည်။

"အဒေါ်တို့လည်း သူ့ကို တွေ့တော့ တွေ့တယ်၊ ဒါပေမဲ့ သတိမထားမိဘူး၊ အဲဒီနေ့ကမှ သူက ဆိုင်ကို ရောက်လာတာ၊ အဒေါ် အိမ်ရှင်က မီးပူနဲ့ကပ်တယ် လို့ ပြောတာနဲ့ ကြည့်လိုက်တာ၊ ခန္ဓာကိုယ်မှာ ညိုမည်းနေတဲ့ ဒဏ်ရာတွေ အများကြီးပဲ။ အဲဒါနဲ့ သက်ဆိုင်ရာ တာဝန်ရှိသူတွေကို ဆက်သွယ် အမှုဖွင့်ခဲ့တာ" ဟု တရားလိုအဖြစ် အမှုဖွင့်တိုင်ကြားသူ ဒေါ်သန်းတင်က ရှင်းပြသည်။

အိမ်ရှင်အမျိုးသမီး၏ နှိပ်စက်ညှဉ်းပန်းခံရသူ မချိုမာမှာ ညာလက်မောင်း၊ ညာလက်ဖျံတို့တွင် မီးပူကပ်၍ ဖူးရောင်ညိုမည်းဒဏ်ရာ၊ ညာတံတောင်ဆစ်တွင် တုတ်ဖြင့်ရိုက်သဖြင့် ဖူးရောင်ညိုမည်းဒဏ်ရာ၊ ပလာယာဖြင့်ဆွဲညှပ်သဖြင့် အောက်နှုတ်ခမ်းတွင် ပေါက်ပြဲဒဏ်ရာများအပြင် ခန္ဓာကိုယ်အနှံ့ ညိုမည်းဖူးရောင်ဒဏ်ရာများ ရရှိခဲ့သဖြင့် ပြစ်မှုကျူးလွန်သည်ဟုဆိုသော အိမ်ရှင်အမျိုးသမီးကို သဃ်န်းကျွန်းမြို့မရဲစခန်းမှ (ပ)၁၅၄/၁၇၊ ရာဇသတ်ကြီး ပုဒ်မ ၃၂၆ ဖြင့် အမှုဖွင့်ဖမ်းဆီး စစ်ဆေးနေကြောင်း ယင်းမြို့မရဲစခန်းထံမှ သိရသည်။ J-16

## လှိုင်သာယာတွင် တရားခံပြေးနှစ်ဦးကို ဖမ်းမိ

**ရန်ကုန်၊ မတ် ၁**

ဆိုင်ကယ်လုယက်မှုဖြင့် ထွက်ပြေးတိမ်းရှောင်နေသော တရားခံပြေး အမျိုးသားတစ်ဦးနှင့် လောင်းကစားမှုဖြင့် အမှုရင်ဆိုင်နေရစဉ် ထွက်ပြေးတိမ်းရှောင်ခဲ့သော တရားခံပြေး အမျိုးသားတစ်ဦးတို့ကို ဖေဖော်ဝါရီလ ၂၇ ရက် ညနေပိုင်းက လှိုင်သာယာမြို့နယ်တွင် ဖမ်းမိခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးထံမှ သိရှိရသည်။

၂၀၁၆ ခုနှစ်၊ ဧပြီလက လှိုင်သာယာမြို့နယ် ၁၅ ရပ်ကွက်ရှိ ရပ်ကွက်စျေးအနီး အသက် ၂၄ နှစ်ရှိ ဘိုခွေး(ခ) ကျော်မင်းကကယ်ရီမောင်းနှင်သူ အမျိုးသားတစ်ဦးထံမှ ဆိုင်ကယ်လုယူထွက်ပြေးခဲ့သောကြောင့် ၎င်းကိုတရားခံပြေးအဖြစ် ကြေညာခဲ့ပြီး ဖေဖော်ဝါရီလ ၂၇ ရက်က လှိုင်သာယာမြို့နယ်သို့ ပြန်လည်ရောက်ရှိလာစဉ် ရဲတပ်ဖွဲ့က ပိတ်ဆို့ ဖမ်းဆီးခဲ့သည်။

အလားတူ ၂၀၁၆ ခုနှစ် မေလက သောင်ကြီးနယ်မြေရဲစခန်းက လောင်းကစားမှုဖြင့် ဖမ်းဆီးခဲ့ပြီး မြို့နယ်တရားရုံးတွင် လောင်းကစားဥပဒေပုဒ်မ ၁၂(က) ဖြင့် အမှုဖွင့် တရားစွဲဆိုခဲ့သော အသက် ၃၉ နှစ်ရှိ မောင်ဇော်မှာ တရားရုံးအာမခံဖြင့် အမှုရင်ဆိုင်နေစဉ် ထွက်ပြေးတိမ်းရှောင်ခဲ့သောကြောင့် ၎င်းကို တရားခံပြေးအဖြစ် ကြေညာခဲ့ပြီး ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် လှိုင်သာယာမြို့နယ်ရှိ ၎င်း၏ နေအိမ်သို့ ပြန်လည်ရောက်ရှိလာစဉ် ရဲတပ်ဖွဲ့က ပိတ်ဆို့ ဖမ်းဆီးခဲ့သည်။

မှုခင်းများ ဆက်တိုက်ဖြစ်ပွားနေသည့် လှိုင်သာယာမြို့နယ်တွင် လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက်ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ မှုခင်းကြိုတင် ကာကွယ်ရေး၊ နယ်မြေအတွင်း ခိုးမှု၊ လုယက်မှုကျူးလွန်သူများ ဖမ်းဆီးရမိရေး၊ ဒုစရိုက်သမားများ ခိုအောင်းမှုမရှိစေရေးနှင့် အုပ်စုဖွဲ့အနိုင်ကျင့် ဗိုလ်ကျသူများကို ဖမ်းဆီးရှင်းလင်းရေးလုပ်ငန်းစဉ်များကို အရှိန်မြှင့်တင်ဆောင်ရွက်နေကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။ ■

## လှည်းကူးတွင် အရက်မူးပြီးပြန်လာသည့် ခင်ပွန်းကို ဓားမနှင့်ခုတ်သတ်

**ရန်ကုန်၊ မတ် ၁**

လှည်းကူးမြို့နယ် အနန်းဘိုကုန်းရွာတွင် ဖေဖော်ဝါရီလ ၂၈ ရက် ညပိုင်းက အရက်မူးပြီးပြန်လာသည့်ခင်ပွန်းကိုအသက် ၃၈ နှစ်ရှိ ဇနီးက ဓားမနှင့်ခုတ်သတ်ခဲ့ကြောင်း လှည်းမြို့နယ်ရဲတပ်ဖွဲ့ထံမှ သိရ သည်။

အဆိုပါ ဓားမဖြင့် ခုတ်သတ်ခဲ့သည့် မပု(ခ)မစိုးစိုးဝင်းမှာ ရွှေပြည်အေးရပ်ကွက်ရှိ ရပ်တော်မူဘုရားကြီးအနီးတွင် သစ်သီးရောင်းသူတစ်ဦးဖြစ်ပြီး ယင်းနေ့က ခြင်ထောင်ထောင်နေစဉ် အရက်မူးပြန်လာသည့်ခင်ပွန်းမှ နောက်မှသိုင်းဖက်ပြီး လည်ပင်းညှစ်သဖြင့် အနီးရှိ ဓားမဖြင့်ခုတ်ရာ လည်ပင်းပြတ်ရှဒဏ်ရာတစ်ချက်ဖြင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း လှည်းကူးမြို့နယ်ရဲတပ်ဖွဲ့မှ ကနဦးစစ်ဆေး ချက်များအရ သိရသည်။

"သေသွားတဲ့သူက တောဝါးခုတ်ရောင်းတယ်။ ဝါးရောင်းရတဲ့ငွေကိုလည်း သူ့မိန်းမကို မပေးဘူး။ အရက်မူးလာရင်လည်း သွေးဆိုးတယ်။ တစ်ခါတစ်ရံ သူ့ကိုကြောက်လို့ မိန်းမနဲ့ ကလေးက တခြားအိမ်မှာ သွားအိပ်နေရတယ်လို့ ကနဦးစစ်ဆေးချက်အရ သိရပါတယ်။ အခုလည်း သူကိုယ်တိုင် လာရောက်အဖမ်းခံခဲ့တာပါ" ဟု လှည်းကူးမြို့နယ် ရဲတပ်ဖွဲ့မှတာဝန်ရှိသူတစ်ဦးက ဆိုသည်။

ခင်ပွန်းအား ဓားမဖြင့်ခုတ်သတ်လိုက်သည့်အမျိုးသမီးတွင် အသက် ၉ နှစ်အရွယ်သား တစ်ဦးကျန်ရှိပြီး အသက် ၄၄ နှစ်ရှိ ခင်ပွန်းဦးအောင်ဝင်းကို ဓားမဖြင့် ခုတ်သတ်မှုဖြင့် လှည်းကူးမြို့မရဲစခန်းက (ပ) ၂၈၄/၁၇၊ ရာဇသတ်ကြီး ပုဒ်မ ၃၀၂ ဖြင့်အမှုဖွင့် ထားသည်။ ■J 16

ယမန်နေ့မှ အဆက်

# ဟာရာကာ အယ်လ်ယာကင် သို့မဟုတ် မြန်မာနိုင်ငံ အနောက်ပိုင်းက ပုန်ကန်မှုအသစ်

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်မှာမူ စုံစမ်းရေးကော်မတီကဲ့သို့မဟုတ်ဘဲ နိုင်ငံတကာ ကိုယ်စားပြုခွင့်ရှိသည်။ ၂၀၁၆ ဩဂုတ်လတွင် ဒေါ်အောင်ဆန်းစုကြည် ဖွဲ့စည်းပေးခဲ့သော ကော်မရှင်တွင် ပြည်တွင်းမှ ကိုယ်စားလှယ်ခြောက်ဦးနှင့် ကုလအတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန် အပါအဝင် နိုင်ငံတကာ ပညာရှင် သုံးဦးတို့ ပါဝင်ဖွဲ့စည်းထားသည်။ သို့သော် ကော်မရှင်၏ အခွင့်အာဏာမှာမူ အကန့်အသတ်ရှိပြီး လုံခြုံရေးတပ်ဖွဲ့များ၏ ဥပဒေချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးခွင့် မရှိပေ။ ကော်မရှင်သည် စုံစမ်းစစ်ဆေးမှုပြုလုပ်ခြင်းထက် ဖွံ့ဖြိုးတိုးတက်ရေး၊ လူသားချင်းစာနာသည့် အကူအညီပေးရေး၊ ပြန်လည်သင့်မြတ်ရေး၊ ပဋိပက္ခတားဆီးရေး၊ အင်စတီကျူးရှင်းများ အားကောင်းခိုင်မာရေးတို့အတွက် အစီအစဉ်များကို အဆိုပြုတင်ပြရန်သာဖြစ်သည်။ ကော်မရှင်၏ တွေ့ရှိချက်များနှင့် အကြံပြုချက်များသည် လုံခြုံရေးဆိုင်ရာ အင်အားသုံး လက်တုံ့ပြန်မှုအပေါ် အနည်းငယ်သာ သက်ရောက်မှုရှိနိုင်သည်။ အကြံပေးကော်မရှင်၏ အစီရင်ခံစာသည် ၂၀၁၇ ဒုတိယနှစ်ဝက်ကာလကျမှ တင်သွင်းရမည်ဖြစ်ပြီး ကော်မရှင်၏ အကြံပြုချက်များကို လက်ခံချမှတ်ပြီး အကောင်အထည်ဖော်သည့်တိုင်အောင် လက်ရှိလူသားချင်းစာနာမှုဆိုင်ရာ ပြဿနာများကိုသာ ဖယ်ရှားပေးနိုင်ပေလိမ့်မည်။

## နိုင်ငံအဆင့် အကြမ်းဖက်မှု အရိပ်မည်း

လူသားချင်းစာနာမှုဆိုင်ရာ ပြဿနာအပြင် ရခိုင်ပြည်နယ်၏ အခြေအနေသည် အနည်းဆုံး နောက်ထပ် အကြောင်းရင်းနှစ်ခုကြောင့် စိုးရိမ်စရာကောင်းနေသည်။

ပထမအချက်အနေနှင့် မကြာသေးမီက ဖြစ်ပျက်မှုများသည် နှစ်ဖက်စလုံးတွင် သဘောထားများ တင်းမာလာခြင်းကို ထင်ဟပ်နေပြီး ဆက်လက်၍ ရယ်ဒီကယ်အပြတ်ရှင်းခြင်းနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေနိုင်သော အလားအလာရှိနေခြင်းဖြစ်သည်။ အစွန်းရောက် ရိုဟင်ဂျာအုပ်စုများသည် ၁၉၇၀ ခုနှစ်များမှ ၁၉၉၀ ခုနှစ်များအထိ ယခင်ကတည်းက ရှိခဲ့ကြသော်လည်း နယ်မြေခံ ထောက်ခံမှုကို အနည်းငယ်မျှသာ ရရှိခဲ့ကြသည်။ ယခုတစ်ကြိမ်တွင်လည်း ဟာရာကာ အယ်လ်ယာကင် လှုပ်ရှားမှုသည် ဒေသခံတို့၏ ပူးပေါင်းပါဝင်မှုမပါဘဲ တိုက်ခိုက်မှုများကို လုပ်ဆောင်ရန်မဖြစ်နိုင်ဟု International Crisis Group က မှတ်ချက်ပေးထားသည်။ (ဒေသခံတို့၏ ပူးပေါင်းပါဝင်မှုသည် အပြစ်ပေးခံရမည်ကို ကြောက်ရွံ့သောကြောင့်လည်း ဖြစ်နိုင်သည်။ အကြောင်းမှာ ၎င်းအုပ်စုသည် သတင်းပေးနှစ်ဦးကို ၂၀၁၆ စက်တင်ဘာလအတွင်းက သတ်ဖြတ်ခဲ့သောကြောင့်ဖြစ်သည်)။

မည်သို့ပင်ဖြစ်စေ သေချာသောအချက်မှာ လုံခြုံရေးတပ်ဖွဲ့များ၏အင်အား အလွန်အကျွံ အသုံးပြုမှုသည် ဖိနှိပ်မှုကို တွန်းလှန်ရန်အတွက် အကြမ်းဖက်ခြင်းကိုသာ တစ်ခုတည်းသော နည်းလမ်းအဖြစ် လက်ခံလိုသော ဘင်္ဂါလီအရေအတွက် တိုးပွားလာစေခြင်းဖြစ်သည်။ ထို့အပြင် ဘာသာရေးအုပ်စုအဖြစ် ခဲ့ထွင်မည့် ဟာရာကာအယ်လ်ယာကင် လှုပ်ရှားမှု၏ ရည်မှန်းချက်သည် နိုင်ငံဖြတ်ကျော် ပဋိပက္ခတစ်ခု ဖြစ်နိုင်ခြေကို မြင့်တက်လာစေသော ခြိမ်းခြောက်မှုတစ်ခု ဖြစ်နေသည်။ ယင်းသို့တိုက်ခိုက်မှုများကို ဘာသာရေးအရ ဘောင်ဝင်အောင် မေတ္တာရပ်ခံခြင်း အပါအဝင် နိုင်ငံတကာ ဂျိဟတ်အုပ်စုများနှင့် ချိတ်ဆက်မှုများ (လောလောဆယ် အကန့်အသတ် ရှိသေးသော်လည်း) သည် အထက်ပါအတိုင်း ခဲ့ထွင်ရန်အတွက် အခြေခံလုပ်ငန်းကို ချမှတ်ပြီးသား ဖြစ်သွားစေသည်။ ထို့အပြင် OHCHR ၏ အဆိုအရ လုံခြုံရေးတပ်ဖွဲ့များသည် ဗလီများကို သိမ်းပိုက်ကာ ကိုရမ်ကျမ်းစာများကို ဖျက်ဆီးမီးရှို့ခြင်း၊ ဗလီအတွင်း၌ အမျိုးသမီးများနှင့် မိန်းကလေးများကို လိင်အကြမ်းဖက်မှုကျူးလွန်ခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။ ယင်းကဲ့သို့ ရန်စသောလုပ်ရပ်များသည် ဘာသာရေး မုန်းတီးစိတ်ကို တောက်လောင်အောင် တမင်နှိုးဆွသကဲ့သို့ ဖြစ်နေသည်။

ဒုတိယအချက်အနေနှင့် ဗုဒ္ဓဘာသာဝင်များနှင့်မွတ်ဆလင်များအကြား ယိုယွင်းပြီးသား ဆက်ဆံရေးကို ထပ်မံထိခိုက်စေမည့် ပဋိပက္ခခြိမ်းခြောက်မှုများ ကြီးထွားလာခြင်းဖြစ်သည်။ သာဓကမှာ ရခိုင်ပြည်နယ်တွင် ဘင်္ဂါလီတို့ လက်တုံ့ပြန်မည်ကို ကြောက်ရွံ့သောကြောင့် ဗုဒ္ဓဘာသာဝင် ၃၀၀၀ ခန့် ထွက်ပြေးတိမ်းရှောင်သွားသည်ဟု ကြားသိရခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် မွတ်ဆလင်များနှင့် ဘင်္ဂါလီများသည် ထကြွလွန်း၊ ကြွယ်ဝလွန်း၊ ကွဲပြားလွန်းသည့်အပြင် နိုင်ငံကိုခြိမ်းခြောက်နေသော လူမျိုးခြားများဖြစ်သည်ဟု ဝိုင်းဝန်းသတ်မှတ်ထားကြသည်။ ဆိုလိုသည်မှာ မွတ်ဆလင်များကို မြန်မာများထက် လူဦးရေပိုပွားသည်၊ မြန်မာအမျိုးသမီးများကို ဆွဲဆောင်သိမ်းသွင်း၍ ဘာသာကူးပြောင်းစေခြင်းဖြင့် ရရှိသောထောက်ပံ့ကြေးကြောင့် ကြီးပွားချမ်းသာသည်၊ ခလေ့စရိုက် ကွဲပြားလွန်းသည်ဟု သတ်မှတ်ယူဆကာ ကဲ့ရဲ့ရှုတ်ချလေ့ရှိခြင်းဖြစ်သည်။ ၂၀၁၆ အောက်တိုဘာလနှင့် နိုဝင်ဘာလ စစ်သွေးကြွတိုက်ခိုက်မှုများသည် မွတ်ဆလင်ဆန့်ကျင်ရေး မုန်းတီးစိတ်ကို ပွားများစေခဲ့သည်။

စစ်သွေးကြွအုပ်စု၏ လုပ်ရပ်များအတွက် အစိုးရက ဘင်္ဂါလီအသိုင်းအဝိုင်းကို အရေးယူဆောင်ရွက်ခြင်းသည် လူမှုဆိုင်ရာဆက်ဆံရေးကို ထပ်မံထိခိုက်စေသည်။ နေပြည်တော်အစိုးရအနေနှင့်ဘင်္ဂါလီတို့အပေါ် အကြမ်းဖက်မှုကို ပြစ်တင်ရှုတ်ချခြင်း၊ မွတ်ဆလင်တို့၏ ကောင်းကွက်များ၊ တန်ဖိုးများကို ဖော်ထုတ်ပေးခြင်း စသည်တို့အားဖြင့် မွတ်ဆလင်တို့အပေါ် အမြင်စောင်းမှုများကို တည့်မတ်ပေးရေးတွင် ရှေ့တန်းမှ ဦးဆောင်သင့်သည်။ သို့သော် ထိုအစား အစိုးရသည် ရန်ငြိုးရန်စကို ဘောင်ဝင်အောင်ပြုလုပ်ပေးနေသည်။ အစိုးရသည် ရခိုင်ပြည်နယ်တွင် အင်အားသုံး လက်တုံ့ပြန်မှုနှင့် လူသားချင်းစာနာမှု အခြေအနေ ဆိုးဝါးမှုများကို ခွင့်ပြုထားသည့်အပြင် ဘက်လိုက်ခွဲခြားသော အမျိုး၊ ဘာသာ၊ သာသနာ ကာကွယ်စောင့်ရှောက်ရေး ဥပဒေများကိုလည်း ဆက်လက်ထိန်းသိမ်းထားသည်။ ယင်းဥပဒေများသည် ဘာသာခြား လက်ထပ်မှု၊ ဘာသာ ကူးပြောင်းမှုနှင့် လင်ပြိုင် မယားပြိုင်ခလေ့တို့ကို တားမြစ်ကာ အချို့နယ်မြေများတွင် အမျိုးသမီးများ ကိုယ်ဝန်ဆောင်ခြင်းကို သုံးနှစ် သားဆက်ခြားရန် အမိန့်ထုတ်ခြင်းဖြင့် မျိုးပွားနှုန်းကို ထိန်းချုပ်ရန် အစိုးရကို အခွင့်အာဏာပေးထားသည်။ ယင်းဥပဒေများသည် မွတ်ဆလင်ဆန့်ကျင်ရေးနှင့် မွတ်ဆလင် လူဦးရေ ထိန်းချုပ်ရေးကို ရည်ရွယ်သည်ဟု အများစုက ရှုမြင်ကြသည်။

## အရေးယူဆောင်ရွက်ရန် တိုက်တွန်းခြင်း

ဒေါ်အောင်ဆန်းစုကြည်က ရခိုင်ပြည်နယ်မှ ပြဿနာကိုဖြေရှင်းရန် သူမ၏အစိုးရက တာဝန်ယူကြောင်း ကြေညာခဲ့သော်လည်း ရလဒ်များ ထွက်ပေါ်လာအောင် အချိန်ပေးရန် တောင်းဆိုထားသည်။ သို့သော် အချို့ဆောင်ရွက်ချက်များကို ချက်ချင်း အကောင်အထည်ဖော်ရန် လိုအပ်နေသည်။ စစ်သွေးကြွတိုက်ခိုက်မှုအပေါ် လုံခြုံရေးတပ်ဖွဲ့များ၏ အရေးယူတုံ့ပြန်မှုမှန်သမျှသည် အချိုးမျှတရမည့်အပြင် အရပ်သားနှင့် စစ်သွေးကြွတို့အကြား ကွဲပြားရမည်ဖြစ်သည်။ အစိုးရအနေနှင့် ဘေးသင့်ဒေသများသို့ လူသားချင်းစာနာသောအကူအညီများကို ရောက်ရှိစေရမည့်အပြင် မီဒီယာများနှင့် နိုင်ငံတကာအကဲခတ်များအား အချက်အလက်များ ကွင်းဆင်းကောက်ယူနိုင်ရန် ခွင့်ပြုပေးရမည်ဖြစ်သည်။

ရခိုင်ပြည်နယ်မှ အခြေအနေသည် ဒေါ်အောင်ဆန်းစုကြည်၏အာဏာ အကန့်အသတ်ရှိမှုကို ပေါ်လွင်စေသောကြောင့် ယင်းပြဿနာများအပေါ် သူမက နှုတ်ဆိတ်နေသည်ဟု အချို့အကဲခတ်များက ဆိုကြသည်။ မြန်မာနိုင်ငံတွင် တပ်မတော်က အဓိကကျသော ကာကွယ်ရေး၊ ပြည်ထဲရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာနသုံးခုစလုံးကို အရပ်ဘက်အစိုးရ လက်အောက်သို့ မလွှဲပြောင်းဘဲ ချုပ်ကိုင်ထားသည်။ သို့သော် ဒေါ်အောင်ဆန်းစုကြည်သည် တပ်မတော်၏ ပူးပေါင်းဆောင်ရွက်မှု မလိုအပ်သော အခြေခံဆောင်ရွက်ချက်များ (ဘေးသင့်နယ်မြေများသို့သွားရောက်ခြင်း၊ အစိုးရတွင် အမှားမရှိကြောင်း ဘူးကွယ်ငြင်းဆိုမှုကို ရပ်ဆိုင်းခြင်း) ကိုပင် လုပ်ဆောင်ရန် ပျက်ကွက်ခြင်းဖြင့် ရခိုင်ပြည်နယ်မှအခြေအနေကို ပိုမိုထိခိုက်စေခဲ့သည်။ ထို့ကြောင့် ရိုဟင်ဂျာ အသိုင်းအဝိုင်းတွင် ဖြစ်ပျက်မှုများသည် လက်သင့်ခံနိုင်စရာရှိသည်ဟုအသိပေးရာ ရောက်နေသည်။

ရှေ့ဆက်၍ အစိုးရအနေနှင့် ဘင်္ဂါလီတို့အတွက် နိုင်ငံသားဖြစ်ခွင့် လမ်းကြောင်းကို ရှင်းရှင်းလင်းလင်း ချပေးသင့်သည်။ ဦးသိန်းစိန်အစိုးရလက်ထက်က အထောက်အထားမရှိသော မွတ်ဆလင်များကို ထည့်သွင်းစဉ်းစားပေးသော နိုင်ငံသားစိစစ်ရေး လုပ်ငန်းစဉ်ကို ပြန်လည်စတင်သင့်သည်။ ၎င်းလုပ်ငန်းစဉ်သည် ဘင်္ဂါလီဟု ဖြည့်သွင်းရမည့် စည်းကမ်းချက်ကို ရခိုင်ပြည်နယ်မှ မွတ်ဆလင်အများစုက ငြင်းပယ်ခဲ့ကြသောကြောင့် ရပ်ဆိုင်းသွားခြင်းဖြစ်သည်။ ထိုစည်းကမ်းချက်ကို ထိုအချိန်ကတည်းက ရုပ်သိမ်းခဲ့သော်လည်း ပွင့်လင်းမြင်သာမှုမရှိခြင်း၊ အစိုးရအပေါ် မယုံကြည်ခြင်းတို့ကြောင့် ပါဝင်သူ လျော့နည်းသွားခဲ့သည်။

ထို့အပြင် မြန်မာနိုင်ငံသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတည်ဆောက်ရေးအတွက် မဟာဗျူဟာများကို စဉ်းစားချမှတ်သင့်သည်။ လူမျိုးစုအလိုက် စရိုက်လက္ခဏာများကို အားပေးရာတွင် (ရခိုင်နှင့် ဘင်္ဂါလီတို့ အပါအဝင်) ဘာသာကွဲ၊ လူမျိုးကွဲများအား တိုင်းပြည်တွင်းရှိ ၎င်းတို့၏နေရာ လုံခြုံမှုရှိသည်ဟု ခံစားယူဆပြီး အချင်းချင်း ဆက်ဆံဆောင်ရွက်နိုင်အောင် အခွင့်အလမ်းများကို ဖန်တီးပေးရန် လိုအပ်သည်။ ယင်းကဲ့သို့ အခွင့်အလမ်းများ ဖန်တီးပေးရာတွင် အဆုံးစွန်ဆိုရလျှင် လူမျိုးစု အသိုင်းအဝိုင်းများအား သီးခြားဖယ်ကြဉ်ထားခြင်းကို အဆုံးသတ်ရန်နှင့် ၎င်းတို့၏ ရှင်သန်နေထိုင်ရေး၊ ပညာသင်ကြားရေး၊ အတူတကွ လုပ်ကိုင်နိုင်ရေးတို့အတွက် အထူးရည်ရွယ်ထားသော မူဝါဒများကို အကောင်အထည်ဖော်ရန် လိုအပ်သည်။

အစိုးရအနေနှင့် ဘင်္ဂါလီတို့၏ အခက်အခဲကို ဆက်လက်လျစ်လျူရှုထားပါက အကြမ်းဖက်အာခံမှု ပျံ့နှံ့လာနိုင်သည်။ ယင်းသို့ဖြစ်လာပါက ဒီမိုကရေစီစတင်ခါစ တိုင်းပြည်ကို တည်ငြိမ်မှု ပျက်ပြားစေပြီး ထိခိုက်နစ်နာစေမည့် အလားအလာရှိသည်။ ရခိုင်ပြည်နယ်၏အခြေအနေသည် ပြည်တွင်းဂယက်ရိုက်မှုသာမကပဲ မြန်မာနိုင်ငံအပေါ် ဒေသတွင်းနှင့် နိုင်ငံတကာ အမြင်တွင်လည်း သက်ရောက်မှုရှိလိမ့်မည်။ မလေးရှားနှင့် အင်ဒိုနီးရှားတွင် ရခိုင်ကိစ္စအပေါ် ဆန္ဒပြမှုများ ရှိနေပြီး အစ္စလာမ် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ OIC ကလည်း ရခိုင်ပြည်နယ်သို့ ကိုယ်စားလှယ်အဖွဲ့ စေလွှတ်ရန် စီစဉ်နေသည်။ အာဆီယံနိုင်ငံများက အဖွဲ့ဝင်များ၏ ပြည်တွင်းရေးကို မစွက်ဖက်သည့်တိုင်အောင် မလေးရှားဝန်ကြီးချုပ် နာဂျစ်ရာဇတ်က ရခိုင်ပြည်နယ်တွင် လူမျိုးတုံးသတ်ဖြတ်မှုများ ဖြစ်ပေါ်နေသည်ဟု စွပ်စွဲထားသည်။

ဒေါ်အောင်ဆန်းစုကြည်အပေါ် အများစုက ကရုဏာကြီးသူအဖြစ် ရှုမြင်ကြသော်လည်း ဘင်္ဂါလီပြဿနာသည် သူမ၏ဂုဏ်သတင်းကို ထိခိုက်စေလိမ့်မည်။ သူမကမူ နိုင်ငံရေးသမားတစ်ဦးသာ ဖြစ်သည်ဟု အကြောင်းပြချက် ပေးနိုင်သည်။ နိုင်ငံရေးသမားဖြစ်သည့် သူမအနေနှင့် ရခိုင်ပြည်နယ်တွင် ပြဿနာများ အခြေအနေဆိုးဝါးနေမှုနှင့် ယင်းတို့ကိုဖြေရှင်းရန် ရေတိုရေရှည် ဆောင်ရွက်ချက်များ ချက်ချင်းလိုအပ်နေမှုကို သိရှိသင့်သည်။ သို့မဟုတ်ပါက မြန်မာနိုင်ငံသည် အကြမ်းဖက်ခြိမ်းခြောက်မှုများ ပတ်လည်ဝိုင်းကာ ပြည်တွင်း၊ ပြည်ပတွင် အခက်အခဲများနှင့် ရင်ဆိုင်ရသည့် အခြေအနေသို့ ဆိုက်ရောက်သွားနိုင်ပေသည်။ ■

**Ref: Foreign Affairs**




---

**စာ - 7 "ပြဿနာအဟောင်း သို့သော် စိန်ခေါ်မှုအသစ်" မှ အဆက်**

အစာလိုအပ်တယ်။ ကျွဲ၊ နွားသုံးတာ နည်းလာတယ်ဒါကြောင့် စက်ကိရိယာတွေ ဈေးနှုန်း ချိုချိုသာသာနဲ့ရရင် အဆင်ပြေနိုင်တယ်" ဟု ပုသိမ်မြို့နယ် ကိုးဆူကျေးရွာမှ တောင်သူ ဦးခင်လှိုင်က ဆိုသည်။

ထိုကဲ့သို့သော အခက်အခဲများကို ဖြေရှင်းနိုင်ရန်အတွက် ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ် ၂၆ မြို့နယ်၌ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် တစ်မြို့နယ်လျှင် ကေ ၁၀၀ နှုန်းဖြင့် ကေ ၂၆၀၀ ကိုလည်းကောင်း၊ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်တွင် တစ်မြို့နယ်လျှင်ကေ ၂၀၀နှုန်းဖြင့် ကေ ၅၂၀၀ ကို လည်းကောင်း၊ စနစ်ကျစံပြလယ်ယာများအဖြစ် နိုင်ငံတော်မှစရိတ် ကျခံ၍ ဖော်ထုတ်လျက်ရှိပြီး နှစ်စဉ်ကေတစ်ရာနှုန်း တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လိုအပ်သော လယ်ယာသုံး စက်ကိရိယာများလည်း အတိုးမရှိ အရစ်ကျပေးချေစနစ်ဖြင့် စက်မှုလယ်ယာဦးစီးဌာနမှ ရောင်းချပေးလျက်ရှိပြီး မဝယ်နိုင်သူများကိုလည်း ငှားရမ်းလာပါက အငှားလိုက်ဆောင်ရွက်ပေးလျက်ရှိကြောင်း ပုသိမ်မြို့ရှိ အမှတ် (၅၁) စက်မှုလယ်ယာဦးစီးဌာနမှ ဦးစီးဌာနမှူး ဦးဇော်ထွန်းက The Voice သို့ပြောသည်။

ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ပြည်သူတို့၏ အသနားခံစာနှင့် တိုင်ကြားစာများ စိစစ်ရေး ကော်မတီသို့ လယ်ယာမြေ အငြင်းပွားမှု၊ စိုက်ပျိုးစရိတ်ချေးငွေမရရှိမှု၊ လယ်ယာမြေလုပ်ကိုင်ခွင့် ပုံစံ ၇ မရရှိမှုပြဿနာ စသည်တို့နှင့်ပတ်သက်၍ ဖြေရှင်းဆောင်ရွက်ပေးရန် တောင်သူများ ပေးပို့တင်ပြထားသော စာ ၅၀၀ ကျော်ရှိနေကြောင်း တိုင်းဒေသကြီး လွှတ်တော်ရုံးမှ သိရှိရသည်။

မြန်မာတောင်သူအများစု၏ ဘဝသည် မြေယာပြဿနာများ၊ သွင်းအားစု မပြည့်မီမှု ပြဿနာများဖြင့် သံသရာလည်နေဆဲဖြစ်ပြီး စီးပွားရေးအားနည်းခြင်း၊ အတန်းပညာ အသိအမြင် အားနည်းခြင်းတို့ကြောင့် မြေတစ်ကွက် အောင်ရေတစ်စက်အတွက် တုတ်တစ်ပြက် ဓားတစ်ချက်ဖြစ်ကာ ဥပဒေအမျိုးမျိုးဖြင့် တရားရင်ဆိုင်နေရဆဲဖြစ်ပါသည်။

"ဥပဒေပါ အခွင့်အရေးတွေကို တောင်သူတွေ ပြည်သူတွေ အမြန်ဆုံး ခံစားစေချင်တယ်။ ၂၀၁၂ လယ်ယာမြေဥပဒေမှာ အားနည်းချက်တွေ ရှိနေတယ်၊ လိုအပ်ချက်တွေရှိနေတယ်။ တစ်စုံတစ်ခု အဖွဲ့အစည်းတွေရဲ့အကျိုးစီးပွားကို ကာကွယ်ပေးနေသလိုဖြစ်နေတယ်။ ၇၀ ရာခိုင်နှုန်းလောက်က ပြင်ဆင်ပြောင်းလဲ ဖြည့်စွက်သင့်တယ်။ အစိုးရအနေနဲ့ အမြန်ဆုံး ထိထိရောက်ရောက် အကောင်အထည်ဖော်ပေးစေချင်တယ်။ ဥပဒေတစ်ရပ်ကို ရေးဆွဲပြဋ္ဌာန်းပြီး အတည်နေဖြစ်ပါလျက်နဲ့ အဲဒီဥပဒေက ပြည်သူကို အကျိုးမပြုဘူးဆိုရင် အဲဒီဥပဒေက ပြည်သူတွေကို အဆိပ်သင့်စေပါတယ်" ဟု ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးစံမင်းအောင်က သုံးသပ်ပြောကြားသည်။

"တောင်သူလယ်သမားနေ့ဆိုတာ ဘယ်ရောက်မှန်းတောင် မသိဘူး။ စားဖို့သောက်ဖို့အတွက် မနည်းရုန်းကန်နေရတာ။ ဒီဘက်မှာလည်း တောင်သူလယ်သမားနေ့ ကျင်းပတယ်ဆိုတာ မကြားဖူးဘူး" ဟု တိုက်ကြီးမြို့မှ လယ်သမားဦးတင်ထွေးက ပြောကြားသည်။

တောင်သူလယ်သမားများကတော့ မိမိတို့ရွေးပေးခဲ့သော အစိုးရသစ်လက်ထက် သူတို့ဘဝတွေ ပြောင်းလာမယ်ဆိုသည့် မျှော်လင့်ချက်က ရှိနေဆဲဖြစ်ပါသည်။

ထိုမျှော်လင့်ချက်က ကားစီးပြီး မြို့ပေါ်တက်လည်ဖို့မဟုတ်ပါ။ သူတို့၏စားဝတ်နေရေး ပြေလည်ရေး၊ ကြွေးမြီကင်းရှင်းရေးသာ ဖြစ်ပေသည်။

■ **မင်းမင်းအောင်၊ မောင်မျိုးထက်**

# စားသောက်ဆိုင်တစ်ခုတွင် ပေါ့ဂ်ဘာကို မန်ယူပရိသတ်များ ဝိုင်းဝန်းရန်ပြု

**မန်ချက်စတာ၊ မတ် ၁**

မန်ယူအသင်း ကွင်းလယ်ကစားသမား ပေါ့ဂ်ဘာသည် မန်ချက်စတာမြို့ရှိ အက်ခ်ဘားအမည်ရ အိန္ဒိယစားသောက်ဆိုင်တစ်ခုတွင် အသင်းအားပေးသူပရိသတ်များ၏ရန်ပြုမှုကို ရင်ဆိုင်ခဲ့ရကာ အခြေအနေကို ထိန်းသိမ်းနိုင်စေရန်အတွက် ဆိုင်ဝန်ထမ်းများက ရဲတပ်ဖွဲ့ထံသို့ တယ်လီဖုန်းဖြင့် ဆက်သွယ်ကာ အကူအညီ လှမ်းတောင်းလိုက်ရကြောင်း Daily Star က ဖော်ပြထားသည်။

မန်ယူအသင်းအားပေးသူများသည် ၎င်းတို့က အမှတ်တရ လက်မှတ်ရေးထိုးပေးပါရန် တောင်းဆိုသည်ကို ပေါ့ဂ်ဘာက ငြင်းဆန်ပယ်ချလိုက်သည့်အတွက် ဒေါသူပုန်ထကာ တိုက်ခိုက်ရန်ပြုလိုက်ကြခြင်းဖြစ်ကာ မျက်မြင်သက်သေများက အမှတ်တရလက်မှတ်ရေးထိုးပေးရန် ငြင်းဆန်ခံလိုက်ရသောပရိသတ်များမှာ ပန်းကန်ပြားများဖြင့် ပစ်ပေါက်၍ ပေါ့ဂ်ဘာကို ရန်ပြုတိုက်ခိုက်ခဲ့ကြခြင်းဖြစ်သည်ဟု ထွက်ဆိုထားကြောင်း ရဲတပ်ဖွဲ့က ထုတ်ပြန်ကြေညာထားသည်။

ပေါ့ဂ်ဘာသည် သူငယ်ချင်းများနှင့်အတူ အက်ခ်ဘားစားသောက်ဆိုင်သို့ ရောက်ရှိလာခဲ့ခြင်းဖြစ်ပြီး ရဲမှတ်တမ်းများ၌ အဆိုပါရန်ပွဲဖြစ်စဉ် ပေါ်ပေါက်ခဲ့သည်မှာ ဖေဖော်ဝါရီလ ၂၀ ရက်၊ ည ၁၁ နာရီ မိနစ် ၄၀ တွင်ဖြစ်ကြောင်း ဖော်ပြထားသည်။

အမှတ်တရ လက်မှတ်တောင်းခံခဲ့သည့် မန်ယူပရိသတ်များသည် ၎င်းတို့အနေနှင့် မလေးမစားပြုမှုခံရသည်ဆိုကာ ပေါ့ဂ်ဘာကို မကျေမနပ်ဖြစ်ခဲ့ကြခြင်းဖြစ်ပြီး ရဲတပ်ဖွဲ့တာဝန်ရှိသူများကမူ ၎င်းတို့အနေနှင့် အခြေအနေကို အချိန်တိုအတွင်း၌ပင် ထိန်သိမ်းနိုင်ခဲ့ကြောင်း ရှင်းပြသွားခဲ့သည်။

ဂျူဗင်တပ်မှနေ၍ မန်ယူထံသို့ ကမ္ဘာ့စံချိန်တင် ပြောင်းရွှေ့ကြေးပမာဏ ပေါင် ၈၉ သန်းဖြင့် ပြောင်းရွှေ့ရောက်ရှိလာခဲ့သော ပေါ့ဂ်ဘာသည် လက်ရှိဘောလုံးရာသီတွင် နည်းပြမော်ရင်ညိုလက်အောက်၌ မန်ယူကိုကိုယ်စားပြု၍ ပြိုင်ပွဲအရပ်ရပ်တွင် ပွဲစဉ်ပေါင်း ၃၇ ပွဲ ပါဝင်ကစားခွင့်ရရှိခဲ့ပြီးဖြစ်ကာ အဆိုပါပွဲစဉ် ၃၇ ပွဲတွင် ပေါ့ဂ်ဘာက အသင်းအတွက် သွင်းဂိုးခုနစ်ဂိုးနှင့် ဂိုးဖန်တီးမှု ငါးကြိမ်သာ ရယူစွမ်းဆောင်ပေးနိုင်ခဲ့သည်။ ■ E-11



BBC

## ဖူဆယ်လိဂ်ပြိုင်ပွဲ ဆုကြေးထပ်တိုး

**ရန်ကုန်၊ မတ် ၁**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ဦးဆောင်ကျင်းပနေသည့် ၂၀၁၇ ခုနှစ် မြန်မာဖူဆယ်လိဂ်ပြိုင်ပွဲဝင်အသင်းများကို ဆုကြေး ထပ်တိုးချီးမြှင့်ပေးမည်ဖြစ်သည်။

Sky Net ရုပ်သံလိုင်းက ထောက်ပံ့ပေးမှုကြောင့် ဆုကြေးများကို ထပ်တိုးချီးမြှင့်ပေးခြင်းဖြစ်ရာ ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထရသည့် အသင်းများအပြင် ပြိုင်ပွဲဝင်ကလပ်အသင်းအားလုံးကိုလည်း ဆုကြေးများ ချီးမြှင့်ပေးမည်ဟု မတ်လ ၁ ရက်က ကျင်းပခဲ့သည့် ၂၀၁၇ ခုနှစ် မြန်မာဖူဆယ်လိဂ်ပြိုင်ပွဲ ဖွင့်ပွဲတွင် Sky Net ရုပ်သံလိုင်းနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့က ပူးတွဲထုတ်ပြန်လိုက်သည်။

“မြန်မာ့ဖူဆယ်အားကစားလောကအတွက် အဓိကလိုအပ်နေတာ ကွင်း၊ ရုံပါ။ အဲဒီအတွက် အဖွဲ့ချုပ်အနေနဲ့ ဒီထက်ပိုပြီး တိုးတက်လာဖို့ ကြိုးစားလုပ်ဆောင်မှာဖြစ်ပါတယ်။ လိဂ်ပြိုင်ပွဲကိုလည်း ဒီထက်မက အောင်မြင်အောင် အားလုံးကြိုးစားစေချင်ပါတယ်”ဟု မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က ပြောကြားသည်။

၂၀၁၇ ခုနှစ် မြန်မာဖူဆယ်လိဂ်ပြိုင်ပွဲအတွက် မူလက ပထမဆု ကျပ်သိန်း ၅၀၊ ဒုတိယဆု ကျပ်သိန်း ၃၀၊ တတိယဆု ကျပ်သိန်း ၂၀၊ စတုတ္ထဆု ကျပ်သိန်း ၁၀ သာချီးမြှင့်မည်ဖြစ်သော်လည်း ယခုတွင် ပထမဆုကျပ်သိန်း ၁၀၀၊ ဒုတိယဆု ကျပ် ၇၅ သိန်း၊ တတိယဆု ကျပ် ၅၀ သိန်း၊ စတုတ္ထဆုနှင့် ပဉ္စမဆုတို့ကို ကျပ်သိန်း ၃၀ စီနှင့် ကျန်အသင်းများကို ကျပ်သိန်း ၂၀ စီချီးမြှင့်မည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲအတွက် ပထမအကျော့ပွဲစဉ်များကို မတ်လ ၁ ရက်နေ့မှ ဧပြီလ ၈ ရက်နေ့အထိ သုဝဏ္ဏမိုးလုံလေလုံ အားကစားရုံတွင် ကျင်းပမည်ဖြစ်ကာ MIC၊ VUC၊ PU၊ UPT၊ Yangon City၊ UM FC၊ ရာမည၊ Titan 12၊ White Color နှင့် မြို့မအသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲမှ ထူးချွန်သည့် ကစားသမားများနှင့် လူငယ်ကစားသမားများကို လက်ရွေးစင်အသင်းနှင့် အာရှ ယူ-၂၀ ပြိုင်ပွဲဝင်မည့် လူငယ်အသင်းတို့အတွက် ရွေးချယ်မည်ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အသိုင်းအဝိုင်းထံမှ သိရသည်။

အဆိုပါ ဖူဆယ်လိဂ်ပြိုင်ပွဲတွင် ဗိုလ်စွဲသည့်အသင်းသည် ၂၀၁၇ ခုနှစ်တွင် ဇူလိုင်လအတွင်းကျင်းပမည့် အာဆီယံချန်ပီယံရှစ် ဖူဆယ်ကလပ်ပြိုင်ပွဲကို ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။

၂၀၁၅ နှင့် ၂၀၁၆ ခုနှစ် ဖူဆယ်လိဂ်ပြိုင်ပွဲတို့တွင် MIC အသင်းကနှစ်ကြိမ်ဗိုလ်စွဲထားသည်။ ■ J-04





Daily Mail

# လာလီဂါနှင့် စီးရီးအေထက် ချန်ပီယံရှစ်၏ ပွဲကြည့်ပရိသတ်အရေအတွက် ပိုမိုများပြား

**မက်ဒရစ်၊ မတ် ၁**

အင်္ဂလန်ချန်ပီယံရှစ်၏ ပွဲကြည့်ပရိသတ်အရေအတွက်သည် လက်ရှိအချိန်တွင် ဥရောပထိပ်သီးလိဂ်ပြိုင်ပွဲကြီးများဖြစ်သည့် လာလီဂါနှင့် စီးရီးအေတို့ထက် သာလွန်လာခဲ့ပြီဖြစ်ကာ နောက်ဆုံးထုတ်ပြန်လိုက်သည့်စာရင်းမှတ်တမ်း ညွှန်းကိန်းများအရ လက်ရှိဘောလုံးရာသီအတွင်း ချန်ပီယံရှစ်၏ပွဲကြည့်ပရိသတ်အရေအတွက်မှာ ၇ ဒသမ ၉ သန်းသို့ မြင့်တက်လာကြောင်း The Sun က ဖော်ပြထားသည်။

ပရီးမီးယားလိဂ်အောက် တစ်ဆင့်နိမ့်သည့်ချန်ပီယံရှစ်သည် လက်ရှိတွင် ဥရောပလိဂ်များ၏ ပွဲကြည့်ပရိသတ်ဝင်ရောက်မှုစစ်တမ်းတွင် ပရီးမီးယားလိဂ်နှင့် ဘွန်ဒက်စ်လီဂါတို့၏နောက် တတိယနေရာသို့ရောက်ရှိလာခဲ့ပြီဖြစ်ပြီး ဒုတိယနေရာတွင် ရပ်တည်နေသော ဘိုင်ယန်မြူးနစ်နှင့် ချန်ပီယံရှစ်အကြား ပရိသတ်ဝင်ရောက်မှုပမာဏမှာ ၀ ဒသမ ၁ သန်းသာ ကွာဟတော့သည်။

လာလီဂါနှင့် စီးရီးအေတို့သည် အင်္ဂလန် ချန်ပီယံရှစ်ထက် ကမ္ဘာ့ကျော်ထိပ်တန်းကစားသမားများစွာကို ပိုင်ဆိုင်ထားသော်လည်း ပြိုင်ပွဲ၏ပြိုင်ဆိုင်မှုပြင်းထန်အား လျော့ကျလာသည့်အတွက် ကွင်းဝင်ပရိသတ်လျော့ကျခြင်းကို ရင်ဆိုင်လိုက်ရခြင်းဖြစ်ကာ လာမည့် ၂၀၁၇-၁၈ ဘောလုံးရာသီတွင် အင်္ဂလန်ချန်ပီယံရှစ်၏ ပွဲတက်ရောက်ကြည့်ရှုသူ ပရိသတ်အင်အားမှာ ဘွန်ဒက်စ်လီဂါထက်လည်း သာလွန်သွားဖွယ် အခြေအနေများ ရှိနိုင်ကြောင်း သုံးသပ်ချက်များလည်း ထွက်ပေါ်နေသည်။

လက်ရှိဘောလုံးရာသီတွင် အင်္ဂလန်ချန်ပီယံရှစ်၌ ပရီးမီးယားလိဂ်သို့ တိုက်ရိုက်တန်းတက်ရောက်ခွင့် ရနိုင်ရေးအတွက် ဟတ်ဒါးစဖီးလ်၊ ဘရိုက်တန်နှင့် နယူးကာဆယ်တို့ အပြိုင်အဆိုင်ဖြစ်နေပြီး ရှုံးထွက်ကစားကာ တန်းတက်ရောက်ခွင့်တစ်နေရာကို ရယူနိုင်ရေးအတွက် လိဒ်စ်ယူနိုက်တက်၊ ရက်ဒင်း၊ ဖူလ်ဟမ်၊ နော့ဝစ်ချ်နှင့် ရှက်ဖီးဝမ်းနက်စ်ဒေးတို့အမှား မခံစတမ်း ကစားနေကြရလျက်ရှိသည်။

အင်္ဂလန်ချန်ပီယံရှစ်ဘောလုံးရာသီပြီးဆုံးချိန်တွင် ပထမနှင့် ဒုတိယရရှိသောအသင်းများမှာ ပရီးမီးယားလိဂ်သို့ တိုက်ရိုက်တန်းတက်ရောက်ခွင့် ရကြလိမ့်မည်ဖြစ်ပြီး အဆင့်သုံးမှနေ၍ အဆင့်ခြောက်အတွင်း ရပ်တည်နိုင်သော အသင်းများမှာ တန်းတက်ခွင့် နောက်ဆုံးတစ်နေရာစာအတွက် ရှုံးထွက်ပွဲစဉ်များ ကစားခွင့်ရကြလိမ့်မည်ဖြစ်သည်။

အင်္ဂလန်ချန်ပီယံရှစ်တွင် လက်ရှိဘောလုံးရာသီ၌ အိမ်ကွင်းပွဲစဉ်များတွင် ပွဲလာရောက်ကြည့်ရှုသူ ပရိသတ်အင်အားနှစ်သောင်းနှင့်အထက် ပိုင်ဆိုင်သောအသင်းအရေအတွက် ကိုးသင်းရှိထားပြီး ယင်းအသင်းများမှာ နယူးကာဆယ်၊ အက်စတွန်ဗီလာ၊ ဒါဘီ၊ ဘရိုက်တန်၊ ရှက်ဖီးဝမ်းနက်စ်ဒေး၊ လိဒ်စ်ယူနိုက်တက်၊ နော့ဝစ်ချ်၊ ဝုလ်ဗာဟမ်တန်နှင့် ဟတ်ဒါးစဖီးလ်တို့ ဖြစ်ကြသည်။ ■ E-11

## နှင်းများထူထပ်စွာကျဆင်းခဲ့သည့်အတွက် လော့တီနှင့် ဒေါ့မွန်ပွဲကို ပွဲရွှေ့ဆိုင်းလိုက်ရ

**မြူးနစ်၊ မတ် ၁**

လော့တီနှင့် ဒေါ့မွန်တို့ယှဉ်ပြိုင်ကစားမည့် ဂျာမန်ပိုကယ်လ်ဖလား ကွာတားဖိုင်နယ်ပွဲစဉ်ကို ကွင်းလယ်ဒိုင်လူကြီးအဖြစ် ပွဲကြီးကြပ်ရန် တာဝန်ပေးခြင်းခံခဲ့ရသော ဖီးလစ်ခ်ဘရိုက်ချ်သည် နှင်းများထူထပ်စွာ ကျဆင်းနေခဲ့သော ရာသီဥတုအခြေအနေအရ ပွဲရွှေ့ဆိုင်းရန် ဆုံးဖြတ်ချက်ချမှတ်သွားခဲ့ကြောင်း Sky Sports က ဖော်ပြထားသည်။

ဒိုင်လူကြီး ဖီးလစ်ခ်ဘရိုက်ချ်သည် ဘောလုံးကွင်းမျက်နှာပြင် အခြေအနေကို ကြည့်ရှုစစ်ဆေးအပြီးတွင် ပြိုင်ပွဲယှဉ်ပြိုင်ကစားရန် မည်သို့မျှမဖြစ်နိုင်ကြောင်း တာဝန်ရှိသူများကို အသိပေးလိုက်ပြီး အကယ်၍ နှစ်ဖက်အသင်းကို ပွဲစဉ်ယှဉ်ပြိုင်ကစားရန် စေခိုင်းခဲ့မည်ဆိုပါက ကွင်းမျက်နှာပြင် ချောမွတ်လွန်းမှုနှင့် ကွင်းပျက်စီးနေမှုများအရ မလိုလားအပ်သည့် ဒဏ်ရာပြဿနာများ ဖြစ်ပေါ်လာနိုင်သည်ဟုလည်း ဖီးလစ်ခ်ဘရိုက်ချ်က ရှင်းပြသွားခဲ့သည်။

ဂျာမန်ပိုကယ်လ်ဖလားပြိုင်ပွဲ ကျင်းပရေးကော်မတီသည် ပွဲမစတင်မီ တစ်နာရီခန့်အလိုတွင် ဆီးနှင်းများထူထပ်စွာ ကျဆင်းလာခဲ့သည့် ရာသီဥတုအခြေအနေအရ ပွဲရွှေ့ဆိုင်းရန် ဆုံးဖြတ်လိုက်ရခြင်းဖြစ်ပါကြောင်း ကြေညာချက်ထုတ်ပြန်ထားပြီး ဒေါ့မွန်နည်းပြ သောမတ်တူချယ်လ်ကလည်း တာဝန်ရှိသူများ၏ပွဲရွှေ့ဆိုင်းရန် ဆုံးဖြတ်လိုက်မှုမှာ အပြည့်အဝ မှန်ကန်ပါကြောင်း ထောက်ခံပြောကြားသွားခဲ့သည်။

ဂျာမနီတတိယတန်းကလပ်အသင်း လော့တီသည် ယခုမတိုင်မီအဆင့်များတွင် ဘွန်ဒက်စ်လီဂါကလပ်အသင်း များဖြစ်သော ဝါဒါဘရီမင်နှင့် လေဗာကူဆင်တို့ကို အနိုင်ယူကျော်ဖြတ်လာခဲ့ခြင်းဖြစ်ကာ ၎င်းတို့အနေနှင့် လော့တီ ကို ရင်ဆိုင်ရာတွင် သတိကြီးစွာထားနိုင်မှသာ ရလဒ်ကောင်း မွန်နိုင်လိမ့်မည် ဖြစ်ပါကြောင်းလည်း သောမတ်စ်တူချယ်လ်က ဖွင့်ဟအသိပေးထားသည်။

အခြားသော ဂျာမန်ပိုကယ်လ်ဖလား ကွာတားဖိုင်နယ်ပွဲစဉ်တွင်မူ ဖရန့်ဖတ်က ဘီလီဖဲလ်ကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ယူကျော်ဖြတ်ကာ ဆီမီးဖိုင်နယ်သို့ဆက်လက်တက်လှမ်းသွားခဲ့ပြီဖြစ်ပြီး ယင်းပွဲစဉ်တွင် ဖရန့်ဖတ်အတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ဒန်နီဘလမ်းက ပွဲအစ ခြောက်မိနစ်ကတည်းကပင် သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ■ E-11



Sky Sport




# ရုရှားပြည်ဝင်ခွင့်ဗီဇာအတွက် ပရိသတ်များကိုယ်စား အသင်းဘက်က စိုက်ထုတ်ကျခံပေးမည်ဖြစ်ကြောင်း မန်ယူအသိပေး

**မန်ချက်စတာ၊ မတ် ၁**

မန်ယူအသင်းသည် ရော့စတော့ဗ်နှင့်ယှဉ်ပြိုင်ကစားမည့် ယူရိုပါလိဂ် ၁၆ သင်းအဆင့် ရှုံးထွက်ပွဲစဉ် ပထမအကျော့ကို ရုရှားနိုင်ငံသို့ လိုက်ပါအားပေးရန်စီစဉ်ထားသော အသင်းပရိသတ်များအတွက် ရုရှားပြည်ဝင်ခွင့်ဗီဇာ ပြုလုပ်ရာတွင် ကုန်ကျမည့် ကုန်ကျစရိတ်များကို အသင်းဘက်က စိုက်ထုတ်ကျခံပေးမည်ဟု တရားဝင်ထုတ်ပြန်ကြေညာထားပြီဖြစ်ကြောင်း Sky Sports က ဖော်ပြထားသည်။

မန်ယူသည် ရော့စတော့ဗ်နှင့် ယူရိုပါလိဂ် ၁၆ သင်းရှုံးထွက်အဆင့်ပွဲစဉ် ပထမအကျော့ကို မတ်လ ၉ ရက်နေ့တွင် ရော့စတော့ဗ်အသင်းအခြေစိုက်ရာ ရုရှားနိုင်ငံသို့ သွားရောက် ယှဉ်ပြိုင်ရလိမ့်မည်ဖြစ်ပြီး ယင်းအဝေးကွင်းပွဲစဉ်ကို မန်ယူပရိသတ် ၅၀၀ လိုက်ပါအားပေးကြည့်ရှုကြလိမ့်မည်ဖြစ်သည်။

မန်ယူအသင်းအားပေးသူများသည် ရုရှားနိုင်ငံသို့ ဘောလုံးပွဲသွားရောက်ကြည့်ရှုရန်အတွက် ပြည်ဝင်ခွင့်ဗီဇာပြုလုပ်ရာတွင် တစ်ဦးလျှင် ပေါင် ၁၂၀ ဝန်းကျင် ကုန်ကျစရိတ်ရှိမည်ဖြစ်ပြီး ယင်းအတွက် ပရိသတ် ၅၀၀ ကိုယ်စား မန်ယူအသင်းဘက်က စိုက်ထုတ်ပေးရမည့်ငွေပမာဏမှာ ပေါင်ခြောက်သိန်းရှိသွားလိမ့်မည်ဖြစ်သည်။

ရော့စတော့ဗ်သည် ရုရှားအမှတ်ပေးပြိုင်ပွဲတွင် ပါဝင်ကစားနေသည့်အသင်းဖြစ်သော်လည်း အသင်းအခြေစိုက်ရာ နေရာမှာ ယူကရိန်းနိုင်ငံ အရှေ့ဘက်ခြမ်းတွင်ဖြစ်ပြီး ယင်းယူရိုပါလိဂ် ၁၆ သင်းရှုံးထွက်အဆင့် ပထမအကျော့ပွဲ စဉ်ကိုယှဉ်ပြိုင်ရန်အတွက် မန်ယူက အသွားအပြန် မိုင်လေးထောင်နီးပါး ခရီးနှင်ရမည်ဖြစ်သည်။

မန်ယူ နည်းပြမော်ရင်ညိုသည် ရော့စတော့ဗ်နှင့် ယူရိုပါလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ပွဲစဉ် ယှဉ်ပြိုင်ကစားရန် သွားရောက်ရသည့် ခရီးပင်ပန်းမှုက အသင်းအပေါ်ကြီးစွာသောရိုက်ခတ်မှုများ ရှိလာမည်ကို စိုးရိမ်ပူပန်နေပြီး ယင်းပွဲစဉ်အပြီး မတ်လ ၁၃ ရက်နေ့တွင် မန်ယူက ချယ်လ်ဆီးအသင်းပိုင် စတမ်းဖို့ဒ်ဘရစ်ချ် ဘောလုံးကွင်းသို့ သွားရောက်ကာ အက်ဖ်အေဖလားပဉ္စမအဆင့်ပွဲစဉ်ကို ဆက်လက်ကစားရလိမ့်မည်ဖြစ်သည်။

နည်းပြမော်ရင်ညိုသည် လိဂ်ဖလားပြိုင်ပွဲတွင် ချန်ပီယံဖြစ်လိုက်ခြင်းက အသင်းကစားသမားများအတွက် စိတ်ဓာတ်ပိုင်းဆိုင်ရာယုံကြည်မှုတစ်ခု ရရှိသွားလိမ့်မည်ဟု အကောင်းမြင်ထားပြီး အက်ဖ်အေဖလားနှင့် ယူရိုပါလိဂ် ပြိုင်ပွဲတို့၌လည်း ဆုဖလား လမ်းကြောင်းထက်တွင်ရှိနေသည့်အတွက် ခြေကုန်ထုတ်ကြိုးပမ်းရန် လိုအပ်ကြောင်း အသင်းကစားသမားများကိုမော်ရင်ညိုက တိုက်တွန်းထားသေးသည်။ ■ E-11

# ဖိနပ်စပွန်ဆာမရှိဘဲ အီဘရာဟီမိုဗစ် ဖြတ်သန်း

**မန်ချက်စတာ၊ မတ် ၁**

မန်ယူတိုက်စစ်မှူး အီဘရာဟီမိုဗစ်သည် လက်ရှိတွင် ဖိနပ်စပွန်ဆာမရှိဘဲနှင့် ပြိုင်ပွဲများကို ယှဉ်ပြိုင်နေခြင်းဖြစ်ပြီး မန်ယူက ဆောက်သမ်တန်ကို သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် လိဂ်ဖလားဗိုလ်လုပွဲတွင် အီဘရာဟီမိုဗစ်က အက်ဒီးဒတ်စ်ကုမ္ပဏီထုတ် ဘောလုံးကန်ဖိနပ်ကို ဝတ်ဆင်၍ အီဘရာဟီမိုဗစ်က ကစားသွားခဲ့ခြင်းဖြစ်ကြောင်း The Mirror က ဖော်ပြထားသည်။




အသက် ၃၅ နှစ်အရွယ်ရှိအီဘရာဟီမိုဗစ်သည် လွန်ခဲ့သည့် ၁၆ နှစ်တာကာလ ကစားသမားဘဝ ဖြတ်သန်းမှုအတွင်း နိုက်ကီကုမ္ပဏီနှင့် စပွန်ဆာစာချုပ်များ ဆက်တိုက်ချုပ်ဆိုခဲ့ကာ ယင်းအတွက် ဂျူဗင်တပ်၊ အင်တာမီလန်၊ ဘာစီလိုနာ၊ အေစီမီလန်နှင့် ပီအက်စ်ဂျီတို့ထံတွင် ကစားသမားဘဝ ဖြတ်သန်းစဉ်ကာလအတွင်း အီဘရာဟီမိုဗစ်က နိုက်ကီကုမ္ပဏီထုတ် ဘောလုံးကန်ဖိနပ်များကို ဝတ်ဆင်ကစားခဲ့ရသည်။

အီဘရာဟီမိုဗစ်သည် မန်ယူထံသို့ ပြောင်းရွှေ့ချိန်တွင် နိုက်ကီနှင့် စပွန်ဆာစာချုပ်သက်တမ်း အနည်းငယ်ကျန်နေခဲ့သေးကာ ယင်းအတွက် မန်ယူကစားသမားဘဝ အစောပိုင်းပွဲစဉ်များကို နိုက်ကီကုမ္ပဏီထုတ် ဘောလုံးကန်ဖိနပ်များ ဝတ်ဆင်၍ အီဘရာဟီမိုဗစ်က ကစားခဲ့ရသေးသည်။

အီဘရာဟီမိုဗစ်နှင့် နိုက်ကီအကြားရှိ စပွန်ဆာစာချုပ်သည် လွန်ခဲ့သည့်လအနည်းခန့်က သက်တမ်းကုန်ဆုံးသွားခဲ့ခြင်းဖြစ်ပြီး အက်ဒီးဒတ်စ်ကုမ္ပဏီထုတ်ဘောလုံးကန်ဖိနပ်များကိုဝတ်ဆင်၍ ပြိုင်ပွဲများကစားနေရသည်မှာ ၎င်းအတွက် စိန်ခေါ်မှုအသစ်များကို ရင်ဆိုင်ရသကဲ့သို့ ထူးကဲလှကြောင်း အီဘရာဟီမိုဗစ်က ပြောကြားသွားခဲ့သည်။

အီဘရာဟီမိုဗစ်သည် ၎င်းအနေနှင့် လက်ကျန်ကစားသမားဘဝဖြတ်သန်းမှုအတွင်း အားကစားအသုံးအဆောင်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းစုများနှင့် စပွန်ဆာစာချုပ် ချုပ်မည်၊ မချုပ်မည်ကို ယတိပြတ်မဆုံးဖြတ်ရသေးကြောင်း အသိပေးထားပြီး မန်ယူအသင်းနှင့် ဝတ်စုံစပွန်ဆာစာချုပ်ချုပ်ဆိုထားသည့် အက်ဒီးဒတ်စ်က အီဘရာဟီမိုဗစ်ကို စပွန်စာချုပ်ကမ်းလှမ်းရန် အလွန်အမင်း စိတ်ဝင်စားလျက်ရှိသည်။

မန်ယူအသင်းသည် အီဘရာဟီမိုဗစ်ကို လာမည့် ၂၀၁၇-၁၈ ဘောလုံးရာသီပြီးဆုံးချိန်တိုင်သည်အထိ အသင်း၌ ဆက်လက်ထိန်းသိမ်းထားနိုင်ရန် ကြိုးပမ်းနေပြီး အကယ်၍ မန်ယူထံတွင် ကစားသမားဘဝ ဆက်လက်ဖြတ် သန်းရန် အီဘရာဟီမိုဗစ်က သဘောတူညီလိုက်မည်ဆိုပါက အသင်းပရိသတ်အချစ်တော်ကစားသမားဖြစ်နေသည့် အီဘရာဟီမိုဗစ်ကို အက်ဒီးဒတ်စ်က စပွန်ဆာစာချုပ်ချုပ်ဆိုရန်မှာ လုံးဝနီးပါး သေချာသွားလိမ့်မည်ဖြစ်သည်။ ■ E-11

# အာရှ ယူ ၁၉ ဘော်လီဘောပြိုင်ပွဲ MRTV-4 မှ တိုက်ရိုက်ပြသရန် ညှိနှိုင်း

**ရန်ကုန်၊ မတ် ၁**

အာရှဘော်လီဘောအဖွဲ့ချုပ်၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၇ ခုနှစ် အာရှယူ ၁၉ ဘော်လီဘော ပြိုင်ပွဲကို MRTV-4 မှ တိုက်ရိုက်ပြသနိုင်ရန် ညှိနှိုင်းလျက်ရှိကြောင်း အားကစားနှင့် ကာယပညာဦးစီးဌာနထံမှ သိရသည်။

ယင်းပြိုင်ပွဲကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (ဘီ) နှင့် (စီ) တို့၌ မတ်လ (၂၈) ရက်မှ ဧပြီလ (၅) ရက်နေ့အထိ လက်ခံကျင်းပမည်ဖြစ်ရာ နိုင်ငံပေါင်း ၁၄ ခုမှ အသင်းများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း၊ ယင်းကြောင့် ရုပ်သံမှနေ၍ တိုက်ရိုက်ပြသရန် ဆွေးနွေးနေခြင်း ဖြစ်သည်ဟု မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်က ထုတ်ပြန်ထားသည်။

"ကျွန်တော်တို့အနေနဲ့ အာရှအဆင့်ပြိုင်ပွဲဖြစ်နေတဲ့အတွက် ပြည်တွင်းက MRTV-4 ရုပ်သံလိုင်းကနေ တိုက်ရိုက်ပြနိုင်ဖို့ ညှိနေပါတယ်။ ရ မရဆိုတာတော့ အခုချိန်မှာအတိအကျ မသိရသေးပါဘူး။ အတည်ပြုချက်ရတာနဲ့ ထုတ်ပြန်ပေးမှာပါ"ဟု ယင်းအဖွဲ့ချုပ်က အတွင်းရေးမှူး ဦးညီညီလွင်က ပြောကြားသည်။

အဆိုပါပြိုင်ပွဲဝင်မည့် မြန်မာ့လက်ရွေးစင် ယူ-၁၉ ဘော်လီဘောအသင်းကို ကစားသမား ၁၇ ဦးဖြင့် ဇန်နဝါရီလက စတင်ဖွဲ့စည်းထားပြီး လေ့ကျင့်ပြင်ဆင်လျက်ရှိသော်လည်း ပြိုင်ပွဲနီးမှသာ ကစားသမားစာရင်းကို ထုတ်ပြန်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်ရန် စာရင်းပေးသွင်းထားသည့် အသင်းများမှာ ဟောင်ကောင်၊ သြစတေးလျ၊ ကိုရီးယား၊ အီရန်၊ ထိုင်း၊ ဂျပန်၊ ကာဇက်စတန်၊ တရုတ်၊ တရုတ်(တိုင်ပေ)၊ ဆော်ဒီ၊ သီရိလင်္ကာ၊ ဥဇ္ဗက်ဘတ်ကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ဖြစ်ပြီး ကစားသမားဦးရေ (၃၅၀) ဦးခန့် ပါဝင်ယှဉ်ပြိုင်ရန် အကြောင်းပြန်ထားသည်ဟု မြန်မာနိုင်ငံဘော်ဘီဘောအဖွဲ့ချုပ်ထံမှ သိရသည်။

မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်သည် အာရှ ယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲကို တတိယအကြိမ်မြောက် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခြင်းဖြစ်သည်။ ■ J-04

# အာဆင်နယ်နည်းပြရာထူးကို လက်ခံထားပြီဟု အယ်လ်လီဂရီ အသိပေး၊ တရုတ်ကလပ်အသင်းတစ်သင်း၏ကမ်းလှမ်းမှုကို အာစင်ဝင်းဂါးငြင်းဆန်

**လန်ဒန်၊ မတ် ၁**




ဂျူဗင်တပ်နည်းပြ အယ်လ်လီဂရီသည် လာမည့်နွေရာသီကာလတွင် အာဆင်နယ်အသင်းကို တာဝန်ယူရန်အတွက် ဂျူဗင်တပ်ကိုစွန့်ခွာတော့မည်ဟု ၎င်း၏မိတ်ဆွေများကို အသိပေးထားပြီဖြစ်ကြောင်း Calciomercato က ဖော်ပြထားသည်။

အယ်လ်လီဂရီသည် လက်ရှိအချိန်တွင် ဂျူဗင်တပ်အသင်းကစားသမားအချို့နှင့် ပုဂ္ဂိုလ်ရေးအဆင်မပြေမှုများ ရှိနေပြီး ဂျူဗင်တပ်အသင်း တာဝန်ရှိသူများက ၎င်းကို ထောက်ခံခြင်းမရှိသည်ကိုလည်း အယ်လ်လီဂရီက စိတ်ပျက်နေပြီဖြစ်သည်။

အယ်လ်လီဂရီသည် ပရီးမီးယားလိဂ်၌ အီတလီလူမျိုးနည်းပြများ အခြေကျအောင်မြင်လာသည်ကို လွန်စွာကျေနပ်အားရဖြစ်နေပြီး ၎င်းအနေနှင့်လည်း ၎င်း၏စွမ်းဆောင်ရည်များကို ပရီးမီးယားလိဂ်တွင် သက်သေပြခွင့်ရရန် နီးစပ်နေပြီဖြစ်ကြောင်း အယ်လ်လီဂရီက အသိပေးထားပြီဖြစ်သည်ဟု ၎င်း၏မိတ်ဆွေများက ပြောကြားသည်။

ဂျူဗင်တပ်အသင်းတာဝန်ရှိသူများသည်လည်း အယ်လ်လီဂရီ၏နေရာကို အစားပြန်ဖြည့်ရန်အတွက် နည်းပြသစ်တစ်ဦး စတင်ရှာဖွေနေပြီဖြစ်ကြောင်း သတင်းများထွက်ပေါ်နေပြီး ဂျူဗင်တပ်အသင်းနည်းပြသစ်ဖြစ်လာရန် ပေါ် လိုဆူဆာ၊ ဂတ်စ်ပါရီနီနှင့် စပယ်လက်တီတို့က ထိပ်ဆုံးနေရာများတွင် ရေပန်းစားနေကြသည်။

အာဆင်နယ်အသင်းတာဝန်ရှိသူများသည် အာဆင်နယ်နည်းပြသစ်အဖြစ် အယ်လ်လီဂရီကို ရွေးချယ်ထားပြီဆိုခြင်းကို အတည်ပြုချက်ပေးရန် ငြင်းဆန်နေကြဆဲဖြစ်ပြီး လာမည့်သီတင်းပတ်တွင် အာဆင်နယ်နှင့် ဘိုင်ယန်မြူး နစ်တို့ယှဉ်ပြိုင်ကစားမည့် ချန်ပီယံလိဂ် ၁၆ သင်းရှုံးထွက်အဆင့် ဒုတိယအကျော့ပွဲစဉ်၌ အာဆင်နယ်အသင်းအားပေးသူပရိသတ် ရာပေါင်းများစွာက အာစင်ဝင်းဂါးကို စာချုပ်သစ် မချုပ်ဆိုရေးအတွက် ဆန္ဒပြမည့်အစီအစဉ်မှာလည်း အာဆင်နယ်အသင်းတာဝန်ရှိသူများအတွက် ခေါင်းခဲရဖွယ်အခြေအနေတစ်ရပ် ဖြစ်လျက်ရှိသည်။

အာစင်ဝင်းဂါးသည် အမည်မဖော်လိုသော တရုတ်ဆူပါလိဂ်ကလပ်အသင်းတစ်သင်းက ကမ္ဘာ့စံချိန်တင်လုပ်ခလစာဖြင့် ဆက်သွယ်ကမ်းလှမ်းမှုတစ်ရပ်ကို ငြင်းဆန်ပယ်ချထားပြီး အဆိုပါကလပ်အသင်းက အာစင်ဝင်းဂါးကို တစ်နှစ်လုပ်ခလစာပမာဏ ပေါင်သန်း ၃၀ ဖြင့် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်ဟု The Sun က ရေးသားထားသည်။

အာစင်ဝင်းဂါးသည် အာဆင်နယ်ကို ကျောခိုင်းစွန့်ခွာခဲ့ရပါကလည်း ဘောလုံးလောကအတွင်း အနိမ့်ဆုံးအဖြစ် လေးနှစ်ခန့် ဆက်လက်ကျင်လည်သွားဦးမည်ဟု အသိပေးထားပြီး ၎င်းမပြောင်းရွှေ့ရန် ဆုံးဖြတ်ထားသည့် တစ်ခုတည်းသောနေရာမှာ တရုတ်ဆူပါလိဂ်ဖြစ်ကြောင်းလည်း အာစင်ဝင်းဂါးက ပြောကြားထားပြီးဖြစ်သည်။ ■ E-11

# အမျိုးသားတံခွန်စိုက် တင်းနစ်ပြိုင်ပွဲ ဆုကြေး ကျပ်သိန်း ၃၀ ခန့် ချီးမြှင့်မည်

**ရန်ကုန်၊ မတ် ၁**

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ဦးဆောင်ကျင်းပနေသည့် ၂၀၁၇ ခုနှစ် အမျိုးသားတံခွန်စိုက် (National Championships) တင်းနစ် ပြိုင်ပွဲတွင် ဆုကြေးအဖြစ် ကျပ်သိန်း ၃၀ ခန့် ချီးမြှင့်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲ၏ ဖွင့်ပွဲအခမ်းအနားကို သိမ်ဖြူတင်းနစ်အားကစားကွင်း၌ မတ်လ ၁ ရက်က ကျင်းပခဲ့ခြင်းပြီး ပြိုင်ပွဲဝင်ကစားသမား ၇၀ ကျော် ယှဉ်ပြိုင်ကြမည်ဟု မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ထံမှ သိရသည်။

"ပြိုင်ပွဲတစ်ခုလုံးအတွက် ဆုကြေးငွေက ကျပ် ၂၉ သိန်းကျော်၊ ၃၀ နီးပါးရှိမယ်။ ပြိုင်ပွဲအမျိုးအစား (Event) တွေကလည်း များတဲ့အတွက် ကစားသမားအရေအတွက် မပြည့်လို့ မကျင်းပဖြစ်တဲ့ Event တွေရှိရင် လျော့နိုင်ပါတယ်"ဟု ယင်းအဖွဲ့ချုပ်က တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး (အလွတ်တန်း) တစ်ဦးချင်း၊ နှစ်ယောက်တွဲပြိုင်ပွဲများ၊ အမျိုးသား၊ အမျိုးသမီး(Mix Doubles) နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား ၃၅ နှစ်နှင့် အထက်တစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲများ၊ အမျိုးသား ၄၅ နှစ်နှင့်အထက် တစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲများ၊ အမျိုးသား ၅၅ နှစ်နှင့်အထက် တစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲများ၊ အသက် ၆၀ နှစ်နှင့်အထက် တစ်ဦးချင်းနှင့်နှစ်ယောက်တွဲပြိုင်ပွဲများ ကျင်းပမည်ဖြစ်သည်။

ယင်းအပြင် လူငယ်ပြိုင်ပွဲများအဖြစ် အသက် ၁၀ နှစ်နှင့်အထက် အမျိုးသားတစ်ဦးချင်း၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ အသက် ၁၂ နှစ်နှင့် အထက် အမျိုးသားတစ်ဦးချင်း၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ အသက် ၁၄ နှစ်နှင့်အထက် အမျိုးသားတစ်ဦးချင်း၊ အမျိုးသမီးတစ်ဦးချင်း ပြိုင်ပွဲတို့လည်း ထည့်သွင်းကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲ၏စည်းမျဉ်းများကို နိုင်ငံတကာ တင်းနစ်အဖွဲ့ချုပ်ကချမှတ်ထားသည့် နည်းစနစ်များအတိုင်း ကျင်းပမည်ဖြစ်ပြီး ဆုပေးပွဲကို ပြိုင်ပွဲပြီးဆုံးမည့် မတ်လ ၅ ရက်တွင် ကျင်းပမည်ဖြစ်သည်။ ■ J-04

# အိုးလ်ထရက်ဖို့ဒ်နှင့် အီတီဟတ်ဒ်တို့ ဆီးနှင်းများ ဖုံးလွှမ်း

**မန်ချက်စတာ၊ မတ် ၁**

မန်ယူအသင်းပိုင် အိုးလ်ထရက်ဖို့ဒ် ဘောလုံးကွင်းနှင့် မန်စီးတီးအသင်းပိုင် အီတီဟတ်ဒ်တို့သည် ဆီးနှင်းဖုံးလွှမ်းမှုဒဏ်ကို ဆိုးဆိုးရွားရွား ရင်ဆိုင်နေရပြီး ရာသီဥတုအခြေအနေမှာ အသင်းလေ့ကျင့်ရေးအစီအစဉ်များကိုပင် ရိုက်ခတ်လျက်ရှိကြောင်း မန်ယူနည်းပြမော်ရင်ညိုက ဖွင့်ဟအသိပေးသွားခဲ့သည်ဟု The Sun က ဖော်ပြထားသည်။

မန်ယူနှင့် မန်စီးတီးတို့သည် အင်္ဂလန်အနောက်မြောက်ဒေသတွင် အခြေစိုက်သောအသင်းများဖြစ်ကြပြီး လက်ရှိတွင် ယင်းဒေသ၌ ဆီးနှင်းများ နေ့စဉ်ရက်ဆက် ကျဆင်းနေခြင်းကြောင့် မန်ယူအသင်းမှာ အသင်းလေ့ကျင့်ရေး အစီအစဉ်များ လုပ်ဆောင်ရာတွင် အခက်အခဲများနှင့် တွေ့ကြုံရင်ဆိုင်နေရပြီဖြစ်သည်။

မန်စီးတီးအသင်းသည် မိုနာကိုကို ငါးဂိုး သုံးဂိုးဖြင့် အနိုင်ရခဲ့သော ချန်ပီယံလိဂ် ၁၆ သင်းရှုံးထွက်အဆင့် ပထမအကျော့ပွဲစဉ်အပြီးတွင် ပူနွေးသောရာသီဥတုရှိရာ ဒူဘိုင်းသို့သွားရောက်၍ လေ့ကျင့်ရေးဆင်းခဲ့ပြီး ယမန်နေ့ညသ၌ ယှဉ်ပြိုင်ခဲ့သည့် ဟတ်ဒါးစဖီးလ်နှင့် အက်ဖ်အေဖလားပဉ္စမအဆင့် ပြန်ကန်ပွဲစဉ်မတိုင်မီကမှ မန်စီးတီးအသင်းမှာ အင်္ဂလန်နိုင်ငံသို့ ပြန်ရောက်လာခဲ့ခြင်းဖြစ်သည်။

မန်စီးတီးအသင်းတာဝန်ရှိများသည် ဟတ်ဒါးစဖီးလ်နှင့် အက်ဖ်အေဖလားပဉ္စမအဆင့်ပြန်ကန်ပွဲစဉ်ကို ယှဉ်ပြိုင်ရန်အတွက် ဘောလုံးကွင်းအတွင်း ဆီးနှင်းရှင်းလင်းရေးလုပ်ငန်းစဉ်များကို ၂၄ နာရီအတွင်း အပြီးသတ်ဆောင်ရွက်ခဲ့ကာ မန်ယူအသင်းမှာလည်း လာမည့်စနေနေ့တွင် ယှဉ်ပြိုင်ရမည့် ဘုန်းမောက်နှင့် ပရီးမီးယားလိဂ်ပွဲစဉ်အမီ ဆီနှင်းများကို စတင်ရှင်းလင်းနေရပြီဖြစ်သည်။ ■ E-11





**ယနေ့ယှဉ်ပြိုင်ကစားမည့် ဘောလုံးပွဲစဉ်များ**
**၃-၅-၂၀၁၇(သောကြာနေ့)**
**စပိန်လာလီဂါ ပွဲစဉ်(၂၅)**

| | |
|---|---|
| နံနက် ၂း၁၅ နာရီ | ဒီပို့တီဗို - အက်သလက်တီကို |
| နံနက် ၃း၀၀ နာရီ | ဆီဗီလာ - ဘီလ်ဘာအို |

**ပြင်သစ်ဖလား ၁၆ သင်းအဆင့်ပွဲစဉ်**

| | |
|---|---|
| နံနက် ၂း၃၀ နာရီ | ဘာဂီရက် - လိုင်လီ |



# ကွင်းလယ်ဒိုင်လူကြီး ဗာလီရီ၏ဆုံးဖြတ်ချက်များကို နာပိုလီဒါရိုက်တာ ဂွင်တိုလီ ပြင်းပြင်းထန်ထန် ဝေဖန်

Mail Online

**တူရင်၊ မတ် ၁**

နာပိုလီအသင်းဒါရိုက်တာ ခရစ္စတီယာနို ဂွင်တိုလီသည် ဂျူဗင်တပ်က နာပိုလီကို သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ယူသွားခဲ့သည့် ကိုပါအီတာလီယာဖလား ဆီမီးဖိုင်နယ် ပထမအကျော့ပွဲစဉ်တွင် ဂျူဗင်တပ်ကို ပင်နယ်တီအခွင့်အရေး နှစ်ကြိမ် ပေးအပ်ခဲ့သည့် ကွင်းလယ်ဒိုင်လူကြီး ဗာလီရီ၏ ဆုံးဖြတ်ချက်များကို ပြင်းပြင်းထန်ထန် စောဒကတက် ဝေဖန်ကန့်ကွက် သွားခဲ့ကြောင်း Mail Online က ဖော်ပြထားသည်။

ဂျူဗင်တပ်နှင့် ယှဉ်ပြိုင်ကစားခဲ့သည့် အဆိုပါ ကိုပါအီတာလီယာဖလား ဆီမီးဖိုင်နယ် ပထမအကျော့ပွဲစဉ်တွင် နာပိုလီသည် တိုက်စစ်မှူး ကယ်လီဂျွန်၏သွင်းဂိုးဖြင့် ပွဲကစားချိန် ပထမပိုင်း ၄၅ မိနစ်ကို ဦးဆောင်နိုင်ခဲ့သော်လည်း ဒုတိယပိုင်းတွင် ဂျူဗင်တပ်ကို ဂိုးသုံးဂိုးပေးလိုက်ရကာ အဆုံးသတ်တွင် အရှုံးရလဒ်ဖြင့် ရင်ဆိုင်လိုက်ရခြင်းဖြစ်ပြီး ဂျူဗင်တပ်အသင်းရရှိသွားသော သွင်းဂိုးသုံးဂိုးအနက် နှစ်ဂိုးမှာ ပင်နယ်တီသွင်းဂိုးများ ဖြစ်ကြသည်။

နာပိုလီအသင်းဒါရိုက်တာ ဂွင်တိုလီသည် ဒိုင်လူကြီး ဗာလီရီ၏ပင်နယ်တီသတ်မှတ်ပေးမှုများမှာ တစ်ဖက်သတ်ဆန်လွန်းခဲ့သည်ဟု စွပ်စွဲပြောဆိုသွားခဲ့ပြီး ရုပ်သံအနှေးပြကွက်များကို စနစ်တကျ ကြည့်ရှုစစ်ဆေးမည်ဆိုပါက ယင်းနှစ်ကြိမ်လုံးမှာ ပင်နယ်တီသတ်မှတ်ပေးရမည့် အနေအထားမျိုးမဟုတ်သည်ကို အထင်အရှား မြင်တွေ့ကြရလိမ့်မည်ဟု ၎င်းက မကျေမချမ်း ဆက်လက်ပြောကြားသွားခဲ့သေးသည်။

ဒိုင်လူကြီး ဗာလီရီသည် ဒုတိယပိုင်းပွဲစတင်ပြီး တစ်မိနစ်အကြာတွင်ပင် နာပိုလီနောက်ခံလူ ကူလိုင်ဘာလီက ဂျူဗင်တပ်တိုက်စစ်မှူး ဒိုင်ဘာလာကိုလူချကစားသည်ဟုဆိုကာ ပင်နယ်တီသတ်မှတ်ပေးလိုက်ခြင်းဖြစ်ပြီး ယင်းဖြစ်စဉ်တွင် ကူလိုင်ဘာလီမှာ ဘောလုံးကို ဦးတည်ဖျက်ထုတ်ခြင်းသာဖြစ်ကြောင်း၊ ဒိုင်ဘာလာမှာ အရှိန်မထိန်းနိုင်ဘဲ လဲကျသွားခြင်းသာဖြစ်ကြောင်း ဂွင်တိုလီက ရှင်းပြထားသည်။

ဒိုင်လူကြီး ဗာလီရီသည် ပွဲကစားချိန် ၆၈ မိနစ်တွင် ဂျူဗင်တပ်ကစားသမားတစ်ဦး ဘောလုံးဆွဲယူလာသည်ကို နာပိုလီဂိုးသမား ရေနာက ဆွဲလှဲသည်ဟုဆိုကာ ဂျူဗင်တပ်ကို ဒုတိယမြောက် ပင်နယ်တီသတ်မှတ်ပေးလိုက်ပြီး ယင်းဖြစ်စဉ်ကို ဆန်းစစ်ကြည့်မည်ဆိုပါကလည်း ရေနာက ဦးစွာပထမ ဘောလုံးကိုဖမ်းယူပြီးသည့်နောက်တွင်မှ ဂျူဗင်တပ်ကစားသမားက လဲကျသွားခြင်းဖြစ်သည်ကို မြင်တွေ့ရလိမ့်မည်ဟု ဂွင်တိုလီက အသိပေးသွားခဲ့သေးသည်။

ဂွင်တိုလီသည် နာပိုလီအသင်းရရှိသင့်သည့် ပင်နယ်တီအခွင့်အရေးကိုမူ ဒိုင်လူကြီး ဗာလီရီက မျက်ကွယ်ပြုခဲ့ကြောင်းလည်း ဝေဖန်သွားခဲ့ကာ နာပိုလီကစားသမား အယ်လ်ဘိုင်ယို ဂျူဗင်တပ်အသင်း ဂိုးဧရိယာအတွင်း ဆွဲလှဲခံခဲ့ရသည်မှာ ပင်နယ်တီသတ်မှတ်ပေးရမည့် အခြေအနေဖြစ်ကြောင်း ဂွင်တိုလီက ထောက်ပြထားသည်။ ■ E-11

# ရာထူးဆက်ခံသူအဖြစ် မော်ရင်ညိုကို မရွေးချယ်ခဲ့သည်မှာ မှားယွင်းကြောင်း ဖာဂူဆန် ဝန်ခံ

**မန်ချက်စတာ၊ မတ် ၁**



AP

မန်ယူဂန္ထဝင်နည်းပြကြီး ဖာဂူဆန်သည် ၎င်းအနားယူချိန်တွင် ၎င်းနေရာကို ဆက်ခံမည့်သူအဖြစ် မော်ရင်ညိုကို ဦးစားပေး မရွေးချယ်ခဲ့သည်မှာ မှားယွင်းကြောင်း ပထမဆုံးအကြိမ်အဖြစ် ဖွင့်ဟဝန်ခံလိုက်သည်ဟု Daily Star က ဖော်ပြထားသည်။

မော်ရင်ညိုသည် ဖာဂူဆန်အလွန်တွင် မန်ယူနည်းပြသစ်အဖြစ် လျာထားခံရသူစာရင်း၌ တစ်ဦးအပါအဝင်ဖြစ်ခဲ့သော်လည်း ဖာဂူဆန်က ထောက်ခံချက်မပေးခဲ့သဖြင့် ၎င်းကိုခေါ်ယူခန့်အပ်ရေးအား မန်ယူအသင်းတာဝန်ရှိသူများက နောက်ဆုတ်လိုက်ကြခြင်းဖြစ်သည်။

ဖာဂူဆန်နှင့် မန်ယူဂုဏ်ထူးဆောင်ဒါရိုက်တာဘုတ်အဖွဲ့ဝင် ဆာဘော်ဘီချာလ်တန်တို့သည် မော်ရင်ညို၏အရည်အချင်းကို ယုံကြည်မှုအပြည့်ရှိခဲ့ကြသည့်တိုင် ၎င်း၏လူမှုစရိုက်ကြောင့် မန်ယူ၏ပုံရိပ်ထိခိုက်မှုများဖြစ်လာနိုင်သည်ဟု သံသယဝင်ခဲ့ကြပြီး ယင်းအချိန်က မန်ယူ၏ကမ်းလှမ်းမှုကိုသာ လက်ခံရရှိခဲ့မည်ဆိုပါက မော်ရင်ညိုမှာ ချယ်လ်ဆီးနှင့် သဘောတူညီထားမှုများကို ပယ်ဖျက်ပစ်၍ အိုးလ်ထရက်ဖို့ဒ်သို့ ချက်ချင်းပြောင်းရွှေ့ရောက်လာနိုင် သည့်အခြေအနေများရှိခဲ့သော်လည်း ဖာဂူဆန်နှင့် ဆာဘော်ဘီချာလ်တန်တို့က ထောက်ခံချက်မပေးခဲ့သည့်အတွက် မန်ယူတာဝန်ရှိသူများမှာ လက်လျှော့လိုက်ကြရသည်။

ဖာဂူဆန်သည် ၎င်းနေရာကို ဆက်ခံရန်အတွက် အဲဗာတန်နည်းပြ ဒေးဗစ်မိုယက်စ်ကို ရွေးချယ်ပေးခဲ့ပြီး မိုယက်စ်လက်ထက်တွင် မန်ယူမှာ ဖလားလက်မဲ့အခြေအနေနှင့်အတူ ဥရောပပြိုင်ပွဲများ ပါဝင်ကစားခွင့်ကို ဆုံးရှုံးလိုက်ရသည့်အတွက် ဘောလုံးရာသီတစ်ရာသီ မပြီးဆုံးမီတွင် ၎င်းကို ရာထူးက ထုတ်ပယ်ပစ်ရန် မန်ယူအသင်း တာဝန်ရှိသူများက ဆုံးဖြတ်လိုက်ကြရသည်။

မန်ယူသည် မိုယက်စ်အလွန်တွင် အသင်းနည်းပြအဖြစ် ဗန်ဟားလ်ကိုခေါ်ယူခဲ့ကာ ဗန်ဟားလ်၏လက်ထက်တွင်လည်း အသင်းကစားပုံမှာ မျှော်လင့်ထားသကဲ့သို့ တိုးတက်လာခြင်းမရှိခဲ့သည့်အတွက် အဆုံးသတ်တွင် မော်ရင်ညိုကိုခေါ်ယူရေးအား မန်ယူအမှုဆောင်အရာရှိချုပ် အက်ဒ်ဝုဒ်ဝါးဒ်က ခေါင်းမာစွာဖြင့် ဆုံးဖြတ်ပစ်လိုက်ရသည်။

မန်ယူသည် လက်ရှိဘောလုံးရာသီတွင် နည်းပြမော်ရင်ညိုလက်အောက်၌ ချာရတီဒိုင်းနှင့် လိဂ်ဖလားတို့ကို ဆွတ်ခူးရရှိထားပြီဖြစ်ကာ အက်ဖ်အေဖလားနှင့် ယူရိုပါလိဂ်ဖလား ပြိုင်ပွဲတို့တွင်လည်း မန်ယူက ဆုဖလားလမ်းကြောင်းထက်၌ အခိုင်အမာ ရပ်တည်နေနိုင်ဆဲဖြစ်သည်။

သတင်းမီဒီယာများနှင့် တွေ့ဆုံခဲ့ရာတွင် ဖာဂူဆန်က "မော်ရင်ညိုဟာ ဒီရာထူးကို လွန်ခဲ့တဲ့လေးနှစ်လောက်ကတည်းက ရခဲ့သင့်ပါတယ်။ ကျွန်တော် လူရွေးမှားသွားခဲ့တာ အမှန်ပါပဲ။ တကယ်လို့ လွန်ခဲ့တဲ့လေးနှစ်လောက်ကသာ ကျွန်တော့်နေရာကို အစားဝင်ခွင့်ရခဲ့မယ်ဆိုရင် အခုအချိန်မှာ အသင်းက မော်ရင်ညို စိတ်ကြိုက်တည်ဆောက်ပြီးသား အခြေအနေမျိုးဖြစ်နေလောက်ပါပြီ။ အသင်းရဲ့အောင်မြင်မှုကလည်း အခုထက် ပိုနေနိုင်ပါတယ်။ ဘာပဲဖြစ်ဖြစ် အခုအချိန်မှာ အသင်းနည်းပြရာထူးဆီ အမှန်တကယ်ထိုက်တန်သူ ရောက်နေပြီဖြစ်တဲ့အတွက် ကျွန်တော်ကျေနပ်မိတာ အမှန်ပါပဲ"ဟု ပြောကြားသွားခဲ့သည်။ ■ E-11

# FOREIGN AFFAIRS

# ကင်ဂျုံနမ်လုပ်ကြံမှုတွင်ပါဝင်သူအမျိုးသမီးနှစ်ဦး ထပ်မံလုပ်ကြံခံရမည်စိုး၍ ကျည်ကာအင်္ကျီဖြင့် ရုံးထုတ်

**ကွာလာလမ်ပူ၊ မတ် ၁**

မြောက်ကိုရီးယားခေါင်းဆောင်၏ အစ်ကိုဖြစ်သူကို လုပ်ကြံမှု၌ ပါဝင်ပတ်သက်ခဲ့သော အင်ဒိုနီးရှားနှင့် ဗီယက်နမ် အမျိုးသမီးနှစ်ဦးကို မလေးရှား တရားရေးအာဏာပိုင်များက ကွာလာလမ်ပူရှိ တရားရုံးတော်တွင် စွဲချက်တင်ခဲ့ပြီး ယင်းတရားရုံးမှ ခေါ်ထုတ်သွားရာတွင် နှုတ်ပိတ်လိုသူများ လာရောက်လုပ်ကြံမည်ကိုစိုးရိမ်သဖြင့် ၎င်းတို့ကို ကျည်ကာအင်္ကျီများ ဝတ်ဆင်ပေးထားသည်ကိုတွေ့ရကြောင်း သတင်းဌာနများက ရေးသားဖော်ပြသည်။



နှုတ်ပိတ်လိုသူများ လာရောက်လုပ်ကြံမည်ကိုစိုးရိမ်၍ ကျည်ကာအင်္ကျီများ ဝတ်ဆင်ပေးထားသည်

ကင်ဂျုံနမ်လုပ်ကြံမှုတွင် ပါဝင်ပတ်သက်နေသည့် စီသီအစ်ဟာ(၂၅ နှစ်) ဆိုသော အင်ဒိုနီးရှားအမျိုးသမီးနှင့် ဒေါင်သီဟောင်(၂၈ နှစ်) ဆိုသည့် ဗီယက်နမ်အမျိုးသမီးတို့ကို မလေးရှားရဲတပ်ဖွဲ့က လက်ထိတ်ခတ်ကာ တရားရုံးသို့ခေါ်ဆောင်လာကြောင်း၊ တရားရုံးတော်မှပြန်အထွက် မီဒီယာများနှင့် လူအများစောင့်ဆိုင်းနေချိန်တွင် ၎င်းတို့ကို ကျည်ကာအင်္ကျီများ ဝတ်ဆင်ပေးထားကြောင်း မလေးရှားမီဒီယာများက ဖော်ပြသည်။

ယင်းသို့ လုပ်ဆောင်ထားရခြင်းမှာ လက်ရှိအခြေအနေတွင် ကင်ဂျုံနမ် လုပ်ကြံမှုနှင့်ပတ်သက်၍ နောက်ကွယ်မှ စေခိုင်းသူ မည်သူမည်ဝါဖြစ်သည်ကို ရှင်းရှင်းလင်းလင်းမသိရသေးသည်က တစ်ကြောင်း၊ လုပ်ကြံမှုတွင် ပတ်သက်နေသူများက ယင်း အမျိုးသမီးနှစ်ဦးကို လာရောက်လုပ်ကြံမည်ကိုစိုးရိမ်ခြင်းကြောင့်တစ်ကြောင်း ဖြစ်သည်ဟု မလေးရှားအာဏာပိုင်များက ပြောကြားသည်။

တရားရုံးတော်တွင် ၎င်းတို့ကို အရေးယူမည့်ပြစ်မှုများကို ဖတ်ကြားပြခဲ့ပြီး လျှောက်လဲချက်တစ်စုံတစ်ရာ မလုပ်ဆောင်ခဲ့ကြောင်း Reuters သတင်းဌာနက ဖော်ပြသည်။

သို့သော် စီသီအစ်ဟာနှင့်ဒေါင်သီဟောင်တို့က ၎င်းတို့သည် လုပ်ကြံမှုကြီးတွင် အသုံးချခံနယ်ရုပ်များသာဖြစ်သည်ဟု အကျဉ်းချခံထားရစဉ် လာရောက်တွေ့ဆုံသော သံတမန်များကို ထုတ်ဖော်ပြောဆိုထားသည်။

ကျည်ကာအင်္ကျီများဝတ်ကာ တရားရုံးတော်မှ ပြန်ထွက်သွားကြပြီးနောက် ဒေါင်သီဟောင်၏ရှေ့နေဖြစ်သူက ဒေါင်သီဟောင်သည် အပြစ်ကင်းစင်သူတစ်ဦးဖြစ်သည်ဟု မိမိကို အသိပေးပြောဆိုခဲ့ကြောင်း ပြောကြားသည်။

"သူမက ငြင်းတယ်၊ ငြင်းဆိုတယ်၊

P-23



# ALSO IN NEWS



## ဗြိတိန်က နျူကလီးယားဘန်ကာကြီးထဲမှာ ရောမဆေးခြောက်စိုက်ခင်းကြီး ဖမ်းမိ

နျူကလီးယားစစ်ပွဲတွေဖြစ်လာခဲ့ရင် ခေါင်းဆောင်ကြီးတွေ ခိုလှုံဖို့အတွက် နျူကလီးယားပုံးခိုကျင်းကြီးတစ်ခုကို ၁၉၈၀ ပြည့်ကာလတွေတုန်းက ဗြိတိန်မှာ တည်ဆောက်ခဲ့ပါတယ်။ ခုတော့ အဲဒီနျူကလီးယားဘန်ကာကြီးက တစ်မျိုးအသုံးဝင်နေခဲ့ပါတယ်။ ဒါပေမဲ့ တရားတော့ မဝင်ပါဘူးတဲ့။

ဗြိတိန် ဝစ်ရှိုင်းယားနယ်က အဲဒီပုံးခိုကျင်းကြီးထဲမှာ ဆေးခြောက်ပင်ထောင်ပေါင်းများစွာ စိုက်ထားတာကို ရဲတွေက ရှာဖွေတွေ့ရှိခဲ့ပါတယ်။ ကာလပေါက်ဈေး ပေါင်တစ်သန်းဖိုးလောက်ရှိမယ့် ဒီပမာဏကို စိုက်ပျိုးမှုနဲ့ လူခြောက်ဦးကို ရဲက ဖမ်းဆီးစစ်ဆေးနေပါတယ်။ အဲဒီဘန်ကာကြီးကို အသုံးမပြုတော့ပေမယ့် တံခါးတွေနဲ့ ကျကျနန ဖွဲ့စည်းထားလျက်ပဲရှိပါတယ်။ ပုံးခိုကျင်းအဆောက်အအုံကြီးဟာ အခန်းပေါင်း ၂၀ ကျော်ရှိပြီး အပေါ်အောက် နှစ်ထပ်ဖြစ်ပါတယ်။ တစ်ခန်းစီဟာ ပေ ၂၀၀ လောက်ရှည်ပြီး ပေ ၇၀ ကျယ်ပြန့်ပါသတဲ့။

"အခန်းတိုင်းမှာ ဆေးခြောက်စိုက်ခင်းတွေနဲ့ ပြည့်နေပါတယ်။ ပြီးခဲ့တဲ့ရာသီက စိုက်ပျိုးထားတဲ့ ထွက်ကုန်သက်သေတွေကိုလည်း တွေ့ရပါတယ်။ တကယ့် ရောမစိုက်ခင်းကြီးပါ"လို့ ရဲအရာရှိတစ်ဦးက ပြောကြားပါတယ်။ ■ F-02

## မြင်းတစ်ကောင်က ခိုတွေကို အစာကျွေး

သတ္တဝါတစ်မျိုးနဲ့တစ်မျိုးကြားမှာ ထားရှိတဲ့မေတ္တာတရားတွေရဲ့သတင်းတွေကို မကြာခဏ ထူးထူးဆန်းဆန်းတွေ့ရလေ့ရှိသည်။ ခုလည်း နယူးယောက်မြို့က မြင်းတစ်ကောင်ဟာ လမ်းဘေးက ခိုတွေကို အစာကျွေးနေတဲ့ဗီဒီယိုဖိုင်တစ်ခု အင်တာနက်ပေါ် တက်လာခဲ့ပါတယ်။ နယူးယောက်မြို့တော်ကို သွားရောက်လည်ပတ်တဲ့ ခရီးသွားဧည့်သည်တစ်ဦးက အဲဒီဗီဒီယိုကို ရိုက်ကူးခဲ့တာဖြစ်ပါတယ်။မြင်းရထားဆွဲတဲ့မြင်းတစ်ကောင်ဟာ သူ့ကိုအစာကျွေးထားတဲ့ပုံးထဲက အစာတွေကို ခိုတွေစားလို့ရအောင် ကျွေးနေတာဖြစ်ပါတယ်။ ထူးခြားလှတဲ့ ဒီမြင်းကွင်းဟာ နယူးယောက်က ထရမ့်တာဝါကြီးနားမှာဖြစ်ခဲ့တာပါ။ နယူးယောက်သား ခိုလေးတွေဟာ အဲဒီမြင်းရဲ့ အနီးနားမှာ ဝိုင်းနေကြတာကို တွေ့ရပါတယ်။ ခိုတွေဟာ မြင်းကြီးရဲ့အစာခွက်ထဲကို ဝင်လို့မရကြပါဘူး။ မြင်းကြီးက ငုံ့ပြီးအစာကောက်ကာ ပြန်ထွေးပြီး စားစေခဲ့ပါတယ်။ ချမ်းသာကြွယ်ဝမှု အများကိုကူညီပေးနိုင်တာမဟုတ်ဘဲ အဟိတ်တိရစ္ဆာန်တွေတောင် ခုလို ကူညီပေးနိုင်တယ်ဆိုတာ အကောင်းဆုံးဥပမာဖြစ်စေခဲ့ပါတယ်။ ■ F-02

